# ဗုဒ္ဓ၏သူရဲကောင်းဆယ်ယောက်

(ဦးအောင်မိုး)

၉၂

လူမျိုး
မျိုးချစ်စိတ်
စာပေအောင်အားနှင့် အမိနိုင်ငံ။

မျိုးညွန့်စာပေသည် လူထုအကျိုးပြုစာပေများကို ထုတ်ဝေဖြန့်ချိလျက်ရှိပါသည်။ မျိုးညွန့်ထုတ် စာအုပ်များကို အဟောင်းတဝက်စျေး ချရောင်းလိုမည်မ[illegible] ဖြန့်ချိရေး [illegible] ဝယ်၊ ရောင်း၊ ဖတ်သူများ စိတ်ချမ်းသာစွာဖြင့် [illegible] [illegible]ပါသည်။

မျိုးညွန့်စာစဉ်။ ။၆

ပထမအကြိမ်။ ။၁၉၈၇၊ စက်တင်ဘာ

အုပ်ရေ။ ။သုံးထောင်

ပန်းချီ။ ။ထိပ်တင်စော

အဖုံးရိုက်။ ။ကာလာမောင်မောင်လှပုံနှိပ်တိုက်

ဘာသာရေးခွင့်ပြုစာအမှတ်။ ။(၁၇၁၃)

[illegible]ရေး ညီ[illegible] ([illegible]၆၄)

မျိုးညွန့်စာပေဖြန့်ချိရေး၊ [illegible]၇၈-၂၈၃၊ မော်ငထော်လေးလမ်း
ရန်ကုန်မြို့ကထုတ်ဝေ[illegible]စ်အောင်၊ (၀၂၀၇) လုပ်အာ
ပုံနှိပ်တိုက် ၁၃၅၊ ၄၆[illegible] ရန်ကုန်က ရိုက်နှိပ်သည်။

ပ ၄၂၄၄

စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်လှသော

# ဗုဒ္ဓ၏ သူရဲကောင်းဆယ်ယောက်

ဦးအောင်မိုး (ပါဠိပါရဂူ)

မျိုးညွန့်စာပေဖြန့်ချိရေး
၂၀၉-၂၉၃၊ မောင်ခေါ်လေးလမ်း၊ ရန်ကုန်မြို့။
ဖုံး-၁၇၀၉၁။

# မာတိကာ


| | |
|---|---|
| ထုတ်ဝေသူ၏အမှာ | |
| နိဒါန်း | ၉ |
| တည်ကြည်ခြင်း | ၁၁ |
| ရဲရင့်ခြင်း | ၂၈ |
| ကြိုးစားခြင်း | ၄၁ |
| ထက်မြက်ခြင်း | ၆၂ |
| ဇွဲကောင်းခြင်း | ၇၄ |
| သုခသာမဏေ | ၈၈ |
| မေတ္တာ | ၁၀၁ |
| သာမာဝတီမိဖုရား | ၁၀၃ |
| ဃောသကသူဌေး | ၁၁၀ |
| လူမှုဝန်ထမ်း | ၁၉၄ |
| မဃဝတ္ထု | ၁၉၅ |
| မဃံလုလင် | ၁၉၉ |
| လိမ္မာယဉ်ကျေးခြင်း | ၂၃၀ |
| သည်းခံခြင်း ခန္တီတရား | ၂၈၄ |
| ဥတ္တရာ ဥပါသိကာ | ၂၈၆ |

# ထုတ်ဝေသူ၏ အမှာ

### ပဋ္ဌဂုဏံ အဟံ ဝန္ဒာမိ သဗ္ဗဒါ။

ကျွန်တော်သည် ဆင်းရဲ၍ သစ္စာရှိသော လယ်သမား မိဘနှစ်ပါးမှ မွေးဖွား၍ ငယ်စဉ်က ဘုန်းကြီးကျောင်းတွင် နေလာခဲ့ရပြီး စည်းကမ်းကြီးသော ဆရာတော်၏ စနစ်ကျသောသွန်သင်မှုကြောင့် ဘာသာရေးပေါ်တွင် တကယ် နှစ်သက် ယုံကြည် ထာဝစဉ် မြတ်နိုး ရိုကျိုးလျက် ရှိပါသည်။

မြန်မာပြည်သည် ဗုဒ္ဓဘာသာတိုင်းပြည် ဖြစ်သည့်အားလျော်စွာ မြန်မာလူမျိုးတို့သည် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်၍ ဗုဒ္ဓသာသနာ စည်ပင်သာယာ ဝံပြောအောင် အဘက်ဘက်မှ အားပေးကြပါသည်။ လေ့လာကြပါသည်။ ဆည်းပူးကြပါသည်။

သို့ဖြစ်လင့်ကစား၊ ဗုဒ္ဓဘာသာသည် လွယ်ကူစွာ လေ့လာတတ်သိ မှတ်သားကျင့်ကြံရုံမျှနှင့် ပြီးမြောက် အောင်မြင်သောဘာသာ မဟုတ်သည့်အလျောက် ကိုယ်တကယ် သိနားလည်သဘောပေါက်သလောက်သာ အကျိုးခံစားရလေသည်။

ဗုဒ္ဓသာသနာတော်သည် မဟာသမုဒ္ဒရာကဲ့သို့ ကမ်းစပ်မှသည် အလယ်သို့တိုင် တဖြေးဖြေး နက်ရှိုင်း၍သာ နေသကဲ့သို့ သာသနာတော်သည်လည်း အစဉ်အတိုင်းသာ နက် ရှိုင်း နေ သောကြောင့် သာသနာ၏ အနှစ်သာရ၊ ဘာသာအရသာကို ခံစားလိုပါလျှင် မှန်ကန်သော အသိ၊ မှန်ကန်သော အကျင့်တို့ဖြင့်သာ ခံစား စံစားနိုင်ပါ၍ မှန်ကန်စွာ သိ–ကျင့်ဘို့ လိုအပ်ပါသည်။

မှန်ကန်စွာ သိ-ကျင့်နိုင်ရန်မှာလည်း ဆရာကောင်း သမားကောင်းနှင့် နည်းကောင်း နည်းမှန်ရရန် လွန်စွာမှ ခဲယဉ်းပါသည်။

ယခုအချိန်အခါ သာသနာတော်သည် မြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင်သည်မှာ နှစ်ပေါင်း တဖြေးဖြေး ဝေးခဲ့သည်မို့ တကြောင်း၊ ရုပ်လောကသမားများ လောကီဘက်တွင် တိုးတက်စွမ်းဆောင်နိုင်၍ အနုမြူ၊ ဟိုက်ဒရိုဂျင်အထိ ပိုင်ဆိုင်လာကြပြီး လူမှု စီမံခံပစ္စည်းများဖြင့် မေ့မော၍နေကြ၍ တဦးအပေါ်တဦး အနိုင်ယူ ဗိုလ်ကျ၊ လိုသမျှ ရနေသော စည်းစိမ်ရှင်၊ အာဏာရှင်များသာ လက်ဝါးကြီးအုပ် ချုပ်ကိုင်နိုင်သော အခြေအနေများ နေရာတကာ ထွန်းကားနေသောကြောင့် ဘာသာရေး

သည် အောက်ကျ နောက်ကျ ဖြစ်နေရပြီး တဖြေးဖြေး တိမ်ကော ပပျောက်သွားမှာကို စိုးနေပါသည်။

အမှားသည် အင်အားမည်မျှ ကြီးထွားလာစေကာမူ အမှန်ကို ဖုံးလွှမ်းခြင်းငှာ မစွမ်းနိုင်ကောင်းသကဲ့သို့ လူသည် အမှန်မုချ ဗုဒ္ဓဘာသာကို ယုံကြည်၍ တမလွန်ဘဝ ရှိသည်ဟု ယူဆပါက တမလွန်ဘဝတွင် ဖြစ်ပေါ်လာရမည် ဖြစ်သော ကုသိုလ်၊ အကုသိုလ်၏ အကျိုးဆက်ကို ကြိုတင်၍ တွက်ဆထားရမည် ဖြစ်ပါသည်၊

ဘဝသည် ခလေးဘဝ၊အိမ်ထောင်သည်မှ စီးပွားရေးသမားဘဝ၊ အိုမင်းရင့်ရော်သောဘဝ၊ သေခြင်းဘဝ ဟူ၍ လူတိုင်းတွေ့ကြုံခံစားရမည်ဖြစ်ရာ၊ဘဝကို စနစ်တကျ တည်ဆောက်ရေးအတွက် ကြိုတင် ပြင်ဆင်ထားသည်။ ပညာရှိသူတော်ကောင်းတို့၏ အရာသာ ဖြစ်ပါသည်။

သို့ပါ၍ တိုတောင်းလှသော လူ့ဘဝကို စနစ်တကျ ထိန်းကျောင်းရေး၊ စနစ်တကျ အသက်မွေးဝမ်းကျောင်းရေး၊ စနစ်တကျ ရှင်ရေး၊ သေရေးတို့သည် လူ့ဘဝကို တန်ဘိုးထားရှိသော သူတို့၏ တကယ်အရေးကြီးဆုံးသော အလုပ်များ ဖြစ်သောကြောင့် ဗုဒ္ဓဘာသာ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့ နည်းယူ မှတ်သား ကျင့်ကြံနိုင်စေရန် ရည်သန်၍ မြတ်စွာဘုရားသခင်လက်ထက်တော်မှ ထူးချွန်မှုတို့တွင် ဒတဒဂ်ရတော်မူ သော ပုဂ္ဂိုလ်ထူးမြတ် များ ကို ပါဠိ ပါရဂူ ဆရာကြီး ဦးအောင်မိုးက ဗုဒ္ဓ၏ သူရဲကောင်း ဆယ်ယောက် အမည်ဖြင့်

# အမှာ

ပြုစုသော ဘာသာရေးဆိုင်ရာ စာအုပ်ကို ဝမ်းမြောက်စွာ ထုတ်ဝေရပါသည်။


သဗ္ဗသတ္တာ အဝေရာ ဟောန္တု
တာဝန်ခံ
မျိုးညွန့်စာပေ
၂၇၉-၂၉၃၊ မောင်တော်လေးလမ်း၊
ရန်ကုန်မြို့။

# နိဒါန်း

ဗုဒ္ဓ၏ သူရဲကောင်း ဆယ်ယောက် အမည်ပေးထားသော ဤဝတ္ထုများသည် ဗုဒ္ဓဘာသာများအတွက် အခြေခံ စံပြဝတ္ထုများ ဖြစ်ကြပါသည်။ ဤဝတ္ထုများကိုသာ တမင်ရွေးချယ်၍ ဖော်ပြ သည်မှာ ယနေ့တော်လှန်ရေး ခေတ်ပြောင်းကာလ၌၊ တဖက် တလမ်းမှအထောက် အပံ့ပေးမည့် ဝတ္ထုကောင်းများ ဖြစ်ကြ သည်ဟု ယူဆသောကြောင့် ဖြစ်ပါသည်။

ဤဝတ္ထုများသည် ငါးရာ့ငါးဆယ် ဇာတ်ဝတ္ထုများကဲ့သို့ အတိတ်ကိုသာ ရည်ညွှန်းထားသော ပုံပြင် ဝတ္ထုများမဟုတ်ဘဲ၊ ဗုဒ္ဓမြတ်စွာ၏ လက်ထက်တော်၌ တကယ့် အဖြစ်အပျက်များကို မော်ကွန်းတင်ထားသည့် လက်တွေ့လူ့ဘဝနှင့် ကိုက်ညီသော လူ့သမိုင်းများ ဖြစ်ကြပေသည်။ ဝတ္ထုအားလုံးတွင် ဗုဒ္ဓခေတ် လူ့သမိုင်းပြ ဓမ္မပဒ အဋ္ဌကထာထွက်များသာ ဖြစ်ပါသည်။

ဤဝတ္ထုများကို မြတ်စွာဘုရား၏ ဆုံးမသြဝါဒ ဖြစ်သော တရားဒေသနာ ဂါထာများဖြင့် အထွဋ်တင်၍ ထားပါသည်။ ဤဂါထာများမှာ အမှန်အားဖြင့် တန်ဘိုး မဖြတ်နိုင်သော ဗုဒ္ဓ နီတိများသာ ဖြစ်ကြပါသည်။ ဤဗုဒ္ဓ နီတိဂါထာများကို

# နိဒါန်း

လည်း တိကျပြတ်သားစွာ မြန်မာဘာသာ သက်သက်ဖြင့် ပြန်ဆိုထားပါသည်။

ဗုဒ္ဓဘာသာတို့အဘို့ ဗုဒ္ဓ ရွှေလက်ထက်တော်၌ ဗုဒ္ဓ၏ ဩဝါဒကို ခံယူ၍ နေထိုင်သွားကြသော မူလ ဗုဒ္ဓဝါဒီတို့၏ အကြောင်းအရာများသည် အခြေခံ အုဋ္ဌမြစ်များ ဖြစ်ကြပါသည်။ ဤအကြောင်းအရာတို့ အပေါ်၌ အခြေခံ၍သာလျှင် ဗုဒ္ဓဘာသာတို့၏ စာရိတ္တမဏ္ဍိုင်ကို တည်ဆောက်ရပါမည်။

ဝိသာခါ အနာထပိဏ် စသော မူလ ဗုဒ္ဓ ဘာသာဝင်တို့၏ အကြောင်းအရာများသည် တစ တစ မှေးမှိန်လာသည်နှင့် အမျှ ဗုဒ္ဓဘာသာ မြန်မာတို့၏ စာရိတ္တ မဏ္ဍိုင်လည်း ယိမ်းယိုင်ပျက်စီးစ ပြုလာခဲ့သည်ဟု ယူဆပါသည်။

ထို့ကြောင့် စိတ်သစ်မွေး၍ နည်းသစ်ဖြင့် ဆိုရှယ်လစ်နိုင်ငံ တည်ဆောက်ရာတွင် အခြေခံဖြစ်သော စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်ရေးအတွက် လူငယ်တို့ ကိုယ်ကျင့် တရား ကောင်း မွန် စေရန် အထောက်အပံ့ ဖြစ်စေမည့် လက်ရွေးစဉ် ဝတ္ထုများကိုသာ ဖတ်လွယ်အောင် ရှေးဦးစွာ စီစဉ်ရေးသားခြင်း ဖြစ်ပါသည်။ တနည်းအားဖြင့် ယနေ့လူ့လောကအား အကျိုးပြုမည့် ဝတ္ထုများကိုသာ ရွေးချယ်ရေးသားသော ဝတ္ထုကောင်း (၁၀) ပုဒ် ဖြစ်ပါသတည်း။

အောင်မိုး

၂၆-၄-၆၃

၁

# တည်ကြည်ခြင်း

ကုမ္ဘဃောသက၊ ဓမ္မပဒ၊ ပ၊ ၁၄၇

လူ့ဘဝ၌ စိတ်သဘောတည်ကြည်ခြင်းသည် လွန်စွာအရေးကြီး၏။ စိတ်သဘော တည်ကြည်မှသာလျှင် အတတ်ပညာသင်ရာ၌ဖြစ်စေ၊ ဥစ္စာရှာရာ၌ဖြစ်စေ၊ ကုသိုလ်ကောင်းမှု ပြုရာ၌ဖြစ်စေ၊ အောင်မြင်ပြီးစီးခြင်းသို့ ရောက်နိုင်၏။ စိတ်သဘောမတည်ကြည်ခဲ့သော် မည်သည့်အရာမျှ အောင်မြင်ပြီးစီးမည် မဟုတ်ချေ။

စိတ်သဘောတည်ကြည်ခြင်းဆိုသည်မှာလည်း ဆင်းရဲ ချမ်းသာစေသောအခါတို့၌ မတုန်လှုပ်ဘဲ မိမိပြုလုပ်ရမည့် အလုပ်ကိုသာ စွဲမြဲစွာ မှန်မှန်ကန်ကန်ပြုလုပ်ခြင်း ဖြစ်၏။ ထို့ပြင် မိမိဘဝတာတွင် အဆိုးနှင့်တွေ့သောအခါ စိတ်ဓာတ်ကျဆင်းမသွားဘဲ၊ အကောင်းနှင့်တွေ့သောအခါ စိတ်ဓာတ်တက်ကြွမှု မရှိခြင်းသည်လည်း တည်ကြည်ခြင်းပင် ဖြစ်၏။

အထူးအားဖြင့် တန်ခိုးအာဏာ ရရှိသောအခါ၊ ပစ္စည်းဥစ္စာရရှိသောအခါတို့၌ မိမိစိတ်ကို တည်ကြည်မှုရှိအောင် ထိန်းချုပ်ဘို့လိုအပ်လှ၏။ အာဏာရလျှင် အာဏာပြချင်တတ်သည်။ ဥစ္စာရလျှင် တက်ကြွလာ၍ သုံးချင် စွဲချင် ဖြစ်တတ်သည်။ ထိုအခါ

ပြုလုပ်သင့်သည်ဆက်ပို၍ မပြုလုပ်မိစေရန် မိမိစိတ်ကို ဆုံးမနိုင်ဘို့လိုပေသည်။

လောကဓံတရား၏ သဘောအတိုင်း မိမိအကျိုးပေးခွင့်မရသေး၍ နိမ့်ကျနေရသောအခါတို့၌လည်း စိတ်ပျက်ဝမ်းနည်းမှုမရှိဘဲ မိမိလုပ်ရမည့်အလုပ်ကို သတိဝီရိယဖြင့် တည်ကြည်စွာပြုလုပ်သွားရန် လိုပေသည်။

ဤသို့ စိတ်သဘောတည်ကြည်မှုအတွက် ကျွန်ုပ်တို့ စံနမူနာယူထိုက်သောသူကား ဗုဒ္ဓသူရဲကောင်းတယောက်ဖြစ်သော 'ကုမ္ဘဃောသက'ပင်ဖြစ်၏။ ကုမ္ဘဃောသကကို စိတ်ဓာတ်တည်ကြည်သူအဖြစ်ဖြင့် ဗုဒ္ဓ၏ကျောင်းတကာ ဗိမ္ဗိသာရမင်းကြီးက ချီးမွမ်းသည်။ ဗုဒ္ဓမြတ်စွာကလည်း ကုမ္ဘဃောသကကို စံပြထား၍ ဗိမ္ဗိသာရမင်းကြီး၏ စကားကို ထောက်ခံသောအားဖြင့် ချီးမွမ်းတော်မူခဲ့သည်။

အဘယ့်ကြောင့်ပါနည်း။

အခါတပါး ရာဇဂြိုဟ်ပြည်ကြီးတွင် ရာဇဂြိုဟ် သူဌေး၏အိမ်၌ 'အဟိဝါတ' ခေါ်သော ရောဂါတမျိုး ဖြစ်ပွား၏။ ထိုရောဂါ ဖြစ်ပွားခဲ့သော် ယင်ကောင်မှစ၍ နွားကျွဲ တိုင်အောင်တိရစ္ဆာန်တို့သည် ရှေးဦးစွာ သေဆုံးကြကုန်၏။ ထို့နောက်ကြေးကျွန်တို့ သေဆုံးကြကုန်၏။ နောက်ဆုံး၌ အိမ်ရှင်တို့ သေကြကုန်၏။ အိမ်နံရံကို ဖေါက်၍ ထွက်ပြေးသောသူတို့သာ ထိုရောဂါမှ ကင်းလွတ်ကြကုန်၏။ ယခုခေတ် ဖြစ်ပွားသောပုလိပ်ကပ်ရောဂါနှင့်တူသည်ဟုပင် ဆိုနိုင်၏။ ရာဇဂြိုဟ်သူဌေး၏အိမ်၌လည်း နောက်ဆုံး၌ သူဌေးကတော်တို့သည် ရောဂါ ကူးစက်ခြင်းခံကြရကုန်၏။ ထိုအခါ သူဌေးနှင့် သူဌေးကတော်တို့

သည် မိမိတို့အနီး၌ လုပ်ကျွေး ပြုစုလျက်ရှိသော တယောက်တည်းသောသားကိုကြည့်၍ ရောဂါကူးစက်မည်စိုးသောကြောင့် မျက်ရည်ဖြင့်ပြည့်လျက် ဤသို့ပြောကြားကုန်၏။

"ချစ်သား။ ဤရောဂါမျိုး ဖြစ်ပွားခဲ့သော် နံရံကိုဖေါက်ဖျက်၍ ထွက်ပြေးသောသူတို့သာ အသက်ရှင်ကြကုန်သတတ်။ သင်ချစ်သားသည် ငါတို့ကို မငဲ့ကွက်ဘဲ မိမိအသက်ကိုသာ လွတ်မြောက်အောင် ကြံစည်၍ ထွက်ပြေးပါလော့။ ထွက်ပြေး၍ အသက်မသေ ရှင်နေခဲ့သော် ငါတို့၏ ကုဋေလေးဆယ်မျှသော ဥစ္စာစုကို တူးဖေါ်၍ အသက်မွေးရစ်လော့။ ငါတို့၏ဥစ္စာစုကား ဤမည်သောအရပ်၌ ကောင်းစွာမြှုပ်နှံထားပေသည်"

ထိုစကားကိုကြားလျှင် သူဌေးသားသည် မျက်ရည်မဆည်နိုင်ဘဲ သည်းစွာငိုကြွေး၏။ မိဖတို့ကိုလည်း ပစ်မထားရက်။ မိမိအသက်ကိုလည်း အသေမခံဝံ့ဖြစ်၍နေ၏။ သို့ရာတွင် ထွက်ပြေးခြင်းမပြုခဲ့သော်လည်း မိဖတို့ကား အသက်ရှင်ရန်အကြောင်းမရှိတော့ပြီ။ မိမိအသက်သာ အဆစ်ပါ၍ ဆုံးရှုံးရတော့မည်ဟု ဆင်ခြင်၍ မိဖတို့အား ရိုသေစွာရှိခိုးကန်တော့ပြီးနောက် နံရံကိုထွင်းဖေါက်၍ တယောက်တည်း ထွက်ပြေးခဲ့လေ၏။ သူဌေးသားသည် တောတောင်ထူထပ်ရာအရပ်သို့ သွား၍ တဆယ့်နှစ်နှစ်တို့ပတ်လုံး နေထိုင်ခဲ့ပြီးမှ မိဖရပ်ထံသို့ တဖန်ပြန်လာ၏။

သူဌေးသား၏အသွင်ကား ခြားနားခဲ့လေပြီ။ ထွက်ပြေးစက သူငယ်အရွယ်မျှသာဖြစ်သော်လည်း ယခုမူကား ဆံမုတ်ဆိတ်ပေါက်၍ အရွယ်ရောက်ခဲ့လေပြီ။ ထို့ကြောင့် မိဖရပ်ထံသို့ ရောက်သော်လည်း သူဌေးသားကို မှတ်မိသူတယောက်မျှ မရှိတော့ပြီ။ သူဌေးသားကား မိဖတို့ပြောဆိုခဲ့သောအမှတ်အသား

ဖြင့် ဥစ္စာထားရာအရပ်သို့ သွား၍ကြည့်၏။ ဥစ္စာစုကား အခြေမပျက် ဘေးမသီ ရန်မခဘဲ ရှေးကအတိုင်းပင် ရှိသည်ကို တွေ့ရ၏။ သို့ရာတွင် ဤဥစ္စာစုကို ထုတ်ယူ၍ သုံးစွဲလျှင် သင့်ပါမည်လောဟု အဖန်ဖန် တွေးတော၏။ ထိုနောက် လိမ္မာသော သူဌေးသားသည် ဤသို့စဥ်းစား၍ ဆုံးဖြတ်လိုက်၏။

"ငါ့ကို မှတ်မိသိရှိသူတစုံတယောက်မျှ မရှိတော့ပြီ။အကယ်၍ ငါသည် ဤဥစ္စာစုကို ထုတ်ယူသုံးစွဲသည်ဖြစ်အံ့။ဆင်းရဲသားတယောက်သည် သူတပါး၏ငွေအိုးကို ထုတ်ယူသုံးစွဲသည်ဟုသာ ပြောဆို၍ ဖမ်းဆီးညှဥ်းဆဲကြရာသည်။ ငါသည် ဥစ္စာစုကိုမဖေါ်မထုတ်ဘဲ အခစားလုပ်၍ အသက်မွေးဦးမှသင့်တော့မည်"။

ထိုနောက် သူဌေးသားသည် အဝတ်ဟောင်းတထည် ဝတ်၍ အရပ်ထဲ၌ လှည့်လည်ပြီးလျှင် "အခစားအလုပ်သမားများ အလိုရှိကြပါသလော"ဟု မေးမြန်းစုံစမ်း၏။စုံစမ်းသော်လည်း အလုပ်သမားငှားလိုသူမတွေ့နိုင်သဖြင့် တလမ်းမှတလမ်းသို့ ကူးသန်းကာ အလုပ်ရှင်ရှာခဲ့ရာ၊ အခစားအလုပ်သမားလမ်းသို့ ရောက်ခဲ့လေ၏။ ထိုအခါ အလုပ်သမားတို့က ဤသို့မေးမြန်းကြကုန်၏။

"အမောင်။ ငါတို့ခိုင်းသောအလုပ်ကို လုပ်နိုင်လျှင် ထမင်းကျွေးပေးပါမည်"။

"ဘယ်အလုပ်မျိုး ဖြစ်ပါသနည်း"

"အမောင်လုပ်ရမည့်အလုပ်ကား အိမ်ရှင်အပေါင်းတို့ အိပ်ရာမှထအောင် နှိုးဆော်ရမည့် အလုပ်ဖြစ်ပေသည်။ အကယ်၍ အမောင်လုပ်နိုင်မည်ဆိုလျှင် နံနက်စောစောအိပ်ရာမှထ၍ "အဖတို့။ အိပ်ရာမှထကြကုန်။ လှည်းပြင်ကြကုန်။ နွား ကကြကုန်။ ဆင်စာ မြင်းစာ မြက်ရိတ်ချိန်ရောက်ခဲ့ပြီ။ အမိတို့ထကြကုန်။

ယာဂုကျိုကြကုန်။ဆွမ်းချက်ကြကုန်”ဟုလှည့်လည်၍ နေ့တိုင်း နှိုးဆော်ရမည်”။

“သို့ဖြစ်လျှင် လုပ်ပါမည်”

ဤသို့ သဘောတူသောအခါ အလုပ်သမားတို့သည် သူဌေးသားအား နေစရာအိမ်တလုံးကို ပေးအပ်ကုန်၏။ သူဌေးသားလည်း ထိုအိမ်၌ နေ၍ အလုပ်သမားလမ်းကို နေ့တိုင်းနေ့တိုင်း စောစောထ၍ နှိုးဆော်၏။

တနေ့သောအခါ ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရမင်းကြီးသည် နံနက်စောစော၌ နှိုးဆော်သော နှိုးဆော်သမား၏ အသံကို ကြားတော်မူလတ်၏။ ထိုကြောင့်“ဤအသံသည် ဥစ္စာရှင်ယောကျ်ား၏အသံပေတကား”ဟု မိမိဘာသာ မြွက်ကြားတော်မူ၏။

ထိုအခါ မင်းကြီး၏အနီး၌ရှိနေသော မောင်းမတယောက်သည် မင်းကြီး၏မြွက်ဟသံကိုကြား၍“ငါတို့အရှင်မင်းကြီးသည် ယံဝါတံဝါဟုတ်ဟုတ်ငြားငြားစကားကို မိန့်တော်မူမည်မဟုတ်။ အကြောင်းရှိ၍မိန့်တော်မူခြင်းသာ ဖြစ်ရာသည်။ ငါသည် ဤအကြောင်းကို သိအောင်ပြုမည်”ဟုကြံ၍ယောကျ်ားတယောက်ကိုခေါ်ပြီးလျှင်

“ဤအသံရှင်ကို သွား၍စုံစမ်းချေ”ဟု စေခိုင်း၏။

ထိုယောကျ်ားလည်း လျင်စွာသွား၍ စုံစမ်းလေသော် အခါး နှိုးဆော်သမားဖြစ်ကြောင်းကို တွေ့မြင်ရသဖြင့် ပြန်လာ၍“ဤအသံရှင်သည် အလုပ်သမားတို့၏အခယား ဆင်းရဲသား လူမွဲတယောက်ဖြစ်ပါသည်”ဟု မင်းကြီးအားလျှောက်၏။ မင်းကြီးကား ထိုယောကျ်ား၏လျှောက်တင်ချက်ကို ကြားသော်လည်း

ဆိတ်ဆိတ်သာနေ၏။ တဖန် ဒုတိယနေ့၊ တတိယနေ့တို့၌လည်း ထိုအသံကို ကြားသော် ရှေးအခါအတိုင်းပင် "ဥစ္စာရှင်၏ အသံပါတကား" ဟုမြွက်ကြားမြဲ မြွက်ကြားတော်မူပြန်၏။ မောင်းမဖြစ်သူလည်း မင်းကြီး၏ မြွက်ကြား သံကို ကြားရ တိုင်းပင် ယောကျ်ားတယောက်ကို စေလွှတ်၍ စုံစမ်းစေ၏။စေလွှတ်သော ယောကျ်ားလည်း "လူမွဲဆင်းရဲသားတယောက် ဖြစ်ပါသည်" ဟူသာ အဖန်ဖန်လျှောက်တင်၏။ ထိုအခါ မောင်းမဖြစ်သူသည် ဤသို့ အကြံထုတ်၏။

မင်းကြီး**ကား** "ဤသူသည် လူမွဲဆင်းရဲသားတယောက်သာ ဖြစ်သည်ဟုလျှောက်သောစကားကို ကြားသော်လည်း ယုံတော်မမူ။ ဥစ္စာရှင်၏အသံပါတကားဟူသာ အကြိမ်ကြိမ် မြွက်ကြားတော်မူသည်။ ဤအရာ၌ အကြောင်းထူးတခု ရှိရာသည်။ ဤအကြောင်းကို ဟုတ်သည့်အတိုင်း သိရအောင် ငါကြံမည်"။

ထိုနောက် မောင်းမဖြစ်သူသည် မင်းကြီးထံသို့ ချဉ်းကပ်၍ ဤသို့လျှောက်၏။

"အရှင်မင်းကြီး။ ကျွန်တော်မသည် အသပြာတထောင်ကို ရပါသော် သမီးတော်ကိုခေါ်သွား၍ ဤဥစ္စာရှင်၏ ဥစ္စာစုကို နန်းတော်သို့ အရောက်သွင်းပါမည်"

မင်းကြီးလည်း မိမိပညာကို မိမိယုံကြည်တော် မူသဖြင့် မောင်းမဖြစ်သူ၏စကားကို မတားမြစ်ဘဲ အသပြာတထောင်ကို ပင် ပေးခေတော်မူလိုက်၏။ မောင်းမဖြစ်သူလည်း အသပြာ တထောင်ရလျှင် မိမိ၏သမီးဖြစ်သူကို ခေါ်၍ အဝတ်ဟောင်း အငတ်နွမ်းတို့ကို ဝတ်ဆင်လျက် နန်းတော်မှထွက်ခဲ့၏။ထိုနောက်

ခရီးသွား သားအမိအသွင်ဖြင့် အခစား အလုပ်သမားလမ်းသို့ သွား၍ အိမ်တအိမ်သို့ဝင်ပြီးလျှင် ဤသို့ ပြောဆို၏။

"အိုအမိ။ ကျွန်မတို့သည် ခရီးသွားဧည့်သည်များ ဖြစ်ကြပါသည်။ ဤအိမ်၌ တရက်နှစ်ရက်တည်းခို၍ အပန်းဖြေပြီးနောက် ခရီးဆက်ကြပါမည်"

"အိုအမိ။ ဤအိမ်၌ အိမ်သားတွေများလှပါသည်။ တရက်နှစ်ရက်မျှပင် တည်းခိုရန် မဖြစ်နိုင်ပါ။ အန္နီးဆော်သမား ကုမ္ဘဃောသက၏အိမ်၌ကား အိမ်သူအိမ်သား များများမရှိပါ။ ထိုအိမ်သို့ သွားကြပါကုန်"

ထိုနောက် မောင်းမဖြစ်သူသည် ထိုအိမ်ရှင်ညွှန်ပြသည့်အတိုင်း အန္နီးဆော်သမား ကုမ္ဘဃောသက၏ အိမ်သို့သွား၏။အန္နီးဆော်သမားကို ကုမ္ဘဃောသကဟု အလုပ်သမားများက ခေါ်ဆိုကြ၏။

"အရှင်။ ကျွန်မတို့သည် ခရီးသွားများ ဖြစ်ကြပါသည်။ ဤအိမ်၌ တရက်နှစ်ရက် သည်းခိုခွင့် ပြုစေလိုပါသည်"

"အမိတို့။ တည်းခိုခွင့် မပြုနိုင်ပါ"

"အရှင်၊ တနေ့တရက်မျှ တည်းခို၍ နံနက်လင်းလျှင်သွားကြပါမည်"

မောင်းမဖြစ်သူသည် ဤသို့ပြောဆိုလျက် ကုမ္ဘဃောသက၏ အိမ်မှ မထွက်ဘဲနေ၏။ ကုမ္ဘဃောသကကား အမျိုးမျိုး ငြင်းပယ်လျက် သဘောမကျလှသော်လည်း အတင်းတွယ်ကပ်၍ နေသော ခရီးသည်သားအမိကို နှင်မထုတ်ရက်တော့ပေ။ မောင်းမနှင့်သမီးသည် ထိုနေ့ ကုမ္ဘဃောသက၏ အိမ်၌ အိပ်ကြကုန်၏။

နံနက်လင်းသောအခါ ကုမ္ဘဿသောသကသည် တောသို့သွားရန် ပြင်ဆင်လျက်ရှိ၏၊ ထိုအခါ မောင်းမဖြစ်သူသည် ဤသို့ဆို၏။

"အရှင်။ အရှင့်အတွက် ချက်ပြုတ်စရာကို ပေးခဲ့ပါ။ ကျွန်မ ချက်ပြုတ်ထားလိုက်ပါမည်"

"အိုအမိ မချက်ပါလင့်။ ကျွန်ုပ်ဘာသာ ချက်၍ စားပါမည်"

ကုမ္ဘဿသောသကသည် ဤသို့ငြင်းပယ်သော်လည်း ထိုမောင်းမသည် အဖန်ဖန်တောင်းသဖြင့် ချက်ပြုတ်စရာတို့ကို ပေးခဲ့ရ၏။ ထိုမောင်းမသည် ကုမ္ဘဿသောသကပေးသော အရာတို့ကို သူသည် ဆိုရုံမျှ ယူလိုက်၍ ဈေးမှအိုးတို့ကိုရင်း၊ ဆန်ဖြူကောင်းတို့ကို ရင်း၊ ဝယ်ယူကာ နန်းတွင်း၌ချက်ပြုတ်သောနည်းဖြင့် စင်ကြယ်သောထမင်းနှင့် အရသာကောင်းလှသော ဟင်းနှစ်မယ် သုံးမယ်တို့ကိုချက်၏။ ကုမ္ဘဿသောသက တောမှပြန်လာသောအခါ ထိုထမင်းဟင်းတို့ကို ကောင်းစွာပြုပြင်၍ တည်ခင်းကျွေးမွေး၏။ ကုမ္ဘဿသောသကလည်း ထမင်းကောင်း ဟင်းကောင်းတို့ကို မစားရသည်မှာ ကြာပြီဖြစ်၍ လွန်စွာကျေနပ်နှစ်သက်၏။ ကုမ္ဘဿသောသက၏ တင်းမာသောစိတ်သည် ကောင်းပြီး နူးညံ့ပြောပြောင်းလာလေ၏။ ထိုအခြင်းအရာကို ပါးနပ် လိမ္မာလှသော မောင်းမသည် ကောင်းစွာသိရှိ၏။ ထိုအခါ ကုမ္ဘဿသောသကအား ဤသို့တောင်းပန်၏။

"အရှင်။ ကျွန်မတို့ ရေဂါးပန်းသဖြင့် နွမ်းနယ်နေကြပါသည်။ တရက်နှ ရက်ခန့် ဤအိမ်မှာပင်နေပါရစေ"

"အိုအမိ ကောင်းပါပြီ"

ထိုနောက်မောင်းမသည်ထိုနေ့ညနေချမ်း၌၎င်း၊ နောက်တနေ့၌၎င်း ကောင်းမြတ်သောသမင်းဟင်းတို့ကိုချက်၍ကုမ္ဘဃောသကအား ကျွေးမွေး၏။ ကုမ္ဘဃောသက၏စိတ်သည် သူတို့အပေါ်၌ နူးညံ့ပြောင်းပြောင်းခဲ့ပြီဟုသိရလျှင် နောက်ထပ် လေးငါးရက်ခန့် နေထိုင်ခွင့်ပြုရန် တောင်းပန်ပြန်၏၊ နေခွင့်ရသော် ကုမ္ဘဃောသက တောသို့သွားခိုက်တွင် ကုမ္ဘဃောသက၏ အိပ်ရာညောင်စောင်း၌ ခက်၍ထားသောကြိုးတို့ကို ထက်လှသော ဓားငယ်ဖြင့် အဘောင်အောက်မှကပ်၍ ထိုထိုနေရာတို့၌ မသိမသာ ဖြတ်ထား၏။ ကုမ္ဘဃောသကပြန်လာ၍ ညောင်စောင်း၌ ဝင်ထိုင်လိုက်သောအခါ ညောင်စောင်း၌ ခက်သော ကြိုးများသည် ပြတ်၍ အောက်သို့ တွဲလောင်းကျကုန်၏။

"အိုအမိ။ ဤညောင်စောင်း ကြိုးသည် အဘယ်ကြောင့် ပြတ်ပါသနည်း"

"အရှင်။ ကလေးသူငယ်တို့ကို တားမြစ်၍မရပါ၊ ဤအိမ်မှာသာ လာ၍စုရုံးကြပါသည်"

"ဤဒုက္ခသည် အမိတို့အတွက် ဖြစ်ရသော ဒုက္ခသက်သက်ဖြစ်ပါသည်။ ယခင်ကမူ တနေရာရာသို့ သွားလိုလျှင် တံခါးကိုပိတ်၍သွားပါသည်"

"ဤသား။ အဘယ်သို့ တတ်နိုင်မည်နည်း။ ကလေးတို့ကို မတားဆီးနိုင်ပါ"။

ထိုမောင်းမသည် ဤနည်းဖြင့် နှစ်ရက်သုံးရက် တိုင်အောင် ကုမ္ဘဃောသက၏ ညောင်စောင်းကြိုးကိုဖြတ်၍ထား၏။ နောက်တနေ့၌ကား ကြိုးအချောင်းနှစ်ချောင်းကိုချန်၍ အားလုံးဖြတ်၏။ ထိုနေ့၌ ကုမ္ဘဃောသက ပြန်လာ၍ ထိုင်လိုက်သောအခါ

ညောင်စောင်းအခင်းကြိုးစုသည် အားလုံးပြတ်၍ မြေသို့ကျလေလျှင် ကုမ္ဘဃောသက ကလည်း အမှတ်မဲ့ဖြစ်၍ မြေသို့ကျလေ၏။ ဦးခေါင်းသည် ဒူးနှင့်ဆောက်မိလေ၏။ ကုမ္ဘဃောသကလည်း ကွေး၍ကျရာမှ ထ၍ ဤသို့ပြောဆို၏။

"အဘယ်သို့ပြုရပါမည်နည်း။ ယခုဘယ်သို့ သွားရပါမည်နည်း။ အမိတို့သည် ကျွန်ုပ်ကို အိမ်ရာညောင်စောင်းမျှမရှိအောင် ပြုဘိသည်"။

"ချစ်သား။ အသို့တတ်နိုင်အံ့နည်း။ အိမ်နီးချင်းကလေးသူငယ်ကို ပြော၍မရပါ။ ရှိပါစေတော့။ ထွေထွေရာရာတွေးတောမနေပါလင့်။ အခုအချိန်ကြီးမျိုး၌ အဘယ်သို့ သွားလို့ ဖြစ်ပါမည်နည်း"

ထိုနောက် မောင်းမဖြစ်သူသည် သူ၏သမီးကိုခေါ်၍ ဤသို့ဆို၏။

"ချစ်သမီး။ သင့်မောင်မှာ အိပ်စရာမရှိပြီ။ သင့်အိပ်ရာ၌ အိပ်ခွင့်ပေးလိုက်ပါလော့"

ထိုအခါ မင်းသမီးသည် သူအိပ်သော ညောင်စောင်း၌ တဖက်နံပါးသို့ တိုးသွားပြီးနောက် ကုမ္ဘဃောသကအား ဤသို့ခေါ်၏။

"အရှင်။ ဤနေရာသို့လာပါလော့"

"ချစ်သား သွားလော့။ သင့်နှမနှင့်အတူ အိပ်ချေလော့"

ကုမ္ဘဃောသကသည် အိပ်စရာမရှိတော့သဖြင့် မင်းသမီး၏ ညောင်စောင်းသို့သွား၍ မင်းသမီးနှင့်အတူ ညောင်စောင်းခုတည်း၌အိပ်၏။ ထိုအခါ ကုမ္ဘဃောသကသည် အစားအစာ အဝတ်တန်းဆာနှင့် ရွှေငွေအသပြာတို့၌ လွန်စွာချုပ်တည်း၍

စောင့်စည်းနိုင်ခဲ့ပါသော်လည်း မင်းသမီးတည်းဟူသော မီးနှင့် တွေ့သဖြင့် ဖယောင်းပမါအရေပျော်၍ နှစ်ဖေါ်ယှဉ်တွဲမိလေ၏။ ရှေးဘဝကံ စီမန်သဖြင့် ကြံကြံဖန်ဖန် နဖူးစာဆုံကြပြီးသော အခါ အကြံရှိပြီးဖြစ်သော မင်းသမီးသည် ညကြီးသန်းကောင်၌ ထရှိုက်ငိုကြွေး၏။ ထိုအခါ ဇာတ်ဆရာလုပ်သော မောင်းမသည် မသိဟန်ဆောင်၍ ဤသို့မေး၏။

"ချစ်သမီး။ အဘယ်ကြောင့်ငိုသနည်း"

"အို မိခင်။ ဤအကိုနှင့်သမီးတို့ ညားပြီးကြပါပြီ"

"ချစ်သမီး။ ညားလျှင်လည်း ညားပါစေတော့။ ဤသို့ညားပြီးဖြစ်လျှင် အသို့တတ်နိုင်အံ့နည်း။ ချစ်သမီးလည်း လင်ဘယောက်ကိုရသင့်သည်။ ဤချစ်သားလည်း မယားတယောက်ကို ရသင့်လှတော့သည်"။

မောင်းမဖြစ်သူသည် ဤသို့ကျေကျေနပ်နပ်ပြောဆို၍ ကုမ္ဘဃောသကကိုသမက်ပြုလိုက်၏။ ထိုနောက် သမီးယောက္ခမတို့သည် စိတ်တူ သဘောတူ ကြည်ဖြူစွာ နေထိုင်ကြကုန်၏။

မောင်းမသည် လေးငါးရက်ကြာသောအခါ မင်းကြီးထံသို့ သတင်းပို့၏။ သူပို့သောသတင်းကား "အလုပ်သမားလမ်း၌ ပွဲသဘင်ပြုလုပ်ကြရမည်။ ပွဲသဘင် မပြုလုပ်သောအိမ်ကို ဤမျှ ဒဏ်ခတ်မည်" ဟု အမိန့်ထုတ်ပေးစေလိုကြောင်း သတင်းစကားပင်ဖြစ်၏။ မင်းကြီးလည်း မောင်းမဖြစ်သူက သတင်းပို့သည့် အတိုင်းပင် အမိန့်ထုတ်၍ အလုပ်သမားလမ်း၌ ကြွေးကြော်စေတော်မူ၏။ ထိုအသံကိုကြားသောအခါ မောင်းမဖြစ်သူသည် သားမက်ဖြစ်သော ကုမ္ဘဃောသကကို ဤသို့ဆို၏။

"ချစ်သား။ အခစားအလုပ်သမားလမ်း၌ မင်းအာဏာဖြင့် ပွဲသဘင်ပြုလုပ်ရပေတော့မည်။ ငါတို့အဘယ်သို့စီမံကြမည်နည်း"

"အိုအမိ။အကျွန်ုပ်သည် အခစားလုပ်သော်လည်း မိမိအသက် မွေးရုံမျှကိုပင် မတတ်နိုင်သောသူဖြစ်ပါသည်။ ပွဲလမ်းသဘင်ကို အဘယ်သို့ပြုနိုင်ပါမည်နည်း"

"အိမ်ရာထောင်သော သူတို့မည်သည်ကား မှတတ်သာလျှင် ကြွေးမြီကိုသော်လည်း။ ယူကြရသည်။ မင်းအာဏာကိုကား မလိုက်နာလူမဖြစ်နိုင်ပါ။ ကြွေးမြီမှာမူကား တစုံတခုသော အကြောင်းဖြင့် လွတ်အောင် လုပ်နိုင်ကောင်းပေသည် ချစ်သား သွားလော့၊ တနေရာရာမှာ တကျပ်နှစ်ကျပ်သော အသပြာကို ယူဆောင်ခဲ့ပါလော့"

ထိုအခါ ကုမ္ဘဃောသကသည် ညည်းညူစောင်းမြောင်း လျက် အိမ်မှထွက်သွား၍ ကုဋေလေးဆယ်မျှသော ဥစ္စာစုတို့ ထားရာအရပ်မှ အသပြာတကျပ်ကိုသာယူခဲ့၏။ အိမ်သို့ရောက် လျှင် ယောက္ခမဖြစ်သူအား ထိုအသပြာကိုပေးအပ်၏။ မောင်းမ ဖြစ်သူလည်း သားမက်ကပေးအပ်သော ထိုအသပြာတကျပ်ကို မင်းကြီးထံသို့ပို့လိုက်၍ မိမိအသပြာဖြင့် သူတကာနည်းတူပင် အလုပ်သမားလမ်း၌ ပွဲသဘင်ကိုပြင်ဆင်ပြုလုပ်၏။ ထိုနောက် လေးငါးရက်ကြာသောအခါ မောင်းမဖြစ်သူသည် ရှေးနည်းကိုပင် အလုပ်သမားလမ်း၌ ပွဲလမ်းသဘင် ပြုလုပ်အောင် အမိန့် ထုတ်ပါရန် လျှောက်ထားလိုက်ပြန်၏။မင်းကြီးလည်းအမိန့်ထုတ် ၍ ကြွေးကြော်စေပြန်၏။ မောင်းမဖြစ်သူလည်း ရှေးနည်းတူပင် အတင်းအကျပ်ပြောဆို၍ သားမက်ဖြစ်သူအား အသပြာရှာခိုင်း ပြန်၏။ ကုမ္ဘဃောသကလည်း မနေသာသောကြောင့် အိမ်မှထွက်

သွား၍ ဥစ္စာထားရာ အရပ်မှ အသပြာသုံးကျပ်ကို ယူခဲ့ပြန်၏။ မောင်းမဖြစ်သူလည်း ထိုအသပြာသုံးကျပ်ကို မင်းကြီးထံသို့ ပို့လိုက်ပြန်၏။

ထိုနောက် လေးငါးရက်ကြာသော အခါ၌ကား "ကုမ္ဘဃောသကကို နန်းတော်သို့ခေါ်တော်မူပါ" ဟု သတင်းပို့လိုက်၏။ မင်းကြီးလည်း မင်းချင်းတို့ကိုစေလွှတ်၍ ကုမ္ဘဃောသကကို ခေါ်စေတော်မူ၏။ မင်းချင်းတို့လည်း အလုပ်သမားလမ်းသို့ သွား၍ "ကုမ္ဘဃောသက အမည်ရှိသောသူကား အဘယ်သူနည်း" ဟု မေးမြန်းရှာဖွေကြလေသော် ကုမ္ဘဃောသကကိုတွေ့ကြလေ၏။

"အချင်း ကုမ္ဘဃောသက လာလော့။ ဘုရင်မင်းမြတ်သည် အသင့်ကို ခေါ်တော်မူသည်"။

"အရှင်တို့ အကျွန်ုပ်ကို ဘုရင်မင်းမြတ်က သိတော်မမူပါ။ အကျွန်ုပ်မလိုက်ပါရစေနှင့်"

ကုမ္ဘဃောသကသည် ဤသို့ပြောဆို၍ နန်းတော်သို့လိုက်ရန် ငြင်းဆန်လျက်ရှိ၏။

စိတ်ထဲ၌လည်းအလွန်ထိတ်လန့်ကြောက်ရွံ့လျက်ရှိ၏။ထိုအခါ မင်းချင်းတို့သည် အနိုင်အထက်ပြု၍ ကုမ္ဘဃောသက၏ လက်ကို ဆွဲကိုင်၍ ခေါ်ငင်ကြကုန်၏။ ထို အချင်းအရာကိုမြင်သော် မောင်းမဖြစ်သူသည် ဤသို့ဆို၏။

"ဟယ် အဆုံးမခက်သောမင်းတို့ သင်တို့သည့် ငါ့သားမက်၏လက်ကို ဆွဲကိုင်ထိုက်သူများ မဟုတ်ကြကုန် ဖယ်ရှားကြကုန်"

"ချစ်သားလာလော့ မကြောက်ပါလင့်။ မင်းကြီးထံသို့သွား ရောက်ဖူးမြင်၍ သင်လက်ကို ဆွဲကိုင်သောသူတို့အား သူတို့၏ လက်တို့ကို ဖြတ်စေတော်မူပါအံ့"

မောင်းမဖြစ်သူသည် ဤသို့ပြောဆို၍ မင်းသမီးကိုခေါ်ပြီး လျှင် ရှေ့မှသွားနှင့်၏။ နန်းတွင်းသို့ရောက်သောအခါ အဝတ် အစားလဲလှယ်၍ အလုံးစုံသော အဆင်းတန်းဆာတို့ဖြင့် တန်း ဆာဆင်ပြီးလျှင် မင်းကြီး၏ အနီး သင့်ရာအရပ်၌နေ၏။

ကုမ္ဘဃောသကကိုကား မင်းချင်းယောကျ်ားတို့သည် ဇွတ် အတင်း ဆွဲငင်၍သာ ခေါ်ဆောင်ခဲ့ကြကုန်၏။ မင်းကြီးရှေ့ တော်သို့ ရောက်သောအခါ ကုမ္ဘဃောသကသည် မင်းကြီးကို ရှိခိုး၍ထိုင်၏။ ထိုအခါမင်းကြီးသည် ကုမ္ဘဃောသအား ဤသို့ မေးကော်မူ၏။

"သင်သည် ကုမ္ဘဃောသက အမည်ရှိသူမှန်သလော့"

"အရှင်မင်းမြတ် မှန်ပါသည်"

"များလှသောဥစ္စာကို အဘယ်ကြောင့်လျှို့ပတ်၍ စားသ နည်း"

"အရှင်မင်းမြတ်။ အခစားလုပ်၍ အသက်မွေးရသောကျွန် တော်မျိုးအား အဘယ်မှာ ဥစ္စာရှိပါအံ့နည်း"

"ဤသို့မဆိုလင့်။ သင်သည် ငါတို့ကိုပင် လှည့်စားလို သလော"

"အရှင်မင်းမြတ်။ မလှည့်စားဝန့်ပါ။ ကျွန်တော်မျိုးအား ဥစ္စာမရှိပါ"

ထိုအခါ မင်းကြီးသည် မှောင်းမဖြစ်သူ ပို့ဆက်လိုက်သော ယခင်က အသပြာကိုပြ၍ ဤသို့ မိန့်တော်မူ၏။

"ဤအသပြာတို့သည် အသူ့ဥစ္စာနည်း"

ကုမ္ဘဃောသကသည် ထိုအသပြာတို့ကို ကောင်းစွာမှတ်မိသည် ဖြစ်၍ "ငါသည်မိုက်မဲလှ၏တကား။ ဤအသပြာတို့သည် မင်းကြီး ထံသို့ အဘယ်နည်းဖြင့် ရောက်ကြလေကုန်သနည်း"ဟု ကြံ၍ ထိုမှဤမှ ကြည့်ရှုလေသော် ခန်းမဆောင် တံခါးအနီး၌ တန်း ဆာဆင်ယင်၍ တည်နေကြကုန်သော ထိုသားအမိနှစ်ယောက် တို့ကိုမြင်ရ၍ "ဤအမှုကား ဝန်လေးလှ၏တကား။ ဤသား အမိတို့သည် မင်းကြီးက စေလွှတ်ထားသူများ ဖြစ်ရပေမည်" ဟုကြံမိ၏။

"အိုအချင်း။ လျှောက်စမ်းလော့။ အဘယ်ကြောင့် ဤသို့ ပြုသနည်း"

"အရှင်မင်းမြတ်။ ကျွန်တော်မျိုးအား မှီခို အား ထားရာ မရှိပါ"

"ငါကဲ့သို့သော ဘုရင်သည် မှီခိုအားထားရာ မဖြစ်ထိုက် သလော"

"အရှင်မင်းမြတ်။ အရှင်မင်းမြတ်သည် ကျွန်တော်မျိုး၏ မှီခိုအားထားရာ အကယ်၍ ဖြစ်ခဲ့ပါလျှင် ကောင်း မြတ် လှ ပါသည်"

"အိုအချင်း။ မှီခိုအားထားရာ ဖြစ်တော်မူအံ့။ သင့်အား ဥစ္စာအဘယ်မျှရှိသနည်း"

"ကုဋေလေးဆယ်ရှိပါသည်"

"အဘယ်အရာကို ရသင့်သနည်း"

"အရှင်မင်းမြတ် လှည်းတို့ကို ရသင့်ပါသည်"

မင်းကြီးသည် အရာမကသော လှည်းတို့ကို က,စေ၍ စေလွှတ်တော်မူပြီးလျှင် ထိုအသပြာတို့ကိုယူဆောင်စေ၏။ နန်းရင်ပြင်၌ စုပုံစေတော်မူ၏။ ထိုနောက် ရာဇဂြိုဟ် ပြည်သူတို့ကို စည်းဝေးစေ၍ ဤသို့မိန့်တော်မူ၏။

"ဤမြို့၌ ဤမျှလောက် ဥစ္စာများသူရှိသလော"

"အရှင်မင်းမြတ် မရှိပါ"

"ဤသူအား အသို့ပြုသင့်သနည်း"

"ချီးမြှောက်ထိုက်ပါသည်"

ထိုအခါ မင်းကြီးသည် ကြီးစွာသော ချီးမြှောက်ခြင်းဖြင့် ကုမ္ဘဃောသကကို သူဌေးအရာ၌ ထားတော်မူ၍ သမီးတော်ကိုလည်း ဆောင်နှင်း တော်မူ၏။ ထိုနောက် မင်းကြီးသည် ကုမ္ဘဃောသကနှင့်အတူ မြတ်စွာဘုရား အထံတော်သို့သွား၍ ဤသို့လျှောက်၏။

"အရှင်ဘုရား။ ဤယောကျ်ားကို ရှုစားတော်မူပါလော့။ ဤသို့သော တည်ငြိမ်ခြင်းရှိသူမည်သည် မရှိတော့ပါ။ စည်းစိမ်ဥစ္စာ ကုဋေ လေးဆယ်ရှိပါလျက် ပေါ်လွင်မှုကိုရင်း မပြုပါ။ သူဆင်းရဲကဲ့သို့ အဝတ်နွမ်းကိုဝတ်၍ အခစားလမ်း၌ အခစားပြုကာ အသက်မွေးပါသည်။ ဒကာတော်သည် ဤမည်သော ဥပါယ်တမျည်ဖြင့် ဤသူကိုသိရှိရခြင်းဖြစ်ပါသည်။ သိပြီးနောက် သူ့ကိုခေါ်၍ ဥစ္စာရှိသူအဖြစ်ကို ဝန်ခံစေပြီးလျှင် ဥစ္စာစုကို ဆောင်ယူစေ၍ သူဌေးအရာ၌ ထားလိုက်ပါသည်။ သမီးဖြစ်သူကိုလည်း ဤသူအားပင် ပေးအပ် ဆောင်နှင်း လိုက်ပါသည် အရှင်ဘုရား။ ဒကာတော်သည် ဤသို့သော တည်ငြိမ်ခြင်းရှိသူကို မမြင်မတွေ့ဘူးပါ"

ထိုစကားကိုကြားလျှင် မြတ်စွာဘုရားသည်
"ဤသို့သော အသက်မွေးမှုသည် တရားသဖြင့် အသက်မွေးခြင်းမည်ပေ၏။ မြတ်သောမင်းကြီး။ ခိုးခြင်းစသော အမှုသည်ကား ဤလောက၌လည်း ညှဉ်းဆဲနှိပ်စက်တတ်၏။ တမလွန်လောက၌လည်း ထိုမကောင်းမှုကြောင့် ချမ်းသာခြင်းမည်သည် မရှိပေ။ ထိုစကားသည် မှန်လှ၏။ ပစ္စည်း ဥစ္စာ ပျက်စီးသောအခါ၌ ထွန်ယက်စိုက်ပျိုးခြင်းကိုရှင်း၊ အခစားအလုပ်ကိုရှင်း၊ လုပ်ကိုင်၍ အသက်မွေးခြင်း သည် သာလျှင် တရား သဖြင့် ဖြစ်သော အသက်မွေးခြင်း မည်ပေ၏။ ဤသို့သော လုလ္လတရားဖြင့် အသက်မွေးခြင်း၊ မမေ့ လျော့ခြင်းတို့နှင့် ပြည့်စုံသောသူအား အာဏာတန်ခိုး အစိုးရခြင်းသည် တိုးပွားသည်သာလျှင်တည်း"

ခုဋ္ဌာနဝတော သတိမတော၊ သုစိကမ္မဿ နိသမ္မကာရိနော၊
သညတဿ ဓမ္မဇီဝိနော၊ အပ္ပမတ္တဿယသောဘိဝဍ္ဎတိ၊

ဆောင်ပုဒ်။ ။လုံ့လမြဲဘိ၊ သတိခိုင်ကျည်၊ ပြုသည်စင်ကြယ်၊ ဥာဏ်ကျယ်စူးစမ်း၊ သုံးတမ်းစောင့်စည်း၊ လျှော့လျှည်မမေ့၊ သိမ်မွေ့သက်မွေး၊ အရေးခုနစ်ပါး၊ စုံသူအားလျှင် စီးပွားချမ်းသာ၊ တိုးတတ်စွာ၏။

ဤသို့ ဟောတော်မူသည့် အဆုံး၌ ကုမ္ဘဃောသကသည် သောတာပတ္တိဖိုလ်၌ တည်လေသတည်း။

## ၂

# ရဲရင့်ခြင်း

ဗန္ဓုလ သေနာပတိ ဓမ္မပဒ၊ ပ၊ ၂၁၅

ရဲရင့်ခြင်းသည် လူ့ဘဝတွင် အရေးကြီးသော ဂုဏ်ပုဒ်တခု ဖြစ်၏၊ ရဲရင့်သော သူသည် မိမိအကျိုးကိုသာမက မိမိ အမျိုးနှင့် လူသားအားလုံးတို့၏ အကျိုးကိုလည်း ကာကွယ်စောင့်ရှောက်နိုင်၏။ ရဲရင့်သောသူသည်အောင်မြင်သော သူပင်ဖြစ်၏။ မရဲရင့်သော သူကား ရှုံးသောသူပင်ဖြစ်၏။

သတ္တဝါတို့သည် ဘဝစစ်ပွဲကို ဆင်နွှဲနေသူချည်း ဖြစ်ကြ၏။ ဘဝစစ်ပွဲဆင်နွှဲရာ၌ မရဲရင့်သောသူကား အမြဲတန်း အရှုံးခံရသောသူဖြစ်၍ သူတပါးတို့၏ အကျိုးကိုထားဘိဦး၊ မိမိ တဦးတည်း၏ အကျိုးကိုပင် ကာ ကွယ် စောင့် ရှောက် နိုင် မည် မဟုတ်ပေ။

ရဲရင့်ခြင်းနှင့်အတူ ယှဉ်တွဲ၍ ရှိသင့်သော ဂုဏ်ပုဒ်တခုကား ရိုးသားဖြောင့်မတ်ခြင်းပင်ဖြစ်၏။ ရဲရင့်သောသူသည် ရိုးသားဖြောင့်မတ်သူလည်းဖြစ်ပါမှ လူအများ၏ကောင်းကျိုးချမ်းသာကို ဆောင်ရွက်နိုင်ပေမည်။ ကောက်ကျစ်စဉ်းလဲသူ ဖြစ်ခဲ့သော်

ထိုရဲရင့်ခြင်းသတ္တိသည် လူလောက၌ အရောင်တောက်ပနိုင်မည် မဟုတ်ပေ။

ရန်သူနှင့်ရင်ဆိုင်ရာတွင် ရဲရင့်ခြင်းသည် အရေးကြီးသကဲ့သို့ လောကဓံတရားနှင့် ရင်ဆိုင်ရာတွင်လည်း ရဲရင့်ခြင်းသည်အရေး ကြီး၏။ လောကဓံတရားကား ယောကျ်ားများနှင့်သာ ရင်ဆိုင် ရသောတရားမဟုတ်၊ မိန်းမများနှင့်လည်းရင်ဆိုင်ရသောတရား ဖြစ်၏။ ထို့ကြောင့် ရဲရင့်ခြင်းသည် မိန်းမများ အဖို့လည်း အရေးကြီးသော အရည်အချင်းတခုဖြစ်၏။

ဗုဒ္ဓမြတ်စွာ၏ လက်ထက်တော် အခါ၌ ထင်ရှားရှိခဲ့သော ဗုဒ္ဓ၏ပရိသတ်တို့တွင် အထူးသဖြင့် ကျော်စော ထင်ရှားခဲ့သော ရဲရင့်သူတဦးကား ဗန္ဓုလသေနာပတိပင်ဖြစ်၏။ ဗန္ဓုလသေနာ ပတိသည် ရဲရင့်သည်သာမက တရားစောင့်သော ဖြောင့်မတ် မှန်ကန်သူလည်းဖြစ်၏။ ဗန္ဓုလသည် ရန်သူတို့နှင့် ရင်ဆိုင်ရာ၌ ရဲရင့်သကဲ့သို့ ဗန္ဓုလ၏ဇနီးဖြစ်သော စစ်သူကြီးကတော် မလ္လိ ကာ မင်းသမီးသည်လည်း လောကဓံတရားနှင့်ရင်ဆိုင်ရာ၌ လွန် စွာရဲရင့်လှ၏။ မလ္လိကာ၏ ရဲရင့်ခြင်းကား ဗုဒ္ဓ၏တရားတော် နှင့် ပြည့်ဝသဖြင့် ဖြစ်ပေါ်လာသော ရဲရင့်ခြင်းဖြစ်၍ ဗုဒ္ဓ၏ သူရဲကောင်းမိန်းမတဦးဟုပင် ဆိုထိုက်လှ၏။ သို့ရာတွင် ဗန္ဓုလ သေနာပတိကိုပြလျှင် မလ္လိကာလည်း ပါပြီး ဖြစ် ရာ ရှိ သော ကြောင့် ဗန္ဓုလကိုသာ အမည်တပ်ရခြင်းဖြစ်၏။

ဇနီးမောင်နှံ စုံပင် ရန်သူနှင့်ဌင်း၊ လောကဓံနှင့်ဌင်း၊ ရဲရင့်စွာ ရင်ဆိုင်သွားကြသော ဗန္ဓုလ သေနာပတိ ဇနီးမောင်နှံတို့၏

အထုပ္ပတ္တိကို ဖတ်ရလျှင် ကျွန်ုပ်တို့လည်း ခေတ်ကူး၍ ရဲရင့်လာစရာအကြောင်းရှိ၏။ ဖတ်ကြည့်ဦးစို့။

ဗုဒ္ဓခေတ်၌ သာဝတ္ထိပြည့်ရှင် မဟာကောသလ မင်းကြီး၏ သားတော် ပသေနဒိ မင်းသား။ဝေသာလီပြည်ရှင် လိစ္ဆဝီ မင်း၏ သားတော် မဟာလိမင်းသား။ ကုသိနာရုံ ပြည့်ရှင် မလ္လာမင်း၏ သားတော် ဗန္ဓုလ မင်းသားဟူသော ဤမင်းသား သုံးယောက် တို့သည် ဒိသာပါမောက္ခ ဆရာ့ထံ၌ ပညာသင်ကြားရန် တက္ကသိုလ်ပြည်သို့ သွားကြကုန်၏။သွားစဉ်က တယောက်တခြားစီ မိမိတို့တိုင်းပြည်မှ ပညာသင်ရန် ထွက်လာခဲ့ကြခြင်း ဖြစ်သော်လည်း တက္ကသိုလ်ပြည်သို့ ရောက်သောအခါ မြို့ပြင်စရပ်တခု၌ ဆုံမိကြလေ၏။

မင်းသားသုံးယောက်တို့သည် အချင်းချင်း မေးမြန်း စုံစမ်းကြသဖြင့် အမည်နာမနှင့်တကွ ပညာသင်ရန်လာသော မင်းသားများသာ ဖြစ်ကြကြောင်းကို သိရှိကြရကုန်၏။ ထိုနောက် မိတ်ဆွေများ ဖြစ်သွားကြပြီးလျှင် အတူတကွ ဒိသာပါမောက္ခဆရာ့ထံသို့သွား၍ ပညာသင်ကြားကြ ကုန်၏။ မင်းသားတို့သည် ထူးချွန်သူများသာ ဖြစ်ကြ၍ မကြာမီပင် ပညာတတ်မြောက်ကြသဖြင့် ဆရာကို ခွင့်ပန်ကာ အတူတကွပင် မိမိတို့ တိုင်းပြည်သို့ ပြန်လာခဲ့ကြကုန်၏။

ရောက်သောအခါ ပသေနဒိ မင်းသားသည် ခမည်းတော်အား အတတ်ပညာကို ပြရာတွင် ခမည်းတော်က နှစ်သက်အားရသဖြင့် မင်းအဖြစ်၌ အဘိသိက်သွန်း၏။ မဟာလိမင်းသားကား လိစ္ဆဝီမင်းတို့အား အတတ်ပညာကိုပြရာ၌ ကြိုးစားမှု လွန်သဖြင့် မျက်စိနှစ်ဖက်ပျက်စီးခြင်း ခံရ၏။ ထိုအခါ လိစ္ဆဝီမင်းတို့သည်။

“ငါတို့ဆရာသည် မျက်စိကွယ်ခဲ့ပြီ။ ကွယ်သော်လည်း ဆရာကို မစွန့်ပစ်ဘဲ ငါတို့လုပ်ကျွေးကြကုန်အံ့”ဟု တိုင်ပင်ညီညွတ်၍ အခွန်တသိန်းထွက်သော မြို့တခါးတခုကို အပိုင်စား ပေးကြကုန်၏။ မဟာလိမင်းသားလည်း ထိုမြို့တံခါးအနီး၌ နေထိုင်၍ လိစ္ဆဝီမင်းသားငါးရာတို့အားအတတ်ပညာကို သင်ကြားပေး၏။

ဗန္ဓုလမင်းသားသည်အတတ်ပညာပြသောအခါ၌ မလ္လာမင်းတို့က ဝါးအလုံးခြောက်ဆယ်စီ စည်းသော ဝါးအစည်းခြောက်ဆယ်ကို အဖြတ်ခိုင်းကြကုန်၏။ ထိုဝါးလုံးတို့၏ အခေါင်းတွင်း၌လည်း သံချောင်းများကို မသိအောင် လျှိုသွင်းထားကြကုန်၏။ ဗန္ဓုလသည် အတောင် ရှစ်ဆယ်ခန့် ကောင်းကင်သို့ခုန်ပြီးနောက် ထိုဝါးအစည်းခြောက်ဆယ်ကိုသံလျက်ဓားဖြင့် ခုတ်ဖြတ်၍သွား၏။ နောက်ဆုံးဝါး၌ ကိရိဟုအသံမြည်၏ ထိုအသံကို ကြားလျှင် ဗန္ဓုလသည် ဤသို့မေး၏။

“အချင်းတို့။ ဤအသံကား အဘယ်အသံနည်း”

“ဝါးလုံးခေါင်းတို့၌ သံချောင်းတို့ကို လျှိုထားသဖြင့် မြည်သောအသံဖြစ်သည်”

ထိုစကားကိုကြား၍ ဝါးလုံးခေါင်းတို့၌ သံချောင်းတို့ကို လျှိုထားကြောင်း သိရသောအခါ ဗန္ဓုလသည် သန်လျက်ဓားကို ပစ်ချ၍ ငိုကြွေး၏။

“ဤမျှသော ဆွေမျိုးသားချင်းတို့တွင် အယောက်ဘလေမျှ ငါ့အား ချစ်ခြင်းမေတ္တာမရှိသဖြင့် ဤအကြောင်းကို မပြောကြပေ။ အကယ်၍ ငါသည် ဤသံချောင်းများ သွင်းထားသည်ကို သိရငြားအံ့။ သံချောင်း၏အသံကို မမြည်စေရဘဲသာ ဖြတ်နိုင်ရာပါ၏”

ဗန္ဓုလသည် ဆွေမျိုးသားချင်းဖြစ်သော မလ္လာမင်းတို့အား ပြင်းစွာအမျက်ထွက်၍ မိမိအား ချစ်ခင်သူ မရှိဟုယူဆ၏။ ထို့ကြောင့် ဗန္ဓုလသည် မလ္လာမင်းတို့ကို အကုန်သတ်၍ မင်းလုပ်မည်ဟုစိတ်ကူး၏။ ထို့နောက် ခမည်းတော် မယ်တော်တို့ထံသွား၍ ထိုအကြောင်းကို တိုင်ပင်၏။

"ခမည်းတော် မယ်တော်တို့။သားတော်သည်ကျွန်ုပ်ကို မချစ်သော မလ္လာမင်းတို့ အကုန်သတ်ဖြတ်၍ မင်းပြုတော့မည်"

"ချစ်သား။ အစဉ်အဆက်အားဖြင့်သာ လာသော ဤမင်းစည်းစိမ်ကို ဤသို့လုယူရန် မသင့်လျော်ပေ"

"သို့ဖြစ်လျှင် သားတော်သည် ဤပြည်၌ မနေလိုတော့ပါ။ သားတော်၏ သူငယ်ချင်း ပသေနဒိမင်းသား အထံသို့သွားပါတော့မည်"

ဗန္ဓုလသည် ဤသို့ခမည်းတော် မယ်တော်တို့အား လျှောက်ထား၍ မိမိ၏ ကြင်ရာတော်ဖြစ်သော မလ္လာမင်းသမီး မလ္လိကာကို ခေါ်ဆောင်ပြီးလျှင် သာဝတ္ထိပြည်သို့ သွား၏။ ပသေနဒိကောသလမင်းလည်း ဗန္ဓုလလာသည်ဟုကြားလျှင်ဝမ်းမြောက်ဝမ်းသာ ခရီးဦးကြိုဆို၍ ကြီးကျယ်သော အခမ်းအနားဖြင့် မြို့တွင်းသို့သွင်း၏။သေနာပတိခေါ်သော စစ်သူကြီးအရာကိုလည်း ပေး၏။ ထို့နောက်ဗန္ဓုလသည် မိမိ၏ ခမည်းတော် မယ်တော်တို့ကို ခေါ်ယူ၍ သာဝတ္ထိပြည်၌သာ စစ်သူကြီး အဖြစ်ဖြင့် နေထိုင်၏။

ဗန္ဓုလနှင့် မလ္လိကာတို့သည် ချစ်ခင်ကြင်နာစွာ ပေါင်းသင်းနေထိုင်ကြသော်လည်း သားသမီးတယောက်မျှ မထွန်းကားဘဲရှိ

ကြကုန်၏။ ထိုအခါလူအများ၏ အယူအဆကား သားသမီးမထွန်း ကားသော မိန်းမသည် အသရေမရှိဟူ၏။

ဗန္ဓုလသည် မလ္လိကာအား "မိမိအိမ်သို့သာ ပြန်လော့"ဟု စေလွှတ်၏။ မလ္လိကာလည်း "မြတ်စွာဘုရားကို ဖူးမြင်၍သာ သွားတော့မည်"ဟု ကြံ၍ ဇေတဝန်ကျောင်းတော်သို့ သွား ပြီး လျှင် မြတ်စွာဘုရားကို ရှိခိုး၏။

"မလ္လိကာ အဘယ်သို့ သွားမည်နည်း"

"အရှင်ဘုရား။ အရှင်သခင်လင်ယောကျ်ားသည် မိဘအိမ် သို့ အပြန် ခိုင်းပါသည်"

"အဘယ်ကြောင့် ပြန်ခိုင်းသနည်း"

"သားသမီးမရ အမြုံမဖြစ်သည်ဟု ဆိုပါသည်"

"ယင်းသို့ဖြစ်လျှင် မိဘအိမ်သို့ သွားရန်ကိစ္စမရှိပြီ။ မိမိအိမ် သို့သာ ပြန်လေလော့"

ထိုအခါ မလ္လိကာသည် ဝမ်းမြောက်ဝမ်းသာ မြတ်စွာဘုရား ကို ရှိခိုး၍ အိမ်သို့ပြန်လာ၏။ရောက်လျှင် ဗန္ဓုလက ဤသို့မေး၏။

"မလ္လိကာ အဘယ်ကြောင့် ပြန်လာသနည်း"

"မြတ်စွာဘုရားက ပြန်ခိုင်းတော်မူပါသည်"

ဤစကားကိုကြားလျှင် ဗန္ဓုလသည် "အရှည်အဝေးကို မြင် တော်မူသော မြတ်စွာဘုရားကား အကြောင်းမှန်ကိုမြင်းတော်မူ သည် ဖြစ်လိမ့်မည်"ဟုဆင်ချင်၍ မလ္လိကာကို ကောင်းစွာလက် ခံ၏။ မလ္လိကာလည်း မကြာမြင့်မီပင် ကိုယ်ဝန်ရ၍ ချင်ခြင်း ဖြစ်လေ၏။

"အရှင်။ ကျွန်မအား ချင်ခြင်းတခု ဖြစ်ပါသည်"

"အဘယ်သို့သော ချင်ခြင်း ဖြစ်သနည်း"

"ဝေသာလီမြို့ အလှည့်ကျ မင်းအပေါင်းတို့၏ အဘိသိက် သွန်းရာ မင်္ဂလာရေကန်သို့ ဆင်း၍ ရေချိုးပြီးလျှင်ရေကိုသောက် လိုပါသည်"

"ကောင်းပြီ"

ထိုနောက် ဗန္ဓုလသည် ဗိုလ်ခြေတဆောင်အားရှိသော လေး ကိုယူ၍ မလ္လိကာကို ရထားထက်သို့ တင်ပြီးသော် ရထားကို မောင်းနှင်၍ သာဝတ္ထိမြို့မှထွက်၏။

ဗန္ဓုလသည် ဝေသာလီပြည်သို့ ရှေးရှု၍ ရထားကို မောင်း နှင်ပြီးလျှင် မဟာလိအား အပိုင်စားပေးထားသော တံခါးဖြင့် ဝေသာလီပြည်သို့ဝင်၏။ မဟာလိအိမ်သည် တခါးအနီး၌ ရှိသည် တံခါးခုံ၌ ရထားတိုက်ခတ်သော အသံကိုကြား၍ ဤသို့ဆို၏။

"ဤအသံသည် ဗန္ဓုလ၏ ရထားသံတည်း၊ ယနေ့လိစ္ဆဝီမင်း တို့အား ဘေးကြီးဖြစ်လိမ့်မည်။

မင်္ဂလာရေကန်၏အတွင်း၌ရင်း၊အပ၌ရင်း၊အစောင့်အရှောက် အင်အားကြီးမားလှ၏။ အထက်၌ သံကွန်ယက်ကို ဖြန့်ကျက်၍ ထား၏။ ငှက်တို့ပင်ဝင်ခွင့်မရကြကုန်။ ဗန္ဓုလစစ်သူကြီးကား ရထားမှဆင်းသက်၍ အစောင့်အရှောက်တို့ကို ကြိမ်လုံးဖြင့်ရိုက် ခတ်လျက် ထွက်ပြေးကြစေ၍ သံကွန်ယက်ကို ဖြတ်ပြီး လျှင် မယားကိုရေချိုးစေ၏။ မိမိကိုယ်တိုင်လည်း ရေချိုးပြီးမှ တဖန် ရထားထက်သို့တက်၍ မြို့မှထွက်ပြီးလျှင် လာလမ်း အတိုင်းပင် ပြန်သွား၏။

အစောင့်အရှောက် မင်းချင်းလိုသည် လိစ္ဆဝီ မင်းတို့အား အကြောင်းကိုလျှောက်တင်ကြကုန်၏။ လိစ္ဆဝီမင်းငါးရာတို့သည် အမျက်ထွက်ကြကုန်၍ ရထားငါးရာ တို့ ကို တက် စီး ပြီး လျှင်

"ဗန္ဓုလ လက်ဝှေ့သမားကိုဖမ်းကြကုန်အံ့"ဟု ထွက်ကြကုန်၏။ ထိုအကြောင်းကို မဟာလိအားပြောကြားကြကုန်၏။

"အမောင်တို့ မသွားကြကုန်လင့်။ အကြောင်းမူကား အမောင်တို့အားလုံးကို ဗန္ဓုလသည်သတ်လတံ့"

"ကျွန်ုပ်တို့မနေနိုင် သွားကြမည်သာဖြစ်ပါသည်"

"သို့ဖြစ်လျှင် ရထားဘီးသည် ပုတောင်းတိုင်အောင်မြေသို့ဝင်သည်ကိုမြင်သော် ပြန်ခဲ့ကြကုန်။ ထိုမှမပြန်သော် ရှေ့မှမိုးကြိုးသံကဲ့သို့ကြားကြရလတံ့။ ထိုကြားရာ အရပ်မှ ပြန်ခဲ့ကြကုန်။ ထိုမှမပြန်သော် သင်တို့ရထားဦး၌ အပေါက်ကို မြင်ကြရကုန်လတံ့။ ထိုမြင်ရာ အရပ်မှ ပြန်ခဲ့ကြကုန်။ ရှေ့သို့ မသွားကြကုန်လင့်"

"လိစ္ဆဝီမင်းတို့သည် မဟာလိ၏ စကားဖြင့် မပြန်ကြဘဲ ဗန္ဓုလဆီသို့အစဉ်လိုက်ကြကုန်၏။ထိုအခါမလ္လိကာသည် ရထားတို့ကိုမြင်၍ ဗန္ဓုလကို ဤသို့ဆို၏။

"အရှင်။ ရထားတို့ကိုမြင်ရပါသည်"

"သို့ဖြစ်လျှင် ရထားတစီးတည်း မြင်ရသောအခါ ငါ့ကို ပြောကြားလော့"

မလ္လိကာသည် ရထားတို့ကို ကြည့်နေစဉ် အလုံးစုံသော ရထားတို့သည် တစီးတည်းထင်လာ၏။ ထိုအခါ မလ္လိကာသည် ဤသို့ဆို၏။

"အရှင်။ ရထားဦးတခုတည်းသာ ထင်လာပါသည်"

"သို့ဖြစ်လျှင် ကြိုးကိုကိုင်လော့"

ဗန္ဓုလသည် မလ္လိကာအား ရထားကြိုးတို့ကိုပေး၍ရထား၌ရပ်လျက်လျှင် လေးကိုတင်၏။ ရထားဘီးသည် ပုတောင်း

တိုင်အောင် မြေသို့ဝင်လေ၏။လိစ္ဆဝီမင်းတို့သည် ထိုအကြောင်းကိုမြင်သော်လည်း မပြန်ကြကုန်။ ဗန္ဓုလလည်း အနည်းငယ်သွား၍ လေးညှို့ကိုခတ်၏။ လေးညှို့ခတ်သံသည် မိုးကြိုးသံကဲ့သို့ဖြစ်လေ၏။ လိစ္ဆဝီမင်းတို့သည် ထိုအရပ်မှလည်း မပြန်ကြကုန်။ အစဉ်တစိုက် လိုက်သွားကြသည်သာလျှင်တည်း။ ဗန္ဓုလသည် ရထား၌ရပ်လျက်လျှင် မြှားတစင်းကိုပစ်လွှတ်၏။ ထိုမြှားသည် ရထားငါးရာတို့၏ ရထားဦး၌အပေါက်ကိုပြု၍ လိစ္ဆဝီမင်းငါးရာတို့ကို ချပ်ဝတ်တန်းဆာဖွဲ့ရာအရပ်မှာ ဖေါက်ထွင်းပြီးလျှင် မြေသို့ဝင်လေ၏။ လိစ္ဆဝီမင်းတို့သည် မြှားမှန်ခံရသည်ကို မသိကြဘဲ လိုက်မြဲလိုက်၍ ဗန္ဓုလကိုအရပ်ခိုင်းကြကုန်၏။

"ဟယ် အချင်း ရပ်လော့။ ဟဲ့ အချင်း ရပ်လော့"

ထိုအခါ ဗန္ဓုလသည် ရထားကိုရပ်၍ ဤသို့ဆို၏။

"သင်တို့သည် သူသေများ ဖြစ်ကြ သည်။ သူသေများနှင့် ဘက်ပြိုင်၍ စစ်ထိုးခြင်း မည်သည်မရှိ"

"သူသေတို့မည်သည် ငါတို့ကဲ့သို့မဟုတ်ကုန်"

"သို့ဖြစ်လျှင် နောက်ဆုံးကျသောသူ၏ ချပ်ဝတ်တန်းဆာကို ဖြေစမ်းကြလော့"

လိစ္ဆဝီမင်းတို့သည် ဆိုသည့် အတိုင်း ဖြေလိုက် ကြ ကုန်၏။ ထိုလိစ္ဆဝီမင်းတို့သည် ဖြေပြီးကာမျှ၌ပင် သေ၍လဲကျ၏။

"သင်တို့သည် ဤသူနှင့်အတူသာ ဖြစ်ကြကုန်၏။ မိမိတို့အိမ်သို့သွား၍ စီမံသင့်သည်ကို စီမံပြီးလျှင် သားမယားကိုဆုံးမ၍ ချပ်ဝတ်တန်းဆာကိုဖြေကြကုန်လော"

ထိုလိစ္ဆဝီမင်းတို့သည် ဗန္ဓုလပြောဆိုသည့်အတိုင်း ပြုကြလေသော် အလုံးစုံပင် အသက်ကုန်ခြင်းသို့ရောက်ကြကုန်၏။

ဗန္ဓုလလည်း မလ္လိကာကို သာဝတ္ထိပြည်သို့ခေါ်ဆောင်ခဲ့၏။ မလ္လိကာသည် တဆဲ့ခြောက်ကြိမ်တိုင်တိုင် အစုံစုံသော သားတို့ကိုဖွားမြင်၏။ သား အားလုံးတို့သည်လည်း ရဲရင့်ကြကုန်၏၊ အားအစွမ်းနှင့်ပြည့်စုံကြကုန်၏။အလုံးစုံသော အတတ်တို့၏ အပြီးအဆုံးသို့ရောက်ကြကုန်၏။ တယောက် တယောက်အား ယောကျ်ားတထောင်စီ အခြံ အရံရှိ၏။ အဖဖြစ်သော ဗန္ဓုလနှင့်အတူတကွ နန်းတော်သို့သွားကြသည်ရှိသော် မင်းယင်ပြင်သည် ထိုသူတို့ဖြင့်သာပြည့်၏။

တနေ့သောအခါ တရားရုံး၌ မတရားသဖြင့် တရားရှုံးရသောသူတို့သည် ဗန္ဓုလလာသည်ကိုမြင်ကြလေသော် ကြီးစွာသောအသံဖြင့် ဆူညံစွာ အော်ဟစ် ကြ ကုန် လျက် တရားရုံး၌ တရားသူကြီး အမတ်တို့၏ မတရားသဖြင့် တရား စီရင်ခြင်းကို တိုင်ကြားကြကုန်၏။ ဗန္ဓုလသည် တရားရုံးသို့သွား၍ ထိုအမှုကို စစ်ဆေးပြီးလျှင် ဥစ္စာရှင်ကိုသာဥစ္စာကိုပိုင်စေ၏။ လူထုကြီးသည် သည်းစွာသောအသံဖြင့် ကောင်းချီးပေး၏။

မင်းကြီးသည် 'ဤအသံကားအဘယ်နည်း'ဟု မေးတော်မူ၍ ထိုအကြောင်းကို ကြားတော်မူလေသော် နှစ်သက်တော်မူသဖြင့် ထိုတရားသူကြီး အမတ်အလုံးစုံကို ထုတ်ပယ်၍ ဗန္ဓုလအားသာလျှင် တရားရုံးကိုအပ်နှင်းတော်မူ၏။ဗန္ဓုလလည်း ထိုအခါမှစ၍ ကောင်းစွာ ဆုံးဖြတ်စီရင်၏။

ထို့နောက် ကာလ အတန်ကြာ သော် ထိုတရားသူကြီးဟောင်းအမတ်တို့သည် တစုံတခုသော တန်စိုးကိုမျှ မရကြ၍ လာဘ်လာဘနည်းပါးကြကုန်ကြကာ 'ဗန္ဓုလသည် မင်းစည်းစိမ်ကို တောင်းတနေပါသည်'ဟု နန်းတော်၌ အချေပျက် အောင်

ဖျက်ဆီးကြကုန်၏။ မင်းကြီးသည် ထိုအမတ်တို့၏ စကားကို ယုံကြည်တော်မူသဖြင့် မိမိ၏စိတ်ကိုနှိပ်ကွပ်၍မရနိုင် ဖြစ်လေ၏။

ထို့နောက် 'ဤဗန္ဓုလကို ဤမြို့၌ သတ်သူရှိသော်ငါ့အား ကဲ့ရဲ့ခြင်းဖြစ်လတံ့'ဟု တဖန် အကြံဖြစ်၍ စကားထည့်ထားသော ယောကျ်ားတို့ကို ပစ္စန္တရာဇ်ကိုဖျက်ဆီးစေပြီးလျှင် ဗန္ဓုလကိုခေါ်တော်မူ၍ ဤသို့မိန့်တော်မူ၏။

"ပစ္စန္တရာဇ်သည် ထကြွ သောင်းကျန်းသတတ်၊ သင်သည် သားတို့နှင့်အတူတကွသွား၍ခိုးသား ဓားမြတို့ကိုဖမ်းချေလော့"

မင်းကြီးသည် ဗန္ဓုလကို ဤသို့ စေလွှတ်တော်မူပြီးနောက် ဤပစ္စန္တရာဇ်၌ပင်သားသုံးဆယ့်နှစ်ယောက်တို့နှင့်တကွဗန္ဓုလ၏ ဦးခေါင်းကိုဖြတ်၍ယူခဲ့ကြကုန်ဟု ဗန္ဓုလတို့နှင့် အလားတူ စွမ်းဆောင်နိုင်လောက်သော တပါးသော သူရဲတို့ကိုလည်း တပါတည်း စေလွှတ်တော်မူလိုက်၏။

ဗန္ဓုလသည် ပစ္စန္တရာဇ်သို့ သွား စဉ်မှာပင် 'စစ်သူကြီးမိုလာသတတ်'ဟု ကြားရ၍စေလွှတ်ထားသော ခိုးသားတို့သည်ထွက်ပြေးကြကုန်၏။ဗန္ဓုလသည် ထိုပစ္စန္တရာဇ် အရပ်ကိုလူတို့ပြန်လည်နေထိုင်စေ၍ နေထားတကျရှိစေပြီးမှပြန်ခဲ့၏။ မြို့၏မနီးမဝေးသို့ရောက်သောအခါ ယခင်ကစေခိုင်းအပ်သော သူရဲကြီးတို့သည် အမေ့အလျော့ကိုကြည့်၍ သားဘို့နှင့်တကွ ဗန္ဓုလဦးခေါင်းကို ဖြတ်ကြကုန်၏။

ဗန္ဓုလနှင့်သားသုံးဆယ့်နှစ်ယောက်တို့အသတ်ခံရသောနေ့၌ မလ္လိကာသည် ရဟန်းငါးရာတို့နှင့် အဂ္ဂသာဝကနှစ်ပါးတို့ကို ဆွမ်းလုပ်ကျွေးရန်ပင့်ဖိတ်ပြီးဖြစ်၏။ ယင်းသို့ ပင့်ဖိတ်သည့်နေ့ နံနက်ခင်း၌ပင် 'အရှင်မ၏သားတို့နှင့်တကွ လင်ဖြစ်သူ ဗန္ဓုလ၏

ဦးခေါင်းကိုဖြတ်လိုက်ကြပြီ’ဟု သဝဏ်လွှာစာကို ဆောင်ယူ၍ ပေးလှာကြကုန်၏။ မလ္လိကာသည် ထိုအကြောင်းကိုသိရသော်လည်း တစုံတယောက်အားမျှမပြောကြားမူ၍ စာခွေကိုရင်ခွင်ကြား၌ ထည့်ထားပြီးလျှင် ရဟန်း အပေါင်း အား သာ လျှင် ဆွမ်းဆက်ကပ်လုပ်ကျွေး၏။ထိုအခါ မလ္လိကာ၏ အလုပ်အကျွေးမိန်းမတို့သည် ရဟန်းတို့အား ဆွမ်းကိုသည့်ပေး၍ ထောပတ်အိုးကို ဆောင်ယူလာကြလေသော် အဂ္ဂသာဝကမထေရ်မြတ်နှစ်ပါးတို့၏ ရှေ့မှောက်၌ပင် ထောပတ်အိုးသည် မခတော်တဆလွတ်ကျ၍ ကွဲလေ၏။ ထိုအခါ ပဌမ အဂ္ဂသာဝက ဖြစ်သော အရှင်သာရိပုတ္တရာသည်‘ကွဲပျက်တတ်သော သဘောရှိသောအရာသည် ကွဲပျက်၏။ မစိုးရိမ်သင့်’ဟု မိန့်တော်မူ၏။ မလ္လိကာ လည်း ရင်ခွင်ကြားမှ စာခွေကိုထုတ်ပြ၍ ဤသို့လျှောက်၏။

“သား သုံးဆယ့် နှစ်ယောက် တို့ နှင့် တကွ ဖခင်ဖြစ်သူ၏ ဦးခေါင်းကိုဖြတ်လိုက်ကြပြီ”ဟု တပည့်တော်မအား ဤစာခွေကို ဆောင်ကြဉ်း၍ ပေးအပ်လာကြပါသည်။ တပည့် တော် သည် ဤသတင်းကိုကြားသော်လည်း မစိုးရိမ်ပါအရှင်ဘုရား။ ထောပတ်အိုးကွဲခြင်းကြောင့် အဘယ်မှာ စိုးရိမ်ပါအံ့နည်း”

ထို့နောက် ဆွမ်းဘုဉ်းပေးပြီး သောအခါ ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာလည်း ဆွမ်း ဘုဉ်းပေး ပြီး သော အခါ “ဤလောက၌ သတ္တဝါတို့၏ အသက်ကိုခန့်မှန်းနိုင်သောအကြောင်း မရှိ။ သေရမည့်နေ့ကိုမသိအပ်ပေ”စသည်ဖြင့် တရားဟော၍နေရာမှထပြီးလျှင် ကျောင်းတော်သို့ပြန်ကြွတော်မူ၏။

မလ္လိကာလည်း ချွေးမသုံးဆယ့်နှစ်ယောက်တို့ကိုခေါ်စေ၍ ဤသို့ဆုံးမ၏။

"သမီးတို့၏ လင်တို့သည် အဖြစ်မရှိကြကုန်ဘဲ မိမိ၏ ရှေးကံ အကျိုးကိုခံကြရကုန်၏။သမီးတို့မစိုးရိမ်ကြလင့်၊မငိုကြွေးကြလင့်၊ ဘုရင်မင်းမြတ်၏အပေါ်၌ပြစ်မှားသောစိတ်ကိုမထားကြလင့်"

မင်းကြီး၏သူလျှိုအထောက်တော်တို့သည် ထိုဆုံးမစကားကို ကြားရ၍ နန်းတော်သို့သွားကြပြီးလျှင် ဗန္ဓုလနှင့် သားတို့၏ အပြစ်မရှိခြင်းကို မင်းကြီးအားလျှောက်ကြကုန်၏။မင်းကြီးသည် ထိတ်လန့်ခြင်းသို့ရောက်သည်ဖြစ်၍ မလ္လိကာ၏ အိမ်သို့ကြွသွား တော်မူပြီးလျှင် မလ္လိကာကိုရင်း၊ သူ၏ချွေးမတို့ကိုရင်း၊တောင်း ပန်တော်မူ၍ မလ္လိကာအား ဆုကိုပေး၏။ မလ္လိကာသည်ပေး တော်မူသောဆုကို လက်ခံပါသည်ဟုလျှောက်၏။

၈ ထို့နောက် မင်းကြီးကြွသွားသောအခါ သက်ပျောက်ဆွမ်း လှူဒါန်းပြီးမှ ရေချိုး၍နန်းတော်သို့ဝင်ပြီးလျှင်မင်းကြီးကို ရှိခိုး ခါ ဤသို့လျှောက်၏။

အရှင်မင်းမြတ်အရှင်မင်းမြတ်တို့သည်ကျွန်တော်မအားဆုပေး တော်မူပါသည်။ကျွန်တော်မလည်းအခြားဆုကိုအလိုမရှိပါ၊ချွေးမ သုံးဆယ့်နှစ်ယောက်တို့အားရင်း၊ ကျွန်တော်မအားရင်း၊ မိဘ အိမ်သို့သာပြန်ခွင့်ပြုတော်မူပါ"

မင်းကြီးသည် မလ္လိကာ၏လျှောက်ထားချက်ကိုလက်ခံတော် မူ၏။ မလ္လိကာသည် ချွေးမတို့ကို မိမိတို့မိဘအိမ်သို့စေလွှတ်၏။ ကိုယ်တိုင်လည်း ကုသိနာရုံပြည်၌ ရှိသော မိမိ၏ မိဘ အိမ် သို့ ပြန်လေသတည်း။

# ၃

# ကြိုးစားခြင်း

မဟာဒုဂ်၊ ဓမ္မပဒ၊ ပ၊၃၆၀

ကြိုးစားခြင်းသည် လုံ့လ ဝီရိယရှိခြင်းပင်ဖြစ်၏။ ဤလောက၌ လုံ့လ ဝီရိယ မရှိသော် အဘယ်အရာကိုမျှ မအောင်မြင်နိုင်။ အဘယ်အကျိုးကျေးဇူးကမျှရမည်မဟုတ်။ ကံကောင်းသောသူသည် မကြိုးစားသော်လည်း အောင်မြင်တတ်သည်ဟု အချို့က ထင်တတ်ကြ၏။ မကြိုးစားဘဲ ကံမကောင်းနိုင်သည်ကိုကား မဆင်ခြင်မိကြကုန်။ အတိတ်က ကြိုးစားခဲ့သောကြောင့်သာ ယခုဘဝ ကံကောင်းခြင်းဖြစ်၏။ကံကောင်းသော်လည်းမကြိုးစားခဲ့သော် အောင်မြင်မှုရဘို့ မသေချာလှပေ။အောင်မြင်မှုရပါသည်ဆိုရစေကာမူ မပြည့်စုံတတ်ပေ။ ဤအချက်နှင့်ပတ်သက်၍ နီတိဆရာတို့က မိန့်ခဲ့သောစကားတခွန်းရှိ၏။ ထိုစကားကား အခြားမဟုတ်။ ထမင်းကို ချက်ပြုတ်ခူးခတ်ပြီး ဖြစ်သော်သည်း လက်နှင့်ယူမစားသော် ပါးစပ်ထဲသို့ အလိုလို မဝင်ဟူသော စကားပင်ဖြစ်၏။

ကြိုးစားခြင်းသည် လက်နှင့်တူသည်ဟု ဟောတော်မူသော ဒေသနာလည်းရှိ၏။ လက်မပါသော် ဘယ်အရာကိုမျှယူ၍ မရသကဲ့သို့ လုံ့လမရှိသော် ဘယ်အကျိုးကိုမျှ မရတတ်ပေ။

ကြိုးစားလျှင်ကား ဘယ်အရာမဆို ပြီးစီးအောင်မြင်၏။ ယခုခေတ်၌ ရှေးကလူသားတို့မရောက်ဘူးခဲ့သော ကမ္ဘာပတ် လမ်းကြောင်းအတွင်းသို့ ဒုံးပျံစီး၍ သွားရောက်လည်ပတ်နိုင်ခြင်းမှာလည်း ကြိုးစားခြင်းကြောင့်ပင် ဖြစ်၏။ ဤကြိုးစားခြင်းကြောင့်ပင် တနေ့နေ့၌ လကမ္ဘာသို့ လူတို့ရောက်ကြဦးမည်လားမသိရသေးပေ။ ထိုကြောင့် မြန်မာပညာရှိတို့ကလည်း "ကြိုးစားလျှင် ဘုရားဖြစ်နိုင်သည်" ဟု ဆောင်ပုဒ်လုပ်ခဲ့ကြခြင်း ဖြစ်၏။ ဗုဒ္ဓမြတ်စွာကလည်း မိမိရည်မှန်းချက်သို့ ရောက်အောင်ကြိုးစားတော်တကြရမည်သာဖြစ်သည်။ ဘယ်အခါမျှ လက်လျှော့ ငြီးငွေ့ခြင်းမပြုရာဟု မဟာဇနကဇာတ်ပါဠိတော်စသည်တို့၌ အကြိမ်များစွာ ထပ်ခါထပ်ခါ ဟောတော်မူခဲ့၏။

ဗုဒ္ဓမြတ်စွာ၏လက်ထက်တော်တွင် ကြိုးစား ခြင်းကြောင့် ခုနစ်နှစ်သားကပင် ကျော်စောထင်ရှားသော ပဏ္ဍိတသာမဏေတပါးရှိ၏။ ထိုသာမဏေကျော် ရဟန္တာအရှင်ကား ကဿပဘုရားရှင်လက်ထက်တော်၌ ကမ္ဘာတွင် ဥဒါန်း တွင်လောက်အောင် ကြိုးစားခဲ့သော မဟာဒုဂ်ပင် ဖြစ်၏။ ထိုကြောင့် မဟာဒုဂ်၏နာမည်သည် ဘုရားတဆူခြားသော်လည်း ယနေ့တိုင်ထင်ရှားလျက်ရှိ၏။ မဟာဒုဂ် ဆွမ်းကြီးလောင်းပွဲများကို ဗုဒ္ဓဘာသာတိုင်း မြင်ဘူးကြ၏။ ထိုမဟာဒုဂ်ကား အဘယ်သို့ကြိုးစားခဲ့သနည်း။

ကဿပဘုရားရှင်လက်ထက် ဗာရာဏသီပြည်၌ အလွန်ဆင်းရဲလှသော သူဆင်းရဲတယောက်ရှိ၏။ ထိုသူကား ထိုခေတ်တွင် အလွန်ဆင်းရဲသူဖြစ်ခြင်းကြောင့် မဟာဒုဂ်ဟု အမည်တွင်ရာ ထိုအမည်၏ အဓိပ္ပါယ်ကား မဟာသူဆင်းရဲဟူ၍ ဖြစ်၏။ ထိုမဟာဒုဂ္ဂတကိုပင် မြန်မာတို့က မဟာဒုဂ်ဟု ခေါ်ဝေါ်ကြခြင်း ဖြစ်၏။

တနေ့သောအခါ ကဿပမြတ်စွာဘုရားသည် ဗာရာဏသီပြည်သို့ ကြွတော်မူခဲ့၏။ လူတို့ကလည်း ဝမ်းမြောက်ဝမ်းသာရှစ်ပါး၊ ကိုးပါး၊ဆယ်ပါးစသည်ဖြင့် မိမိတို့အင်အားရှိသလောက် သံဃာတော်တို့ကိုပင့်ဖိတ်၍ ဆွမ်းကျွေးကြကုန်၏။ ကဿပဘုရားသည် တနေ့ရာ၌ ဆွမ်းအနုမောဒနာ ပြုတော်မူသောအခါ "အလှူဒါနကိုပြုရာ၌မိမိသာလှူ၍သူတပါးတို့အား လှူရန်မတိုက်တွန်းသူသည်အကျိုးပေးသောအခါ အခြွေအရံမပါဘဲအကျိုးပေးတတ်၏။ မိမိမလှူဘဲသူတပါးကိုသာတိုက်တွန်းသူသည်လည်း စည်းစိမ်ဥစ္စာမရှိဘဲအခြွေအရံသာပေါများတတ်၏။ ထို့ကြောင့် မိမိလည်းလှူရမည်။ သူတပါးတို့အား လှူရန် တိုက်တွန်းရမည်ဟု ဟောကြားတော်မူ၏။

ထိုတရားကို ကြားနာသော ပညာရှိတယောက်သည် စည်းစိမ်ဥစ္စာနှင့် အခြွေအရံ ဟူသော အကျိုးနှစ်ပါးစုံကို ရအောင်ပြုမည်ဟုအကြံဖြစ်၍"နက်ဖြန်သံဃာတော်များနှင့်တကွအကျွန်ုပ်၏ဆွမ်းကို ခံယူတော်မူပါ"ဟု လျှောက်၏။ ထိုအခါ ကဿပမြတ်စွာဘုရားသည် ဉာဉ်သို့မိန့်တော်မူ၏။

"သံဃာတော်အဘယ်မျှလောက် အလိုရှိသနည်း"

"အရှင်ဘုရား။ မြတ်စွာဘုရား၏ အချေအရ . သံဃာတော်ကား အဘယ်မျှ အရေအတွက်ရှိပါသနည်း"

"ရဟန်းနှစ်သောင်းရှိပေသည်"

"အရှင်ဘုရား။ ရဟန်းအားလုံးနှင့်တကွပင် ကျွန်ုပ်၏ဆွမ်းကို ခံယူတော်မူပါလော့"

ထိုအခါ ကဿပမြတ်စွာဘုရားသည် ဆိတ်ဆိတ်နေ၍ လက်ခံတော်မူလိုက်၏။ ထိုပညာရှိလည်း မြတ်စွာဘုရားထံမှ ပြန်လာ၍ မြို့တွင်းသို့ ဝင်လာပြီးလျှင် တအိမ်တက်ဆင်းသွား၍ လူတို့ကို နှိုးဆော်၏။

"အမိတို့ အဘတို့။ ကျွန်ုပ်သည် နက်ဖန် ကောင်းမှုအလို့ငှာ ဗုဒ္ဓဘုရားအမှူးရှိသော သံဃာတော်အပေါင်းကို ပင့်ဖိတ်ခဲ့ပါသည်။ သင်တို့သည် မိမိတတ်နိုင်သလောက် တာဝန်ယူ၍ လှူဒါန်းကြပါကုန်"

ထိုအခါသဒ္ဓါတရားရှိသောသူတို့သည် "အကျွန်ုပ်တို့ကသံဃာ ဆယ်ပါးဆွမ်းကျွေးပါမည်။ ကျွန်ုပ်တို့က သံဃာအပါးနှစ်ဆယ်တို့အား ဆွမ်းကျွေးပါမည်" စသည်ဖြင့် မိမိတို့အားရှိသလောက် တာဝန်ယူကြကုန်၏။ တာဝန်ယူသောသူတို့၏ သံဃာစာရင်းကိုလည်း ထိုပညာရှိသည် အစီအစဉ်အတိုင်း ရေးမှတ်၍ ထား၏။

ယင်းသို့ လှည့်လည်စဉ်တွင် ထိုပညာရှိသည် မဟာဒုဂ်နှင့် မျက်နှာခြင်းဆိုင် ဆုံမိလေ၏။ ထိုအခါပညာရှိသည် မဟာဒုဂ် အားလည်း ဆွမ်းလှူဒါန်းရန် နှိုးဆော်၏။

"အချင်းမဟာဒုဂ်။ ကျွန်ုပ်သည် နက်ဖန် ကောင်းမှုအလို့ငှာ ဘုရားအမှူးရှိသော သံဃာအပေါင်းကို ပင့်ဖိတ်ခဲ့ပါသည်။ မြို့သူ

မြို့သားတို့လည်း နက်ဖန်အလှူကြီး ပေးကြပါလိမ့်မည်။ အသင်က ရဟန်းဘယ်နှစ်ပါး ဆွမ်းကျွေးမည်နည်း”

“အရှင်။ အကျွန်ုပ် ရဟန်းသံဃာကို အလိုမရှိပါ။ အကျွန်ုပ်အား ရဟန်းသံဃာတို့ဖြင့် အဘယ်သို့ပြုရအံ့နည်း။ ရဟန်းတို့ကား ဥစ္စာရှိသူတို့အတွက်သာ ဖြစ်ကြပါသည်။ အကျွန်ုပ်မှာ နက်ဖန်ယာဂုကြိုစရာ ဆန်တစလယ်မျှပင် မရှိပါ။ အကျွန်ုပ်သည် သူတပါး၏ အခစားအလုပ်ကို လုပ်၍ အသက်မွေးရပါသည်။ ရဟန်းတို့ကိုရလျှင်လည်း အကျွန်ုပ် အသို့ကျွေးမွေးနိုင်အံ့နည်း”

“အို မဟာဒုဂ်။ ဤဗာရာဏသီမြို့ကြီးနှင့် များစွာသော လူအပေါင်းတို့သည် အစာကောင်းကို စား၍ အဝတ်ကောင်းတို့ကို ဝတ်၍ အဆင်တန်းဆာ အမျိုးမျိုးတို့ကို ဆင်ယင်ဝတ်စားလျက် အသရေရှိသောနေရာ၌နေ၍ စည်းစိမ်ခံစားကြသည်။ အသင်ကား တနေ့လုံး အခစားလုပ်သော်လည်း ဝမ်းဝရုံမျှမစားရ ရှိခဲ့သည်။ သို့ဖြစ်လျက် ငါကား ရှေးဘဝက ကောင်းမှုမပြုခဲ့ခြင်းကြောင့် တစုံတခုကိုမျှ မရနိုင်ပါတကား”ဟု မသိသလော။

“အရှင်။ သိကား သိပါသည်”

“သို့ပါလျက် အဘယ်ကြောင့် ကုသိုလ်ကောင်းမှုကို မပြုဘိသနည်း။ အသင်ကား ငယ်ရွယ်နုပျို၏။ အားအင်ဗလနှင့်လည်း ပြည့်စုံ၏။ သင်သည်အင်အားရှိသလောက် အခစားလုပ်၍ အလှူဒါနကိုပြုဘို့ မသင့်ပါလော”

“အရှင် ကောင်းပါပြီ။ အကျွန်ုပ်အတွက် ရဟန်းတပါး စာရင်းတင်ပါလော့။ အလုပ်တခုကို အခစားလုပ်၍ ရဟန်းတပါးအား ဆွမ်းကျွေးပါမည်”

မဟာဒုဂ်သည် အလွန်စွန့်စား၍ ရဟန်းတပါး စာရင်းတင်လိုက်ပါဟုဆိုသော်လည်း ပညာရှိကား တပါးတည်းသာ ဖြစ်သည်ဟု အောင်းမေ့၍ အမှတ်တမဲ့ စာရင်းမတင်ဘဲ နေလိုက်၏။ ထိုအကြောင်းကိုမသိသော မဟာဒုဂ်သည်ရဟန်းတပါးကို ဆွမ်းကျွေးရန် တာဝန်ယူခဲ့ရပြီဟုအောင်းမေ့၍ အိမ်သို့ပြန်ပြီးလျှင် မယားဖြစ်သူအား ထိုအကြောင်းကို ပြောကြား၏။

"အရှင်မ။ မြို့သူမြို့သား တို့သည် နက်ဖြန် သံဃာတော်အပေါင်းအား ဆွမ်းကျွေးကြလိမ့်မည်။ ငါလည်း ရဟန်းတပါးကို ပေးပါဟု ဆော်သြသူအား တောင်းခဲ့သည်။ ငါတို့လည်း နက်ဖန် ရဟန်းတပါးအား လှူဒါန်းကျွေးမွေးကြကုန်အံ့"

ထိုအခါ မယားဖြစ်သူကလည်း သဒ္ဓါတရားနှင့် ပြည့်စုံသူဖြစ်၍ ကျွန်ုပ်တို့ကား ဆင်းရဲလှသည်။ အဘယ့်ကြောင့် တာဝန်ခံခဲ့သနည်းဟု မဆိုမူ၍ ဝမ်းမြောက်ဝမ်းသာ ဤသို့ ဆို၏။

"အရှင်။ အရှင်တာဝန်ခံသည်မှာ ကောင်းမြတ်လှပါသည်။ အကျွန်ုပ်တို့သည် ရှေးကလည်း တစုံတရာကိုမျှ မလှူခဲ့ကြ၍ ယခုဆင်းရဲမွဲတေကြရပါသည်။ အကျွန်ုပ်တို့ နှစ်ယောက်လုံးပင် အခစားလုပ်၍ ရဟန်းတပါးအား ဆွမ်းကျွေးကြပါမည်"

ထို့နောက် လင်မယားနှစ်ယောက်တို့သည် အိမ်မှ ထွက်၍ အခစားလုပ်ရမည့် နေရာသို့ သွားကြကုန်၏။ ထိုနေရာကား သူဋ္ဌေးကြီးတဦး၏ အိမ်ပင်ဖြစ်၏။ သူဋ္ဌေးကြီးသည် မဟာဂ္ဂိုဒုဂ်မြင်လျှင် ဤသို့ဆို၏။

"အို မဟာဒုဂ်။ အခစားလုပ်မည်လော့"

"အရှင် လုပ်ပါမည်"

"အဘယ်အလုပ်ကို လုပ်လိုသနည်း"

"အရှင် ခိုင်းသော အလုပ်ကို လုပ်ပါမည်"

"သို့ဖြစ်လျှင် ငါတို့သည် နက်ဖန် ရဟန်း နှစ်ရာသုံးရာဆွမ်းကျွေးကြမည် ဖြစ်၍ ထင်းတို့ကို ခွဲပါလော့"

ထို့နောက် သူဌေးကြီးသည် မဟာဒုဂ်အား ပဲကွပ်နှင့် ပုဆိန်ကို တုတ်၍ ပေးစေ၏။ မဟာဒုဂ်လည်း ကြီးစွာ အားထုတ်လျက် ပဲခွပ်တလဲ၊ ပုဆိန်တလဲ၊ ကိုင်၍ ထင်းတို့ကို ခွဲစိတ်၏။ သူဌေးကြီးလည်း မဟာဒုဂ်ကိုကြည့်၍ ဤသို့မေး၏။

"အို မဟာဒုဂ်။ သင်သည် ယနေ့အလွန်ကျိုးစားအားထုတ်၍ အလုပ်လုပ်၏။ အကြောင်းကား အသို့နည်း"

"အရှင်။ အကျွန်ုပ်သည် နက်ဖန်ရဟန်း တပါးအား ဆွမ်းကျွေးပါမည်"

ထိုစကားကိုကြားလျှင် သူဌေးကြီးလည်း ကြည်လင်သော စိတ်ရှိသည်ဖြစ်၍ 'ဤမဟာဒုဂ်သည် ခဲယဉ်းသောအမှုကိုပြုဘိ၏ တကား၊ ချီးမွမ်းဘွယ် ကောင်းလေစွ၊ ချီးမွမ်းဘွယ် ကောင်းလေစွ၊ ငါကား ဆင်းရဲသားဖြစ်သည်ဟု ဆိတ်ဆိတ် မနေဘဲ အခစားလုပ်၍ ရဟန်းတပါးအား ဆွမ်းကျွေးမည်ဟု ဆိုရှာပါ ပေသည်"ဟု တွေးတော၏။

သူဌေးကတော်လည်း မဟာဒုဂ်၏ မယားကို မြင်လျှင် 'အလုပ်လုပ်မည်လော'ဟု မေး၏။ 'ခိုင်းသည့်အလုပ်ကို လုပ်ပါမည်'ဟု ဆိုသဖြင့် မောင်းထောင်းရာဖြစ်သော မောင်းတဲသို့ ခေါ်သွားပြီးလျှင် ဘန်း၊ စကာနှင့် ကျည်ပွေ့ စသည်တို့ကို ပေးစေ၏။ ဆင်းရဲသူမလည်း ကတော့မည်ကဲ့သို့ ဝမ်းမြောက် ဝမ်းသာဖြင့် စပါးတို့ကို ထောင်း၍ ဆန်ပြာ၏။ ထိုအခါ သူဌေးကတော်သည် ဤသို့ မေး၏။

"အမိ။ အလွန်တရာ ရှင်လန်း ဝမ်းမြောက်စွာ အလုပ်လုပ် ပေသည်။ အကြောင်းကား အသို့နည်း"

"အရှင်မ။ အကျွန်ုပ်လည်း ဤအလုပ်ကို လုပ်၍ ရဟန်း တပါးအား ဆွမ်းကျွေးပါမည်"

ထိုစကားကို ကြားလျှင် သူဌေးကတော်သည်လည်း 'ဤ သူဆင်းရဲမကား ခဲယဉ်းသောအမှုကို ပြုရှာပါပေသည်။ ချီးမွမ်း ဘွယ် ကောင်းပေစွတကား'ဟု စိတ်ထဲ၌ ကြည်ညို၏။

သူဌေးကြီးသည် မဟာဒုဂ်ဲ ထင်းခွဲပြီးသောအခါ 'ဤကား ထင်းခွဲခ' ဟု သလေးဆန် လေးပြည် ပေးစေ၏။ ထို့နောက် ဤကား အပိုဆုလာဘ်'ဟု သလေးဆန်လေးပြည်ကို ပေးစေ၏။ သူဌေးကတော်လည်း သူဆင်းရဲမအား ထောပတ် အိုးတလုံး၊ ဒိန်ချဉ်အိုးတလုံး၊ ငြုပ်ကြက်သွန်နှင့် ဆန်တပြည်ကို ပေး၏။ မဟာဒုဂ်လည်း အိမ်သို့ ပြန်သွားပြီးလျှင် ဇနီးဖြစ်သူအား ဤသို့ တိုင်ပင်၏။

"ရှင်မ။ ငါသည် အခစားလုပ်၍ဆန်ကို ရခဲ့သည်၊ ဤဆန်ကို ဆွမ်းချက်ကြမည်။ ရှင်မအလုပ်လုပ်၍ ရသောအခဖြင့် နို့ဓမ်း ဆီဆားနှင့် ငြုပ်ကြက်သွန်တို့ကို ယူပါလော့"

"ကောင်းလှပါပြီ။ သူဌေးကတော်ကလည်း ထောပတ်၊ နို့ဓမ်း၊ ငြုပ်ကြက်သွန်တို့ကိုပင် ပေးလိုက်ပါသည်။ 'ဆန်တပြည် လည်း ပါပါသေးသည်"

မဟာဒုဂ်တို့လင်မယားသည် 'ငါတို့သည် လှူစရာကို ရပေ ပြီ'ဟု အလွန်ဝမ်းမြောက်ရှင်လန်းကြကုန်၏။

မဟာဒုဂ်တို့ လင်မယားသည်နောက်တနေ့၌ နံနက်စောစော အိပ်ယာမှ ထကြကုန်၏။ အိပ်ယာမှထသောအခါ ဇနီးဖြစ်သူသည် မဟာဒုဂ်အား ဤသို့ ပြော၏။

"အရှင် သွားလော့။ ဟင်းချက်စရာ ဟင်းရွက်ဟင်းသီးရှာ၍ ယူခဲ့ပါလော့"

မဟာဒုဂ်သည်ဈေးသို့သွား၍ ဟင်းရွက်ဟင်းသီးကိုကြည့်ရာ တစုံတရာကိုမျှ မတွေ့ရသဖြင့် ဟင်းရွက်ဟင်းသီးအတွက်မြစ်ကမ်းဘက်ဆီသို့ ထွက်ခဲ့၏။ မဟာဒုဂ်သည် 'ယနေ့ကား အရှင်ကောင်း အရှင်မြတ်တို့အား ဆွမ်းကျွေးခွင့်ရခဲ့ပြီ'ဟု ရွှင်လန်းဝမ်းမြောက်လှသဖြင့် သီချင်းကလေး တကြော်ကြော်နှင့် ဟင်းရွက်ခူးလျက်ရှိ၏။ ဆိုအခါ အနီး၌ ကွန်ပစ်လျက်ရှိသော တံငါသယ်သည် 'ဤအသံကား မဟာဒုဂ်၏ အသံဖြစ်ရာသည်'ဟု ကြံ၍ ခေါ်ပြီးလျှင် ဤသို့မေး၏။

"အိုမဟာဒုဂ်သင်။သည်အလွန်နှစ်သက်ကြနပ်၍ သီချင်းကိုဆိုလျက်ရှိ၏။ အကြောင်းကား အသို့နည်း။ အဘယ်ကို ပြုလုပ်နေသနည်း"

"အိုအချင်း။ ဟင်းရွက်ခူးနေပါသည်"

"အဘယ်ကိစ္စ ရှိသနည်း"

"ရဟန်းတပါးကို ဆွမ်းကျွေးပါမည်"

"ရဟန်းသံဃာကား အလွန်ချမ်းသာ၏။ အသင့်ဟင်းရွက်ကို ဘုဉ်းပေးပါမည်လော"

"အိုအချင်း အသို့ပြုအံ့နည်း။ ကိုယ်ရသော ဟင်းရွက်ဖြင့်ပင် ဆွမ်းကျွေးရပါမည်"

"သို့ဖြစ်လျှင်လာလော့...."

"အဘယ်သို့ ပြုရမည်နည်း"

"ဤငါးကိုယူ၍ တမတ်တန် ငါးမူးတန်၊ တကျပ်တန်၊ အတွဲတို့ကို တွဲလော့"

မဟာဒုဂ်သည် တံငါသည်က ခိုင်းသည့်အတိုင်း ငါးတို့ကို တွဲလျက်ရှိ၏။ တွဲပြီးသမျှငါးတို့ကို မြို့သူမြို့သားတို့သည် မိမိတို့ ဖိတ်ထားသော ရဟန်းတို့အတွက် ဝယ်ယူသွားကြကုန်၏။ မဟာ ဒုဂ်သည် ငါးတို့ကို တွဲရင်းပင် ဆွမ်းခံချိန် ရောက်၍လာ၏။ ထို အခါ မဟာဒုဂ်သည် အချိန်ကို ကြည့်၍ ဤသို့ဆို၏။

"အိုအချင်း။ အကျွန်ုပ် သွားတော့မည်။ ရဟန်းတော်တို့ ကြွလာချိန် ရောက်ခဲ့ပြီ"

"ငါးတွဲတာတတွဲတလေရှိသေးသလော"

"ငါးတွဲမရှိပြီ အားလုံးကုန်သွားပြီ"

"သို့ဖြစ်လျှင် ကိုယ့်အတွက် သဲထဲတွင် မြှုတ်ထားသော ငါးကြင်းလေးကောင်ရှိသည်။ ရဟန်းတော်မြတ်အား ဆွမ်းကျွေး လိုလျှင် ယူသွားပါလော့"

ဤသို့ဆို၍ တံငါသည်သည် ငါးကြင်းလေး ကောင် တို့ကို တူတ်ဖော်၍ မဟာဒုဂ်အား ပေးလိုက်၏။

ထိုနေ့၌ပင် မြတ်စွာဘုရားသည် နံနက် မိုးသောက်ထအခါ ဉာဏ်တော်ကွန်ယက်ကိုဖြန့်ကျက်၍လောကကိုကြည့်တော်မူလေ သော် ဉာဏ်တော်ကွန်ယက်အတွင်းသို့ဝင်လာသော မဟာဒုဂ်ကို မြင်တော်မူ၍ 'ဤမဟာဒုဂ်သည် အသို့ဖြစ်လတံ့နည်း'ဟု ဆင် ခြင်တော်မူ၏။ ထို့နောက် ဤမဟာဒုဂ်သည် ရဟန်းတပါး အား ဆွမ်းကျွေးမည်ဟု မယားနှင့်တကွ ယမန်နေ့က အခစား အလုပ်ကိုလုပ်ခဲ့၏။ မဟာဒုဂ်သည် အဘယ်ရဟန်းကို ရလတံ့

နည်း’ဟု ကြံတော်မူ၍အခြားလူအများတို့ကားစာရင်းစာရွက်၌ ရေးတင်ထားသည့်အတိုင်း ရဟန်းတို့ကိုပင့်၍ မိမိတို့အိမ်၌ ထိုင်နေကြစေကုန်လတံ့။ မဟာဒုဂ်ကား ‘ငါဘုရားမှတပါး အခြားရဟန်းတို့ကိုမရလတံ့’ဟု သိမြင်တော်မူ၏။

မြတ်စွာဘုရားတို့ကား ဆင်းရဲသားတို့၌ သနားစောင့်ရှောက်ခြင်းကိုပြုတော်မူကြကုန်သတတ်။ ထို့ကြောင့် မြတ်စွာဘုရားသည် နံနက်စောစောကပင် ကိုယ်လက်သုတ်သင်ခြင်းကိုပြုတော်မူ၍ မဟာဒုဂ်အား ချီးမြှောက်အံ့ဟု ဂန္ဓကုဋီသို့ ဝင်၍ ထိုင်တော်မူ၏။

မဟာဒုဂ်လည်း ငါးကြင်းလေးကောင်တို့ကိုယူ၍ အိမ်သို့ဝင်သောအခါ၌ သိကြားမင်း၏ ပဏ္ဍုကမ္ဗလာသည် ပူသောအချင်းအရာကိုပြု၏။ သိကြားမင်းသည် အကြောင်းကား ဤသို့နည်းဟု သိလေသော် မဟာဒုဂ်ကိုမြင်၍ မဟာဒုဂ်သည်ရဟန်းတပါးအား ဆွမ်းကျွေးအံ့ဟူ၍ ယမန်နေ့က မိမိမယားနှင့်တကွအခစားအလုပ်ကိုလုပ်ခဲ့၏။ မဟာဒုဂ်သည် အဘယ် ရဟန်းကိုရလတံ့နည်းဟု ဆင်ခြင်၏။ ထို့နောက် မဟာဒုဂ်သည် တပါးရဟန်းကိုရမည်မဟုတ်၊ မြတ်စွာဘုရားသည် မဟာဒုဂ်အား ချီးမြှောက်အံ့ဟူ၍ ဂန္ဓကုဋီ၌ထိုင်နေတော်မူ၏။ မဟာဒုဂ်ကား မိမိနှင့် တန်ရုံမျှဖြစ်သော ယာဂုဆွမ်းနှင့် ဟင်းရွက်ဟင်းကိုမြတ်စွာဘုရားအားလှူရာ၏။ငါသည် မဟာဒုဂ်၏ အိမ်သို့သွား၍ဆွမ်းချက်သမားအလုပ်ကိုလုပ်မှသင့်မည်ဟုကြံ၍မဆင်ရားသောအသွင်ဖြင့် မဟာဒုဂ်၏ အိမ်အနီးသို့သွား၍ ဤသို့မေး၏။

“အခဖြင့် လုပ်ရမည့် အလုပ်များရှိကြပါသလော”

“အို အချင်း။ အဘယ် အလုပ်ကိုလုပ်မည်နည်း”

"အရှင်။ အကျွန်ုပ်ကား အတတ် အားလုံး တတ်ပါသည်။ မတတ်သောပညာဟူ၍မရှိပါ၊ ယာဂုထမင်း စသည်တို့ကို လည်း ကောင်းကောင်း ချက်တတ်ပါသည်။

"အိုအချင်း။ သင့်လုပ်အားကို လိုချင်ပါသည်။ သို့ရာတွင် အခပေးစရာမရှိပါ"။

"အရှင်၏ကိစ္စကား အဘယ်ကိစ္စနည်း"

"ရဟန်းတပါးအား ဆွမ်းကပ်လှူလိုပါသည်။ ထိုရဟန်း သူမြတ်အတွက် ယာဂုဆွမ်းစီမံမှုကို အလိုရှိပါသည်'

"ရဟန်း သူမြတ်အား ဆွမ်းကျွေးလှူမည်ဖြစ်လျှင် လုပ်ခကို အလိုမရှိပါ။ အကျွန်ုပ်အားလည်း ကောင်းမှုကုသိုလ် မဖြစ် သင့်ပါလော"

"အို အချင်း။ ဤသို့ဖြစ်လျှင်ကောင်းပေ၏။ အိမ်တွင်းသို့ ဝင်ခဲ့ပါလော့"။

သိကြားမင်းသည် မဟာဒုဂ်၏ အိမ်သို့ဝင်၍ ဆီ ဆန် စသည် တို့ကိုယူခဲ့စေပြီးလျှင် သွားလော့။ မိမိအတွက်ကျရောက်သော ရဟန်းအား ပင့်ခဲ့လော့ဟု မဟာဒုဂ်ကို တိုက်တွန်း၏။ထိုအချိန်၌ အလှူအကျိုးဆောင် ပညာရှိလည်း စာရွက်၌ စာရင်းတင်ထား သည့် အတိုင်းပင် ထိုထိုအလှူရှင်တို့၏ အိမ်သို့ရဟန်းတော်တို့ကို ပို့ဆောင်၏။

မဟာဒုဂ်လည်းအလှူအကျိုးဆောင်ထံသို့သွား၍အကျွန်ုပ်အား ကျရောက်မည့် ရဟန်းတပါးကို ပေးပါဟုဆို၏။ အကျိုးဆောင် လည်း ထိုအခါမှသတိရ၍ 'အကျွန်ုပ်သည် သင့်အတွက် ရဟန်း တပါးကိုမေ့လျော့နေသဖြင့် စာရင်းမတင်မိပါ'ဟု ဝမ်းနည်းစွာ ပြောဆို၏။ ထိုအခါ မဟာဒုဂ်သည် ထက်လှသော လှံမှဖြင့်

ရင်ဝကို စိုက်လိုက်သကဲ့သို့ အလွန်နာကျည်းလျက် ဤသို့ပြောဆို၍ ငိုကြွေး၏။

"အရှင်။ အကျွန်ုပ်ကို အဘယ်ကြောင့် ဖျက်ဆီးဘိသနည်း။ အကျွန်ုပ်သည် ယမန်နေ့က အရှင်ကပင်တိုက်တွန်းသဖြင့် မယားဖြစ်သူနှင့်တကွ တနေ့လုံး အခစားလုပ်၍ ယနေ့လည်း နံနက်စောစောကပင် ဟင်းရွက် ဟင်းလျာအလို့ငှါ မြစ်ကမ်း၌လှည့်လည်၍ ရှာဖွေခဲ့ရပါသည်။ အကျွန်ုပ်အား ရဟန်းတပါးကို ပေးပါလော့"

အလှူအကျိုးဆောင်လည်း ပေးစရာ ရဟန်း မကျန်တော့သဖြင့် အခက်ကြုံ၍နေ၏။ထိုအကြောင်းကိုသိရသော မဟာဒုဂ်သည် ဝမ်းနည်းလှသဖြင့် လက် နှစ် ဖက် ကို မြှောက်၍ ပြင်းစွာငိုကြွေး၏။ လူအများလည်း စုဝေးလာကြ၍ မဟာဒုဂ် အသို ဖြစ်သနည်း'ဟုမေးမြန်းကြကုန်၏။ မဟာဒုဂ်လည်း လူအပေါင်းတို့အား သူဖြစ်ရပ်အကြောင်းကို အကုန်အစင် ပြောကြား၏။ ထိုအခါ လူတို့သည် အမှုဆောင်အား ဤသို့မေးမြန်းကြကုန်၏။

"အို အချင်း။ သင်သည် ဤမဟာဒုဂ်ကို 'အခစားလုပ်၍ ရဟန်းတပါးအား ဆွမ်းကျွေးလော့'ဟု တိုက်တွန်းသည် မှာ မှန်သလော"။

"အရှင်တို့ မှန်ပါသည်"။

"အသင်သည် ဝန်လေးသောအလုပ်ကို လုပ်ဘိ၏။ သင်သည် ဤမျှနှစ်သောင်းတိတိ များပြားလှသော ရဟန်းတို့ကို စီစဉ်ဝေငှရသည်ဖြစ်လျက် ဤမဟာဒုဂ်အား တပါးမျှ မပေးဘဲ နေဘိသည်"။

ထိုအခါ အမှုဆောင် ပညာရှိသည် ဤသို့အများက ဝိုင်းဝန်းဆူပူကြသဖြင့် မျက်နှာမလှ အရှက်ရသည်ဖြစ်၍ အတတ်နိုင်ဆုံးနည်းဖြင့် ဖြေရှင်းလိုရကား။ ဤသို့ အကြံပေးရှာ၏။

"အချင်း မဟာဒုဂ်။ အကျွန်ုပ်ကို မပျက် ဆီး ပါ လင့်။ အကျွန်ုပ်ကို အရှက်မခွဲပါလင့်။ အကျွန်ုပ်သည်။ အသင်ကြောင့် ကြီးစွာသော အညှင်းဆဲကို ခံရပါသည်။ အခြားသူတို့သည် စာရွက်၌စာရင်းတင်ထားသော အမှတ်အသားဖြင့် မိမိတို့အား ကျရောက်သော ရဟန်းတော်တို့ကို ပင့်ဆောင်သွားကြပါသည်။ မိမိအိမ်၌ ထိုင်နေတော်မူပြီးသော ရဟန်းကို ပေးလိုသူလည်း ရှိမည်မဟုတ်ပါ။ မြတ်စွာဘုရားကား မျက်နှာတော်သစ်၍ ဂန္ဓကုဋိ တိုက်၌ပင် ထိုင်နေတော်မူပါသည်။ ပြည့်ရှင်မင်း၊ အိမ်ရှေ့မင်း၊ စစ်သူကြီးစသော သူတို့သည် ဂန္ဓကုဋိမှ မြတ်စွာဘုရား၏ ထွက်တော်မူခြင်းကို စောင့်မျှော်လျက် သပိတ်တော်ကို ယူ၍ သွားမည်ဟု ထိုင်နေကြပါသည်။ ဘုရားရှင်တို့မည်သည်လည်း ဆင်း ရဲ သား တို့ ကို သ နား စောင့်ရှောက်တော်မူကြပါသည်။ သင်သည် ကျောင်းတော်သို့ သွား၍ အရှင်ဘုရား အကျွန်ုပ်ကား ဆင်းရဲသား ဖြစ်ပါသည် အကျွန်ုပ်အား ချီးမြှောက်တော်မူပါဟု မြတ်စွာဘုရားအား ရှိခိုး၍ လျှောက်ထားလော့ သင် အား ကံကောင်း ထောက်မလျှင် မုချကေန် သပိတ်တော်ကို ရပါလိမ့်မည်"။

ထိုစကားကိုကြားလျှင် မဟာဒုဂ်လည်း ကဿပမြတ်စွာဘုရား စံတော်မူရာ ကျောင်းတော်သို့သွား၏။ ထိုအခါ ပြည့်ရှင်မင်းစသော သူတို့သည် ယခင်က မဟာဒုဂ်သည် ဆွမ်းကျန်

ဟင်းကျန်များကို လာရောက်စားသောက်ဘူးသည်ကို မြင်ဘူးကြသောကြောင့် ဤသို့ ဆီး၍ ပြောဆိုကြလေသည်။

"အို မဟာဒုဂ်။ ဆွမ်းဘုဉ်းပေးချိန် မဟုတ်သေး။ အသင် အဘယ်ကြောင့် လာဘိသနည်း"။

"အရှင် ဆွမ်းဘုဉ်းပေးချိန်မဟုတ်သေးကြောင်းကို သိပါသည်။ သို့ရာတွင် မြတ်စွာဘုရားအား ရှိခိုးဝတ်ပြုရန် လာပါသည်"။

"မဟာဒုဂ်သည် ဤသို့ပြောဆို၍ ဂန္ဓကုဋိသို့သွားပြီးလျှင် လှေခါးခုံ၌ သီးခေါင်းထား၍ ငါးပါးသော တည်ခြင်းနှင့် ဤသို့လျှောက်၏။

"အရှင်ဘုရား။ ဤဗာရာဏသီမြို့ကြီး၌ အကျွန်ုပ် လောက်ဆင်းရဲသူမရှိပါပြီး။ အကျွန်ုပ်၏ ကိုးကွယ်အားထားရာဖြစ်တော်မူပါလော့၊ အကျွန်ုပ်အား ချီးမြှောက်တော်မူပါလော့"။

ထိုအခါ ကဿပ မြတ်စွာ ဘုရားသည် ဂန္ဓကုဋိတံခါးကို ဖွင့်တော်မူ၍ သပိတ်တော်ကို ထုတ်ပြီးလျှင် မဟာဒုဂ်၏ လက်၌ ထားတော်မူ၏။ မဟာဒုဂ်ကား စကြာမင်း၏ စည်းစိမ်ကို ရသောသူကဲ့သို့ အတိုင်းမသိဝမ်းမြောက်မိလေ၏။ ပြည့်ရှင်မင်း၊ အိမ်ရှေ့မင်း၊ စစ်သူကြီး စသော သူ တို့လည်း အချင်းချင်း တယောက်၏ မျက်နှာကို တယောက် ကြည့်ကြလေ၏။ အလွန် အံ့ဩကြကုန်၏။အံ့ဩလည်းအံ့ဩထိုက်လှ၏။မြတ်စွာဘုရားသည် ပေးတော်မူအပ်သော သပိတ်ကို အာဏာတန်ခိုးဖြင့် လွှမ်းမိုး၍ အနိုင်အထက်ပြုကာ ယူနိုင်သောသူ မည်သည် ဤလောက၌ မရှိပါပေ။ ထိုကြောင့် မဟာဒုဂ်အား ဤသို့ ချော့မော့ဖျား ယောင်းကြကုန်၏။

"အချင်း မဟာဒုဂ်။ မြတ်စွာဘုရား၏ သပိတ်တော်ကို ငါတို့အား ပေးပါလော့။ သင့်အား ဤမျှသော ဥစ္စာကို ပေးကြပါမည်။ သင်ကား ဆင်းရဲသားဖြစ်၍ဥစ္စာကိုသာ ယူပါလော့၊ ဤသပိတ်ဖြင့် သင်အား အဘယ်အကျိုးရှိအံ့နည်း။

"မည်သူ့မျှ မပေးနိုင်ပါ။ အကျွန်ုပ်ဥစ္စာပစ္စည်းကို မလိုချင်ပါ။ မြတ်စွာဘုရားကိုသာ လုပ်ကျွေးပါမည်"

ထိုအခါ ကြွင်းသော သူတို့သည် မဟာဒုဂ်ကို တောင်း၍ သပိတ်တော်ကို မရနိုင်လျှင် အားလျော့၍ ပြန်ကြကုန်၏။ ပြည့်ရှင်မင်းကြီးကား မဟာဒုဂ်သည် ဥစ္စာဖြင့် ဖျားယောင်းသော်လည်း မြတ်စွာဘုရား၏ သပိတ်တော်ကိုမပေးပေ။ မြတ်စွာဘုရားက ကိုယ်တော်တိုင် ပေးအပ်သော သပိတ်တော်ကိုလည်း မည်သူ့ တစုံတယောက်မျှ မလုယူနိုင်ပေ။ ဤမဟာဒုဂ်အား လှူဘွယ်ရာပစ္စည်း မည်သည် အဘယ်မျှ ရှိမည်နည်း။ ဤမဟာဒုဂ်သည် သူ့အလှူပစ္စည်းကို လှူပြီးသောအခါ၌ မြတ်စွာဘုရားကို ပင့်၍ နန်းတော်သို့ ဆောင်ပြီးလျှင် ငါစီမံထားသော ဆွမ်းဘောဇဉ်ကို လှူပေအံ့ဟု ကြံ၍ မြတ်စွာဘုရားနှင့်အတူပင် မဟာဒုဂ်၏ အိမ်သို့လိုက်သွား၏။ သိကြားမင်းသည်လည်း ယာဂု ခဲဘွယ် ဘောဇဉ် ချိုချဉ် ဟင်းလျာတို့ကို ချက်ပြုတ်လုပ်ကိုင်၍ မြတ်စွာဘုရား ထိုင်တော်မူရန် လျောက်ပတ်သောနေရာတော်ကို ခင်း၍ ထိုင်စောင့်နေ၏။

မဟာဒုဂ်လည်း မြတ်စွာဘုရားကိုပင့်ခဲ့ပြီးနောက် အိမ်သို့ ရောက်လျှင် "အရှင်ဘုရား ဝင်တော်မူပါ" ဟု လျှောက်၏။ မဟာဒုဂ်၏ နေအိမ်ကား နိမ့်လှ၏။ မကုန်းမညွတ်ဘဲ ဝင်၍ မရပေ။ သို့ရာတွင် မြတ်စွာဘုရားတို့မည်သည် အိမ်သို့ဝင်သည်ရှိ

သော် မည်သည့်အိမ်မျိုးပင်ဖြစ်စေကာမူ ကုန်းညွှတ်၍ဝင်တော် မမူကြကုန်။ မြတ်စွာဘုရား ဝင်တော်မူသောအခါ မြေကြီးက သော်၎င်း အောက်သို့နိမ့်ဝင်၏။ အိမ်ကသော်လည်း အထက်သို့ မြင့်တက်၏။ ဤသို့ဖြစ်ရခြင်းကား ဘုရားရှင်တို့သည် ပါရမီ ဖြည့်တော်မူစဉ်အခါက ကောင်းစွာလျှံဒါန်းခြင်း၏ အကျိုးပင် ဖြစ်၏။ မြတ်စွာဘုရားသည် တဖန်ထွက်၍ ကြွတော်မူသောအခါ ၌ကား မြေကြီးနှင့်အိမ်တို့သည် ပကတိအတိုင်းပင်ဖြစ်ကြပြန်၏။ ထိုကြောင့် မြတ်စွာဘုရားသည် ဖြောင့်ဖြောင့်မတ်မတ် ရပ်တော် မူလျက်သာလျှင် မဟာဒုဂ်၏အိမ်သို့ဝင်တော်မူ၍ သိကြားမင်း တည်းခင်းထားအပ်သော နေရာ၌ထိုင်တော်မူ၏။ မြတ်စွာဘုရား ထိုင်တော်မူသောအခါ၌ ပြည့်ရှင်မင်းသည် မဟာဒုဂ်ကို ဤသို့ မိန့်၏။

"အချင်းမဟာဒုဂ်။ သင်သည် ငါတို့တောင်းသော်လည်း မြတ်စွာဘုရား၏ သပိတ်တော်ကိုမပေး ကြည့်စမ်းပါရစေဦး။ သင်သည် မြတ်စွာဘုရားအတွက် အဘယ်သို့သော ပူဇော်သက္ကာ ကို ပြုလုပ်ထားပါသနည်း။

ထိုအခါ သိကြားမင်းသည် ယာဂုခဲဘွယ် ဘောဇဉ်စသည်တို့ ကို ဖွင့်လစ်၍ပြ၏။ ထို ခဲဘွယ်ဘောဇဉ်တို့သည်။ အထူးအသင်း အမွှေးအကြိုင်သည်တမြို့လုံးကိုလှိုင်၍ဖုံးလေ၏။ ပြည့်ရှင်မင်းသည် ယာဂုခဲဘွယ် ဘောဇဉ် တို့ကိုကြည့်ပြီးနောက် မြတ်စွာဘုရားအား ဤသို့လျှောက်၏။

"အရှင်ဘုရား။ အကျွန်ုပ်သည် "မဟာဒုဂ်၏ လျှာဘွယ်ရာ ပစ္စည်းကား အဘယ်မျှရှိမည်နည်း။ ဤမဟာဒုဂ်သည် သူ၏လျှာ ဘွယ်ရာ ပစ္စည်းတို့ကို လျှာဒါန်းပြီးခဲ့သော် မြတ်စွာဘုရားကို

နန်းတော်သို့ပင့်၍ အကျွန်ုပ်စီမံထားတော ခဲဘွယ်ဘောဇဉ်တို့ကို ဆက်ကပ်လှူဒါန်းမည်” ဟု ကြံ၍လိုက်လာခဲ့ပါသည်။အကျွန်ုပ် ဤအိမ်၌ ဤမျှကောင်းမွန်သော အစာအဟာရကို မမြင်ဘူး သေးပါ။ ကျွန်ုပ် ဤအိမ်၌ရှိနေလျှင် မဟာဒုဂ်သည် အနေ အထိုင်ကျဉ်းမြောင်း၍ ပင်ပန်းဆင်းရဲပါလိမ့်မည်။ အကျွန်ုပ်သွား ပါတော့မည်။”

ဤသို့လျှောက်ထား၍ ပြည့်ရှင်မင်းသည် မြတ်စွာဘုရားကို ရှိခိုးကာ ကြွသွား၏။ သိကြားမင်းလည်း မြတ်စွာဘုရားအား ယာဂုဆွမ်း စသည်တို့ကို လှူဒါန်း၍ ရိုသေစွာလုပ်ကျွေး၏။ မြတ်စွာဘုရားလည်း ဆွမ်းဘုဉ်းပေးပြီးသောအခါ ဝမ်းမြောက် ဘွယ်ရာ အနုမောဒနာပြုတော်မူ၍ နေရာမှထကာ ကြွတော်မူ၏။

သိကြားမင်းသည် မဟာဒုဂ်အား မြတ်စွာဘုရားနောက်သို့ လိုက်ပို့ရန် အမှတ်သညာပေး၏။ မဟာဒုဂ်လည်းသပိတ်တော်ကို ကိုင်၍ မြတ်စွာဘုရား၏ နောက်တော်ပါးမှ လိုက်သွား၏။ သိကြားမင်းလည်း မြတ်စွာဘုရားနှင့်အတူ အတန်ငယ်လိုက်ခဲ့ ပြီး နောက်ပြန်လှည့်၍ မဟာဒုဂ်၏ အိမ်တခါး၌ ရပ်လျက် ကောင်းကင်ကိုမော်ကြည့်၏။ ထိုခဏ၌ပင် ကောင်းကင်မှ ရတ နာမိုးရွာ၍ မဟာဒုဂ်၏အိမ်၌ အလုံးစုံသောအိုးခွက်တို့ကို ပြည့် စေပြီးနောက် တအိမ်လုံးကို ရတနာခုနှစ်ပါးတို့ဖြင့် ပြည့်စေ၏။ မဟာဒုဂ်၏ မယားသည် သားသမီးတို့ကိုဆွဲထုတ်၍ အိမ်ပြင် ဘက်၌ရပ်၏။ မဟာဒုဂ်လည်း နောက်တော်ပါးမှ လိုက်ပြီးလျှင် အိမ်သို့ပြန်လာသောအခါ အိမ်ပြင်ဘက်၌ သားသမီးတို့ထွက်၍ နေကြသည်ကို မြင်၍ ဤသို့မေး၏။

"ရှင်မှ အသို့နည်း။ အဘယ်ကြောင့် အပြင်သို့ထွက်၍နေကြသနည်း"

"အရှင်။ အကျွန်ုပ်တို့အိမ် တအိမ်လုံးသည် ရတနာခုနစ်ပါးတို့ဖြင့် ပြည့်နှက်နေပါသည်။ ဝင်စရာနေရာမရှိတော့ပါ"

ထိုစကားကိုကြားလျှင် မဟာဒုဂ်သည် "ယနေ့ပင်အလှူဒါနပြုသည့်ငါ့အား အကျိုးပေးခဲ့ပြီ" ဟု ကြံ၍ အလွန်ဝမ်းမြောက် အံ့ဩလျက် နန်းတော်သို့သွား၍ မင်းကြီးထံသို့ဝင်ခဲ့၏။

"အချင်းမဟာဒုဂ် အဘယ်ကြောင့်လာသနည်း"

"အရှင်မင်းမြတ်။ အကျွန်ုပ်၏အိမ်သည် ရတနာခုနစ်ပါးတို့ဖြင့် ပြည့်နှက်နေပါသည်။ ထိုဥစ္စာပစ္စည်းတို့ကို သိမ်းပိုက်တော်မူပါလော့။"

ထိုအခါ ပြည့်ရှင်မင်းကြီးသည် "မြတ်စွာဘုရားတို့အား လှူရသော ဒါနသည် အံ့ဩဘွယ်ရှိပါပေစွ။ ယနေ့ပင်လျှင် အထွတ်အထိပ်သို့ရောက်ခဲ့ပေပြီ" ဟုကြံ၍ ဤသို့ဆိုမေး၏။

"အချင်းမဟာဒုဂ် သို့ဖြစ်လျှင် သင်အဘယ်အရာကို ရလိုသနည်း"

"အရှင်မင်းမြတ်။ ဥစ္စာပစ္စည်းစုကို ဆောင်ယူရန် လှည်းဘထောင်ခန့်လိုပါသည်။"

ပြည့်ရှင်မင်းကြီးသည် လှည်းပေါင်းတထောင်ကို စေလွှတ်၍ မဟာဒုဂ်၏။ ဥစ္စာပစ္စည်းတို့ကို ဆောင်ယူခဲ့စေပြီးလျှင် မင်းရင်ပြင်၌ စုပုံစေ၏ ဥစ္စာစုသည် ထန်းတရပ်ခန့်မြင့်လေ၏။ ထိုနောက် ပြည့်ရှင်မင်းကြီးသည် မြို့သူမြို့သားတို့ကို စုဝေးစေ၍ ဤသို့မေးတော်မူ၏။

"ဤ ဗာရာဏသီမြို့၌ ဤမျှ လောက် ဥစ္စာကြွယ်ဝသူ ရှိသလော"

"အရှင်မင်းမြတ် မရှိပါ"

"ဤမျှ ဥစ္စာများပြားသောသူအား အဘယ်သို့ ပြုသင့် သနည်း"

"သူဌေးအရာအား ပေးသင့်ပါသည်"

ထိုနောက် မင်းကြီးသည် မဟာဒုဂ်အား ကြီးစွာသော ချီး မြှောက်ခြင်းကိုပြု၍ သူဌေးအရာကို ပေးစေတော်မူ၏။ ထို့ နောက်မဟာဒုဂ်အား ရှေးကသူဌေးတဦး၏နေရာကို ပြောကြား ၍ ဤသူဌေး အိမ်ရာ၌ ပေါက်ရောက်သော ချုံတို့ကို သုတ် သင်ဖယ်ရှားပြီးလျှင် အိမ်ဆောက်၍ နေလော့ဟု မိန့်တော်မူ၏။ မဟာဒုဂ်သည်ထိုနေရာကို သုတ်သင်ရှင်းလင်းပြီးနောက်မြေညှိ၍ တွင်းတူးသောအခါ အချင်းချင်းထိ၍ တည်နေသော ရွှေအိုးတို့ သည် မြေမှပေါ်လာကုန်၏။ ထိုအကြောင်းကို ပြည့်ရှင်မင်းအား လျှောက်ထားပြန်သောအခါ "သင့်ဘုန်းကံကြောင့်ပေါ်သည်ကို သင်ပင်ယူလော့" ဟုပေးအပ်တော်မူ၏။ မဟာဒုဂ်သည် အိမ် ဆောက်ပြီးနောက်ခုနစ်ရက်ပါတ်လုံး ဘုရားအမှူးရှိသောရဟန်း အပေါင်းအား အလှူကြီး ပေးပြန်၏။ ထိုနောက်လည်း အသက် ထက်ဆုံး ကုသိုလ်ကောင်းမှုတို့ကိုပြု၍ သေလွန်သောအခါ နတ် ပြည်၌ဖြစ်လေ၏။

မဟာဒုဂ်ကား ကဿပဘုရားရှင် လက်ထက်တော်၌ အလှန် ဆင်းရဲနွမ်းပါးလျက် အကြီးအကျယ် စွန့်စား၍ကောင်းမှုကုသိုလ် တရားကို အားထုတ်ကြိုးပမ်းသဖြင့် ဘုရား နှစ်ဆူတို့၏တခုသော အကြား၌ နတ်စည်းစိမ်ကိုသာ ခံစား၍နေခဲ့ရ၏။ ထို့နောက်

ဂေါတမဘုရားရှင် ပွင့်တော် မူသောအခါ သာဝတ္ထိပြည်အရှင်သာရိပုတြာ၏ အလုပ်အကျွေးဖြစ်သော သူဌေးအိမ်၌ သူဌေးသမီး၏ ဝမ်းတွင် ပဋိသန္ဓေယူ၏။

ဤသတို့သားငယ် ပဋိသန္ဓေရှိသောအခါမှစ၍ သူဌေးအိမ်၌ ရှိသောအဆွေအမျိုးတို့ ပညာရှိဖြစ်ကုန်ကြသောကြောင့်ပဏ္ဍိတ သတို့သားဟုအမည်တွင်၏။ ပဏ္ဍိတ သတို့သားသည် ခုနှစ်နှစ်အရွယ်ရောက်သောအခါ ဓမ္မသေနာပတိ အရှင်သာရိပုတြာ၏ အထံ၌ အရှင်သာမဏေပြုရန် ဆရာဥပဇ္ဈာယ်နှင့်အတူ ဆွမ်းခံကြသောအခါ ရေကိုမြောင်းသွယ်၍ယူခြင်း၊ မြားကို မီးကင်၍ ဖြောင့်ခြင်း၊ သစ်ကိုဖြောင့်မတ်အောင် ခုတ်ရွေ့ခြင်းတို့ကို မြင်၍ မိမိစိတ်ကိုလည်း ထို့အတူပင် လိုရာသို့ရောက်အောင် ပြုပြင်၍ ယူလျှင်ရကောင်းသည်ဟု အကြံဖြစ်သည့်အတိုင်း ဆွမ်းခံမဝင်တော့ဘဲ တရားကိုကျင့်လေလျှင် တရက်ထည်းဖြင့်ပင် အရဟတ္တဖိုလ်သို့ရောက်၍ ရဟန္တာ ဖြစ်လေ၏။

ဤပဏ္ဍိတသာမဏေ၏ အကြောင်းအရာကား ကျွန်ုပ်တို့ရေးသားထုတ်ဝေပြီးဖြစ်သော "ဓမ္မသေနာပတိ" အရှင်သာရိပုတြာဝတ္ထု၌ပါပြီးဖြစ်၍ အကျယ်မဆိုတော့ပြီ။

ဤသို့လျှင် ပဏ္ဍိတသာမဏေအလောင်းဖြစ်သော မဟာဒုဂ်ကား ဝမ်းဝရုံမျှ အနိုင်ခဲရသော ဆင်းရဲသားဘဝမှ ကြိုးစားသဖြင့် ကြီးပွားချမ်းသာ၍ နတ်စည်းစိမ်ကို ကြာမြင့်စွာ ခံစားပြီးနောက် ရဟန္တာအဖြစ်သို့ပင် ရောက်ခဲ့သတည်း။

# ၄

# ထက်မျက်ခြင်း

ဥက္ကသေနသူဌေးသား၊ ဓမ္မပဒ၊ ဒု၊ ၃၄၀

လူ့အသုံးအဆောင်ဖြစ်သော စူး၊ဆောက်၊ဓား၊လှံ့တို့ပင် ထက်မျက်လျှင် လွန်စွာအသုံးဝင်ကြကုန်၍ ပြုလိုသောကိစ္စကို လျင်မြန်စွာ ပြီးစီးစေတတ်ကြကုန်၏။ လူတို့၏စိတ်ထား ထက်မျက်သည်ရှိသော် အရာခပ်သိမ်းကိုပင် လျင်မြန်စွာ ပြီးစီးအောင်မြင်စေတတ်၏။ ဤလောက၌ အဘိုးတန်အောင် ပြုပြင်နိုင်လျှင် စိတ်ထက် အကျိုးပြီးစေနိုင်သော အရာကား မရှိပြီ။ စိတ်သည် အကောင်း အဆိုးတို့၏ အခြေခံဖြစ်၏။ ငရဲသို့ ကျစေနိုင်သော အရာလည်း စိတ်။ နတ်ပြည်ဖြစ်စေနိုင်သော အရာလည်း စိတ်။ ကိလေသာကုန်ခမ်း၍ ရဟန္တာဖြစ်စေနိုင်သောအရာလည်း စိတ်ပင် ဖြစ်၏။ သို့ရာတွင် နုံချာသောစိတ်သည် မြင့်မြတ်သော အကျိုးကို မပေးနိုင်။ ထက်မျက်သော စိတ်ကောင်းစိတ်မြတ်သာလျှင် မြင့်မြတ်သောအကျိုးကို ပေးနိုင်၏။

သတ္တဝါတို့သည် ချမ်းသာသုခကို လိုလားကြ၏။ ချမ်းသာသုခကို ရနိုင်စေရန် မျှော်မှန်းချက်ကား ရှိကြ၏။ သို့သော်

လည်း၊ သတ္တဝါတိုင်း ချမ်းသာသုခကို မရကြကုန်။ မျှော်မှန်းချက်သို့ မရောက်ကြကုန်။ ချမ်းသာသုခကို ရသူ၊ မျှော်မှန်းချက်သို့ ရောက်သူကား နည်းပါးလှ၏။ ဤသို့ဖြစ်ရသည်မှာ စိတ်ဓာတ်နုံ့ချာသူသာ များ၍ စိတ်ဓာတ်ထက်မြက်သူ ရှားပါးသောကြောင့်ပင် ဖြစ်၏။ စိတ်ဓာတ်ထက်မျက်သူသည် ကောင်းရာ၌ဖြစ်စေ၊ မကောင်းရာ၌ဖြစ်စေ၊ အထွတ်အထိပ်သို့ ရောက်၏။ မကောင်းရာ၌ အထွတ်အထိပ်ရောက်နေရာမှလည်း လျင်မြန်စွာ ကောင်းရာသို့ ကူးပြောင်းသွားတတ်၏။ စိတ်ဓာတ် နုံ့ချာသူကား ကောင်းရာ၌ဖြစ်စေ၊မကောင်းရာ၌ဖြစ်စေ၊ သူတကာတို့၏ နောက်ကသာ နေကြရကုန်၏။ မကောင်းရာသို့ ရောက်နေလျှင်လည်း ကောင်းရာသို့ရောက်အောင် အတော်အသင့်နှင့် မပြောင်းလဲနိုင်ကြတော့ပေ။ တိရစ္ဆာန်အညံ့စား တခါဖြစ်မိလျှင် လူ့ဘဝကို ရခဲလှ၏။ 'လိပ်ကန်း ထန်းပိုးစွပ် ဥပမာကဲ့သို့ လွန်စွာခဲယဉ်းကြကုန်၏' ဟု အနမတဂ္ဂသံယုတ်၌ ဗုဒ္ဓမြတ်စွာပင် ဟောတော်မူခဲ့သည် မဟုတ်ပါလော။

ဗုဒ္ဓမြတ်စွာလက်ထက်တော်၌ ဥဂ္ဂသေန သူဌေးသားသည် စိတ်ဓာတ်ထက်မြက်သူ တယောက်ပင် ဖြစ်၏။ ဥဂ္ဂသေနသည် စိတ်ဓာတ်ထက်မျက်လှသောကြောင့် ရည်မှန်းချက်သို့ အလျင်အမြန် ရောက်ခဲ့၏။ ကျွတ်တမ်းဝင်သည့်ဘဝ၌ပင် ထူးထူးခြားခြား တရားတပုဒ်မျှဖြင့် ရဟန္တာဖြစ်ခဲ့၏။ ဥဂ္ဂသေန၏စိတ်ဓာတ်ထက်မျက်၍ မဖြစ်မနေ ကြိုးစားမှုကား အတုယူစရာကောင်းလှ၏။ ထို့ကြောင့် ဥဂ္ဂသေနသူဌေးသားကို မှတ်သားစရာကောင်းသော ဗုဒ္ဓ၏သူရဲကောင်းတယောက်အဖြစ် ရွေးချယ်လိုက်ရ၏။

ဗုဒ္ဓမြတ်စွာလက်ထက်တော်၌ ဘားဂျမ်း အကအခုန် အစုံ အလင်တတ်ကျွမ်းသော အနုပညာသည် ငါးရာတို့သည် နှစ်စဉ် နှစ်တိုင်းပင် ရာဇဂြိုဟ်မြို့ကြီးသို့ ရောက်လာတတ်ကြ ကုန်၏။ ရောက်လာသောအခါ ခုနစ်ရက်ပတ်လုံး ပွဲလမ်းသဘင်ကျင်းပ၍ မင်းကြီးအား အဘတ်ပညာကို ပြကြကုန်၏။ ထိုပညာသည်တို့ သည် ရွှေငွေဥစ္စာများစွာ ရကြကုန်၏။ အဘတ်ပြစဉ်မှာပင် အဝတ်ပုဆိုး၊ဦးရစ်ခေါင်း၊ရွှေငွေအသပြာ ပစ်ကြဲ၍ ဆုပေးကြ သည်မှာလည်း အဆုံးမရှိလောက်အောင်ပင်ဖြစ်၏။ မြို့သူမြို့သား လူအများတို့သည် ညောင်စောင်း အင်ပျဉ်တို့ကို အနိမ့်အမြင့် စီ စဉ်ခင်းကျင်း၍ ထိုပွဲသဘင်ကို ပျော်ရွှင်စွာ ကြည့်ရှုကြ ကုန်၏။

တခါသော် ထိုပွဲသဘင်၌ဘားကစားသမား၏သမီးတယောက် သည် မြင့်လှသော ဝါးလုံးတန်းသို့တက်၍ ဝါးလုံး၏ အသက် ကောင်းကင်၌ တပတ်ဂျမ်းပစ်ပြီးမှ ဝါးလုံး၏အဆုံးကောင်းကင် ၌ လမ်းလျှောက်လျက်လည်း က၏။ သီချင်းလည်း ဆို၏။

ထိုအခါ ဥဂ္ဂသေနသူဌေးသားသည် သူငယ်ချင်းတယောက် နှင့်အတူ အမြင့်ဆုံးညောင်စောင်း၌ နေ၍ ကြည့်လျက် ရှိ၏။ သူဌေးသားသည် ထိုသတို့သမီး၏ခြေလှမ်းပုံ၊ လက်မြှောက်ပုံ စသော အမူအရာတို့ကို လွန်စွာနှစ်သက်၏။ ကြည့်ရင်းပင် ထို သတို့သမီးသည် အသက်အရွယ် အရုပ်အဆင်းလည်း နုံမျိုလှပသူ ဖြစ်၍ သူဌေးသားသည် မရလျှင် မနေနိုင်အောင်ပင် ချစ်ကြိုက် စွဲလမ်းမိလေ၏။ ထို့ကြောင့် အိမ်သို့ပြန်ပြီးလျှင် "သတို့သမီး ကိုရလျှင်သာ အသက်ရှင်ရမည်။ မရလျှင် ဤနေရာ၌ပင် အသေ

ခံတော့မည်”ဟုဆို၍ မစားမသောက်တော့ဘဲ အိပ်ရာ၌အိပ်၏။ ထိုအခါ မိဖတို့သည်သူဌေးသားကို ဤသို့ မေးမြန်းကြကုန်၏။

“ချစ်သား အသို့နည်း။ အဘယ်ကို လိုချင်ဘိသနည်း”

“သဘင်သည်၏ သမီးကိုရမှသာ အကျွန်ုပ် အသက်ရှင်နိုင်ပါမည်။ မရလျှင် ဤနေရာ၌ပင် အသေခံပါတော့မည်”

“ချစ်သား။ ဤသို့မပြုပါလင့်။ ချစ်သားအား ငါတို့နှင့် အမျိုးတူ အရည်တူ သတို့သမီးတယောက်ကို ရှာ၍ ပေးပါမည်”

ဥဂ္ဂသေန သူဌေးသားကား အသက်ပါစကားကိုသာ ထပ်ခါ ထပ်ခါပြောဆိုလျက် မိဖစကားကို ညင်းဆန်၏။ မိဖတို့လည်း သားဖြစ်သူအား ချော့မော့ ပြောဆိုသော်လည်း မရနိုင်သည့် အဆုံး၌ သူ၏ သူငယ်ချင်းကိုခေါ်၍ အသပြာတထောင်ပေးအပ်ပြီးလျှင် “ဤအသပြာတို့ကိုယူ၍ မိမိ၏သမီးကို အကျွန်ုပ်တို့သားအား ပေးစားပါလော့”ဟု အပြောခိုင်းလိုက်ကြကုန်၏။ ထိုသူငယ်ချင်းဖြစ်သူသည် သူဌေးလင်မယားတို့ မှာကြားလိုက်သည့်အတိုင်း သဘင်သမား၏ ဖခင်အားပြောကြားသောအခါ “ငါသည် အသပြာတို့ကိုယူ၍ သမီးကို မပေးစားလိုပါ။ ထိုသူငယ်သည် ငါ့သမီးကိုမရသော် အသက်ရှင်ရန် မတတ်နိုင်ရိုးမှန်လျှင် ငါတို့နှင့် အတူတကွလိုက်ပါ၍လှည့်လည်နိုင်မည်လော။ ယင်းသို့လှည့်လည်နိုင်လျှင် ထိုသူငယ်အား ငါ့သမီးနှင့် ပေးစားပါအံ့”ဟု ဆိုလိုက်၏။

သူငယ်ချင်းဖြစ်သူသည် ထိုအကြောင်းကို သူဌေးလင်မယားတို့အား ပြန်ကြား၏။ သူဌေးလင်မယားတို့လည်း သားဖြစ်သူအား ထိုစကားကို ပြောကြားကြကုန်၏။ ထိုအခါ သူဌေးသားသည် “အကျွန်ုပ် သူတို့နှင့်အတူ လှည့်လည်ပါမည်”ဟုဆို၍ မိဖတို့

တောင်းပန်သောစကားကိုပင် မကြားနိုင်တော့ဘဲ အိမ်မှထွက်၍ ထိုပညာသည်ကြီး၏အထံသို့ သွား၏။ ထိုပညာသည်ကြီးလည်း သူဌေးသားအား သမီးနှင့်ပေးစား၍ သူဌေးသားကို သူတို့နှင့် အကူတကွသာလျှင် ထိုထိုမြို့ရွာတို့၌ အတတ်ပညာကို ပြလျက် လှည့်လည်၏။

ထိုပညာသည်သတို့သမီးလည်း ဥဂ္ဂသေန သူဌေးသားနှင့် ပေါင်းသင်း၍ မကြာမြင့်မီပင် သားတယောက်ကို ရလေ၏။ သတို့သမီးသည် သားငယ်ကို ချော့သောအခါ လင်ဖြစ်သူအား ကျီစယ်လိုသဖြင့် 'လှည်းခေါင့်သမား၏သားရယ် အိပ်ပါတော့ လားကွယ်၊ အထုပ်ထမ်းသမား၏ သားရယ် အိပ်ပါတော့လား ကွယ်။ ဘာမျှမတတ်သူရဲ့သားရယ် အိပ်ပါတော့လားကွယ်'ဟု သီဆို၏။ ဆိုစရာကောင်းအောင် ဥဂ္ဂသေန သူဌေးသားသည် လည်း ခရီးသွားကြ၍ လှည်းဝိုင်းချကာ နားနေကြသောအခါ နွားစာအတွက် မြက်ကိုရှာရ၏။ အတတ်ပညာ ပြသောအခါ၌ လည်း ရသောလာဘ်သပ်ပကာကို ထမ်းရ ပိုးရ၏။ ထိုအချက်ကို ပင် ရည်ရွယ်၍ သတို့သမီးသည် ထိုကလေးချော့ သီချင်းသံကို ဓာမင်ဆိုခြင်းဖြစ်၏။ ထိုအခါ သူဌေးသားသည် မိမိကို စောင်း၍ ဆိုမှန်းသိသဖြင့် ဤသို့ မေး၏။

"ငါ့ကို ရည်ရွယ်၍ ဆိုသည် မဟုတ်လော"

"ဟုတ်ပါသည်။ အသင့်ကို ရည်ရွယ်ဆိုခြင်းဖြစ်ပါသည်။

"သို့ဖြစ်လျှင် ငါထွက်ပြေးမိလိမ့်မည်"

"အသင်ပြေးပြေးလာလာ အကျွန်ုပ်မမှုပါ။အရေးမကြီးပါ"

ထိုပညာသည်သတို့သမီးအား မိမိ၏အလှဂုဏ်ကိုရင်း၊ ဥစ္စာ ပစ္စည်း အရလွယ်ခြင်းကိုရင်း၊အမှီပြု၍ သူဌေးသား အပေါ်၌

လင်ဖြစ်သော်လည်း ဘာလောက်မျှ မအောက်မေ့ပေ။ ထိုစောင်းမြောင်းသောသီချင်းကိုသာလျှင် ထပ်ကာထပ်ကာ သီဆို၏။ ထိုအခါ စိတ်ထက်မျက်လှသော ဥဂ္ဂသေနသူဌေးသားသည် မိမိအား ရယ်သွမ်းသွေးသည်ကို မခံလိုသဖြင့် "ဤမိန်းမကား အဘယ်ကို အမှီပြု၍ သို့စင်မာန်ဝင်ရလေသနည်း"ဟု စဉ်းစားဆင်ခြင်လေသော် အဟတ်ပညာကို အမှီပြု၍ မာန်ဝင်သည်ဟု သိ၏။ သိသော်အခါ "ရှိစေဦး၊ ငါလည်းတတ်အောင် သင်ဦးမည်"ဟု အကြံပြု၍ ယောက္ခမဖြစ်သူအထံသို့ ချဉ်းကပ်လျက် အတတ်ပညာကို မှတတ် တတ်အောင် သင်ယူမည်။ တတ်မြောက်သောအခါ၌ကား မယားဖြစ်သူအား ကလဲ့စားမချေရက်တော့ဘဲ ထိုထိုမြို့ရွာတို့၌ အတတ်ပညာကို ပြသရင်း ရာဇဂြိုဟ်မြို့ကြီးဆီသို့ ဦးတည်၍ လာခဲ့လေ၏။

ရာဇဂြိုဟ်ပြည်ကြီးသို့ရောက်သောအခါ "ဤနေ့မှစ၍ ခုနစ်ရက်မြောက်သောနေ့၌ ဥဂ္ဂသေနသူဌေးသားသည် မြို့သူမြို့သားတို့အား အတတ်ပညာပြလိမ့်မည်"ဟု ကြော်ငြာစေ၏။ မြို့သူမြို့သားတို့သည် သူ့ထက်ငါ ညောင်စောင်းအင်ပျဉ်တို့ကို မြင့်သည်ထက်မြင့်အောင် ခင်း၍ ခုနစ်ရက်မြောက်သောနေ့၌ စုဝေးလျက်ရှိကြကုန်၏။ ဥဂ္ဂသေန သူဌေးသားလည်း အတောင်ခြောက်ဆယ်ရှိသော ဝါးလုံးသို့တက်၍ အထက်၌ရပ်လျက်ရှိ၏။

ထိုခဏ်ပင် မြတ်စွာဘုရားသည် မိုးသောက်ထ လောကကိုကြည့်ရှုတော်မူလေလျှင် မိမိ၏ဉာဏ်တော်ကွန်ယက်၌ ဝင်ရောက်လာသော ထိုသူဌေးသားကိုမြင်တော်မူ၍ "အသို့ဖြစ်လတံ့နည်း"ဟု ဆင်ခြင်တော်မူ၏။ ထိုအခါ သူဌေးသားကား နက်ဖြန်အတတ်ပညာပြမည်ဟူ၍ ဝါးလုံးတန်းထက်၌ ရပ်လတံ့။ သူဌေး

သားကို ကြည့်ရှုရန် လူများအပေါင်းသည်လည်း စုဝေးလတံ့။ ထိုအရပ်၌ ငါဘုရားသည် လေးပါဒရှိသော ဂါထာကို ဟောပေအံ့။ ထိုတရားဒေသနာကို ကြားနာရလျှင် သတ္တဝါအပေါင်း ရှစ်သောင်းလေးထောင်တို့ တရားထူးကို သိကြကုန်လတံ့။ ဥဂ္ဂသေန သူဌေးသားလည်း ကိလေသာကုန်ခမ်း၍ ရဟန္တာဖြစ်လတံ့ ”ဟု သိမြင်တော်မူ၏။ နောက်တနေ့၌ မြတ်စွာဘုရားသည် အချိန်အခါကိုမှတ်၍ ရဟန်းအပေါင်း ခြံရံလျက် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံဝင်တော်မူခဲ့၏။ ဥဂ္ဂသေန သူဌေးသားလည်း မြတ်စွာဘုရားသခင် ဆွမ်းခံဝင်တော်မမူခင် လူအပေါင်းအား ကောင်းချီးပေးကြစေရန် လက်ဖြင့် အမှတ်ပေး၍ ဝါးလုံးထိပ်၌ ရပ်ပြီးနောက် ကောင်းကင်၌ ခုနစ်ပတ်တိတိ ဂျွမ်းပစ်ပြီးမှ ပြန်ကျ၍ ဝါးလုံးထိပ်၌ ရပ်၏။ ထိုခဏ၌ မြတ်စွာဘုရားသည် မြို့တွင်းသို့ဝင်တော်မူလျက် ပရိသတ်လည်း ဥဂ္ဂသေနသူဌေးသားကို မကြည့်ဘဲ မိမိကို ကြည့်မျှော်ကြစေရန် တန်းခိုးဖြင့် ဖန်တီးတော်မူ၏။

ဥဂ္ဂသေန သူဌေးသားလည်း ပရိသတ်ကိုကြည့်၍ ‘ပရိသတ်ကား ငါ့ကိုမကြည့်ပါတကား’ ဟု အလွန်စိတ်မချမ်းသာခြင်းဖြစ်လျက် ဤအတတ်ကား ငါသည်တနှစ်ပါတ်လုံး သင်ခဲ့ရသော အတတ်တည်း။ မြတ်စွာဘုရားသည် မြို့တွင်းသို့ ဝင်တော်မူခဲ့လေသော် ‘ပရိသတ်သည်ငါ့ကိုမကြည့်တော့ဘဲ မြတ်စွာဘုရားကိုသာ ကြည့်ဘိ၏။ ငါ၏အတတ်ပညာပြခြင်းအမှုကား အချိးနှီး ဖြစ်သည်၏တကား’ဟု တွေးကြံ၏။

မြတ်စွာဘုရားသည် သူဌေးသား၏ စိတ်ကိုသိတော်မူ၍ ရှင်မဟာမောဂ္ဂလာန်မထေရ်ကိုခေါ်တော်မူပြီးလျှင် ‘အို မောဂ္ဂလာန်

သွားလော့၊ မြတ်စွာဘုရားကား အတတ်ပညာကို ပြစေလိုတော်မူသတတ်'ဟုသူဌေးသားအားဆိုချေလော့''ဟုမိန့်တော်မူ၏။ ရှင်မဟာမောဂ္ဂလာန်လည်းထိုနေရာသို့ ကြွသွားတော်မူ၍ ဝါးလုံး၏အောက်၌ ရပ်တော်မူလျက် သူဌေးသားကို ခေါ်၍ ဤသို့မိန့်တော်မူ၏။

"ဥဂ္ဂသေနသူဌေးသား ကြည့်လော့၊ ပရိသတ်အား ပြမဲ့ပြပါလော့။ လူအပေါင်းအား ဥဂ္ဂသေန ရွှင်လန်းနှစ်သက် ပါစေလော့"

ထိုအခါ သူဌေးသားသည် အလွန်နှစ်သက်သော စိတ်ရှိသည်ဖြစ်၍ မြတ်စွာဘုရားသည်ပင် ငါ၏အတတ်ပညာကို ကြည့်တော်မူလိုရောင်တကားဟု အောင့်မေ့၍ "အိုအရှင် မဟာမောဂ္ဂလာန်ပြပါမည်''ဟုဆိုပြီးလျှင်ဝါးလုံးထိပ်မှကောင်းကင်သို့ ခုံပျံ၍ ကောင်းကင်၌ပင် တဆယ့်လေးပါတ်တိတိ ဂျွမ်းပစ်ကာဝါးသို့သက်၍ ဝါးလုံးထိပ်၌ ရပ်ပြန်၏။ ထိုအခါ မြတ်စွာဘုရားသည် ဤသို့မိန့်တော်မူ၏။

"အိုဥဂ္ဂသေန။ ဘဝ၏ရှေ့ကိုလည်း လွှတ်လော့။ ဘဝ၏နောက်ကိုလည်း လွှတ်လော့။ ဘဝ၏အလယ်ကိုလည်း လွှတ်လော့။ ဤသို့လွှတ်နိုင်သော် အလုံးစုံသော နေရာတို့၌ လွှတ်မြောက်သော စိတ်ရှိသည်ဖြစ်၍ နောက်တဖန် မွေးဖွားခြင်း အိုမင်းခြင်းတို့ တဖန်မရောက်လတံ့"

ဤဒေသနာတော်၏ အဆုံး၌ သတ္တဝါအပေါင်း ရှစ်သောင်းလေးထောင်တို့ တရားထူးကို သိကြကုန်၏။ အကျွတ်တရား ရကြကုန်၏။ ဥဂ္ဂသေနသူဌေးသားလည်း ဝါးလုံးထိပ်၌ရပ်လျက်သာလျှင် ပဋိသမ္ဘိဒါ ဉာဏ်လေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့

ရောက်၍ ဝါးလုံးမှ ဆင်းသက်ပြီးလျှင် မြတ်စွာဘုရား အထံတော်သို့လာ၍ ရဟန်းအဖြစ်ကို ခွင့်တောင်း၏။ မြတ်စွာဘုရားလည်း လက်ျာလက်ရုံးတော်ကို ဆန့်တန်း၍ 'ဧဟိဘိက္ခု'ခေါ်တော်မူ၏။ သူဌေးသားသည် ထိုခဏ၌ပင် လူ၏အသွင်သဏ္ဌာန်ကွယ်ပျောက်၍ ပရိက္ခရာ ရှစ်ပါးနှင့်တကွ ဝါခြောက်ဆယ်ရပြီးသော မထေရ်ကြီးကဲ့သို့ ရဟန်းအဖြစ်သို့ ရောက်လေ၏။

ဥဂ္ဂသေနမထေရ်အဖြစ်သို့ ရောက်ပြီးသောအခါ ရဟန်းတို့သည် ဥဂ္ဂသေနမထေရ်ကို ဤသို့ မေးမြန်းကြကုန်၏။

"ငါ့ရှင် ဥဂ္ဂသေန။ အတောင်ခြောက်ဆယ်မြင့်သော ဝါးလုံးစွန်း၏ အထက်မှ ဂွမ်းပြစ်၍ ပြန်ကျသောအခါ သင်အားကြောက်ရွံ့ခြင်း မဖြစ်သလော"

"ငါ့ရှင်တို့။ အကျွန်ုပ်သည် ကြောက်ရွံ့ခြင်း မရှိတော့ပါ"

ထိုစကားကိုကြားလျှင် ရဟန်းတို့သည် ဥဂ္ဂသေနမထေရ်ကား ကြောက်ရွံ့ခြင်း မကင်းဘဲလျက် ကြောက်ရွံ့ခြင်းမရှိဟုဆိုဘိသည်။ ကြောက်ရွံ့ခြင်းကင်းသူကားရဟန္တာအရှင်သာ ဖြစ်သည်ဟုဆို၍ မြတ်စွာဘုရားအထံတော်သို့ သွားကြပြီးလျှင် ထိုအကြောင်းကို လျှောက်ထားကြကုန်၏။ ထိုရဟန်းတို့ကား ဥဂ္ဂသေန သူဌေးသားသည် ဝါးလုံးထိပ်၌ ရပ်လျက်ပင် အာသဝေါ ကုန်ခမ်း၍ ရဟန္တာဖြစ်သည်ကို မသိကြကုန်။

"အရှင်ဘုရား။ ဥဂ္ဂသေနသည် မကြောက်ဟုဆိုသည်။မဟုတ်မမှန်ပြောဆို၍ အရဟတ္တဖိုလ်တရားကို ပြောကြားရာ ရောက်ပါသည်"

"ရဟန်းတို့။ ဥဂ္ဂသေနလို ပုဂ္ဂိုလ်တို့သည် သံယောဇဉ် ပြတ်စဲပြီးဖြစ်၍ မကြောက်ကြတော့ကုန်။ ဤသို့ သံယောဇဉ်အားလုံး ပြတ်ဘင်း၍ တွယ်တာခြင်းမရှိသောသူကို ရဟန္တာဟုငါဘုရား ဟောကြားတော်မူ၏"

ဤတရားဒေသနာတော် အဆုံး၌လည်း များစွာသော သူတို့သည် တရားထူးကို သိမြင်ကြပြန်သတည်း။

ထိုနောက် ရဟန်းတို့သည် ဤဥဂ္ဂသေနကား အရဟတ္တဖိုလ်ကို ရလောက်သော ပါရမီကံထူးရှိလျက် သဘင်ပညာ၏သမီးကို အမှီပြု၍သဘင်သည်တို့နှင့်အတူလှည့်လည်ရခြင်း အကြောင်းကား အသို့နည်း ဟု တရားသဘင်၌ စုဝေး ပြောဆိုကြကုန်၏။ ထိုအခါ မြတ်စွာဘုရားကြွလာတော်မူ၍ 'အဘယ်စကားကိုပြောဆိုနေကြသနည်း'ဟု မေးတော်မူရာ ဤမည်သော အကြောင်းကို ပြောဆိုနေကြပါသည်'ဟု လျှောက်ထားကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် 'ဤအကြောင်း နှစ်မျိုးစုံကိုပင် ဥဂ္ဂသေနသည် သူကိုယ်တိုင်သာ ပြုခဲ့သည်' ဟုမိန့်တော်မူ၍ အတိတ်ကိုဆောင်တော်မူ၏။

## ဥဂ္ဂသေနသူဌေးသားနှင့်ပညာသည်သတိုးသမီးကို အတိတ်ဝတ္ထု

ရှေးအခါ ကဿပဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူပြီးနောက် ဘုရားရှင်၏ ရွှေစေတီကြီးကိုတည်ဆောက်ကြကုန်၏။ ဗာရာဏသီ မြို့သူမြို့သား အမျိုးကောင်းသားတို့သည်။ များလှသော

ခဲဘွယ် ဘောဇဉ်ကို ယာဉ်တို့၌တင်၍ လုပ်အားပေးကြမည် ဟု စေတီတည်ရာအရပ်သို့သွားကြစဉ် လမ်းခရီးအကြား၌ ဆွမ်းခံကြွလာသော ရဟန်းတပါးကိုတွေ့မြင်ကြကုန်၏။ ထိုအခါအမျိုးသမီးတယောက်သည် မထေရ်ကိုမြင်၍ လင်ဖြစ်သူအား ဤသို့ဆို၏။

"အရှင်။ အရှင်သည် ဆွမ်းခံဝင်တော်မူလာပါသည်။ ကျွန်ုပ်တို့လည်း ယာဉ်ပေါ်၌ ခဲဘွယ် ဘောဇဉ်များပင် ရှိပါသည်။ အရှင်တို့သပိတ်ကိုယူချေပါလော့၊ ဆွမ်းလောင်းကြပါစို့"

ထိုအခါ လင်ယောကျ်ားဖြစ်သူသည် ရဟန်းအရှင်၏ သပိတ်ကိုဆောင်ယူခဲ့၍ ခဲဘွယ်ဘောဇဉ်တို့ဖြင့် ပြည့်အောင်လောင်းထည့်ပြီးမှ မထေရ်၏လက်၌ ပြန်ကပ်၍ လင်မယားနှစ်ယောက်တို့သည် ဤသို့ဆုတောင်းကြကုန်၏။

"အရှင်ဘုရား။ အရှင်ဘုရားတို့ သိမြင်အပ်သောတရားကို သိမြင်ကြရပါလိုကုန်၏။

ထိုမထေရ်ကား အာသဝေါကုန်ခမ်းသည့် ရဟန္တာအရှင်တည်း။ ထို့ကြောင့် အနာဂတ်ကိုကြည့်တော်မူသော် ထိုဇနီးမောင်နှံတို့၏ ဆုတောင်းပြည့်လတံ့သည်ကို မြင်တော်မူ၍ ပြုံးတော်မူ၏။ ထိုအချင်းအရာကိုမြင်၍ မယားဖြစ်သူသည် လင်ကို ဤသို့ဆို၏။

"အကျွန်ုပ်တို့၏ အရှင်သည် ပြုံးတော်မူပါသည်။ သဘင်သည်တယောက် ဖြစ်ပါလိမ့်မည်"

"အို ရှင်မ။ ဟုတ်ပါလိမ့်မည်။"

ဤကား ထိုသူ၏ ရှေးအတိတ်ကံတည်း။ ထိုသူတို့သည်ကအတိုင်းနေ၍ စုတေသောအခါ နတ်ပြည်၌ဖြစ်ကြကုန်၏။ နတ်

ပြည်မှ စုတေသောအခါ၌ကား မယားဖြစ်သူသည် သဘင်သည် အိမ်၌ဖြစ်၏။ လင်ဖြစ်သူကား ရာဇဂြိုဟ်ပြည်တွင် သူဌေးအိမ်၌ ဖြစ်၏။ သူဌေးသားသည် 'ဟုတ်မှာပေါ့' ဟုဆိုစွဲမိခြင်းကြောင့် သဘင်သည်တို့နှင့် လှည့်လည်ရ၏။ ရဟန္တာအရှင်အား ဆွမ်းလောင်းခဲ့ရ၍ ရဟန္တာအဖြစ်သို့ရောက်၏။

ဥဂ္ဂသေန သူဌေးသား ရဟန်းပြုသွားသောအခါ မယားဖြစ်သူ သဘင်သည်မသည်လည်း ရှေးဆုတောင်းရှိခဲ့သူပင် ဖြစ်သောကြောင့် 'ငါ့လင်သွားရာလမ်းသို့သာ ငါလည်းလိုက်တော့မည်' ဟု ဆုံးဖြတ်၍ ဘိက္ခုနီပြုလုပ်၏။ ထို့နောက် အာသဝေါကုန်ခမ်း၍ ရဟန္တာမိန်းမအဖြစ်သို့ရောက်လေသတည်း။

ဇနီးမောင်နှံစုံပင် ထက်မြက်သူများ ပေတကား။

# ၅

# ဇွဲကောင်းခြင်း

ဘတ္တဘတိကသုတ္တေး၊ ဓမ္မပဒ၊ ၃၊ ၅၅

စိတ်ဓါတ်ထက်မြက်စူးရှသော်လည်းဇွဲမရှိလျှင်အပြီးသို့မရောက်နိုင် ကြီးကျယ်သော အရာမှန်သမျှဇွဲရှိမှအပြီးသို့ ရောက်နိုင်၏။ ဇွဲကား မဆုတ်နစ်သော လုံ့လပင်ဖြစ်၏။ မလျှော့သောလုံ့လပင်ဖြစ်၏။ လူတို့သည် အများအားဖြင့် အကျိုးရှိမည့် အရာများကို သိမြင်ကြ၏။ အကျိုးကိုလည်း နှစ်သက်ကြ၏။ အမြဲတမ်း တောင့်တကြ၏။ သို့ရာတွင် ဇွဲမရှိသဖြင့် အကျိုးရှိမည့်အရာမှန်း သိလျက် မလုပ်နိုင်ကြကုန်။ လုပ်ကိုင်ပါသော်လည်း မပြီးမြောက်ကြကုန်။ ကောင်းကျိုးချမ်းသာကို သိမြင်သလောက် မခံစားရကုန်။ ဇွဲရှိသောသူ အနည်းငယ် တို့သည်သာလျှင် ဥာဏ်မြင်သလောက် အလုပ်လုပ်၍ လုပ်သမျှလည်း ပြီးစီး အောင်မြင် ကြကုန်၏။ ကောင်းကျိုးချမ်းသာကို ခံစားကြရကုန်၏။ ဇွဲကား အောင်မြင်ကြောင်း တပါးပင် ဖြစ်၏။

ဇွဲရှိရန်အတွက် ဆန္ဒ ကြီးမားဘို့ လို၏။ ဆန္ဒ ကြီးမားရန် အတွက် ဥာဏ်အမြင်ပြတ်သားဘို့ လိုအပ်၏။ ဥာဏ်အမြင်ပြတ် သားရန်အတွက် အကြားအမြင်များဘို့ လို၏။ အကြားအမြင်

များရန်အတွက် သင်ကြား မှတ်သားဘို့ လို၏။ သင်ကြားမှတ်သားနိုင်မှသာ အတတ်ပညာ အသိပညာနှင့် ပြည့်စုံမည်။ အကြားအမြင်များမည်။ အကြားအမြင်များမှလည်း ဥာဏ်အမြင် ပြတ်သားမည်။ ဥာဏ်အမြင် ပြတ်သားမှလည်း ဆန္ဒဓာတ် ကြီးမားမည်။ ဆန္ဒဓာတ် ကြီးမားမှလည်း ဇွဲကောင်းကောင်းနှင့် လုပ်နိုင်မည်။

ဗုဒ္ဓမြတ်စွာ၏လက်ထက်တော်၌ သုခသာမဏေအမည်ရှိသော သာမဏေကျော်တပါးရှိ၏။ ထိုသာမဏေကျော်ကား ဇွဲကောင်းကောင်းနှင့် ကြိုးစားခဲ့ခြင်းကြောင့် သူဌေးဘဝကို ရခဲ့ဘူး၏။ လူ့သမိုင်းတွင် မှတ်တမ်းတင်ခံခဲ့ရသော ပုဂ္ဂိုလ်တဦး ဖြစ်ခဲ့ဘူး၏။ ထိုသုခသာမဏေ အလောင်းကား အစေခံ အလုပ်သမားဘဝမှ သေဌေးဖြစ်ခဲ့ရရုံသာမက ဗုဒ္ဓမြတ်စွာ၏လက်ထက်တော်၌လည်း ဇွဲကောင်းကောင်းနှင့် အားထုတ်သဖြင့် တနံနက်ခင်း၌ပင် ရဟန္တာအဖြစ်သို့ ရောက်ခဲ့၏။

ထိုဘတ္တဘတိက အလုပ်သမားသူဌေးကား ဗုဒ္ဓ၏ တပည့်သာဝကသူရဲကောင်း တယောက်ပင်ဖြစ်၏။ သူ့အကြောင်းကို စေ့စုံစွာ လေ့လာကြဦးစို့။

ရှေးအခါ ဗာရာဏသီ သူဌေးအား ဂန္ဓကုမာရ အမည်ရှိသော သားတယောက် ရှိ၏။ အဖ သူဌေး ကွယ်လွန်သောအခါ ပြည့်ရှင်မင်းကြီးသည် ဂန္ဓကုမာရ သူဌေးသားကို ခေါ်တော်မူ၍ မပူမဆွေးရန် အားပေးပြီး လျှင် ကြီး စွာ သောသူကောင်းပြုခြင်းဖြင့် သူကောင်းပြု၍ သူဌေးအရာကို ပေးတော်မူ၏။ ထိုအခါမှစ၍ ဂန္ဓကုမာရသည် ဂန္ဓသူဌေးဟု အမည်တွင်၏။

ထိုအခါ ဘဏ္ဍာစိုးသည် ဘဏ်တိုက်ကို ဖွင့်ပြ၍ ဤသို့ဆို၏။
"အရှင်။ ဤဥစ္စာကား အရှင့်ဖခင်၏ ဥစ္စာတည်း။ ဤဥစ္စာ စုကား အရှင့်အဖိုး အဖေ စသည်တို့၏ ဥစ္စာတည်း"

ဂန္ဓသူဌေးလည်း ထိုမျှ များပြားသော ဥစ္စာစုကို ကြည့်၍ ဤသို့ မေး၏။

"အသို့နည်း။ထိုအဖအဖိုးတို့သည် ဤဥစ္စာကို အဘယ်ကြောင့် ယူမသွားကြကုန်သနည်း"

"အရှင်။ ဥစ္စာပစ္စည်းကို ယူ၍ သေရွာသို့ သွားသူမည်သည် မရှိပါ။ မိမိပြုအပ်သော ကောင်းကံ မကောင်းကံကိုသာ ယူ၍ သွားကြရပါသည်"

ထိုစကားကိုကြားလျှင် ဂန္ဓသူဌေးသည် ထိုမိဖိုးဖွားတို့သည် မသိမိုက်မဲခြင်းကြောင့် ဥစ္စာကိုစုဆောင်းပြီးမှ စွန့်ပစ်၍သွားကြရသည်။ ငါတမူကား ဥစ္စာစုကို သေရွာသို့ ယူ၍သာသွားအံ့ဟု ကြံ၏။ ကြံသော်လည်း အလှူဒါနကို ပြုမည်။ ပူဇော်ခြင်းကို ပြုမည်ဟုကား မကြံ။ ဤဥစ္စာစုကို အကုန်အစင် စားသုံး၍သာ သွားအံ့ဟု ကြံစည်၏။

ထို့နောက် ဂန္ဓသူဌေးသည် အသပြာ တသိန်း အကုန်ခံ၍ ဖလ်ရေချိုးဆောင်ကို ပြုစေ၏။ အသပြာ တသိန်းပေး၍ ဖလ် ရေချိုးအိမ်ကိုပြုစေ၏။ အသပြာတသိန်းပေး၍ ထိုင်စရာပလ္လင်ကို ပြုစေ၏။ အသပြာတသိန်းပေး၍ တမင်းစားရွှေခွက်ကို ပြုစေ၏။ အသပြာ တသိန်းပေး၍ ထမင်းစား မဏ္ဍပ်ကို ဆောက်စေ၏။ အသပြာ တသိန်း ပေး၍ အောက်ခံ ရွှေခွက်တင်ကို ပြုစေ၏။ အသပြာတသိန်းပေး၍ အိမ်ဦးခြသေ့ံခံတံခါးပေါက်ကို ပြုစေ၏။

မိမိနေ့စဉ် ထမင်းစားရန်အတွက် အသပြာတထောင် ပေး၍ ချက်စေ၏။ ညနေစာ အသပြာ တထောင်ပေး၍ ချက်စေ၏။ လပြည့်နေ့၌ ထမင်းအတွက်အသပြာတသိန်းပေး၏။ ထိုတသိန် တန်ထမင်းကို စားမည့်နေ့၌ အသပြာတသိန်း အကုန်ခံ၍ မြို့ကို တန်းဆာဆင်ပြီးလျှင် 'ဂန္ဓသူဌေး၏ ထမင်းပုံကို ကြည့်လှည့် ကြကုန်'ဟု စည်လည်စေ၏။ (ကြော်ငြာ)၏။

ထိုနေ့၌ပင် လူထုကြီးသည် စုဝေးလျက် ရှိ၏။ ဂန္ဓသူဌေး လည်း တသိန်းတန်သောရေချိုးအိမ်၌ တသိန်းတန်သောရေချိုး ခုံတွင်ထိုင်၍ နံ့သာရေအိုး တဆယ့်ခြောက်လုံးတို့ဖြင့် ရေချိုးပြီး တသိန်းတန်သော ခြသေ့ခံတံခါးကို ဖွင့်၍ တသိန်းတန်သော ပလ္လင်၌ထိုင်၏။ ထိုအခါ တသိန်းတန်ရွှေခွက်တင်၌ တသိန်းတန် သော ရွှေခွက်ကို တင်၍ တသိန်းတန်သော ထမင်းကို ခူးထည့် ကြကုန်၏။ ဂန္ဓသူဌေးသည် ကချေသည်များ ခြံရံလျက် ဤသို့ သော စည်းစိမ်ချမ်းသာဖြင့် ထိုထမင်းကိုစား၏။

တနေ့သောအခါ ရွာသား တယောက်သည် မိမိ စားနပ် ရိက္ခာကို ဝယ်ယူရန် အတွက် ဟင်းသီး ဟင်းရွက်တို့ကို လှည်း ယာဉ်၌တင်၍ ဗာရာဏသီမြို့သွား၍ သူငယ်ချင်းတယောက်အိမ်၌ တည်းခို၏။ ထိုနေ့ကား လပြည့်နေ့ဖြစ်၏။ ဂန္ဓသူဌေး၏ ထမင်း စားပွဲ၌ အသရေကို ကြည့်လှည့်ကြကုန်ဟု မြို့၌ စည်လည်၏။ ထိုအခါမြို့သားသည် ရွာသားဧည့်သည်အား ဤသို့ မေး၏။

"အဆွေ ဂန္ဓသူဌေး၏ ထမင်းစားပွဲ အသရေကို မြင်ဘူး၏ လော"

"မမြင်ဘူးသေးပါ"

"သို့ဖြစ်လျှင် လာလော့။ သွားကြကုန်အံ့။ မြို့၌ ယခုစည်လည်နေသည်။ ဤဂန္ဓသူဌေး၏ စည်းစိမ်ကို ကြည့်ကြကုန်အံ့"

ထိုနောက် မြို့သားသည် ရွာသားဒွေ့သည်ကိုခေါ်၍ ထမင်းစားပွဲသို့ သွား၏။ လူထုကြီးသည်လည်း သူ့ထက်ငါ မြင့်သောညောင်စောင်းတို့၌ ထိုင်၍ ကြည့်လျက်ရှိ၏။ ထမင်းနံ့မွှေးသောအခါ ရွာသားဒွေ့သယ်သည် မြို့သားကို ဤသို့ဆို၏။

"အဆွေ ဤရွှေခွက်ထည်းက ထမင်းကို အကျွန်ုပ် အလွန်စားချင်ပါသည်"

"အဆွေ မတောင့်တပါလင့်၊ ရလည်း ရနိုင်မည်မဟုတ်ပါ"

"မစားရလျှင် အကျွန်ုပ် အသက်ရှင်နိုင်တော့မည် မဟုတ်ပြီ"

ထိုအခါ မြို့သားသည် သူငယ်ချင်း ဖြစ်သူအား တားမြစ်၍မရနိုင်တော့သဖြင့် ပရိသတ်အစွန်၌နေလျက်ပင် 'အရှင်၊ အရှင့်အား ဦးညွတ်ပါသည်'ဟူ၍ သုံးကြိမ်တိုင်တိုင် ကျယ်လောင်စွာဟစ်၍ ဆို၏။

"ဤသူကား အဘယ်သူနည်း"

"အရှင် အကျွန်ုပ် ဖြစ်ပါသည်"

"အကြောင်းကား အသို့နည်း"

"ဤရွာသားဒွေ့သယ်တယောက်သည် အရှင်တို့၏ ရွှေခွက်၌ရှိသောထမင်းကို အလွန် စားချင်လှပါသည်။ ထမင်း တခဲကို ပေးပါကုန်လော့"

"ထမင်းတခဲကို မရနိုင်"

ထိုစကားကို ကြားလျှင် ရွာသား ဒွေ့သည်အား ဤသို့ဆိုပြန်၏။

"အဆွေ ကြား၏လော့"

"ကြားပါသည်။ ကြားသော်လည်း ထမင်းကို ရမှသာ အသက်ရှင်ပါလိမ့်မည်။ မရလျှင် အကျွန်ုပ် သေရပါလိမ့်မည်"

ထိုအခါ မြို့သားသည် ဂန္ဓသူဌေးအား ဤသို့ အော်၍ပြော ပြန်၏။

"အရှင်။ ဤသူသည် ထမင်းကို မရလျှင် မုချသေရပါလိမ့် မည်။ ဤသူအားအသက်ကို ပေးပါကုန်လော့"

"အို အချင်း။ ထမင်းတခဲကား အသပြာတရာလည်းတန်၏။ အသပြာ နှစ်ရာလည်း တန်၏။ တောင်းသူတိုင်းအား ပေးရချေ သော် အကျွန်ုပ် အဘယ်မှာ စားရအံ့နည်း"

"အရှင်။ ဤသူကား မရလျှင် သေပါလိမ့်မည်။ အသက်ကို ပေးပါကုန်လော့"

"အလကား သက်သက်ကား မပေးနိုင်ပါ။ အကယ်၍ မရ လျှင် သေရမည်မှန်သော် အကျွန်ုပ်အိမ်၌ သုံးနှစ်အခစားအစေခံ လုပ်ပါစေ။ လုပ်နိုင်လျှင် သုံးနှစ်စေ့သော အခါ ဤထမင်း ခွက်ကို ပေးစေပါအံ့"

ထိုစကားကိုကြားလျှင် ရွာသားသည်လည်း စိတ်ဆန္ဒ ပြင်းပြလှသည်ဖြစ်၍ အဆွေ 'ဤသူဌေးစကားအတိုင်းပင် ရှိပါ စေတော့' ဟု ဆိုပြီးလျှင် သားမယားကို စွန့်ပစ်၍ ထမင်းတခွက် အတွက် သုံးနှစ်ကျွန်ခံမည်ဟု ဆုံးဖြတ်ကာ သူဌေးအိမ်သို့ ဝင် လေ၏။ ထိုရွာသားသည် အစေခံကျွန် အဖြစ်ဖြင့် အလုပ် လုပ် သောအခါ လုပ်စရာရှိသမျှအလုံးစုံကို ရှိသေစွာ ကောင်းကောင်း မွန်မွန် ပြုလုပ်၏။ အိမ်၌ရင်း၊ တော၌ရင်း၊ နေ့၌ရင်း၊ ည၌ရင်း လုပ်စရာရှိသမျှ အလုပ်ကိစ္စတို့သည် လုပ်ကိုင်ပြီးဖြစ်၍သာ ရှိကုန် ၏။ ပြီးစီးနေသည်ကိုသာ မြင်ကြရကုန်၏။ ထမင်းတခွက်အတွက်

ကျွန်ခံသော ဘဏ္ဍာဘတိကဟုဆိုလျှင် တမြို့လုံးက သိကြကုန်၏။ သုံးနှစ်တိုင်တိုင် ဇွဲကောင်းကောင်းနှင့် ကျွန်အလုပ်ကို မဆုတ်မနစ်ပြုလုပ်၍ သုံးနှစ်စေ့သော အခါ ဘဏ္ဍာဘတိက မည်သော ထမင်းကျွန်သည် ဂန္ဓသူဌေးအား ဤသို့ ဆို၏။

"အရှင်။ ထမင်းတခွက်အတွက် ကျွန်ခံခဲ့သော နေ့ရက်သည် ပြည့်ခဲ့ပါပြီ။ ထမင်းကျွန်ဖြစ်သောအကျွန်ုပ်သည် သုံးနှစ်တိုင်တိုင် ခဲယဉ်းသော အမှုကို ပြုခဲ့ပြီးပါပြီ။ အရှင် အမှုကိစ္စကို တခုမျှ မပျက်မကွက်စေခဲ့ဘူးပါ"

ထိုအခါ ဂန္ဓသူဌေးသည် မိမိအတွက် ညနံနက်စာ အသပြာ နှစ်ထောင် ဘဏ္ဍာဘတိက အတွက် ညနေစာ အသပြာတထောင် အားဖြင့် အသပြာသုံးထောင်ကို ပေးစေ၍ အခြွေအရံတို့ကို ဤသို့ မိန့်မှာ၏။

"ယနေ့ ငါ့အားပြုရမည့် ပြုဖွယ်မှန်သမျှကို ထိုဘဏ္ဍာဘတိက အားသာလျှင် ပြုလုပ်ကြကုန်"

ထိုနောက် ချစ်လှစွာသော စိန္တာမဏိအမည်ရှိသော သူဌေးကတော်ကို ချန်ထား၍ ကြွင်းသော အိမ်သားတို့ အားလည်း 'ယနေ့ ဤဘဏ္ဍာဘတိကကိုသာခြံရံကြကုန်'ဟုဆို၍ အလုံးစုံသော စည်းစိမ်ကို အပ်နှင်း၏။

ဘဏ္ဍာဘတိကသည် သူဌေး၏ချိုးရေဖြင့် တသိန်းတန်သော ရေချိုးအိမ်၌ တသိန်းတန်သော ရေချိုးခုံတွင်ထိုင်လျက် ရေချိုး ပြီးနောက် သူဌေး၏အဝတ်တို့ကိုသာလျှင် ဝတ်ဆင်၍ တသိန်း တန်သော ပလ္လင်၌ထိုင်၏။ သူဌေးလည်း "ဘဏ္ဍာဘတိကသည် ဂန္ဓသူဌေး၏အိမ်၌ သုံးနှစ်တိုင်တိုင် ကျွန်ခံ၍ထမင်းပွဲကိုရရှိသည်။

ဘတ္တဘတိက၏ ထမင်းစားပွဲ အသရေကို ကြည့်လှည့်ကြကုန်”
ဟု စည်လည်၍ကျေငြာစေ၏။

လူထုကြီးသည် ညောင်မစောင်းတို့ကို သူ့တက်ငါ မြင့်အောင်
ဆင့်၍ကြည့်ရှု၏။ ရွာသားသည့်သည်၏ ကြည့်လိုက်ရာအရပ်သည်
တုန်လှုပ်ဖွယ် အချေအနေသို့ရောက်၏။ ကချေသည်တို့ကလည်း
ခြံရံ လျက်ရှိကြကုန်၏။ ဘတ္တဘတိက၏ရှေ့၌ တသိန်းတန်သော
ရွှေခွက်တွင် ထမင်းကိုခူးထည့်၍ ထားကြကုန်၏။

ထိုအခါ ဘတ္တဘတိက ထမင်းစားရန် လက်ဆေးလိုက်သော
အချိန်၌ ဂန္ဓမာဒနတောင်၌ သတင်းသုံးသော ပစ္စေကဗုဒ္ဓါ
တပါးသည် ခုနှစ်ရက်မြောက်နေ့ဖြစ်၍ သမာပတ်မှ ထတော်
မူပြီးလျှင် ‘ယနေ့အဘယ်၌ ဆွမ်းခံရအံ့နည်း’ဟု ဆင်ခြင်လေ
သော် ဘတ္တဘတိကကို မြင်တော်မူ၏။ ထိုနောက် ‘ဤဘတ္တဘတိ
ကိုမြင်တော်မူ၏။ ထိုနောက် ‘ဤဘတ္တဘတိကသည် သုံးနှစ်ကျွန်
ခံ၍ ထမင်းတပွဲကိုရ၏။ ဤဘတ္တဘတိကအား သဒ္ဓါတရားရှိသ
လော ဟုဆင်ခြင်ပြန်သော် ‘သဒ္ဓါတရားရှိသည်’ ဟုသိတော်မူ၏။
တဖန် ‘သဒ္ဓါတရားပင်ရှိသော်လည်း အချို့သော သူတို့သည်
ထောက်ပံ့လျှုဒါန်းမှုပြုရန် မတတ်နိုင်ကြကုန်။ ဤဘတ္တဘတိက
သည်ငါ့အား ထောက်ပံ့ လျှုဒါန်းမှုကိုပြုနိုင်အံ့လော’ဟု ကြံ
တော်မူပြန်၏။ထိုအခါ‘ဘတ္တဘတိကသည်ငါ့အားထောက်ပံ့လှူ
ဒါန်းမှုကိုလည်း ပြုနိုင်လတံ့ ထောက်ပံ့လျှုဒါန်းမှုကို အမှူ
ပြု၍ ကြီးစွာသောစည်းစိမ်ချမ်းသာကိုလည်းရလတံ့ ’ဟု သိတော်
မူ၍ သင်္ကန်းကိုယူပြီးလျှင် သပိတ်ကိုယူ၍ ကောင်းကင်သို့ ပျံ
တက်ကာ ပရိသတ်တို့အကြားမှ ကြွသွား၍ဘတ္တဘတိက၏ ရှေ့

မှုရပ်လျက် မိမိကိုယ်ကို ပြတော်မူ၏။ ဘတ္တဘတိကသည် ပစ္စေကဗုဒ္ဓါကိုမြင်လျှင် ဤသို့ကြံ၏။

"ငါသည်ရှေး၌ မလှူခဲ့ခြင်းကြောင့်ထမင်းတပွဲအတွက်သုံးနှစ်တိုင်တိုင် သူတပါးအိမ်၌ ကျွန်ခံခဲ့ရပြီယခုအခါ ဤထမင်းသည် ငါ့အား တညတနေ့မျှသာ အဆာ အလောင်ဆင်းရဲကိုစောင့်ရှောက်ပေရာ၏။ အကယ်၍ ဤထမင်းကို အရှင်မြတ်အား လှူလိုက်ငြားအံ့။ တပါးမကများလှသော ကမ္ဘာကုဋေ အတိတ်တို့ ကာလပါတ်လုံး။ ငါ့အား ဆင်းရဲဒုက္ခမှ စောင့်ပေလတံ့။ ဤထမင်းကို အရှင်မြတ်အားသာလျှင် လှူတော့အံ့"

ဘတ္တဘတိကသည် ဤသို့သန္နိဋ္ဌာန်ချလိုက်ပြီး နောက်သုံးနှစ်တိုင်တိုင် ကျွန်ခံမှုရသော ထမင်းခွက်မှ ထမင်းတလုပ်ကိုမျှ ခံတွင်းသို့ မသွင်းတော့ဘဲ။တပ်မက်သည့်တဏှာကိုပယ်ဖျောက်ပြီးလျှင် မိမိကိုယ်တိုင်သာလျှင် ရွှေခွက်ကိုချီမ၍ ပစ္စေကဗုဒ္ဓါအထံသို့ သွား၏။ အနီးသို့ ရောက်သောအခါ ရွှေခွက်ကို သူတပါးအား ခေတ္တမျှပေးအပ်၍ပစ္စေကဗုဒ္ဓါအရှင်မြတ်ကိုထည့်ခြင်းငါးပါးဖြင့် ရှိခိုးပြီးလျှင် ရွှေခွက်ကိုဘယ်ဘက်လက်ဖြင့် ကိုင်၍ညာဘက်လက်ဖြင့်ပစ္စေကဗုဒ္ဓါ၏သပိတ်၌ထမင်းကို ယက်ထည့်၏။ ပစ္စေကဗုဒ္ဓါအရှင်မြတ်လည်း ထမင်းတဝက်ခန့် ရောက်သောအခါ လက်ဖြင့် သပိတ်ကိုပိတ်၏။ ထိုအခါဘတ္တဘတိကသည်ဤသို့လျှောက်၏။

"အရှင်ဘုရား။ တယောက်အတွက်သာ ထည့်ထားသော ထမင်းဖြစ်ပါသည်။ နှစ်ယောက်စာခွဲဝေရန်မသင့်ပါ။ အကျွန်ုပ်ကို ဤလောကဖြင့် ချီးမြှောက်တော် မမူပါလင့်၊ ဘမလွန်လောကဖြင့် ချီးမြှောက်ခြင်းကိုသာ ပြုတော်မူပါလော့။ အကြွင်းမထားဘဲ အကုန်လုံးသာ လှူဒါန်းပါမည်"

ဤသို့ ဘတ္တာဘတိက လှူဒါန်းခြင်းသည် သင့်မြတ်လှပါပေ၏။ မိမိအတွက် အနည်းငယ်မျှ မချန်မူ၍ လှူအပ်သော အလှူသည်သာ အကြွင်းမဲ့ အလှူမည်၏။ ထိုအကြွင်းမဲ့ အလှူသည်လည်း အကျိုးကြီးလှ၏။

ဘတ္တာဘတိကလည်း ယင်းသို့ မိမိအတွက်မချန်ဘဲ အကြွင်းမဲ့ လှူဒါန်းပြီးလျှင် ဤသို့ဆုပန်၏။

"အရှင်ဘုရား။ ထမင်းတခွက်ကို အမှီပြု၍ သုံးနှစ်ပတ်လုံး သူ့အပါးအိမ်၌ ကျွန်ခံသမှုပြုလုပ်ရခြင်းဖြင့် အကျွန်ုပ်သည်ဆင်းရဲဒုက္ခကို ခံစားခဲ့ရပါသည်။ ယခုအချိန် အကျွန်ုပ်အား ဖြစ်လေရာအရပ်၌ ချမ်းသာသုခသာ ဖြစ်ရပါလို၏။ အရှင်ဘုရားတို့ မျက်မှောက်ပြုအပ်သော တရားကိုလည်း မျက်မှောက်ပြုနိုင်ရပါလို၏။

ထိုအခါ ပစ္စေကဗုဒ္ဓါအရှင်မြတ်သည်။ဤသို့အနုမောဒနာ ပြုတော်မူ၏။

"သင့်၏ အလိုရှိအပ် တောင့်တအပ်သော အလုံးစုံသော ဆုသည် ပြည့်စုံစေသတည်း။ အလုံးစုံသော အကြံအစည်တို့သည် လပြည့်ဝန်းကဲ့သို့ ပြည့်ဝကြကုန်သတည်း"

"သင်၏ အလိုရှိအပ် တောင့်တအပ်သော အရာသည်လျှင် မြန်စွာသာလျှင် ပြည့်စုံစေသတည်း။ အလုံးစုံသော အကြံအစည်တို့သည်၊ ဇောတိရသ မြရနာကဲ့သို့ ကောင်းစွာ ပြည့်ကြစေကုန်သတည်း"

ထိုနောက် ပစ္စေက အရှင်မြတ်သည်၊ "ဤလူထုကြီးသည် ဂန္ဓမာဒနတောင်သို့ ရောက်သည့်တိုင်အောင် ငါ့ကို မြင်စေသတည်း" ဟု အဓိဋ္ဌာန်တော်မူ၍ ကောင်းကင်ဖြင့် ဂန္ဓမာဒနတောင်သို့ ကြွတော်မူလေ၏။ လူအပေါင်းလည်း ပစ္စေကဗုဒ္ဓါ

အရှင်မြတ်ကို ဖူးမျှော်လျက်သာ နေကြကုန်၏။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်သည် ဂန္ဓမာ ဒနတောင်သို့ ကြွတော်မူ၍ ပစ္စေကဗုဒ္ဓါ ငါးရာတို့အား လှူတော်မူ၏။ ပစ္စေကဗုဒ္ဓါငါးရာတို့လည်းမိမိတို့အား လောက်ရုံမျှသာ ဆွမ်းကို ခံယူတော်မူကြကုန်၏၊ အားလုံးပင် ပြည့်ပြည့်ဝဝ ဘုဉ်းပေးကြရကုန်၏။တယောက်စာ ဆွမ်းဖြစ်လျက် အဘယ့်ကြောင့် ပစ္စေကဗုဒ္ဓါ ငါးရာတို့အား လောက်ငလေးသနည်းဟု မကြံသင့်ပြီ ဤအရာကား မကြံစည်နိုင်သော ပစ္စေကဗုဒ္ဓါ အရှင်မြတ်၏ တန်ခိုးတော်အရာပင် ဖြစ်သတည်း။

လူထုကြီးသည်ပစ္စေကဗုဒ္ဓါ ငါးရာတို့အား ဆွမ်းကိုဝေငှ၍ ပေးတော်မူသည်ကို မြင်ရလျှင် အလွန်အကျူး အထူးအံ့သြလျက် အထောင်အသောင်းမက "သာဓု။သာဓု၊သာဓု"ဟုတပြိုင်ထဲခေါ်လိုက်ကြကုန်၏။ ထိုသာဓုခေါ်သံသည် မိုးကြိုးတရာကျသော အသံကဲ့သို့ဖြစ်လေ၏။ ထိုအသံကိုကြားလျှင် ဂန္ဓသူဌေးသည် "ဘတ္တဘတိကကား ငါပေးသော စည်းစိမ်ကို မဆောင်နိုင်ယောင်တကား။ထို့ကြောင့်ပင် လူထုကြီးသည် ပြက်ရယ်ပြုလျက်စုဝေး၍ ကြွေးကြော်ကြလေယောင်တကား" ဟုအကြံဖြစ်၏။ ထို့ကြောင့် ဂန္ဓသူဌေးသည် ထိုအကြောင်းကို အမှန်အတိုင်း သိနိုင်ရန်အခြွေအရံတို့ကို စေလွှတ်၏။ ထိုသူတို့ပြန်လာသောအခါ ဤသို့ပြောကြားကုန်၏။

"အရှင်။ စည်းစိမ်ကို ဆောင်နိုင်သူမည်သည်ကား ဤဘတ္တဘတိကလို ဖြစ်သင့်ကြပါသည်"

ထိုနောက် ဘတ္တဘတိက ဆွမ်းလှူပုံကို ကြားသိရ သည့်အတိုင်း သူဌေးအား ပြောကြားကုန်၏။ ထို စကား ကို ကြားလျှင် ဂန္ဓသူဌေး၏ တကိုယ်လုံး၌ ပီတိ ငါးပါးပြန့်နှံ့ ဖြစ်ပွား

လျက် ‘ဤဘတ္တဘတိကသည် ခဲယဉ်းသောအမှုကိုပြုနိုင်ပါပေစွ ဘကား။ ငါသည် ဤမျှလောက်သော ကာလပါတ်လုံး ဤသို့သော စည်းစိမ်ချမ်းသာ၌တည်လျက်ပင် ဘစုံတရာကိုမျှလှူဒါန်းရန်မတတ်နိုင်ခဲ့ပါတကား’ဟု စဉ်းစားဆင်ခြင်၍ဘတ္တဘတိကကို ခေါ်စေပြီးလျှင် ဤသို့မေး၏။

“သင်သည် ဤမည်သော ဒါနအမှုကို ပြု၏ဟူသည် မှန်ပေသလော”

“အရှင်။ မှန်ပါသည်”

“ယခု အသပြာတထောင်ကိုယူ၍ သင့်အလှူ၌အတို့ဘာဂကို ငါ့အား အမျှဝေပါလော့”

ဘတ္တဘတိကလည်း သူဌေးဆိုတိုင်းပင်အမျှဝေ၏။ ဂန္ဒသူဌေးလည်း မိမိ ဉစ္စာပစ္စည်း အလုံးစုံကို ထက်ဝက်ခွဲ၍ ဘတ္တဘတိကအား ပေးလေ၏။

အမှန်အားဖြင့် ဘတ္တဘတိကသည် ဆွမ်း အလှူ ဒါန၏ အကျိုးကို ဒိဋ္ဌဓမ္မခံစားရခြင်းပင်ဖြစ်၏။ ဘတ္တဘတိက၏ ဆွမ်းအလှူသည် အင်္ဂါလေးပါးနှင့်ညီညွတ်သဖြင့် လက်ငင်းဒိဋ္ဌဓမ္မ အကျိုးပေးခြင်းဖြစ်၏။ ဤသို့ အကျိုးပေးနိုင်သည့် အင်္ဂါလေးပါးတို့ကား-

(၁) ဝတ္ထုသမ္ပဒါ အလှူခံပုဂ္ဂိုလ်သည် နိရောဓသမာပတ်ကိုဝင်စားနိုင်သော အနာဂါမ် ရဟန္တာဖြစ်ခြင်း။

(၂) ပစ္စယသမ္ပဒါ အလှူပစ္စည်းသည် တရားသဖြင့်ရသော ပစ္စည်းဖြစ်ခြင်း။

(၃) စေတနာသမ္ပဒါ စေတနာသုံးတန်တို့သည် ရွှင်လန်းဝမ်းမြောက်ခြင်းနှင့်တကွ ဉာဏ်ပညာနှင့် ယှဉ်ခြင်း။

(၅) ဂုဏာတိရေကသမ္ပဒါ အလှူခံပုဂ္ဂိုလ်သည် သမာပတ်မှထစဖြစ်ခြင်း။

ဤလေးပါးတို့ဖြစ်ကြ၏။ယခုလည်း ဘတ္တာဘတိက၏အလှူခံပုဂ္ဂိုလ်သည် ကိလေသာကုန်ခမ်းသည့် ရဟန္တာ အပါ အဝင်မြတ်လှသော ပစ္စေကဗုဒ္ဓါအရှင်မြတ်ဖြစ်၏။ သူ၏ ဆွမ်း ပစ္စည်းသည်လည်း သုံးနှစ်တိုင်တိုင်ကျွန်ခံ၍ တရားသဖြင့်ရသောပစ္စည်းဖြစ်၏။ မလှူမီကာလ လှူဒါန်းဆဲကာလ လှူဒါန်းပြီးကာလတို့၌ ဖြစ်ပွားသောသူ၏ စေတနာ သည် လည်း အလွန်တရာစင်ကြယ်၏။ ပစ္စေကဗုဒ္ဓါအရှင်မြတ်သည်လည်း နိရောဓသမာပတ်မှ ထခါစ အချိန်ဖြစ်၏။ ဤသို့ အင်္ဂါလေးပါးညီညွတ်လျှင် ဤအင်္ဂါလေးပါး၏အစွမ်းဖြင့် မျက်မှောက်ဘဝ၌ပင် ကြီးကျယ်သော စည်းစိမ်ချမ်းသာကိုရရှိကြကုန်၏။ထို့ကြောင့် ဘတ္တာဘတိကလည်း ဂန္ဓသူဌေးထံမှ ကြီးကျယ်သော စည်းစိမ်ချမ်းသာကို ရရှိခြင်းဖြစ်၏။

ဤအရာ၌ နိရောဓသမာပတ်ဆိုသည်ကား စိတ် စေတသိက် စိတ္တဇရုပ်တို့ ချုပ်စဲခြင်းသို့ရောက်သော သမာပတ်မျိုး ဖြစ်၏။ ဤသမာပတ်ကို အနာဂါမ်နှင့် ရဟန္တာပုဂ္ဂိုလ်တို့သာဝင်စားနိုင်ကြကုန်၏။ ပုထုဇဉ်ကိုမဆိုထားဘိ သောတာပန်၊ သကဒါဂါမ် အရိယာပုဂ္ဂိုလ်တို့ပင် မဝင်စား နိုင်ကြကုန်၏။ ဝင်စားသောအခါ၌လည်း လူသာဖြစ်သော အနာဂါမ် ရဟန္တာ တို့ သည် ခုနစ်ရက်မျှသာ အ လွန် ဆုံး အား ဖြင့် ဝင်စား နိုင်ကြကုန်၏။ အကြောင်းမူကား နိရောဓသမာပတ်ဝင်စားသောပုဂ္ဂိုလ်သည် မဝင်စားမီက အဓိဋ္ဌာန်ပြုထားသည့်အတိုင်း ခုနစ်ရက်ပတ်လုံး မတုန်မလှုပ် ကျောက်ရုပ်ပမာ တည်ရှိကြကုန်၏။ ဤသမာပတ်

အတွင်း၌ စားခြင်း၊ သောက်ခြင်းကိုမဆိုထားဘိ။ အသက်ရှူခြင်းကိုစွပင် မရှိတော့ပြီ။ တစုံတခုသော အသိစိတ်မရှိကြပြီ။ ထမင်းအာဟာရ၏ အစွမ်းသည်လည်း အလွန်ဆုံး ခုနစ်ရက်သာ အသက်ကိုစောင့်ရှောက်နိုင်၏။ ထို့ကြောင့် ခုနစ်ရက်ပြည့်လျှင် သမာပတ်မှထမည်ဟု မဝင်စားမီကပင် အဓိဋ္ဌာန် ပြုကြရ၏။ ပြုသည့်အတိုင်း ခုနစ်ရက်စေ့လျှင် စိတ် စေတသိက်တို့ပြန်၍ဖြစ်ပေါ်လာကြ၏။ စိတ္တဇရုပ်လည်း ဖြစ်ပွါး လာ ပြန်၏။ ဤသို့ သမာပတ်မှ ထစအချိန်၌ ရုပ်နာမ် ခန္ဓာတို့သည်အလွန် စင်ကျယ်စွာဖြစ်ကုန်၏။အစာ အာဟာရကိုမှီဝဲရန်လည်း မလွဲမရှောင်သာ လိုအပ်လျက်ရှိ၏။ဤသည့်နေ့၌ အစာအာဟာရကို မမှီဝဲရသော် ပရိနိဗ္ဗာန်ပြုရတော့သည်သာဖြစ်၏။ ထိုနေ့၌ လှူရသော အစာ အာဟာရကား ထိုအရှင်မြတ်အဖို့ အသက်ဆက်ခြင်းပင် ဖြစ်၍ အလွန်အရေးကြီး၏။ ထို့ကြောင့်ပင် ထိုနေ့၌ ထိုအချိန်မျိုးမှာ လှူရသော အလှူသည် အခြား အင်္ဂါနှစ်ပါးနှင့်သာပြည့်စုံခဲ့ပါမူ ဒိဋ္ဌဓမ္မ အကျိုးပေးနိုင်ခြင်းကြောင့်ပင် နိရောဓသမာပတ်မှ ထသော အရှင်တို့လည်း ထိုနေ့၌ ဆွမ်းအလှူခံမည်ရှိသောအခါ ဆင်းရဲသားတို့ကိုသာ ရွေးချယ်၍ အလှူခံမြဲဖြစ်၏။ အလှူခံလိုက်၍ လှူရသောအခါ တခါထည်း ချမ်းသာကြီးပွား၍သွားကြကုန်၏။ယင်းသို့ ဆင်းရဲသားသဒ္ဓါတရားရှိသူတို့ကိုချီးမြှောက်တော်မူကြသဖြင့် နိရောဓသမာပတ်ကို ဝင်စားတော်မူကြခြင်းလည်းဖြစ်၏။ အခြား အကြောင်းတခုကား နိဗ္ဗာန်ချမ်းသာကို အသက်ရှိစဉ်မှာပင် လက်တွေ့ခံစားလိုခြင်းဖြစ်၏။ ဤသို့နိရောဓသမာပတ်ကိုဝင်စား၍ ဆင်းရဲသားတို့အား ချမ်းသာအောင်ပြုခဲ့လေသော ပုဂ္ဂိုလ်တို့တွင် ဂေါတမ ဘုရားရှင် လက်ထက်၌

ရှင်သာရိပုတြာနှင့်ရှင်မဟာကဿပ မဟာသာဝကကြီးနှစ်ပါးက အလှန်ထင်ရှားကြကုန်၏။

ထို့နောက် ပြည့်ရှင်မင်းကြီးကလည်း ဘတ္တာဘတိက၏ဒါန ပြုပုံ အကြောင်းအရာကို ကြားသိရသောအခါ ခေါ်တော်မူ၍ အသပြာတထောင်ပေးပြီးလျှင် ဒါန၏ အဖိုကို အမျှဝေစေ၍ အလှန် ဝမ်းမြောက်တော်မူလှသဖြင့်များစွာသော ဥစ္စာကိုပေး၍ သူဌေးအရာ၌ ထားတော်မူ၏။ ဘတ္တာဘတိက သူဌေးဟူသော ဘွဲ့အမည်ကိုလည်း ပေးတော်မူ၏။

ဘတ္တာဘတိကသူဌေးသည် ဂန္ဓသူဌေးနှင့်အဆွေခင်ပွန်းအဖြစ် အတူတကွ သွားလာစားသောက်ကာ၊ လူ့ ချမ်းသာကိုခံစားပြီး သောအခါ နတ်ပြည်၌ဖြစ်လေ၏။

## သုခ သာမဏေ

ဘတ္တာဘတိကသည် နတ်စည်းစိမ်ကို၊ ကဿပဘုရားရှင် ဂေါတမ ဘုရားရှင်ဟူသော ဘုရားနှစ်ဆူတို့ အကြား၌ ကြာမြင့်စွာ ခံစားပြီးနောက်၊ ဂေါတမဘုရားရှင် လက်ထက်တော်၌ သာဝတ္ထိ ပြည်တွင် ရှင်သာရိပုတြာ၏ အလုပ်အကျွေး ဒကာဖြစ်သော သူကြွယ်တဦး၏ အိမ်၌ ပဋိသန္ဓေတည်နေ၏။ ထိုအခါ မိခင် အား ဤသို့သော ချင်ခြင်းသည် ဖြစ်၏။

"ရဟန်း ငါးရာတို့နှင့်တကွ အရှင်သာရိပုတြာအား သတ ရသ ခေါ်သော အရသာစုံ ဆွမ်းဘောဇဉ်ကို ကပ်လှူရန်

ဖန်ရည်ဆိုးသော အဝတ်ကိုဝတ်ပြီးလျှင် ရွှေခွက်ကိုကိုင်၍ သံဃာတော်တို့၏ နေရာအစွန်း၌နေလျက်၊ သံဃာတော်တို့၏ စားကြွင်းကို စားရမှု ကောင်းလေစွ"

ထိုဘတ္တဘတိက၏ မိခင်သည် ဤသို့ ချင်းခြင်းဖြစ်သည့် အတိုင်းပင်၊အရှင်သာရိပုတြာနှင့်ရဟန်း ငါးရာတို့ကိုပင့်၍ သတရသဘောဇဉ်ကို ဆက်ကပ်လှူဒါန်း၏။ မိမိလည်း ဖန်ရည်ဆိုးသောအဝတ်ကို ဝတ်၍ သံဃာတော်တို့၏ အစွန်၌နေလျက် ရွှေခွက်ဖြင့် သံဃာ့စားကြွင်းကိုစား၍ ချင်ခြင်းကို ငြိမ်းစေ၏။

ထိုဘတ္တဘတိက၏ မိခင်သည် တပါးသော မင်္ဂလာတို့၌လည်း သတရသ ဘောဇဉ်ကိုသာလျှင် လှူဒါန်း၍ ဘတ္တဘတိကကို ဖွားမြင်၏။ အမည်မှည့်အံ့ သောနေ့၌ကား၊ အရှင်သာရိပုတြာအား ပင့်ဖိတ်လုပ်ကျွေးပြီးနောက် ဤသို့လျှောက်၏။

"အရှင်ဘုရား။ အကျွန်ုပ်၏သားအား သိက္ခာပုဒ်တင်ပေးတော်မူပါလော့"

ထိုခေတ်က သားသမီးမွေးဖွါးလျှင် သံဃာတော်တို့အား ပင့်ဖိတ်ကျွေးမွေး၍ သိက္ခာတင်ပေးလေ့ရှိကြ၏။ သိက္ခာတင်သည်ဆိုရာ၌ သရဏဂုံသုံးပါးနှင့် ငါးပါးသီလကို မိဖတို့က သားအတွက် ခံယူကြခြင်းပင်ဖြစ်ရာ၏။ ဤသို့သော အလေ့ရှိသဖြင့်ပင် ဗောဓိမင်းသားသည် ကောကနဒပြာသာဒ်ကို ဆောက်လုပ်၍ အိမ်တက်မင်္ဂလာပြုရာတွင် မြတ်စွာဘုရားက ပြဿနာဖြေ၍ တရားဟောသော်လည်း တရားတော်ကိုသာ နှစ်သက်ချီးမွမ်း၍ သရဏဂုံမယူဘဲနေရာ၌ အမတ်တယောက်က အဘယ့်ကြောင့် သရဏဂုံမျှ မယူပါသနည်း" ဟု မေးသဖြင့် ဗောဓိမင်းသားက သူ့ကိုကိုယ်ဝန်ဆောင်စကပင် အဖွားနှင့် မိခင်တို့က မြတ်စွာ

ဘုရားအထံတော်၌၊ သရဏဂုံ ယူသွားပြီးဖြစ်ကြောင်းကို မိန့်ဟခဲ့ဘူး၏။

ထိုအခါ မထေရ်က မိခင်ဒကာမအား ဤသို့မေး၏။

"ဤသူငယ်၏ အမည်ကား အဘယ်အမည်နည်း"

"အရှင်ဘုရား။ အကျွန်ုပ်၏သားအား ကိုယ်ဝန်ယူခဲ့သော အချိန်မှစ၍ ဤအိမ်၌ မည်သူ့အားမျှ ဆင်းရဲဒုက္ခဖြစ်ရဘူးသည် မရှိပါ၊ ထိုကြောင့် ဤသားကလေး၏ အမည်သည် သုခကုမာရ မောင်ချမ်းသာဟု ဖြစ်ရပါလိမ့်မည်"

ထိုအခါ အရှင်သာရိပုတြာ မထေရ်မြတ်လည်း သုခကုမာရ ဟူသော အမည်ကိုပင်ယူ၍ သိက္ခာတင်ပေး၏။ ထိုအခါမိခင်၏ စိတ်၌ ငါသည် ငါ၏သားအလိုဆန္ဒကို မည်သည့်အခါမျှ မဖျက်အံ့ ဟု အကြံဖြစ်၏။ ထိုနောက် နားထွင်းမင်္ဂလာ စသည်တို့၌ လည်း။ သတရသ ခေါ်သော အနံ့အရသာ ဆွမ်းကိုသာ လှူဒါန်းကျွေးမွေး၏။ ခုနစ်နှစ်အရွယ်သို့ ရောက်သောအခါ၊ သုခကုမာရသည် မိခင်အားဤသို့ဆို၏။

"အို အမိ။ အကျွန်ုပ်သည် မထေရ်မြတ်အထံ၌ အရှင်သာမဏေပြုလိုပါသည်။

"ချစ်သား ကောင်းပြီ။ အမိက ချစ်သား၏ အလိုဆန္ဒကို မဖျက်ပါ"

ထိုနောက်မိခင်သည်။ အရှင်သာရိပုတြာအား ပင့်ဖိတ်ကျွေးမွေး၍ ဤသို့လျှောက်၏။

"အရှင်ဘုရား။ အကျွန်ုပ်သားသည် ရှင်သာမဏေပြုလိုပါသည်။ ဤသားကို ညနေချမ်းအချိန်၌ ကျောင်းသို့ခေါ်ဆောင်ခဲ့ပါမည်"

အရှင်သာရိပုတြာမထေရ်မြတ် ကြွသွားသောအခါ ဆွေမျိုးတို့ကိုစုဝေး၍ အကျွန်ုပ်သားအား လူ့ဘောင်၌ ပြုသင့်သမျှ ကိစ္စအဝဝကို ယနေ့သာလျှင်အားလုံး အပြည့်အစုံပြုကြကုန်အံ့ဟု ဆိုပြီးလျှင် သားကိုအစွမ်းကုန် အလှအပဝတ်စားဆင်ယင်၍ ကြီးစွာသော အသရေရှိသော အခမ်းအနားဖြင့် ကျောင်းသို့ပို့ဆောင်၍ အရှင်သာရိပုတြာ မထေရ်မြတ်အား အပ်နှင်း၏။ ထိုအခါမထေရ်သည် သုခကုမာရအား ဤသို့မေး၏။

"ချစ်သား။ ရှင်ရဟန်းအမည်သည်ကား ပြုနိုင်ခဲသောအရာဖြစ်၏။ သာသနာတော်၌ မွေ့လျော်ပျော်ပိုက် နိုင်ပါမည်လော"

အရှင်ဘုရား။ အရှင်ဘုရားတို့၏ ဆုံးမစကားကို လိုက်နာပါမည်"

အရှင်သာရိပုတြာလည်း သုခကုမာရအား ကမ္မဋ္ဌာန်းတရားကို ရှေ့ဦးစွာ ပေးတော်မူပြီးမှ ရှင်သာမဏေပြုပေး၏။ အမိအဖတို့ကလည်း၊ ရှင်ရဟန်း အဖြစ်၌ သားအား ပူဇော်သက္ကာယကို ပြုလိုသဖြင့် ကျောင်းတော်တွင်း၌ပင် ခုနစ်ရက်ပတ်လုံး ဘုရားအမျိုးရှိသော သံဃာအပေါင်းအား သ တ ရ သ ခေါ်သော အရသာစုံသော ဘောဇဉ်ကိုသာလျှင် ကျွေးမွေးလှူဒါန်း၏။ ခုနစ်ရက်မြောက် ညနေချမ်းအချိန်ရောက်မှသာ မိမိတို့အိမ်သို့ ပြန်ကြကုန်၏။

ရှစ်ရက်မြောက်သောနေ့၌ကား ဓမ္မသေနာပတိ ဖြစ်တော်မူသော အရှင်သာရိပုတြာသည် ရဟန်းအပေါင်းတို့ကို မြို့တွင်းသို့ ဆွမ်းခံကြွသွားကြပြီးသောအခါ ကျောင်းတွင်း၌ အမြင်မတော်ဖြစ်မည့် ပုစရာကိစ္စများကို ပြုလုပ်မြဲ ပြုလုပ်တော်မူပြီးမှ သုခသာမဏေအား သပိတ်သင်္ကန်းကို ယူစေ၍ နောက်ကခေါ်တော်

မှုပြီးလျှင် မြို့တွင်းသို့ ဆွမ်းခံဝင်တော်မူခဲ့၏။ ကျောင်းတော်နှင့် မြို့အကြား လမ်းခရီး၌ မြောင်းတခုကို တွေ့သောအခါ သူငယ် ပီပီ သိလိုသဖြင့် သုခသာမဏေသည် ဤသို့မေးလျှောက်၏။

"အရှင်ဘုရား။ ဤအရာကား အဘယ်အရာပါနည်း"

"သာမဏေ၊ ရေမြောင်းဖြစ်သည်"

"ရေမြောင်းဖြင့် အဘယ်ကို ပြုကြပါသနည်း"

"ရေမြောင်းဖြင့် ရေကို လိုရာလယ်ထဲသို့ ရောက်အောင် သွယ်ယူကြသည်"

"အရှင်ဘုရား။ ရေ၌ စိတ်ရှိပါသလော"

"ရေ၌ စိတ်မရှိပါပေ"

"ဤစိတ်မရှိသောရေကို မိမိလိုရာအရပ်သို့ ယူဆောင်နိုင်ကြ ပါသလော"

"မှန်၏။ စိတ်မရှိသောရေကို လိုရာသို့ ယူဆောင်နိုင်ကြပေ သည်"

ထိုအခါ သုခသာမဏေသည် "ဤသို့ စိတ်မရှိသော ရေကိုပင် လိုရာသို့ဆောင်၍ အလုပ်ကို လုပ်နိုင်ကြလျှင် စိတ်ရှိသော သူတို့ သည် စိတ်ကို မိမိအလိုသို့ လိုက်စေ၍ ရဟန်းတရားကို ပွားများ အားထုတ်ရန် အဘယ်ကြောင့် မတတ်နိုင်ဘဲ ရှိကြကုန်အံ့နည်း" ဟု အကြံဖြစ်၏။

ဆရာတပည့်နှစ်ပါးတို့သည် ရှေ့သို့ဆက်၍ ကြွသွားကြပြန် သော် မြှားသမားတို့ကို တွေ့ကြပြန်၏။ မြှားသမားတို့သည် မြှားတို့ကို မီးကင်၍ မျက်စိနှစ်ဘက် ပူးပေါင်းကာ တစောင်း ကြည့်၍ကြည့်၍ ဖြောင့်လျက်ရှိကုန်၏။

"အရှင်ဘုရား။ ဤသူတို့ကို အဘယ်သို့ ခေါ်ပါသနည်း"

"မြင်းသမားများဟု ခေါ်ကြပေသည်"

"သူတို့ ဘာကို ပြုလုပ်နေကြပါသနည်း"

"မြင်းတို့ကို မီးကင်း၍ ပြောင့်အောင် ပြုလုပ်နေကြသည်"

"အရှင်ဘုရား ဤမြင်းအား စိတ်ရှိပါသလော"။

"စိတ်မရှိပေ...."

ထိုအခါ ဤသူတို့သည် စိတ်မရှိသော မြင်းကို မီးကင်း၍ ပြောင့်အောင် ပြုလုပ်နိုင်ကြကုန်သေးလျှင် စိတ်ရှိသော သူတို့သည် မိမိစိတ်ကို အလိုပါအောင် ပြု၍ ရဟန်းတရားကို ပွားများ အားထုတ်ရန် အဘယ်ကြောင့် မတတ်နိုင်ဘဲ ရှိကြ ကုန်အံ့နည်း ဟု အကြံပြုပြန်၏။

ထိုမှတဆင့် ဆက်၍ ကြွသွားကြပြန်သော် သင်သားတို့ကို ဒေါက်တကျပ တောင် ဝသည် ပြင်အောင် တော်ခွဲလုပ် ရှိကြ ကုန်သော သယ်သမားတို့ကို တွေ့ကြပြန်လေ၏။

"အရှင်ဘုရား ဤသူတို့ကို အဘယ်ခေါ်ပါသနည်း"။

"ဒေါက်ခွေသမားများဟု ခေါ်ကြသည်"။

"သူတို့အဘယ်သို့ ပြုလုပ်နေကြပါသနည်း"။

"သင်သားတို့ကို ယူ၍ လှည်းဝသည်တို့၏ ဘီးဝသည်တို့ကို ပြုကြသည်"။

"သင်သားတို့၌ စိတ်ရှိကြပါသလော"

"စိတ်မရှိကြကုန်"။

ထိုအခါ စိတ်မရှိသော သင်သားတို့ကို ယူ၍ လှည်းဘီးဝသည် လိုရာတို့ကို ပြုလုပ်နိုင်ကြလျှင် စိတ်ရှိသော သူတို့ကား စိတ်ကို မိမိအလိုသို့ လိုက်စေ၍ ရဟန်းတရားကို အဘယ်ကြောင့် မပြု နိုင်ဘဲ ရှိကြကုန်အံ့နည်း' ဟု ကြံပြန်၏။

ထိုနောက် သုခသာမဏေသည် မထေရ်အား ဤသို့ လျှောက်၏။

"အရှင်ဘုရားတို့သည် မိမိသပိတ်သက်န်းကို ယူကြမည် ဖြစ်ပါလျှင် အကျွန်ုပ် ကျောင်းသို့ ပြန်ပါတော့မည်"။

မထေရ်လည်း သာမဏေ၏အလိုဆန္ဒကို မဖျက်ဆီးဘဲ 'သာမဏေ သို့ဖြစ်လျှင် ငါ၏ သပိတ်သက်န်းကို ပေးလော့'ဟုဆို၍ သပိတ်သက်န်းကို ယူတော်မူလိုက်၏။ထိုအခါသုခသာမဏေသည် မထေရ်ကို ရှိခိုးပြီးနောက် ပြန်မည်ရှိရာတွင် ဤသို့ မှာပြန်၏။

"အရှင်ဘုရား အကျွန်ုပ်အတွက် ဆွမ်းကို ယူဆောင်ခဲ့သောအခါ သတရသခေါ်သော အရသာစုံဆွမ်းကို ဆောင်ယူတော်မူခဲ့ပါလော့"။

"ထိုသတရသဘောဇဉ်ကို အဘယ်မှာ ရနိုင်အံ့နည်း"။

"အရှင်ဘုရား။မိမိဘုန်းကံဖြင့်မရနိုင်သော်လည်းအကျွန်ုပ်၏ ဘုန်းကံဖြင့် ရပါလိမ့်မည်"။

မထေရ်မြတ်လည်း ကျောင်းခန်း တံခါးသော့ကို သာမဏေအား ပေးလိုက်၍ မြို့တွင်းသို့ ဆွမ်းခံဝင်ခဲ့၏။ သာမဏေလည်း ကျောင်းသို့ပြန်လာ၍ မထေရ်၏ ကျောင်းခန်းကို ဖွင့်၍ ဝင်ပြီးနောက် တံခါးပိတ်၍ မိမိ၏ကိုယ်ကာယ၌ ဉာဏ်ကိုချသွင်းလျက် ထိုင်၏။ ကာယနုပဿနာကို ပွားများ၏။ထိုသာမဏေ၏ တန်ခိုးကြောင့်သိကြားမင်း၏ပဏ္ဍုကမ္ဗလာသည်ပူသောအချင်းအရာကိုပြ၏။ သိကြားမင်းသည်အကြောင်းကိုဆင်ခြင်လေသော် 'သုခသာမဏေသည် မိမိဥပဇ္ဈာယ်ဆရာအား သပိတ်သက်န်းကို အပ်၍ တရားအားထုတ်ရန် ကျောင်းသို့ပြန်ခဲ့၏။ ငါသည် ထိုအရပ်သို့သွား၍စောင့်ရှောက်မှသင့်မည်'ဟုကြံ၍ စတုမဟာရာဇ်

နတ်မင်းကြီး လေးယောက်တို့ကို ခေါ်ပြီးလျှင် ‘အမောင်တို့-သွားကြကုန် ကျောင်းဥယျာဉ်အရပ်၌ အသံဆိုးသောငှက်တို့ကို ပြေးစေလော့’ဟု စေခိုင်း၏။နတ်မင်းကြီးလေးယောက်တို့လည်း သိကြားမင်းဆိုတိုင်း သွား၍ထက်ဝန်းကျင်အရပ်လေးမျက်နှာမှ စောင့်ရှောက်ကြကုန်၏။ထိုနောက်သိကြားမင်းသည်လနတ်သား နေနတ်သားတို့ကိုလည်းမိမိတို့၏ ဗိမာန်ကိုဆွဲငင်၍ထားကြကုန်’ ဟုအမိန့်ပေး၏။ လနတ်သား နေနတ်သားတို့လည်း သိကြားမင်း ဆိုတိုင်း ဆွဲထားကြကုန်၏။အကြောင်းမူကား အရှင်သာရိပုတြာ သည် နေမြင့်မှ ဆွမ်းခံဝင်သဖြင့် နေလွဲသော် သာမဏေ ဆွမ်း ဘုဉ်းမပေးရဘဲ ရှိမည်ကို သိကြားမင်းသည် စိုးရိမ်လျက်ရှိ၏။ ထို့ပြင်လည်း ဘုန်းကံသမ္ဘာကြီးမားလှသော သာမဏေဖြစ်၍ တရားအားထုတ်ရာ၌ အနှောက်အယှက်မရှိစေရန် စောင့်ရှောက် ရမည့် တာဝန်ကိုလည်း ရှိ၏။ ထို့ကြောင့် သိကြားမင်းသည် သူကိုယ်တိုင်ပင် ကျောင်းတံခါးရွက်လှည့်ရာဌာန၌ ရပ်၍ စောင့် ရှောက်၏။ ဇေတဝန် ကျောင်းတော်တခုလုံးသည် ငြိမ်သက်၍ အသံမရှိဘဲ တိတ်ဆိတ်လျက် ရှိ၏။

သုခသာမဏေလည်း ဆုတောင်းပါခဲ့သည့်အတိုင်းတည်ကြည် သောစိတ်ဖြင့် ဝိပဿနာတရားကို ပွါးများ၍ အောက်မဂ် အောက်ဖိုလ်သုံးပါးတို့သို့ ရောက်လေ၏။

အရှင်သာရိပုတြာမထေရ်မြတ်လည်း ‘သာမဏေသည် အရ သာစုံသော ဘောဇဉ်ကို ဆောင်ယူခဲ့ပါ’ဟု မှာလိုက်ရာ၏။ အရသာစုံဆွမ်းဘောဇဉ်ကို အသူ့အိမ်၌ ရနိုင်အံ့နည်းဟု ဉာဏ် မျက်စေ့ဖြင့်ကြည့်ရှုဆင်ခြင်တော်မူလေသော် စိတ်နှလုံးကောင်း နှင့် ပြည့်စုံသော အလုပ်အကျွေးဒါယကာတယောက်၏ အိမ်ကို

မြင်တော်မူ၍ ထိုအိမ်သို့ ကြွတော်မူ၏။ ထိုဒကာလည်း 'အရှင်ဘုရားယနေ့ဤအိမ်သို့ ကြွလာတော်မူခြင်းကား အခန့်သင့်လှပါသည်'ဟုလျှောက်၍မထေရ်လက်မှ သပိတ်ကိုယူကာ ခင်းထားသောနေရာ၌ထိုင်တော်မူစေပြီးမှယာဂုခဲဘွယ်တို့ကို ဆက်ကပ်၏။ ဆွမ်းကျက်သည့်တိုင်အောင်လည်း 'တရားစကားဟောကြားတော်မူပါ'ဟု တောင်းပန်၏။ မထေရ်မြတ်လည်း ထိုအိမ်သားတို့အား တရားစကားဟောကြားတော်မူ၍ အချိန်ကာလကိုကြည့်ပြီးလျှင် တရားကို အဆုံးသတ်တော်မူလိုက်၏။ ထိုအခါ ဒကာလည်း အရသာစုံ ဆွမ်းဘောဇဉ်ကို သပိတ်၌ လောင်းထည့်၍ လှူ၏။ မထေရ်မြတ်သည် သပိတ်ကိုယူ၍ ကြွတော်မူဟန် ပြင်လိုက်လျှင်ပင် 'အရှင်ဘုရား။ ဤအိမ်၌ပင် ဘုဉ်းပေးတော်မူပါ။ နောက်ထပ်၍လည်း သပိတ်၌လောင်းလှူလိုက်ပါဦးမည်'ဟု လျှောက်၏။ လျှောက်သည့်အတိုင်းပင် မထေရ်မြတ် ဆွမ်းဘုဉ်းပေးပြီးသောအခါ သပိတ်အပြည့်ပင် အရသာစုံဆွမ်းကို လောင်းလှူပြန်၏။ ထိုအချိန်ကပင် မွန်းတည့်လောက်လေပြီ။ မထေရ်မြတ်လည်း အချိန်မရှိတော့သဖြင့် 'သာမဏေလည်း ဆာလောင်လှလေပြီ'ဟု အလျှင်အမြန်ကျောင်းသို့ပြန်ခဲ့၏။

ထိုနေ့၌ မြတ်စွာဘုရားသည် နံနက်စောစောကပင် ဆွမ်းခံထွက်တော်မူ၍ ဂန္ဓကုဋီသို့ဝင်၍ ထိုင်တော်မူလျက် 'ယနေ့သုခသာမဏေသည် ဥပဇ္ဈာယ်ဆရာအား သပိတ်သက်န်းကိုပေး၍ ရဟန်းတရားကိုအားထုတ်မည်ဟု ပြန်ခဲ့၏။ သာမဏေ၏ရဟန်းကိစ္စသည် ပြီးစီးအံ့လော'ဟု ဆင်ခြင်တော်မူ၏။ ထိုအခါသာမဏေသည် ယခု အောက်ဖိုလ်သုံးပါးသို့သာ ရောက်သေးသည်ကို သိမြင်တော်မူပြီးမှ ထို့ထက် အလွန်ဆက်၍ ဆင်ခြင်တော်မူပြန်

သော် 'သာမဏေကား ယနေ့ပင်ရဟန္တာအဖြစ်သို့ရောက်နိုင်စွမ်း ရှိ၏။ သို့ရာတွင် သာရိပုတြာသည် ယခု သာမဏေ ဆွမ်းဆာလှ လေပြီဟုအလျှင်အမြန် မှို့တွင်းမှပြန်လာ၏။ အကယ်၍ သာရိပု တြာသည် သူယူဆောင်ခဲ့သောဆွမ်းကို သာမဏေအား ရဟန္တာ အဖြစ်သို့မရောက်သေးမီ ပြေး၍ကျွေးခဲ့သော် သာမဏေအား အရဟတ္တဖိုလ်အတွက် အန္တရာယ်ဖြစ်ပေလတံ့။သိကြားမင်းသည် လည်း သာရိပုတြာအား ကျောင်းတွင်းသို့မဝင်စေရန်မတားမြစ် ဝံ့လတံ့ဟု သိတော်မူ၏။ ထို့နောက် ငါကိုယ်တိုင် ကျောင်း တံခါးမုခ်သို့သွား၍ အစောင့်အရှောက်ပြုမှ သင့်တော့မည်'ဟု ကြံတော်မူ၍ ဂန္ဓကုဋီမှထွက်တော်မူပြီးလျှင် ကျောင်းတံခါး မုခ်၌ရပ်တော်မူလျက် အစောင့်တာဝန်ယူတော်မူ၏။

မထေရ်မြတ်လည်း အချသာစုံဆွမ်းကိုဆောင်ယူခဲ့၏။ထိုအခါ မြတ်စွာဘုရားသည် အရှင်သာရိပုတြာအား ဆီးကြိုကာပြဿနာ လေးရပ်ကိုမေးတော်မူ၍ အချိန်ဆွဲတော်မူ၏။

"အို သာရိပုတြာ။ အဘယ်ကိုရခဲ့သနည်း"

"အာဟာရကို ရခဲ့ပါသည်"

"အာဟာရမည်သည် အဘယ်ကိုဆောင်တတ်သနည်း"

"အရှင်ဘုရား။ ဝေဒနာကိုဆောင်တတ်ပါသည်"

"ဝေဒနာသည် အဘယ်ကိုဆောင်တတ်သနည်း"

"ဝေဒနာသည် ရုပ်ကိုဆောင်တတ်ပါသည်"

"ရုပ်သည် အဘယ်ကိုဆောင်တတ်သနည်း"

"ရုပ်သည် ဖဿကိုဆောင်တတ်ပါသည်"

ထိုပြဿနာ၏ အဓိပ္ပါယ်ကား ဆာလောင်နေသောသူအား စားအပ်သော အာဟာရသည် ဆာလောင်ခြင်းကို ဖျောက်၍

သုခဝေဒနာကိုဖြစ်စေသည်။ထိုချမ်းသာခြင်း သုခဝေဒနာသည် ကိုယ်ကာယ၌ အဆင်း၏တင့်တယ်ခြင်းကို ဖြစ်စေသည်။ အစာဝ၍ ချမ်းသာရွှင်လန်းသောသူအား ချမ်းသာသော အတွေ့ဟူသော ဖဿကိုဖြစ်စေသည်ဟုဆိုလိုသည်။ အဆင့်ဆင့် အကျိုးသက်ရောက်မှုပင်ဖြစ်၏။

ဤပြဿနာကို အရှင်သာရိပုတြာဖြေပြီးသောအခါ၌ပင်လျှင် သုခသာမဏေသည်ဋ္ဌပသမ္ဘိဒါလေးပါးနှင့်တကွရဟန္တာအဖြစ်သို့ရောက်လေ၏။မြတ်စွာဘုရားလည်း 'သာရိပုတြာ သွားလော့။ သာမဏေအား ဆွမ်းကိုပေးပေလော့'ဟု မိန့်တော်မူ၏။ မထေရ်လည်း သွား၍ ကျောင်းခန်းတံခါးကိုခေါက်၏။သာမဏေသည် အခန်းမှထွက်၍ သပိတ်ကို လှမ်းယူပြီး လျှင် သင့်ရာ၌ထား၍ မထေရ်ကို ယပ်ခတ်၏။

"သာမဏေ ဆွမ်းစားလော့"

"အရှင်ဘုရားတို့ကား အသို့နည်း"

"ဆွမ်းကိစ္စပြီးခဲ့ပြီ။ သင်သာသုံးဆောင်လော့"

အသက်အရွယ်အားဖြင့် ခုနစ်နှစ်မျှသာရှိသေးသော သာမဏေသည် ရှင်သာမဏေပြုပြီးနောက် ရှစ်ရက်မြောက်သောနေ့၌ ဘခဏချင်းပွင့်သော ပဒုမ္မာကြာပန်းကဲ့သို့ ရဟန္တာ အဖြစ်သို့ ရောက်၍ ဆင်ခြင်သင့်သောတရားကိုဆင်ခြင်ကာ ဆွမ်းဘုဉ်းပေး၍ သပိတ်ကိုဆေး၏။ ထိုအခါ နတ်မင်းကြီး လေးယောက်တို့သည် အစောင့် အရှောက် တာဝန်ကို စွန့်လွှတ် လိုက် ကြ ၏။ လနတ်သား နေနတ်သားတို့သည် လ- နေတို့ကို ဆွဲထားရာမှ လွှတ်လိုက်ကြကုန်၏။ သိကြားမင်းလည်း တံခါး ရွက် လှည့်ရာ

အရပ်မှ အစောင့်တာဝန်ကို လက်လွှတ်၏။ နေမင်းသည် ညနေစောင်းအချိန်သို့ရောက်သွား၏။

ထိုအခါ ရဟန်းတို့သည် 'ညနေချမ်း အချိန်သည် ထင်၏။ သာမဏေသည်လည်း ယခုပင်လျှင် ဆွမ်းစားရှိပြီးစီး၏။ အသို့နည်း။ ယနေ့ နံနက်ခင်း ရှည်လျားရှိ ညနေခင်း တိုလှလေသလော'ဟု တွေးတောပြောဆိုကြကုန်၏။ မြတ်စွာဘုရားသည် ထိုနေရာသို့ကြွလာ၍ ဤသို့မေးတော်မူ၏။

"ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စု ဝေး ကြ ကုန်သနည်း"

"အရှင်ဘုရား။ ယနေ့ နံနက်ခင်း ရှည်လျား၍ ညနေခင်း တိုလှပါသည်။သာမဏေလည်း ယခုပင် ဆွမ်းစား၍ပြီးပါသည်။ နေမင်းလည်း မွန်းတည့်ချိန်ကိုကျော်လွန်၍ ထင်နေပါသည်"

"ရဟန်းတို့ ဘုန်းရှိသောသူတို့ ရဟန်းတရားကို အားထုတ်ကြသောအခါ ဤသို့ပင်ဖြစ်တတ်ပေသည်။ ယနေ့ နတ်မင်းကြီးလေးယောက်တို့က အရပ်လေးမျက်နှာ၌ အစောင့် အရှောက်တာဝန်ယူကြသည်။ လနတ်သား နေနတ်သားတို့က လ နေတို့ကိုဆွဲငင်ထားကြသည်။သိကြားမင်းက တံခါးရွက်လည်ရာအရပ်၌စောင့်ရှောက်သည်။ ငါ ဘုရားလည်း ကျောင်းတံခါးမုခ်သို့သွား၍အစောင့်အရှောက်တာဝန်ယူရသည်။ယနေ့သုခသာမဏေသည် မြောင်းဖြင့်ရေသွယ်သူ၊ မြှားဖြောင့်သူ၊ သစ်ရွေသူတို့ကိုမြင်ရ၍ မိမိကိုယ်ကို ဆုံးမပြီးလျှင် ရဟန္တာအဖြစ်သို့ရောက်ခဲ့ပြီ"

"လယ်သမားတို့သည် မြောင်းဖြင့်ရေကိုလိုရာသို့ သွယ်ယူကြကုန်၏။ မြှားသမားတို့သည် မီးဖြင့်မြှားကိုလိုသည်အဖြောင့်တိုင်အောင် ပြုပြင်ကြကုန်၏။ ဒေါက်ရွေသမားတို့သည် သစ်သားကို

လိုရာပုံ ရအောင် ခုတ်ရွေကြကုန်၏။ အကျင့်ရှိသော သူတို့သည်ကား မိမိကိုယ်ကို ဆုံးမကြကုန်သတည်း''

ဤဒေသနာ၏ အဆုံး၌ အများပင် သောတာပန်စသည်ဖြစ်ကြကုန်သတည်း။ ဤသို့လျှင် ဘတ္တဘတိကကား ဇွဲကောင်းသော သူရဲကောင်းတယောက်ဖြစ်သတည်း။

# ၆

# မေတ္တာ

သာမာဝတီ မိဖုယား။ ဓမ္မပဒ၊ ပ၊ ၁၂၀

ဤလောက၌ ချစ်ခြင်းမေတ္တာသည် လွန်စွာ အရေးကြီး၏။ မေတ္တာ၏လက္ခဏာကား အကျိုးစီးပွားကို လိုလားခြင်းပင်ဖြစ်၏။ ယင်းမေတ္တာဖြင့် သတ္တဝါတို့သည်။ ဤလောက၌ ငြိမ်းချမ်းသာယာမှုကို ရရှိကြ၏။ မေတ္တာသာ ကင်းမဲ့လျှင် ဤလောကကြီးသည် ငရဲပြည်နှင့်ထူးခြားတော့မည် မဟုတ်ပေ။ သတ္တဝါတို့သည်လည်း ဤလောက၌ နှစ်သက်သာယာဘွယ်ကို တစုံတရာမျှ ရှာ၍ ရကြတော့မည် မဟုတ်ပေ။သတ္တဝါတို့သည် မေတ္တာတရား မရှိဘဲသာ လောက၌ ကြင်လည်ကြရလျှင် ဘဝအရသာဟူ၍မရှိတော့ဘဲ ဆင်းရဲဒုက္ခအတိဖြင့်သာ အချိန်ကုန်ကြရပေလိမ့်မည်။ နောက်ဆုံး၌ကား မေတ္တာတရားသာ မရှိခဲ့ပါလျှင် ဤလောက၌ သက်ရှိ သတ္တဝါမှန်သမျှ မျိုးစေ့မျှမကျန်ဘဲ ပျက်စီး ဆိတ်သုဉ်းကြရပေလိမ့်မည်။

မိဖတို့သည် မေတ္တာစစ်ဖြင့် သားသမီးတို့ကို စောင့်ရှောက်လုပ်ကျွေးကြကုန်၏။ သားသမီးတို့ကလည်း မိဖတို့ကို မေတ္တာစစ်ဖြင့်ပင် ပြန်၍ချစ်ခင်ရိုသေကြကုန်၏။ ပြန်လည်လုပ်ကျွေးကြ

ကုန်၏။ မေတ္တာအစစ်သာ မရှိခဲ့သော် မွေးသမျှသားသမီးတို့ကို အကြီးမခံဘဲ အကုန်အစင် သတ်ဖြတ်၍သာ ပစ်ကြကုန်ရာ၏။ သားသမီးတို့ကလည်း မိဘအပေါ်၌ မေတ္တာစစ် မရှိကြလေသည် ပြန်စောင်းမျှမကြည့်ဘဲ အသုံးမကျသည်နှင့်ဘပြိုင်နက် မှည့်ချွေချေ၍ အသေသတ်ကြကုန်ရာ၏။ တွေ့သမျှသတ္တဝါအချင်းချင်း လည်းပြင်းထန်သော ဒေါသဖြင့် သတ်ဖြတ်လုယက်၍ အနိုင်အထက်ပြုကြကုန်ရာ၏။သမင်နှင့်ကျား။ဖါးနှင့်မြွေ။ကြွက်နှင့်ကြောင် တောကောင်နှင့်မှဆိုးတို့သာ ရှိနေကြလျှင် မကြာခင်ပင်ပျက်စီးကုန်ဆုံး၍ အခုတ္တုံးကြရမည်မဟုတ်ပါလော့။

ဤလောကကြီးသည် မေတ္တာတရားကြောင့်သာ စည်ပင်သာယာ၍ နေ၏။ ထိုသည်သာမကသေး မေတ္တာတရားသည် လွန်စွာအေးမြ၍ တန်ခိုးအာနိသင်လည်းကြီးမားလှ၏။ မေတ္တာတရား၏အကျိုး ဆယ့်တပါးကို ဗုဒ္ဓဘုရားပင် ဟောကြားတော်မူခဲ့၏။ ထိုမေတ္တာတရား၏အစွမ်းသတ္တိအကျိုးကျေးဇူးကိုမသိနားမလည်ကြ၍သာ မေတ္တာကို မမွေးနိုင်ကြခြင်းဖြစ်၏။ မေတ္တာကိုမလေးစားကြခြင်း ဖြစ်၏။

ဗုဒ္ဓ၏လက်ထက်တော်၌ မေတ္တာအရာတွင် သူ့ရဲကောင်းတဦးဟု ဆိုထိုက်သော မိန်းမတယောက်ရှိခဲ့၏။ ထိုမိန်းမကားအခြားမဟုတ် သာမာဝတီမိဖုယားပင် ဖြစ်၍ သာမာဝတီ မိဖုယားအကြောင်းကား ကမ္ဘာကြေသော်လည်းဥဒါန်းမကြေနိုင်အောင် မှတ်သားဘွယ် ကောင်းလှ၏။ ထိုအကြောင်းကို ကြည့်ကြပါဦးစို့ ။

## သာမာဝတီမိဖုယား

မြတ်စွာဘုရား လက်ထက်တော် အခါ၌ ဘဒ္ဒဝတီမြို့ ဘဒ္ဒဝတီသူဌေးသည် ကောသမ္ဗီပြည် ကောသကသူဌေး၏အချင်းချင်း မမြင်ဘူးသော အဆွေခင်ပွန်းဖြစ်၏။ ဃောသက သူဌေးသည် ဘဒ္ဒဝတီမြို့မှလာသောကုန်သည်တို့၏ အထံ၌ ဘဒ္ဒဝတီသူဌေး၏ စည်းစိမ်ကိုရင်း၊ အရွယ်အသက်ကိုရင်း၊ ကြားရ၍ ထိုဘဒ္ဒဝတီသူဌေးနှင့် အဆွေခင်ပွန်းဖြစ်လိုရကား လက်ဆောင်ပဏ္ဏာကို ပို့၏။ ဘဒ္ဒဝတီသူဌေးလည်း ကောသမ္ဗီပြည်မှလာသော ကုန်သည်တို့၏အထံ၌ ဃောသကသူဌေး၏စည်းစိမ်ကိုရင်း၊ အသက်အရွယ်ကိုရင်း၊ ကြားရ၍ ထိုဃောသကသူဌေးနှင့်အဆွေခင်ပွန်းဖြစ်လိုရကား လက်ဆောင်ပဏ္ဏာကို ပို့၏။ထိုသူဌေးနှစ်ဦးတို့သည် အချင်းချင်း မမြင်ဘူးကြသော အဆွေခင်ပွန်းများ ဖြစ်ကြ၍ နေထိုင်ကြကုန်၏။

နောက်အခါဘဒ္ဒဝတီသူဌေးကြီးအိမ်၌ ယင်အနာကျရောက်ဖြစ်ပွား၏။ ထိုရောဂါကျရောက်သော် ရှေးဦးစွာ ယင်ကောင်တို့ သေကြကုန်၏။ ထို့နောက်အစဉ်အတိုင်း ဖေါက်ဖတ်၊ ကြွက်၊ ကြက်၊ ဝက်၊ နွား၊ ကျွန်မိန်းမ၊ ကျွန်ယောကျ်ား၊ နောက်ဆုံး၌ အိမ်ရှင်များလည်း သေဆုံးကြကုန်၏။ ထိုသူတို့တွင် အိမ်နံရံကို ဖေါက်ဖျက်၍ ထွက်ပြေးသော သူတို့သာလျှင် အသက်ရှင်ကြကုန်၏။ ထိုအခါသူဌေးသည်ရင်း၊သူဌေးကတော်သည်ရင်း၊သမီး

သည်ရှင်း၊ ထိုအချင်းအရာဖြင့် ထွက်ပြေးခဲ့ကြ၍သောသကာသူဌေးကို တွေ့မြင်ရန် တောင့်တကြကုန်လျက် ကောသမ္ဗီပြည်ခရီးသို့ ထွက်သွားကြကုန်၏။ ထိုသားအဖတို့သည် လမ်းခရီးအကြား၌ ပင် ရိက္ခာကုန်ခန်း၍ လေပူနေပူဖြင့်ရှင်း၊ ဆာလောင်မွတ်သိပ်ခြင်းတို့ဖြင့်ရှင်း၊ ပင်ပမ်းနွမ်းနယ်သောကိုယ်ရှိကြကုန်လျက် ခဲယဉ်းငြိုငြင်စွာ ကောသမ္ဗီပြည်သို့ ရောက်ကြကုန်၏။ ရောက်လျှင် ရေချမ်းသာအရပ်၌ ရပ်တည်ပြီးလျှင် ရေချိုး၍မြို့တံခါး၌ရှိသော ဇရပ်တဆောင်သို့ ဝင်ရောက်ခိုလှုံကြကုန်၏။ ထို့နောက်သူဌေးသည် သူဌေးကတော်ကို ဤသို့ပြောဆို၏။

"ရှင်မ။ ဤအသွင်အပြင်ဖြင့် သွားကြသော် မွေးသည့်မိခင်၏သော်ရှင်း၊ မနှစ်သက်ဖွယ် ဖြစ်ကုန်၏။ ငါ့အဆွေခင်ပွန်းသည် ခရီးသွားများ အထီးကျန်သောသူများအား နေ့တိုင်းအသပြာ တထောင်စွန့်လွှတ်၍အလှူဒါကိုပေးလှူစေသတတ်ထိုလှူဒါန်းရာအရပ်သို့ သမီးဖြစ်သူကို စေလွှတ်ကာ အစာအာဟာရကို ဆောင်ယူစေ၍ တရက်နှစ်ရက် ဤဇရပ်၌ပင် ကိုယ်ကာယကို ကောင်းစွာ ရောင်ရဲစေပြီးမှ အဆွေသူဌေးကို တွေ့ကြပါစို့"။

"အရှင် ကောင်းပါပြီ...."။

ထိုနေ့၌ ထိုသားအဖတို့သည် ဇရပ်၌သာ နေကြကုန်၏။ အလှူတင်းကုတ်တွင်လည်း နောက်တနေ့၌ အလှူဒါနပွဲချိန်ကို သက်ဆိုင်သူတို့က ပြောကြားလိုက်သောအခါ အထီးကျန်သူ ခရီးသွားဖြစ်သူတို့သည် အစာအဟာရအလို့ငှါ သွားကြလေသော် အမိအဖတို့သည် 'ချစ်သမီး သွား၍ ငါတို့အတွက် အစာအဟာရကို ဆောင်ယူခဲ့လော့'ဟု စေလွှတ်ကြကုန်၏။ ကြီးမားသော စည်းစိမ်ချမ်းသာရှိသောအမျိုး၏ သမီးသည် စည်းစိမ်

ဥစ္စာ ပျက်စီးခြင်းဖြင့်ဖြတ်အပ်သော ရှက်ခြင်းရှိသည်ဖြစ်၍မရှက်နိုင်တော့ဘဲ ခွက်ကိုကိုင်၍ အထီးကျန်သော လူအပေါင်းနှင့်အတူတကွ အစာအဟာရအလို့ငှါ လိုက်သွား၏။ ရောက်လျှင်အလှူဝတ်ကို တာဝန်ယူရသူက ဤသို့မေး၏။

"သမီး။ အဘယ်အဖို့မျှလောက်ယူမည်နည်း"

"သုံးယောက်စာအဖို့ကို ယူပါမည်"

ထိုနောက် သူဌေးသမီးအား လူသုံးယောက်အဖို့ အစာအဟာရကို ပေးကြကုန်၏။ သူဌေးသမီးသည် အစာအဟာရကို ဆောင်ယူလာသောအခါ၌ သားအဖသုံးယောက်သည် တပေါင်းတည်း ထမင်းစားရန် ထိုင်ကြကုန်၏။ ထိုအခါ ဇနီးနှင့် သမီးတို့သည် သူဌေးကို ဤသို့ ဆိုကြကုန်၏။

"အရှင်။ ပျက်စီးခြင်း တရားကား အမျိုးမြတ်သော သူတို့အားလည်း ဖြစ်တတ်ပါသည်။ အကျွန်ုပ်တို့ကို ကြည့်၍ မစားပါလင့်။ တွေးကြံပူပန်မှုကိုလည်း မပြုပါလင့်"

ဤသို့သူဌေးကို အထူးထူးအပြားပြား တောင်းပန်၍ ကျွေးမွေးကြကုန်၏။ သူဌေးလည်းအစားကိုစားပြီးနောက် ကျေကျက်စေရန် မတတ်နိုင်သည်ဖြစ်၍အာရုဏ်တက်သောအခါ၌ကွယ်လွန်လေ၏။ သားအမိတို့သည် အထူးထူးအပြားပြား စကားတို့ဖြင့် မြည်တမ်း၍ ငိုကျွေးကြကုန်၏။

သတို့သမီးငယ်သည် နောက်တနေ့၌ငိုယိုလျက် အစာအဟာရအလို့ငှါ လိုက်သွား၍ 'အဘယ်မျှသောအဖို့ကို ယူမည်နည်း' ဟု မေးသောအခါ 'နှစ်ယောက်စာအဖို့ကို ယူပါမည်' ဟု ဆို၍ အစာအဟာရကို ယူခဲ့ပြီးလျှင် အမိကို တောင်းပန်၍ ကျွေးမွေး၏။ အမိဖြစ်သူလည်း သမီးက တောင်းပန်၍ အစာအဟာ

ရကို စားပြီးလျှင် ကျေကျက်စေရန် မတတ်နိုင်သည်ဖြစ်၍ထိုနေ့၌ပင် သေဆုံး၏။

သတို့သမီးငယ်သည် အဖန်ဖန် ငိုကြွေးမြည်တမ်း၍ မိဘသေဆုံးရသော ဆင်းရဲသက် အလွန်လျှင်မြန်သော ဆာလောင်မွတ်သိပ်သော ဆင်းရဲကြောင့် နောက်တနေ့၌ သူတောင်းစားတို့နှင့်အတူတကွ ငိုကြွေးလျက်ပင် လိုက်သွား၍ အစာအာဟာရကိုတောင်းခံ၏။

"သမီး။ အဘယ်မျှသောအဖို့ကိုယူမည်နည်း"

"တယောက်စာအဖို့ကို ယူပါမည်"

ယောသကသူဌေး၏ အလှူကိုကြည့်ကြပ်သူ မိတ္တသူကြွယ်သည် သုံးရက်တို့တိုင်တိုင် ထမင်းအစာကို တောင်းလာသောထို သတို့သမီးကို ကောင်းစွာ မှတ်မိ၏။ ထို့ကြောင့် ဤသို့ဆို၏။

"ဖယ်လော့ သူယုတ်မ။ ပျက်လော့။ ယနေ့မှပင် သင့်ဝမ်းပမာဏကို သင်သိတော့သည်"

ထိုအခါ အရှက်အကြောက်ဖြင့်ပြည့်စုံသော အမျိုးကောင်းသမီးသည် ရင်ဝ၌ လှံဖြင့်ထိုးစိုက်လိုက်သကဲ့သို့၎င်း၊ အနာဝ၌ဆားငံရည်လောင်းလိုက်သကဲ့သို့၎င်း၊ အခံခက်သည်၏ အဖြစ်သို့ရောက်၍ ဤသို့ဆို၏။

"အရှင်။ အသို့နည်း"

"သင်သည် ရှေးအခါ၌ သုံးယောက်စာ အဖို့တို့ကိုယူ၏။ ယမန်နေ့၌ နှစ်ယောက်စာအဖို့တို့ကိုယူ၏။ ယနေ့တယောက်စာအဖို့ကိုယူ၏။ ယနေ့မှပင် သင်သည် မိမိဝမ်း ပမာဏကိုသိသည်မဟုတ်လော့"

"အရှင်။ ကျွန်ုပ်ကို မိမိ၏အတွက်သာယူသည်ဟု မထင်မှတ်ပါလင့်"

"သို့ဖြစ်လျှင် အဘယ်ကြောင့် ဤသို့ယူရသနည်း"

"အရှင်။ ရှေး၌ အကျွန်ုပ်တို့သည် သုံးယောက်ဖြစ်ကြပါသည်။ ယမန်နေ့၌ နှစ်ယောက်၊ ယနေ့ တယောက်သာဖြစ်ပါသည်"

"အဘယ် အကြောင်းကြောင့်နည်း"

ထိုအခါ သတို့သမီးငယ်သည် အစမှစ၍ အလုံးစုံသောအဖြစ်သနစ်တို့ကိုပြောကြား၏။ ထိုစကားကိုကြားသော် မိတ္တာသူကြွယ်သည် မျက်ရည်မဆည်နိုင်ဘဲ အားကြီးသော စိတ်မချမ်းသာခြင်းဖြစ်၏။

"ချစ်သမီး။ ဤသို့ဖြစ်သော် မစိုးရိမ် မပူပန်လင့်။ ဘဒ္ဒဝတီသူဌေး၏ သမီးဖြစ်သော သင်သည် ယနေ့မှစ၍ ငါ၏ သမီးပင်မည်တော့သည်"

ဤသို့ပြောဆို၍ ဦးခေါင်းခြင်းနမ်းပြီးလျှင် အိမ်သို့ခေါ်ဆောင်၍ သမီးအကြီး၏ အရာ၌ထား၏။ ထိုသတို့သမီးသည် အလျှုတင်းကုတ်၌ ဆူညံသော အသံကိုကြားရ၍ ဤသို့ဆို၏။

"ဖခင်။ အဘယ်ကြောင့် ဤလူအပေါင်းကို အသံ မဆူညံအောင်ပြု၍ အလှူကိုမပေးသနည်း"

"ချစ်သမီး။ မဆူညံအောင် မတတ်နိုင်ပါ"

"ဖခင်။ တတ်နိုင်ပါသည်"

"အဘယ်သို့လျှင် တတ်နိုင်သနည်း"

"ဖခင်။ အလှူတင်းကုတ်ကို ကာရံ၍ တယောက်တယောက်ဝင်လောက်ရုံ ပမာဏဖြင့် တံခါးနှစ်ပေါက်တို့ကို တပ်၍ 'တခု

သော တံခါးဖြင့်ဝင်၍ တခုသောတံခါးဖြင့် ထွက်ကြကုန်’ ဟု ဆိုပါလော့။ ဤသို့ပြုလုပ်လျှင် မဆူမညံဘဲ ယူသွားကြပါလိမ့်မည်”

“ချစ်သမီး။ ဤ အ ကြောင်း ဥပါယ် သည် ကောင်းလှပေ၏”

မိတ္တသူကြွယ် သတို့သမီးဆိုတိုင်းပြုစေ၏။ သတို့သမီးလည်း ရှေးက သာမာဟု အမည်ရှိ၏။ အကာစောင်းရမ်းကို ပြုစေခြင်းကြောင့် ‘သာမာဝတီ’ဟူသော အမည်သည်ဖြစ်လေ၏။ ထိုအခါမှစ၍ အလှူတင်းကုတ်၌ အုတ်အုတ် ကျက်ကျက် ဆူညံသော အသံသည် ပြတ်စဲလေ၏။ ဃောသက သူဌေးကား ရှေးအခါ၌ ထိုဆူဆူညံညံအသံကိုကြားရသည်ရှိသော် ‘ငါ၏အလှူတင်းကုတ်၌ဖြစ်သောအသံ’ဟု နှစ်သက်၏။ နှစ်ရက် သုံးရက်တိုင်တိုင် အသံကိုမကြားရသောအခါ၌ မိမိထံသို့ ဆည်း ကပ် ရန် လာသော မိတ္တသူကြွယ်ကို ဤသို့မေး၏။

“အထ ိးကျန်သမား။ ခရီးသွားတို့အား အ လှူ ပေး ၏လော”

“အရှင်။ အလှူပေးပါသည်”

“သို့ဖြစ်လျက် အ ဘယ် ကြောင့် နှစ်ရက် သုံးရက် အသံ မကြားရသနည်း”

“မဆူမညံဘဲ ယူသွားကြရအောင် ဥပါယ် တ မည် ပြု ထား ပါသည်”

“သို့ဖြစ်လျှင် ယခင်ကပင် အဘယ်ကြောင့်မပြုသနည်း”

“မသိသောကြောင့် ဖြစ်ပါသည်”

“ယခုအခါ အဘယ်သို့ပင် သင်သိလေသနည်း”

"အရှင်။ အကျွန်ုပ်၏ သမီးကပြောကြားပါသည်"

"ကျွန်ုပ်အား မပြောကြားဘဲထားသော သင်၏ သမီး မည်သည်ရှိသလော"

ထိုအခါ မိတ္တသူကြွယ်သည် ယင်နာဖြစ်သည်မှစ၍ ဘဒ္ဒာတီ သူဌေး၏ အဖြစ်သနစ်အလုံးစုံကိုပြောဆိုပြီးနောက် ထိုသတို့သမီးကို မိမိသမီးကြီးအရာ၌ ထားကြောင်းကိုလည်း ပြောကြား၏၊ သူဌေးသည် ထိုစကားကိုကြားလျှင် 'ဤသို့ဖြစ်သော် ငါ့အား အဘယ်ကြောင့် မပြောဆို သနည်း။ ငါ့အဆွေ၏ သမီးသည် ငါ့သမီးမည်တော့သည်'ဟု ဆို၍ သတို့သမီးကိုခေါ်စေပြီးလျှင် ဤသို့မေး၏။

"ချစ်သမီး။ ဘဒ္ဒာဘီ၏ သမီးဟုတ်မှန်သလော"

"ခေါင်။ မှန်ပါသည်"

"သို့ဖြစ်လျှင် မစိုးရိမ်လင့်။ သင်ချစ်သမီးသည် ငါ့သမီးပင်ဖြစ်တော့သည်"

ဤသို့ပြောဆို၍ ဃောသက သူဌေးသည် သတို့သမီး၏ ဦးခေါင်း၌ နမ်းရှုံ၍ အခြွေအရံအလို့ငှါ မိန်းမငါးရာတို့ပေးအပ်ပြီးနောက် မိမိ၏ သမီးအကြီးအရာ၌ထား၏။

ထိုဃောသက သူဌေးကား သာမာဝတီကို မွေးစားသည့် ကျေးဇူးရှင်တယောက်ဖြစ်၏။ထိုသူဌေး၏ ဘဝဖြစ်စဉ်မှာလည်း စိတ်ဝင်စားဘွယ်ရာ လွန်စွာဆန်းကြယ် မှတ်သားဘွယ်လည်း ကောင်း၏၊

## ဗေါသကသူဌေး

အလ္လကပ္ပတိုင်း၌ ငတ်မွတ်ခေါင်းပါးခြင်း ဖြစ်လတ်သော် အသက်မွေးရန်မတတ်နိုင်သော ကောဋုဟလိကအမည်ရှိသူသည် သားငယ် ကာဠိနှင့်မယား ကာဠီတို့ကိုခေါ်၍ 'ကောသမ္ဗီပြည် သို့သွား၍ အသက်မွေးတော့မည်'ဟု ကြံပြီးလျှင် ရိက္ခာကိုယူ၍ အိမ်မှထွက်ခဲ့၏။ (အချို့ကမူ ယင်းအနာ ကြောင့် ထွက်သည် ဟူ၏) ထိုလင်မယားတို့သည် ခရီးသွားစဉ်ပင် ရိက္ခာကုန်သော ကြောင့် ဆာလောင်မွတ်သိပ် ခြင်း ဖြင့် နှိပ်စက်လေရကား သားငယ်ကိုဆောင်ကြဉ်းရန် မတတ်နိုင်ကြတော့ကုန်၊ ထိုအခါ လင်ဖြစ်သူသည် ဤသို့ဆို၏။

"ရှင်မ။ ငါတို့အသက်ရှင်ကြသော် နောက်ထပ်သားသမီးကို ရကြပါလိမ့်ဦးမည်။ ဤသားငယ်ကို စွန့်ပစ်၍ သွားကြကုန်အံ့"

ထိုအခါ မိခင်၏စိတ်သည် နူးညံ့ရကား၊ ဤသို့ဆို၏။

"အကျွန်ုပ်ကား အသက်ရှင်နေသော သားကို မစွန့်ပစ်နိုင်ပါ"

"သို့ဖြစ်လျှင် အသို့ပြုကြမည်နည်း"

"သားကလေးကို အလှည့်ကျ ဆောင်ကြဉ်းကြပါမည်"

ထိုနောက် မိခင်သည် မိမိအလှည့်၌ သားငယ်ကို ပန်းကုံးကဲ့သို့မြှောက်ချီ၍ ရင်၌အိပ်စေပြီးလျှင်ရင်ခွင်ဖြင့်ဆောင်ကြဉ်း၍ ဖခင်ဖြစ်သူအားပေးအပ်၏။ ဖခင် ဖြစ်သူသည် ထိုသားငယ်ကို

ဆောင်ကြဉ်း၍သွားသောအခါ ဆာမွတ်ခြင်းထက် အားကြီးသော ပင်ပမ်းဆင်းရဲခြင်းသည်ဖြစ်၏။ ဖခင်သည်သားကို စွန့်ပစ်ခဲ့ရန် အဖန်ဖန်ပြော၏။ မိခင်လည်း အကြိမ်ကြိမ် ငြင်းပယ်ပြီးနောက် စကားတုံ့မပြန်ဘဲသာ နေတော့၏။ သူငယ်သည် အလှည့်ကျ ပြောင်းရွှေ့ရသဖြင့် ပင်ပမ်းနွမ်းနယ်လျက် ဖခင်၏လက်၌ အိပ်ပျော်လေ၏။ ဖခင်သည် သူငယ်အိပ်ပျော်သည်ကိုသိ၍ မယားကို ရှေ့မှသွားစေပြီးလျှင် ချုံတခု၏ အောက်၌ သစ်ရွက်အခင်းဝယ် သိပ်ထားခဲ့၍ ထွက်သွား၏။ မိခင်သည် လှည့်၍ကြည့်သောအခါ သားကိုမမြင်၍ စိုးရိမ်လျက် ဤသို့မေး၏။

"အရှင် အကျွန်ုပ်သား အဘယ်မှာနည်း"

"ချုံတချုံအောက်၌ သိပ်ထားခဲ့ပြီ"

"အကျွန်ုပ်ကို မဖျက်ဆီးပါလင့်။ သားနှင့်ကင်း၍ အသက်ရှင်နိုင်မည် မဟုတ်ပါ။အကျွန်ုပ်သားကိုဆောင်ယူပေးပါလော့"

မိခင်ဖြစ်သူသည် ဤသို့ပြောဆိုလျက် ရင်ကိုထု၍ငိုကြွေး၏။ ထိုအခါ ဖခင်ဖြစ်သူသည် ပြန်၍ သားကို ဆောင်ယူခဲ့ရ၏။ ထို့နောက်သားငယ်လည်း ခရီးအကြား၌ပင်ပမ်းနွမ်းနယ်၍သေဆုံးလေ၏။ ဤသို့လျှင် ထိုသူဆင်းရဲသည် ဤ မျှ လောက် သော အရပ်၌ သားကို စွန့်ပစ်ခဲ့ခြင်းကြောင့် ထိုကံ၏ အကျိုးဆက်အားဖြင့် ဘဝတပါး၌ ခုနစ်ကြိမ်တိုင်တိုင် စွန့်ပစ်ခံခဲ့ရ၏။ 'ဤမကောင်းမှုကံကား အနည်းငယ် မျှသာ' ဟု အောက်မေ့အပ်ပေ။

ထိုလင်မယားတို့သည် ဆက်လက်သွားကြလေသော် နွားကျောင်းသား အိမ်တအိမ်သို့ ရောက်ကြလေ၏။ထိုနေ့၌ပင် နွား

ကျောင်းသားအား‘မေနုမင်္ဂလာခေါ်’န္တားမှ မင်္ဂလာပွဲပြုလုပ်၏။ န္တားကျောင်းသားအိမ်၌ ပစ္စေကဗုဒ္ဓါတပါးသည်လည်းအမြဲဆွမ်းဘုန်းပေး၏။န္တားကျောင်းသားသည် ထိုပစ္စေကဗုဒ္ဓါအား ဆွမ်းကျွေး၍ မင်္ဂလာပြု၏။ နို့ဃနာ အများအပြားပင် စီမံထား၏။ န္တားကျောင်းသားသည် ရောက်လာကြသော ထိုလင်မယားကို မြင်၍‘အဘယ်အရပ်မှလာကြသနည်း’ဟုမေး၏။ထိုလင်မယားတို့ လာခဲ့ခြင်းအကြောင်းအလုံးစုံကိုကြားရလေသော် န္တားကျောင်းသားသည် စိတ်နှလုံးနူးညံ့သော အမျိုးကောင်းသားဖြစ်သောကြောင့် သနားကြင်နာမှုကိုပြု၍ ထောပတ်နှင့်တကွ နို့ဃနာ အများအပြားကို ပေးစေ၏။

မယား ဖြစ်သူသည် ‘အရှင်-အရှင်တို့ အသက် ရှင်သော် အကျွန်ုပ်လည်း အသက်ရှင်သည် မည်ပါတော့သည်။အရှင်သည် နေ့ရက်များစွာ ဝမ်းမဝခဲ့ပါ။ အလိုရှိတိုင်းစားပါလော့’ဟုဆို၍ ထောပတ်ကိုရင်း၊ နို့ဓမ်းကိုရင်း၊ လင်ယောကျ်ား ရှေ့သို့သာ ထားပေး၍ မိမိမူကား သောပတ်အနည်းငယ်နှင့် နို့ဃနာ အနည်းငယ်မျှကိုသာ စား၏။

လင်ဖြစ်သူသည် များစွာစားပြီးနောက် ခုနစ်ရက်ရှစ်ရက် ဆာလောင်မွတ်သိပ်ခဲ့ခြင်းကြောင့် အဟာရတဏှာ ခေါ်အစာ၌ မက်မောမှုကို မဖြတ်နိုင် ဖြစ်လေ၏။ အလွန်အကျွံစား၏။ န္တားကျောင်းသားလည်း ထိုလင်မယားအား ပေးကမ်းစေပြီးနောက် မိမိကိုယ်တိုင်စားရန် အားထုတ်၏။ ကောတုဟလိကသည် န္တားကျောင်းသားကိုကြည့်လျက် ထိုင်နေ၏။ န္တားကျောင်းသားသည် ညောင်စောင်းအောက်၌ ဝပ်နေသော ခွေးမအား ကျွေးရန်ခပ်ယူလိုက်သော နို့ဃနာခဲကို ကောတုဟလိက မြင်လေလျှင်

"ဤခွေးမကား ဘုန်းကံရှိပေစွ။သို့သောအစာကို ဤအမြဲတန်း ရပေသည်"ဟု ကြံ၏။ ကောတုဟလိကသည် ထိုနေ့စားသော နို့ဃနာကို အစာကျေစေရန် မတတ်နိုင်သည်ဖြစ်၍ ထိုည၌ပင် သေဆုံးပြီးလျှင် ထိုခွေးမ၏ ဝမ်း၌ဖြစ်လေ၏။

ထိုအခါ မယားဖြစ်သူသည် ကောတုဟလိက၏ အလောင်းကို သင်္ဂြိုလ်ပြီးနောက် နွားကျောင်းသား အိမ်၌ပင် အခစား ပြုလုပ်၍ ဆန်တစလယ်ကိုရလျှင် ချက်၍ ပစ္စေကဗုဒ္ဓါ၏ သပိတ်၌လောင်း၍ ဤသို့အမျှဝေ၏။

"ဤကောင်းမှုသည် အရှင်ဘုရားတို့၏ ကျေးကျွန်သို့ ရောက်ပါစေသတည်း"

ထို့နောက် ထိုမိန်းမသည်

"ငါသည်ဤအိမ်၌သာနေရန်သင့်၏။ ပစ္စေကဗုဒ္ဓါအရှင်သည် အမြဲ ဤအိမ်သို့ကြွလာ၏၊ လှူစရာရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ နေ့တိုင်းရှိခိုးရသော်၊ အမှုကြီးငယ်ကိုပြုလုပ်ရသော်၊ စိတ်ကြည်ညိုသော် များစွာသော ကောင်းမှုကုသိုလ် ဖြစ်ပွားပေလိမ့်မည်"ဟု အကြံဖြစ်၍ ထိုနွားကျောင်းသား အိမ်၌ပင် အခစား အစေခံ ပြုလုပ်၍ နေထိုင်၏၊

ထိုခွေးမသည်လည်း ခြောက်လ ခုနှစ်လမြောက်၌ ခွေးငယ်တကောင်ကိုသား မွေးဖွား၏။ နွားကျောင်းသားသည် ထိုခွေးငယ်အား နွားမတကောင်၏ နို့ရည်ကိုတိုက်ကျွေး၏။ ခွေးငယ်လည်း မကြာမြင့်မီပင် ကြီးထွားလာလေ၏။ ထိုအခါ ပစ္စေကဗုဒ္ဓါသည် ဆွမ်းဘုဉ်းပေးတော်မူသည်ဖြစ်သော် အမြဲတန်း ဆွမ်းခဲတခဲကို ထိုခွေးမအား ပေးတော်မူ၏။ ခွေးငယ်သည် ဆွမ်းခဲကို အကြောင်းပြု၍ ပစ္စေကဗုဒ္ဓါ၌ ချစ်ခင်၏။ နွားကျောင်းသား

လည်း အမြဲ တနေ့နှစ်ကြိမ် ပစ္စေကဗုဒ္ဓါအားဆည်းကပ်ရန်သွား၏။သွားသောအခါခရီးအကြား၌သားရဲတိရစ္ဆာန်ရှိရာအရပ်ဝယ် ဒုတ်ဖြင့် ချုံတို့ကိုရင်း၊ မြေကြီးကိုရင်း ရိုက်နှက် ပုတ်ခတ်၍ 'ရှူး ရှူး'ဟု သုံးကြိမ် အသံပြုပြီးလျှင် သားရဲ တိရစ္ဆာန်တို့ကို ပြေးစေ၏၊ ခွေးငယ်လည်း နွားကျောင်းသားနှင့် အတူတကွ ပစ္စေကဗုဒ္ဓါကျောင်းသို့ လိုက်လေ့ရှိ၏။ တနေ့သော အခါ နွားကျောင်းသားသည် ပစ္စေကဗုဒ္ဓါအား ဤသို့လျှောက်၏။

"အရှင်ဘုရား။ အကျွန်ုပ် မလာအားသောအခါ၌ ဤခွေးကို လွတ်လိုက်ပါမည်။ ထိုအမှတ်သညာဖြင့် အရှင်ဘုရားကြွလာတော်မူပါလော့"

ထိုအခါမှစ၍ မအားမလပ်သောနေ့၌ "ချစ်သားသွားလော့ အရှင်ပစ္စေကဗုဒ္ဓါကို ပင့်ဆောင်ချေလော့"ဟု စေလွှတ်၏။ ထိုခွေးသည် တခွန်းထည်းသော စကားဖြင့် ပြေးသွား၍ ချုံကို ပုတ်ရာအရပ်၊မြေကိုရိုက်ရာအရပ်တို့၌သုံးကြိမ်ဟောင်၍ထိုဟောင်သံဖြင့် သားရဲတိရစ္ဆာန်များ ပြေးသွားကြပြီဟုသိပြီးမှ ပစ္စေကဗုဒ္ဓါ၏ သီတင်းသုံးတော်မူသော အရပ်သို့သွား၏။ ရောက်သောအခါ နံနက်စောစောကပင် ကိုယ်လက်သုတ်သင်ခြင်းကို ပြု၍ ကျောင်းသခ်မ်းသို့ ဝင်၍ ထိုင်နေတော်မူသော ပစ္စေကဗုဒ္ဓါ၏ သီတင်းသုံးရာအရပ်သို့သွား၍ ကျောင်းသခ်မ်းတံခါး၌ သုံးကြိမ်တိုင်တိုင် ဟောင်သံပြု၍ မိမိလာကြောင်းကို သိစေပြီးလျှင်သင့်ရာ အရပ်၌ဝပ်၏။ ပစ္စေကဗုဒ္ဓါသည် အချိန်အခါကိုမှတ်၍ ထွက်ကြွတော်မူလေသော် ခွေးသည်ရှေ့မှ ဟောင်သံပြုလျက် သွား၏။ ခရီးအကြား၌ ပစ္စေကဗုဒ္ဓါသည် ထိုခွေးကို စုံစမ်းတော်မူလိုရကား တပါးသော ခရီးသို့ ကြွတော်မူ၏။ ထိုအခါ ခွေး

သည် ပစ္စေကဗုဒ္ဓါ၏ရှေ့မှကန့်လန့်ရပ်လျက် ဟောင်သံပြုပြီးလျှင် လမ်းမှန်သို့ ပို့ဆောင်၏။ တနေ့သောအခါ ပစ္စေကဗုဒ္ဓါသည် တပါးသောခရီးကိုကြွတော်မူ၍ခွေးသည်ရှေ့ကန့်လန့်ရပ်၍တားသော်လည်း မပြန်မူ၍ ခွေးကိုခြေဖြင့်ကန်၍ ကြွသွားတော်မူ၏။ ခွေးသည် ပစ္စေကဗုဒ္ဓါ ပြန်လှည့်တော်မမူသည်ကိုသိ၍ ခါးဝတ်သင်္ကန်းစွန်း၌ ကိုက်၍ ဆွဲငင်လျက် ပစ္စေကဗုဒ္ဓါကို လမ်းမှန်သို့ ပို့ဆောင်၏။ ဤသို့လျှင် ထိုခွေးသည် ပစ္စေကဗုဒ္ဓါ ၌ ကြီးစွာသော ချစ်ခင်ခြင်းကို ဖြစ်စေ၏။

ထိုမှ နောက်အခါ၌ ပစ္စေကဗုဒ္ဓါ၏ သင်္ကန်းသည်ဆွေးမြေ့၏။ ထိုအခါ နွားကျောင်းသားသည် သင်္ကန်းလျာအဝတ်တို့ကို လှူ၏။ ပစ္စေကဗုဒ္ဓါအရှင်မြတ်လည်း ဤသို့မိန့်တော်မူ၏။

"ဒကာ။ သင်္ကန်းမည်သည်ကို တဦးထည်း ချုပ်လုပ်ရန် ခဲယဉ်း၏။ ချမ်းသာရာအရပ်သို့သွား၍ ချုပ်လုပ်စေအံ့"

"အရှင်ဘုရား။ ဤအရပ်၌သာ ချုပ်လုပ်တော် မူပါလော့"

"ဒကာ။ ဤအရပ်၌ ချုပ်လုပ်ရန် မတတ်နိုင်"

"အရှင်ဘုရား။ သို့ဖြစ်လျှင် တခြားအရပ်၌ ကြာမြင့်စွာ နေတော်မမူပါလင့်"

ခွေးသည် ပစ္စေကဗုဒ္ဓါနှင့် နွားကျောင်းသားတို့၏ စကားကို နားထောင်လျက် ရပ်၏။ ပစ္စေကဗုဒ္ဓါလည်း 'တကာ နေရစ်လော့'ဟု နွားကျောင်းသားကို ပြန်စေပြီးလျှင် ကောင်းကင်သို့ ပြန်တက်၍ ဂန္ဓမာဒနတောင်သို့ ရှေ့ရှု၍ ကြွတော်မူ၏။ ခွေးသည် ကောင်းကင်ဖြင့် ကြွသွားသော ပစ္စေကဗုဒ္ဓါကို ကြည့်၍ အူသံပြုလျက်ရပ်၏။ ပစ္စေကဗုဒ္ဓါသည် မျက်စိတဆုံးသို့ ရောက်သောအခါ ခွေးသည် နှလုံးသားကွဲအက်၍ သေဆုံးလေ၏။ ဤ

တိရစ္ဆာန်တို့မည်သည် ဖြောင့်မတ်သောသဘော ရှိကြကုန်၏။ မကောက်ကျစ်ကြကုန်။ လူတို့ကား စိတ်ကတခြားကြံ၍ နှုတ်က တခြား ပြောဆိုကြကုန်၏။ ထို့ကြောင့် ရှုပ်ထွေးသော အရာဟူသည် လူသားတို့ ဖြစ်ကြပါသည်။ ပေါ်လွင်သော အရာဟူသည် တိရစ္ဆာန်တို့ ဖြစ်ကြပါသည်ဟု ဆင်စီးသူရဲသား ပေဿသည် မြတ်စွာဘုရားအား လျှောက်ဘူး၏။ ဤသို့လျှင် ထိုခွေးသည် ဖြောင့်မတ်သောစိတ်ရှိခြင်း၊ မကောက်ကျစ်ခြင်းကြောင့် သေလွန်ပြီးနောက် တာဝတိံသာနတ်ပြည်၌ဖြစ်၍ နတ်သမီးတထောင် ခြံရံလျက် ကြီးစွာသောစည်းစိမ်ကို ခံစားရ၏။

နားချင်း၌ကပ်၍ တိုးတိုးသာသာပြောဆိုသော ထိုနတ်သား ၏အသံသည် တဆယ့်ခြောက်ယူဇနာ အရပ်တိုင်အောင် ပျံ့နှံ့၏။ ပြကတေ့ပြောဆိုသောအသံကား ယူဇနာတသောင်းကျယ်သော တာဝတိံသာနတ်မြို့အလုံးကို ဖုံးလွှမ်း၏။ ထို့ကြောင့်ပင် ထိုနတ်သားအား 'ဃောသက' နတ်သားဟူသော အမည်သည် ဖြစ်၏။ အဘယ်ကောင်းမှု၏ အကျိုးဆက်နည်း ဟူမူကား ပစ္စေကဗုဒ္ဓါ၏ ချစ်ခြင်းဖြင့် ဟောင်သံပြုခြင်း၏ အကျိုးဆက်တည်း။ ထိုနတ်သားသည် တာဝတိံသာနတ်ပြည်၌ မကြာမမြင့်ဘဲ စုတေခဲ့ရ၏။

အကြောင်းမူကား နတ်သားတို့သည် အသက်တမ်းကုန်ခြင်းကြောင့်ရင်း၊ ကုသိုလ်ကုန်ခြင်းကြောင့်ရင်း၊ အဟာရဓာတ်ကုန်ခြင်းကြောင့်ရင်း၊ အမျက်ထွက်ခြင်းကြောင့်ရင်း၊ ဤလေးပါးသောအကြောင်းတို့ကြောင့် စုတေကြရကုန်၏။

(၁) ထိုလေးပါးတို့တွင် အကြင်သူသည် များသော ကုသိုလ်ကောင်းမှုကို ပြုခဲ့၏။ ထိုသူသည် နတ်ပြည်၌ဖြစ်၍ အသက်

တမ်းအဆုံးတိုင် တည်နေပြီးလျှင် အဆက်အဆက်နတ်ပြည်တို့၌ ဖြစ်၏။ဤသို့ စုတေခြင်းကား အသက်တမ်းကုန်သောကြောင့် စုတေရခြင်းမည်၏။

(၂) အကြင်သူသည် အနည်းငယ်သော ကုသိုလ်ကောင်းမှုကို ပြုခဲ့၏။ ထိုသူ၏ ကုသိုလ်ကောင်းမှုသည် မင်း၏ စပါးကျီ၌ ထည့်အပ်သော သုံးလေးစလယ်မျှသော စပါးကဲ့သို့ အသက်တမ်း မကုန်မီအတွင်း၌ပင် ကုန်ခမ်း၏။ အသက်တမ်း မကုန်မီအတွင်း၌ပင် စုတေရ၏။ ဤသို့ စုတေခြင်းကား ကုသိုလ်ကံကုန်ခြင်းကြောင့် စုတေရခြင်း မည်၏။

(၃) တပါးသောနတ်သားသည်လည်း ကာမဂုဏ်တို့ကို ခံစားလျက် သတိမေ့လျော့ သဖြင့် အစာအဟာရကို မစားခြင်းကြောင့် ကိုယ်ကာယ နွမ်းနယ်၍ စုတေရ၏။ ဤသို့ စုတေခြင်းသည် အဟာရဓာတ်ကုန်ခြင်းကြောင့် စုတေရခြင်းမည်၏။

(၄) တပါးသော နတ်သားသည်လည်း သူတပါး၏ စီးစိမ်ကိုလည်းမခံနိုင်သည်ဖြစ်၍ အမျက် ဒေါသထွက်၍စုတေရ၏။ ဤသို့စုတေခြင်းသည် အမျက်ထွက်ခြင်းကြောင့် စုတေရခြင်း မည်၏။

ဤသောသကနတ်သားကား ကာမဂုဏ်ခံစားလျက် သတိမေ့လျော့သည်ဖြစ်၍ အဟာရဓာတ် ကုန်ခမ်းခြင်း ကြောင့် စုတေရ၏။ စုတေပြီးနောက်၌ကား ကောသမ္ဗီပြည် ပြည့်တန်ဆာမ၏ဝမ်း၌ပဋိသန္ဓေယူ၏။ပြည့်တန်ဆာမလည်းဖွားမြင်သောနေ့၌ ကျွန်မကိုမေး၍ ‘သားယောကျ်ားလေး ဖြစ်ပါသည်’ ဟု ဆိုသော် ‘ဤကလေးကို စကာစုတ်၌ထည့်၍ အမှိုက်ပုံ၌ပစ်ချေ’

ဟု ဆိုကာ စွန့်ပစ်စေ၏။ ပြည့်တန်ဆာမ တို့ကား သမီးမိန်းကလေးကိုသာ မွေးကြကုန်၏။ သား ယောကျ်ားကလေးကိုမမွေးမြူကြကုန်၏။ အကြောင်းမူကား သမီးမိန်းကလေးသည် ပြည့်တန်ဆာမတို့၏ အရိုးအစဉ်ကို မပျက်စီးစေဘဲ ဆက်စပ်နိုင်၏။ ထိုသူငယ်ကို ကြီးတို့သည်ရှင်း ခွေးတို့သည်ရှင်း၊ ဝိုင်းရံ၍နေကြကုန်၏။ ပစ္စေကဗုဒ္ဓါအရှင်မြတ်၌ ချစ်ခြင်းကြောင့် ဖြစ်သောဟောင်သံပြုခြင်း၏အကျိုးဆက်အားဖြင့် တကောင်မျှ အနားသို့မကပ်ဝံ့ပေ။ ထိုခဏ၌ ယောကျ်ားတယောက်သည် အပြင်သို့ထွက်လေသော် ကျီးနှင့် ခွေးများ စုရုံးနေသည်ကိုမြင်၍ 'အဘယ်အရာဖြစ်လေသနည်း' ဟု သွား၍ကြည့်၏။သူငယ်ကိုမြင်သော် သားဟူသော ချစ်ခြင်းကိုရ၍ 'ငါ့အား သားတယောက်ရပြီ' ဟု အိမ်သို့ယူဆောင်၏။

ထိုအခါ ကောသမ္ဗီသူဌေးသည် နန်းတော်သို့သွားလေသော် နန်းတော်မှလာသော ပုရောဟိတ်ကိုတွေ့၍ ဤသို့မေး၏။

"ဆရာ။ အသို့နည်း ယနေ့တိတိပြုသော နက္ခတ်အစဉ်ကိုကြည့်ပါ၏လော့"

"သူဌေးကြီး ကြည့်ပေ၏။ အခြား ဘာကိစ္စရှိသေးသနည်း"

"အခြားကိစ္စမရှိပါ။ တိုင်းပြည်အတွက်အသို့ဖြစ်နိုင်သနည်း"

"အခြား အကြောင်းကားမရှိပါ။ ဤမြို့၌ ယနေ့မွေးဖွားသောကလေးသည် သူဌေးကြီးဖြစ်လိမ့်မည်"

ထိုအချိန်၌ သူဌေးကြီး၏ မယားသည် ကိုယ်ဝန်အရင့်အမာရှိသူဖြစ်၏။ ထို့ကြောင့် သူဌေးသည် ယောကျ်ားတယောက်ကိုလျင်မြန်စွာ အိမ်သို့စေလွှတ်၍ မယားဖြစ်သူမွေးဖွားသည် မမွေးဖွားသည်ကိုကြည့်စေ၏။ မီးမဖွားသေးကြောင်းကို သိရသော

အခါ မင်းကြီးကိုဖူးမြင်၍ အိမ်သို့အလျှင်အမြန်ပြန်သွား၏ အိမ်သို့ရောက်လျှင် ကျွန်မ ကာနိုကိုခေါ်၍ အသပြာတထောင်ပေးပြီးလျှင် ဤသို့ စေခိုင်း၏။

"ကာနိ သွားလော့။ ဤမြို့၌ စုံစမ်း၍ ယနေ့ မွေးဖွားသောသူငယ်ကိုတွေ့လျှင် အသပြာ တထောင်ပေး၍ ခေါ်ဆောင်ခဲ့လော့"

ကျွန်မ ကာနိသည် လှည့်လည် စုံစမ်းလေသော် ထိုအိမ်သို့ရောက်၍ သူငယ်ကိုမြင်လျှင် ဤသို့မေး၏။

"ဤသူငယ်သည် အဘယ်နေ့၌ မွေးလှာလေသနည်း"

"ယနေ့ပင် ဖွားလာသူ ဖြစ်ပါသည်"

"ဤသူငယ်ကို ငါ့အား ပေးပါလော့"

ဤသို့ဆို၍ အသပြာတကျပ်မှ တိုး၍ တိုး၍ကလေးဖိုးအဖြစ် အသပြာ တထောင်တိုင်အောင် ပေးခဲ့၍ သူငယ်ကိုဆောင်ယူပြီးလျှင် သူဌေးအားပြပေ၏။ သူဌေးလည်း အကယ်၍ ငါ့အား သမီးမိန်းကလေး မွေးဖွားလာလျှင် သမီးနှင့် ဤသူငယ်ကို အတူတကွ ထိမ်းမြား၍ သူဌေးအရာကို ပေးအပ်မည် 'ငါ့အား သားယောကျ်ားကလေး မွေးဖွားလာလျှင်ဤသူငယ်ကို သေစေမည်" ဟု ကြံ၍ အိမ်မှာထား၏။

ထိုနောက် သူဌေး၏ မယားသည် လေး ငါးရက်လွန်သောအခါ၌ သားယောကျ်ားကလေး ဖွားမြင်၏။ သူဌေးသည် ဤသူငယ်မရှိလျှင် ငါ့သားသည် သူဌေးအရာကို ရလတံ့။ ယခုပင် ဤသူငယ်ကိုသေစေအံ့။ ဟု ကြံပြီးလျှင် ကျွန်မ ကာနိကို ခေါ်၍ ဤသို့စေခိုင်း၏။

"ကာနို သွားလော့။ နွားခြံမှ နွားများ၏ ထွက်သောအခါ၌ နွားခြံတခါးပေါက် အလည်၌ ဤသူငယ်ကို ကန့်လန့်သိပ်ထားလော့။ နွားမတို့နင်း၍ သတ်လိမ့်မည်၊ နွားနင်းသည် မနင်းသည်ကိုလည်း သိရပြီးမှ လာခဲ့လော့"

ကာနိုသည် နွားခြံသို့သွား၍ နွားကျောင်းသားသည် နွားခြံတခါးကို ဖွင့်ကာမျှ၌သာလျှင် ထိုသူငယ်ကို သူဌေးမှာတိုင်းသိပ်ထား၏။ နွားအပေါင်းတို့၏ အကြီးအမှူးဖြစ်သော နွားလားဥသဘသည် တပါးသောအခါ၌ နောက်ဆုံးမှ ထွက်သော်လည်း ထိုနေ့၌ကား ရှေ့ဆုံးမှ ထွက်လာ၍ သူငယ်ကို ခြေလေးချောင်းတို့၏ အလည်၌ထား၍ရပ်၏။ တရာမကများပြားလှသော နွားမတို့သည် ဥသဘ၏ နံပါးနှစ်ဘက်ကို ပွတ်တိုက်၍ ခြံမှထွက်ကြကုန်၏။ နွားကျောင်းသားလည်း ဤဥသဘသည် ရှေ့၌ နောက်ဆုံးမှထွက်၏။ ယနေ့ကား အရင်ဆုံးထွက်၍ နွားခြံတံခါး၏ အလည်၌ မတုန်မလှုပ်ရပ်၏။ အကြောင်းကား အသို့နည်းဟု ကြံ၍ သွားရောက်ကြည့်ရှု၏။ ဥသဘ၏အောက်၌ အိပ်သောသူငယ်ကိုမြင်လျှင် သားဟူသော ချစ်ခြင်းကိုရ၍ "ငါ့အား သားကလေးရပြီ"ဟု အိမ်သို့ဆောင်ယူလေ၏။

ကာနိုသည် သူဌေးထံ ပြန်သွား၍ ထိုအကြောင်းကို ပြောကြားလေသော် "သွားလော့။ တဖန်တထောင်ပေး၍ ဆောင်ယူခဲ့လော့"ဟု ဆိုသဖြင့် အသပြာတထောင်ကို ပေး၍ ကလေးကို တဖန်ဆောင်ယူခဲ့၍ သူဌေးအား ပေးပြန်၏။ ထိုအခါ သူဌေးသည် ဤသို့ဆို၏။

"အမိကာနို။ ဤမြို့၌ လှည်းငါးရာတို့သည် နံနက်မိုးသောက်သောအခါ၌ ထ၍ ကုန်သွယ်သွားကြကုန်၏။ သင်သည် ဤသူ

ငယ်ကို ဆောင်ယူ၍ လှည်းလမ်း၌ သိပ်ထားလော့။ နွားတို့သော်ငင်း နင်းကြလိမ့်မည်၊ လှည်းဘီးသော်ငင်း နင်းဖြတ်လိမ့်မည်။ သူငယ်၏အဖြစ်ကိုလည်း သိရပြီးမှသာ လာခဲ့လော့"

ကာဠိသည် သူငယ်ကိုဆောင်ယူ၍ လှည်းလမ်း၌ သိပ်၏။ ထိုအချိန်၌ လှည်းမှူးသည် ရှေ့ဆုံးမှထွက်၏။ ထိုအခါ နွားတို့သည် ထိုအရပ်သို့ရောက်လေသော် လှည်းထမ်းပိုးကိုမှ စွန့်ပစ်ကြကုန်၏။ အဖန်ဖန်ထမ်းပိုးတင်၍ မောင်းပါသော်လည်း ရှေ့သို့မသွားကြကုန်။လှည်းမှူးသည် ဤသို့ထမ်းပိုးတတ်ရင်းပင် အာရုဏ်တက်လေ၏။ ထိုအခါ နွားတို့သည် အဘယ်ကြောင့် ဤသို့ပြုကြသနည်း"ဟု လမ်းကိုကြည့်လေသော် သူငယ်ကိုမြင်၍ "ငါ့အပြုအမူကား ဝန်လေးစွတကား" ဟု ကြံပြီးလျှင် "ငါ့သားကလေးရပြီ"ဟု ခမ်းမြောက်ဝမ်းသာ အိမ်သို့ ဆောင်ယူလေ၏။

ကာဠိသည် သူဌေးထံပြန်သွား၍ ထိုအကြောင်းကို ပြောကြားလေသော် "သွားလော့။ တဖန် တဆောင်ပေး၍ ထိုသူငယ်ကို ဆောင်ယူခဲ့လော့"ဟု ဆိုသဖြင့် သူဌေးဆိုတိုင်းပြု၏။ ထိုအခါ သူဌေးသည် ဤတို့ ဆိုပြန်၏။

"ယခုအခါ ဤသူငယ်ကို သူကောင်းစိမ်းပစ်ရာ သင်္ချိုင်းသို့ ဆောင်ယူ၍ ချုံကြား၌ သိပ်ထားလော့။ ထိုနေရာ၌ ခွေးတို့သည် စား၍သော်ငင်း၊ ဘီလူး တစ္ဆေတို့ ပုတ်ခတ်၍သော်ငင်း သေလတံ့။ သေသည် မသေသည်ကိုလည်း သိရပြီးမှ လာခဲ့လော့"

ကာဠိသည် သူငယ်ကိုယူဆောင်၍ ထိုသုသာန် ချုံထဲ၌ သိပ်ထားပြီးလျှင် သင့်လျော်ရာက စောင့်နေ၏။ ထိုသူငယ်ကို

ခွေးသည်ရင်း၊ ကျီးသည်ရင်း၊ ဘီလူးတစ္ဆေသည်ရင်း၊ မချဉ်းကပ်ဝံ့ပေ။အမိ ၊အဖ ၊အကိုစသည် တစုံတယောက်မျှမစောင့်ရှောက်ဘဲ အဘယ်သူစောင့်ရှောက်ယနည်းဟူမူ ခွေးဖြစ်သောအခါ ပစ္စေက ဗုဒ္ဓါ၌ ချစ်ခြင်းစသည် ဖြစ်စေအပ်သော ဟောင်သံပြုခြင်းမျှ သည်ပင် ထိုသူငယ်ကို စောင့်ရှောက် ပေ၏။ ထိုအခါ ဆိတ်ကျောင်းသားတယောက်သည် အထောင်မကသော ဆိတ်တို့ကို စားကျက်သို့ မောင်းနှင်လေသော် သုသာန်နံသေးဖြင့် မောင်းသွား၏။ ဆိတ်မတကောင်သည် သစ်ရွက်တို့ကို စားလျက် ချုံ့ထဲသို့ ဝင်လေသော် သူငယ်ကိုမြင်၍ ဒူးထောက်ပြီးလျှင် သူငယ်အား နို့တိုက်၏။ ဆိတ်ကျောင်းသားသည် 'ဟေး ဟေး' ဟု အသံပြုသော်လည်း ဆိတ်မကား မထွက်ပေ။ ဆိတ်ကျောင်းသားသည် ဆိတ်မကို ဒုတ်ဖြင့် ရိုက်၍ ထုတ်မည်ဟု ချုံ့တွင်းသို့ ဝင်လေသော် ဒူးထောက်၍ သူငယ်ကို နို့တိုက်နေသောဆိတ်မကိုမြင်လျှင် 'သား'ဟူသော ချစ်ခြင်းကိုရ၍ 'ငါ့သားကလေး ရပြီ'ဟု ယူ၍သွားလေ၏။

ကာလီသည် သူဌေးထံပြန်သွား၍ ထိုအကြောင်းကို ပြောကြားလေသော် 'သွားလော့တဖန်။ တဆောင်ပေး၍ ထိုသူငယ်ကို ဆောင်ယူခဲ့လော့'ဟုဆိုသဖြင့် သူဌေးဆိုတိုင်းပြု၏။ ထိုအခါ သူဌေးသည် ဤသို့ဆိုပြန်၏။

"အမိကာဠိ ။ဤသူငယ်ကိုယူ၍ ခိုးသူသတ်ရာချောက်ကမ္ဘားပြတ်ရှိသော တောသို့တက်၍ ချောက်ကမ္ဘားပြတ်၌ ပစ်ချလော့။ တောင်ထွမ်း၌ ထိခိုက်၍ အပိုင်း အပိုင်း ဖြစ်ပြီးလျှင် မြေသို့ကျလတံ့။ သေသည် မသေသည်ကိုလည်း သိရပြီးမှ လာခဲ့လော"

ကာန္နီသည် သူငယ်ကို ခိုးသူသတ်ရာ တောင်သို့ဆောင်ယူ၍ တောင်ထိပ်၌ ရပ်လျက် ပစ်ချ၏။ ထိုတောင်ဝှမ်းကို အမှီပြု၍ ပေါက်သော ဝါးရုံကြီးတခုသည် တောင်ကို အစဉ်လိုက်၍ ကြီးပွား၏။ ထိုဝါးရုံကြီး၏အဖျား၌ တခဲနက်ထူပစ်သော ချင်ရွေးချုံသည် လွှမ်း၍နေ၏။ သူငယ်သည် တောင်ထိပ်မှ ကျလေသော် ကော်ဇော၌ကျသကဲ့သို့ ထိုချင်ရွေးချုံ၌ ကျ၏။ ထိုနေ့၌ပင် ကျူထရံသည် အကြီးအကဲ ဖြစ်သူအား ဝါးတည်းဟူသော အခွန်တော်ကျရောက်၏။ ထိုကျူထရံသည်ကြီးသည် သားနှင့်အတူတကွသွား၍ ထိုဝါးရုံကြီးကို ခုတ်ဖြတ်ရန် အားထုတ်၏။ ဝါးရုံလှုပ်လေသော် သူငယ်သည် အသံပြု၏။ ကျူထရံသည်ကြီးသည် ကလေးသံနှင့် တူသည်ဟု တောင်နံရံ တဘက်ဖြင့် တက်၍ကြည့်၏။ သူငယ်ကို မြင်သောအခါ ငါ့သားကလေး ရပြီဟု ဝမ်းမြောက်ဝမ်းသာ ယူ၍သွားလေ၏။

ကာန္နီသည် သူဌေးထံပြန်၍ ထိုအကြောင်းကို ပြောကြားလေသော် 'သွားလေ့ တဖန်။ တထောင်ပေး၍ ထိုသူငယ်ကို ဆောင်ယူခဲ့လေ' ဆိုသဖြင့် သူဌေးဆိုတိုင်း ပြု၏။ သူဌေးသည် ဤအမှုကို ပြုစဉ်ပင် သူငယ်သည် ကြီးပြင်း၍ 'ဃောသက'ဟု အမည်တွင်လေ၏။ ဃောသကသည် သူဌေး၏မျက်စေ့၌ ဆူးညောင့်ကဲ့သို့ ထင်၏။ မျက်စေ့ဖြင့် တည့်တည့်မျှ မကြည့်ပံ့ဖြစ်လေ၏။ထို့နောက် သူဌေးသည် ဃောသက၏သေကြောင်းကိုသာ ကြံလျက် မိမိ၏သူငယ်ချင်းဖြစ်သော အိုးထိမ်းသည်ထံသို့ သွား၍ ဤသို့ ပြောဆို၏။

"အဆွေ သင်၏အိုးကို ဘယ်အခါ မီးဖုတ်မည်နည်း"

"နက်ဖန် ဖုတ်ပါမည်"

"သို့ဖြစ်လျှင် ဤအသပြာ တထောင်ကို ယူ၍ ငါ၏ကိစ္စ တခုကို ပြုပါလော့"

"အရှင် အဘယ်ကိစ္စနည်း"

"ငါ့အား မွေးစားသားတယောက် ရှိ၏။ ထိုသားကို သင့်ထံသို့ စေလွှတ်လိုက်မည်။ ထိုအခါ သူငယ်ကိုဖမ်းယူ၍ အခမ်းကျင်းသို့သွင်းပြီးလျှင် ပဲကွပ်ဖြင့် အပိုင်းပိုင်း ဖြတ်ပြီးမှ အိုး၌ထည့်၍ အိုးဖုံး၌ဖုတ်ကျီးလော့။ ဤအသပြာ တထောင်လည်း သင့်အဖို့ စရိသာဖြစ်ပါသည်။ ထို့ထက် ပို၍ သင့်အား ပြုသင့်သော ကျေးဇူးကို နောက်အခါ၌ ပြုလုပ်မည်"

"ကောင်းပါပြီ"

သူဌေးသည် နောက်တနေ့၌ ဃောသကကို ခေါ်၍ ဤသို့ဆို၏။

"ငါသည် ယမန်နေ့ အိုးထိန်းသည်အား ကိစ္စတခုကို စေခိုင်းထားခဲ့သည်။ သင်ချစ်သားသည် အိုးထိန်းသည်ထံသို့ သွား၍ ယမန်နေ့က ကျွန်ုပ်ဖခင် စေခိုင်းထားသောကိစ္စကို ပြီးစီးစေလိုသတတ်ဟု ဆိုချေလော့"

ဃောသကသည် "ကောင်းပါပြီ"ဟု ဝန်ခံ၍ ထွက်သွား၏။ ယင်းသို့ သွားသည်ကို သူဌေးသား၏ သားရင်း ဖြစ်သူသည် သူငယ်ဖော်တို့နှင့် ဂုံညှင်းကစားနေစဉ် တွေ့မြင်၏။ ထိုအခါ ဃောသကကို ခေါ်ပြီးလျှင် ဤသို့ဆို၏။

"အစ်ကို အဘယ်သို့ သွားမည်နည်း"

"ဖခင်၏အမှာစကားကိုယူ၍ အိုးထိန်းသည် အထံသို့ သွားမည်"

"ထိုနေရာသို့ ကျွန်ုပ် သွားပါမည်။ ဤသူငယ် တို့သည် ကျွန်ုပ်၏ များစွာသော ဇယ်များကို နိုင်ကြပါသည်။ ထိုဇယ်များကို ပြန်နိုင်အောင်ပြု၍ ကျွန်ုပ်အားပေးပါလော့"

"ငါသည် ဖခင်ကို ကြောက်ပါသည်"

"အစ်ကို မကြောက်ပါလင့်။ ကျွန်ုပ်သည် အမှာစကားကို ယူဆောင်သွားပါမည်၊ ကျွန်ုပ်ကို အများ နိုင်နေကြပါသည်။ ကျွန်ုပ် ပြန်လာသည်တိုင်အောင် ကျွန်ုပ်၏ဇယ်ကို ပြန်နိုင်ပါစေလော့"

ယောသကသည် ဂုံညင်းကစားခြင်း၌ လိမ္မာသတတ်၊ ထိုကြောင့်ပင် သူဌေးသားသည် ယောသကကို ဤသို့ မရမကပြောဆို၏။ ယောသကလည်း 'သို့ဖြစ်လျှင် သင်သွား၍ အိုးထိန်းသည်ကို ကျွန်ုပ်၏ဖခင်သည် ယမန်နေ့က စေခိုင်းထားခဲ့သော ကိစ္စကို ပြီးစီးစေလော့ဟု ဆိုလော'ဟူ၍ သူဌေးသားကို လွှတ်လိုက်၏။ သူဌေးသားသည် အိုးထိန်းသည်ထံသို့သွား၍ မှာလိုက်တိုင်း ပြောဆို၏။ ထိုအခါ အိုးထိန်းသည်သည် သူဌေးသားကို သူဌေးပြောဆိုထားသည့်နည်းဖြင့်သာလျှင်သတ်၍ အိုးဖိုထဲသို့ ပစ်သွင်း၏။ ယောသကလည်း တနေ့လုံးကစား၍ ညနေချမ်းအခါ၌ အိမ်သို့ ပြန်၏။ "ချစ်သား။သင်အဘယ်ကြောင့်မသွားသနည်း" ဟုမေးသော် မိမိမသွားခြင်းအကြောင်းကိုရင်း၊ ညီဖြစ်သူသွားခြင်းအကြောင်းကိုရင်း ပြောကြား၏။ ထိုစကားကို ကြားသော် သူဌေးကြီးသည် 'ငါကား စက်ဆုပ်ဖွယ်ပါတကား'ဟု ကြီးစွာသော မြည်တမ်းခြင်းကို မြည်တမ်း၍ တကိုယ်လုံး၌ သွေးများ ဆူပွက်သကဲ့သို့ ဖြစ်ကာ 'အို အိုးထိန်းသည်။ ငါ့ကို မဖျက်ဆီးပါလင့်'ဟု လက်နှစ်ဖက်တို့ကို မြှောက်၍ ငိုကြွေးလျက် အိုးထိန်း

သည်အထံသို့ သွား၏။ ယင်းသို့ လာသည်ကို မြင်လျှင် အိုးထိန်းသည်လည်း 'အရှင်။ အသံမပြုလင့်၊ အရှင့်ကိစ္စကား ပြီးလေပြီ' ဟုဆို၏။ သူဌေးသည် တောင်ကြီးကဲ့သို့သော သောကသည် လွှမ်းမိုးအပ်သည် ဖြစ်၍ မပြစ်မှားအပ်သည်ကို ပြစ်မှားလေသောကြောင့် ကြီးမားသော စိတ်မချမ်းသာခြင်းကို ခံစားရလေ၏။

ထိုကြောင့် မြတ်စွာဘုရားသည် ဤသို့ ဟောတော်မူခဲ့၏။

(၁) ယောဒဏ္ဍေန အဒဏ္ဍေသု၊ အပ္ပဒုဋ္ဌေသု ဒုဿတိ။
ဒသန္နမညတရံ ဌာနံ၊ ခိပ္ပမေဝ နိဂစ္ဆတိ။

(၂) ဝေဒနံ ဖရုသံ ဇာနိံ၊ သရီရဿ စ ဘေဒနံ။
ဂရုကံ ဝါပိ အာဗာဓံ၊ စိတ္တက္ခေပဉ္စ ပါပုဏေ။

(၃) ရာဇတော ဝါ ဥပဿဂ္ဂံ၊ အဗ္ဘက္ခာနဉ္စ ဒါရုဏံ။
ပရိက္ခယဉ္စ ဉာတီနံ၊ ဘောဂါနဉ္စ ပဘင်္ဂုရံ။

(၄) အထဝါဿ အဂါရာနိ၊ အဂ္ဂိ ဍဟတိ ပါဝကော။
ကာယဿ ဘေဒါ ဒုပ္ပညော၊ နိရယံ သောပပဇ္ဇတိ။

၁။ အကြင်သူသည် ဒဏ်မထားအပ်။ မပြစ်မှားအပ်သော သူတို့၌ ပြစ်မှား၏။ ထိုသူသည် ဘေးဆယ်ပါးတို့တွင် တပါးပါးသို့ လျင်မြန်စွာ ရောက်ရတတ်၏။

၂။ ကြမ်းတမ်းသောဝေဒနာသို့ရင်း၊ ဆုံးရှုံးခြင်းသို့ရင်း၊ ကိုယ်ခန္ဓာပျက်စီးခြင်းသို့ရင်း၊ ကြီးလေးသော အနာရောဂါသို့ရင်း၊ စိတ်ပျံ့လွင့်ခြင်းသို့ရင်း ရောက်တတ်ရ၏။

၃။ မင်းအစိုးရတို့မှ ဘေးဒဏ်သင့်ခြင်းရင်း၊ ကြမ်းကြုတ်သော စွပ်စွဲခြင်းသို့ရင်း၊ ဆွေမျိုးတို့၏ ကုန်ခန်းပျက်စီး

ခြင်းသို့ရင်း၊ စည်းစိမ်ဥစ္စာတို့၏ ပျက်စီးခြင်းသို့ရင်း၊ ရောက်ရတတ်၏။

၄။ တနည်းသော်ကား ထိုသူ၏ အိုးအိမ်တို့ကိုမီးလောင်တတ်၏။ ပညာမဲ့သော ထိုသူသည် သေလွန်သည့်နောက် ငရဲသို့ကျရောက်တတ်၏။

ဤသို့လျှင်ဖြစ်သော်လည်း တဖန် သူဌေးသည် ဃောသကကို တည့်တည့်မတ်မတ် မကြည့်နိုင် ဃောသကကို အဘယ်ကိုလျှင် သတ်ရပါမည်နည်း ဟု ကြံစည်ပြန်လေသော် "ငါ၏ ကျေးရွာ ဘရာအမှုဆောင် ကိုယ်စားလှယ်အထံသို့ စေလွှတ်၍ သတ်စေအံ့" ဟု အကြောင်းဥပါယ်ကိုမြင်လေ၏။

ထိုနောက် သူဌေးသည် "ဤသူသည် ငါ၏ မွေးစားသားတည်း ဤသူကိုသတ်၍ မစင်တွင်း၌ပစ်ချလော့။ ဤသို့ပြုခဲ့ပြီးသော်သာသည် ဦးရီးအား ပြုသင့်သည်နှင့် ယှဉ်သောကျေးဇူးကို နောက်အခါ၌ သိပါအံ့" ဟု စာရေး၍ ဃောသကကိုခေါ်ပြီးလျှင် "ချစ်သား ငါတို့၏ ကျေးရွာ တရာ၌ အမှုဆောင်ကိုယ်စားလှယ်ရှိ၏၊ ဤစာကိုဆောင်ယူ၍ ထိုအမှုဆောင်ကိုယ်စားလှယ်အားပေးလော့" ဆို၍ စာကို ဃောသက၏ ပုဆိုးစွန်း၌ ဖွဲ့ချည်ပေးလိုက်၏။ ဃောသကသည် စာပေအတတ်ကို မတတ်မသိရှာပေ၊ အကြောင်းမူကား၊ ငယ်စဉ်မှစ၍ ဃောသကကို တတ်စေလျက်သာလျှင် သူဌေးသည် မသတ်နိုင်ဖြစ်ခဲ့၏။အဘယ်မှာလျှင် စာပေအဘတ်ကို သင်စေအံ့နည်း။

ဤသို့လျှင် ဃောသကသည် မိမိအား သေစေမည့်စာကိုပင် ပုဆိုးစွန်း၌ဖွဲ့ချည်၍ အိမ်မှထွက်မည်ရှိသောအခါ ဤယူဆို၏။

"ဖခင်၊ ကျွန်ုပ်အား ရိက္ခာမရှိသေးပါ"

"သင်အား။ ရိက္ခာဆောင်ယူဘွယ် ကိစ္စမရှိ၊ ခရီးအကြား ကျမည်သောရွာ၌ ငါ၏ သူငယ်ချင်းဖြစ်သော သူဌေးသည် ရှိ၏ ထိုသူဌေးအိမ်၌ နံနက်စာ စား၍ ရှေ့သို့ဆက်လက်သွားလော့"

ဃောသကသည်။ ကောင်းပါပြီ "ဟု ဝန်ခံ၍ ဖခင်ကိုရှိခိုး ပြီးလျှင် အိမ်မှထွက်သွားလေသော် ထိုရွာသို့ရောက်၍ သူဌေး ၏ အိမ်ကို မေးပြီးလျှင် သွားရောက်၍ သူဌေးကတော်ကို ဖူး တွေ့၏။

"အသင် အဘယ်အရပ်မှ လာခဲ့သနည်း"

"ကောသမ္ဗီမြို့တွင်းမှ လာခဲ့ပါသည်"

"အဘယ်သူ၏သား ဖြစ်သနည်း"

"မိခင်။ သင်တို့၏ သူငယ်ချင်းဖြစ်သော သူဌေး၏သားဖြစ် ပါသည်"

"သင်သည် ဃောသကအမည်ရှိသူ ဖြစ်သလော"

"မိခင်။ မှန်ပါသည်"

ထိုသူဌေးကတော်အား ဃောသကကို မြင်သည်နှင့်တပြိုင်နက် ပင် သားဟူသော ချစ်ခြင်းသည် ဖြစ်၏။ သူဌေးအားလည်း အသက်တဆယ့်ငါးနှစ်၊ တဆယ့်ခြောက်နှစ်ရှိသော၊ အလွန် အဆင်းလှသော၊ ကြည်လင်ဘွယ်ကောင်းသော သမီးတယောက် ရှိ၏။ ထိုသမီးကို စောင့်ရှောက်ခြင်းငှာ အခိုင်းအစေ ကျွန်မ တယောက်ကိုသာပေး၍ ဘုံခုနစ်ဆင့်ရှိသောပြာသဒ်အထက်ဆုံး အပြင် အသရေရှိသော တိုက်ခန်း၌ နေစေကြကုန်၏။ သူဌေး သမီးသည် ထိုခဏ၌ ကျွန်မကို အိမ်ဈေးသို့ စေလွှတ်၏။ ထိုအ ခါ သူဌေးကတော်သည် ကျွန်မကိုမြင်၍ ဤသို့ဆို၏။

"အဘယ်သို့ သွားမည်နည်း"

"အရှင့်သမီး စေခိုင်းခြင်းကြောင့် သွားရပါမည်"

"ဤအရပ်သို့ အရင်လာခဲ့ဦး။ ခိုင်းစေခြင်းကိုထားဦးလော့။ ငါ့သားအား အင်ပျဉ်ခင်း၍ ခြေကိုဆေးပြီးလျှင် ခြေနယ်ဆီ လိမ်းပြီးနောက် အိပ်ရာခင်း၍ ပေးလော့။ နောက်မှ သမီး၏ စေခိုင်းခြင်းကို ပြုရလတံ့"

ကျွန်မသည် သူဌေးကတော် ဆိုသည့်အတိုင်း ပြုလုပ်၏။ ထိုနောက် အိမ်စျေးသို့သွား၍ ပြန်လာသောအခါ ကြာမြင့်နေခြင်းကြောင့် သူဌေးသမီးသည် ကျွန်မကိုမောင်းမဲ၏။ ကျွန်မလည်း "ကျွန်ုပ်အား အမျက်မထွက်ပါလင့်။ သူဌေးသား ဃောသကရောက်လာပါသည်။ ထိုသူဌေးသားအတွက် ဤ၍ဤမည်သောအမှုကိုပြုပြီးမှ အိမ်ဈေးသို့သွား၍ လာခဲ့ရခြင်း ဖြစ်ပါသည်"ဟုဆို၏။ သူဌေးသမီးသည် 'သူဌေးသားဃောသက'ဟူသော အမည်ကို ကြားရ၍သာလျှင် ချစ်ခြင်းမေတ္တာသည် အရေစသည်တို့ကို ဖြတ်ကျော်၍ ရိုးတွင်းချဉ်ဆီသို့ ထိခိုက်၍ တည်လေ၏။ အကြောင်းမူကား ကောတုဟလဖြစ်သောအခါ၌ ထိုသူဌေးသမီးသည် ကောတုဟလ၏ မယားဖြစ်၍ ဆန်တစလယ်ချက်ဆွမ်းကိုပစ္စေကဗုဒ္ဓါအား လှူ၏။ ထိုကံ၏အကျိုး အာနုဘောဖြင့် ဤဘဝသို့ရောက်လာ၍ သူဌေးအိမ်၌ဖြစ်၏။ ဤသို့လျှင် သူဌေးသမီးကို ထိုရှေးဘဝက အချစ်သည် လွှမ်းမိုး၍ ချုပ်ကိုင်ကြ၏။ ထိုကြောင့် မြတ်စွာဘုရားသည် ဤသို့ဟောတော်မူ၏။

ပုဗ္ဗေဝ သန္နိဝါသေန၊ ပစ္စုပ္ပန္နဟိတေနဝါ။

ဧဝံ တံဇာယတေပေမံ၊ ဥပ္ပလံ ဝယထောဒကေ။

"ရှေးအတိတ်ဘဝ၌ အတူတကွ နေထိုင် ပေါင်းသင်းခဲ့ခြင်းကြောင့်ရင်း၊ မျက်မှောက်ပစ္စုပ္ပန်ဘဝ၌ အကျိုးစီးပွားကိုဆောင်

ရွက်ခြင်းကြောင့်၎င်း၊ ချစ်ခြင်းမေတ္တာသည် ဖြစ်ပေ၏။ ဥပမာကားရေ၌ရေကို၎င်းညွန်ကို၎င်းအစွဲပြု၍ ကြာကြာသည်ဖြစ်ပေ သကဲ့သို့ဤအကူထိုချစ်ခြင်းမေတ္တာသည်အထူနေခဲ့ဘူးခြင်းအကျိုးဆောင်ခြင်းနှစ်ပါးကို အစွဲပြု၍ ဖြစ်ပေါ်လာတတ်၏။

ထိုနောက် သူဌေးသမီးသည် ဤကျွန်မကို ဤသို့မေး၏၊

"မိခင်။ သူဌေးသား အဘယ်မှာနည်း"

"အိမ်ရာ၌ လျှောင်းစက်နေပါသည်"

"သူ၏လက်၌ တစုံတရာရှိသလော"

"ပုဆိုးစွန်း၌ စာပါပါသည်"

သူဌေးသမီးသည် 'ဤစာကား အဘယ်စာမျိုး ဖြစ်လေသနည်း'ဟုကြံ၍ သူဌေးသားအိပ်ပျော်နေသောအခါ အမိအဖတို့လည်း တပါးသို့စိတ်ဝင်စားနေကြ၍ မမြင်ကြကုန်။ စဉ်ပြာသာဒ်မှဆင်း၍ သူဌေးသားအနီးသို့သွားပြီးလျှင် ထိုစာကိုဖြည်ယူ၍ မိမိတိုက်ခန်းသို့ဝင်ပြီး မှန်တံခါးကိုပိတ်၍ လေသောက်ပြတင်းကိုဖွင့်၍ စာပေအတတ်၌ လိမ္မာရေးကား စာကိုဖတ်၏။ သူဌေးသမီးသည် 'အံ့သြဘွယ်ရှိစွတကား။ ဤလုလင်မိုက်သည်မိမိ၏ သေကြောင်းဖြစ်သောစာကို ပုဆိုးစွန်း၌ ဖွဲ့ချည်၍ လှည့်လည်ဘိ၏။ အကယ်၍ ငါမတွေ့မြင်သည်ဖြစ်အံ့။ ဤသူကား အသက်ရှင်ခြင်းမရှိပြီ'ဟု ထိုစာကိုဆုတ်ဖြဲ၍ သူဌေး၏စကားဖြင့် အောက်ပါအခြားစာကိုရေး၏။

ဤသူသည် ငါ့သားသေသကအမည်ရှိသူဖြစ်သည်။ ရွာပေါင်းတရာမှ လက်ဆောင်ပဏ္ဏာကို ဆောင်ယူခဲ့ကြစေ၍ ဤဇနပုဒ်သူဌေးသမီးနှင့်တတူတကွ ထိမ်းမြားမင်္ဂလာပြု၍မိမိနေသောရွာ၏အလယ်၌ ဘုံခုနစ်ဆင့်ရှိသော

အိမ်ကိုဆောက်ပြီးလျှင် တန်တိုင်းအခြံဖြင့်ရင်း၊ ယောက်ကျားတို့အစောင့်အရှောက်ဖြင့်ရင်း၊ ကောင်းစွာစီမံ၍ အစောင့်အရှောက်ထားလော့။ ငါ့အားလည်း ဤမည်သောအမှုကို ပြုလုပ်ပြီးပါပြီဟု အကြောင်းကြားလော့။ ဤသို့ပြုလုပ်ပြီးခဲ့သော် ငါသည် ဦးရီးအား ပြုသင့်သည်နှင့်ယှဉ်သော ကျေးဇူးကို နောက်တခါ၌ သိပါမည်။

ဤသို့စာရေးသားပြီးနောက်စာကိုခေါက်၍ပြာသာဒ်မှဆင်းပြီးလျှင် ဃောသက၏ ပုဆိုးစွန်း၌ပင် ဖွဲ့ချည်၏။ ဃောသကလည်း ထိုနေ့အဘို့ကို အိပ်၍ အိပ်ရာမှထပြီးလျှင် ထမင်းစား၍ထွက်သွား၏ နောက်တနေ့ နံနက်စောစော၌ပင် ထိုရွာသို့ရောက်၍ အမှုဆောင်ကိုယ်စားလှယ်ကို ရွာ၏အမှုကိစ္စပြုနေစဉ်မှာပင် တွေ့ရလေ၏။ ထိုအခါ အမှုဆောင်သည် ဤသို့မေး၏။

"ချစ်သား။ အဘယ်ကိစ္စရှိသနည်း"

"အကျွန်ုပ်၏ဖခင်သည် အရှင့်ထံသို့ စာဘစောင် ပေးလိုက်ပါသည်"

"ချစ်သား။ အဘယ်စာယူခဲ့သနည်း။ ယူခဲ့လော့"

အမှုဆောင်သည် ဃောသက၏ လက်မှ စာကိုယူ၍ ဖတ်ပြီးသော် ဝမ်းမြောက်ဝမ်းသာ ဤသို့ဆို၏။

"အချင်းတို့ ကြည့်ကြကုန်။ ကျွန်ုပ်၏ အရှင်သည် ကျွန်ုပ်၌ ချစ်ခြင်းကိုပြု၍ "ငါ့သားကြီး၏ မင်္ဂလာကိစ္စကို ဆောင်ရွက်လော့"ဟု ကျွန်ုပ်ထံသို့ စေလွှတ်လိုက်ပေသည်။ သစ် ပျဉ် စသည်တို့ကို အလျင်အမြန် ဆောင်ယူခဲ့ကြလော့"

အမှူးဆောင်သည် ရွာသားကြီးများကို ဤသို့ပြောဆိုရှ၍ရွာ၏ အလယ်၌ စာတွင်ပါသော အိမ်မျိုးကို ဆောက်လုပ်စေ၍ ရွာပေါင်းတရာမှ လက်ဆောင်များကို ဆောင်ယူ ခဲ့ကြစေ၏။ ထိုနောက် ဇနပုဒ် သူဌေး၏ သမီးကို ဆောင်ယူ၍ ထိမ်းမြား မင်္ဂလာပြုလုပ်၏။ သူဌေးအထံကိုလည်း "ဤမည်သောအမှုကိစ္စကို ပြုပြီးပါပြီ"ဟု သတင်းစကားကို ပို့လိုက်၏။

ထိုသတင်းကို ကြားလေသော် "ငါပြုစေသည့် ကိစ္စကား မဖြစ်၊ ငါမပြုစေသည့်ကိစ္စသာ ဖြစ်ခဲ့၏"ဟု ကြီးစွာသော စိတ်မချမ်းသာခြင်း ဖြစ်၏။ ထိုစိတ်မချမ်းသာခြင်းသည် သားရင်းဖြစ်သူအတွက်ဖြစ်သော သောကမီးနှင့် တပေါင်းတည်း ဖြစ်၍ ဝမ်း၌ ပူလောင်ခြင်းကို ဖြစ်စေပြီးသော် ငမ်း သွေးသွန်သော ရောဂါကို ဖြစ်ပွားစေလေ၏။

သူဌေးသမီးလည်း အကယ်၍ သူဌေးကြီးထံမှ တစုံတယောက် လာခဲ့အံ့။ ငါအား မပြောမဆိုဘဲ သူဌေးသားကို အလျှင်ပထမ မပြောကြကုန်လင့်ဟု လူတို့ကို အမိန့်ပေး၏။ သူဌေးကြီးလည်း "ယခုအခါ သားပျက်သားဆိုးကို ငါဥစ္စာစု၏ ပိုင်ရှင်မပြုအံ့" ဟု ကြံ၍ တယောက်သော အမှုဆောင်ကို ခေါ်ပြီးလျှင် ဤသို့ ဆို၏။

"သားဖြစ်သူကို မြင်လိုသည် ရင်းနှီးသော အလုပ်သမား တယောက်ကို စေလွှတ်၍ သားကို ခေါ်စေလော့"

အမှုဆောင်လည်း 'ကောင်းပါပြီ'ဟု ဝန်ခံကာ စာရေး၍ ပေးပြီးလျှင် ယောကျ်ားတယောက်ကို စေလွှတ်၏။ သူဌေးသမီး လည်း ထိုယောကျ်ားရောက်လာ၍ တခါ၌တည်းသည်ကို ကြား သိရလျှင် ခေါ်စေ၍ ဤသို့ မေး၏။

"ဖခင်။ အဘယ်ကိစ္စနည်း"

"သူဌေးကြီး မကျန်းမမာဖြစ်ပါသည်။ သားကိုမြင်တွေ့ရန် အခေါ်လွှတ်ခြင်း ဖြစ်ပါသည် အရှင်မ"

"ဖခင်။ အားအင်ရှိသေးသလော။ အားအင် နည်းပြီလော"

"အရှင်မ။ အားအင်ရှိပါသေးသည်။ အစာကို စားလျက်ပင် ရှိပါသည်"

သူဌေးသမီးသည် သူဌေးသားကို မသိစေဘဲသာလျှင် ထိုသူအား နေစရာကိုလည်းကောင်း၊ အစာရိက္ခာကိုလည်းကောင်း ပေးစေ၍ 'အကျွန်ုပ်စေခိုင်းသောအခါ သွားရလတ့်. နေပါဦး'ဟု ဆို၏။

သူဌေးကြီးလည်း တဖန် အမှုဆောင်ကို ခေါ်စေ၍ ဤသို့ ဆို၏။

"ဦးရီး အသို့နည်း။ ကျွန်ုပ်သား၏အထံသို့ လူမစေလွှတ်သလော"

"အရှင် စေလွှတ်ပါသည်။ သွားသောသူ ပြန်မလာသေးပါ"

"ဤသို့ဖြစ်လျှင် တဖန် နောက်တယောက်ကို စေလွှတ်လော့"

အမှုဆောင်သည် စေလွှတ်၏။ သူဌေးသမီးသည် ထိုနောက်လူ၌လည်း ရှေးအတူပင်ပြုကျင့်၏။ ထိုအခါ သူဌေးကြီး၏ရောဂါသည် အားကြီးလာ၏။ ခွက်တခွက်ထွက်လျှင် ခွက်တခွက် သွင်းရ၏။တဖန် သူဌေးကြီးသည် အမှုဆောင်ကိုမေးမြန်း၍ ရှေးနည်းတူပင် နောက်တယောက်ကို စေလွှတ်၏။ သူဌေးသမီးသည် တတိယအကြိမ် လာသူကိုလည်း ထိုအနာရောဂါ အကြောင်းကို မေးပြန်၏။

"အရှင်မ။ အပြင်းအထန် မကျန်းမမာ ဖြစ်နေပါသည်။ သူဌေးကြီးသည် အစာကို မစားနိုင်တော့ဘဲ၊ သေခြင်းတရားသာ လဲလျောင်းရာ ရှိပါတော့သည်။ တခွက်ထွက်သော် တခွက်ဝင်ရပါသည်"

ထိုစကားကို ကြားသော် သူဌေးသမီးသည် 'ယခုသွားချိန် ရောက်ပြီ'ဟု ကြံ၍ သူဌေးသားအား ဤသို့ ပြောဆို၏။

"အရှင်။ ဖခင်သည် မကျန်းမမာ ဖြစ်သည်ဟု ကြားရပါသည်"

"ချစ်နှမ။ မည်သို့ဆိုသနည်း"

"အရှင့်ဖခင် မကျန်းမမာကြောင်းကို ပြောဆိုပါသည်"

"ယခု အသို့ ပြုသင့်သနည်း"

"အရှင်။ ရွာတရွာမှ လက်ဆောင်ပဏ္ဏာကို ယူ၍ ဖခင်ကို သွားရောက်ကြည့်ရှုကြပါမည်"

"ကောင်းလှပြီ"

ထို့နောက် ရွာတရွာမှ လက်ဆောင်ပဏ္ဏာတို့ကို ဆောင်ယူခဲ့ကြစေ၍ လှည်းတို့ပြင့် တင်ပြီးသော် ကောသမ္ဗီပြည်သို့ ထွက်သွားကြ၏။ ထို့နောက် သူဌေးသမီးသည် 'အရှင့်ဖခင်သည် အားနည်းလှချေပြီ။ ဤမျှသောလက်ဆောင်ပဏ္ဏာကိုယူ၍ သွားနေသော် ကြာမြင့်တော့မည်။ လက်ဆောင်ကို ပြန်စေပါလော့' ဟုဆို၍ ထိုလက်ဆောင်အလုံးစုံကို မိမိ၏မိဖအိမ်သို့ပို့စေလိုက်၏။

ထို့နောက် သူဌေးသမီးသည် တဖန်ဤသို့ဆိုပြန်၏။

"အရှင်။ အိမ်သို့ရောက်သော် အရှင်သည် ဖခင်၏ခြေရင်းဘက်၌နေပါလော့။ အကျွန်ုပ်သည် ဖခင်၏ခေါင်းရင်းဘက်၌ နေပါမည်"

ထိုပြင်လည်း သူဌေးသမီးသည် သူဌေးကြီး၏အိမ်သို့ ဝင်စဉ်မှာပင် 'အိမ်အရှေ့၌၎င်း၊ အနောက်၌၎င်း အစောင့်တာဝန်ကို ယူကြကုန်'ဟု မိမိ၏ယောက်ျားတို့ကို အမိန့်ပေး၏။ အိမ်တွင်းသို့ ဝင်ပြီးသောအခါ ဤကား သူဌေးသားသည် ဖခင်၏ခြေရင်းဘက်၌ တည်၏။သူဌေးသမီးသည် ဖခင်၏ခေါင်းရင်း၌ တည်၏။ ထိုခဏ၌ သူဌေးကြီးသည် ပက်လက်လဲလျောင်းလျက် ရှိနေ၏။ အမှုဆောင် အတွင်းရေးမှူးတို့သည် သူဌေးကြီး၏ခြေကို ဆုပ်နယ်လျက် ဤသို့ဆို၏။

"အရှင်။ အရှင့်သားရောက်လာပါပြီ"

"ငါ့သား အဘယ်မှာနည်း"

"ခြေရင်း၌ တည်နေသူ ဖြစ်ပါသည်"

ထိုအခါ သူဌေးကြီးသည် ဃောသကကို ကြည့်ပြီးနောက် စာရင်းကိုင်ကို ခေါ်စေ၍ ဤသို့မေး၏။

"ငါ့အိမ်၌ ဥစ္စာအဘယ်မျှရှိသနည်း"

"အရှင်။ ဥစ္စာသက်သက် ကုဋေလေးဆယ်ရှိပါသည်။ အသုံးအဆောင် အိမ်ထောင်ပရိဘောဂပစ္စည်း၊ တော၊ ရွာမြေ၊ အခြေနှစ်ချောင်း၊ အခြေလေးချောင်း ၊ယာဉ်ရထား၊ လှည်းအပေါင်းကား ဤ၍ဤမျှ ရှိပါသည်"

ဤသို့ စာရင်းပြလေသော် ဤမျှသော ဥစ္စာပစ္စည်းကို ငါသည် ငါ့သားဃောသကအား မပေး ဆိုလိုလျက် 'ပေး၏'ဟုဆိုမိလေ၏။ ထိုစကားကိုကြားသော် သူဌေးသမီးသည် ဤသူဌေးသည် တဖန်ထပ်၍ ပြောဆိုသည်ရှိသော် တပါးသောစကား တစုံတရာကို ဆိုခဲ့ရာ၏ဟု ကြံ၍ စိုးရိမ်ပူဆွေးခြင်းဖြင့် နှိပ်စက်ခံရသကဲ့သို့ ဆံပင်ကို ဖြန့်ကြဲ၍ ဆိုလိုလျက်၊

"ဖခင်။အဘယ်ကြောင့်ဤစကားကိုဆိုဘိသနည်း။ဖခင်တို့၏ ဤသို့သော စကားမျိုးကိုပင် ကြားရပါဘိ၏။ အကျွန်ုပ်တို့သည် အသရေမဲ့သူများ ဖြစ်ကြရပါသည်"

ဤသို့ပြောဆို၍ ဦးခေါင်းဖြင့် သူဌေး၏ ရင်အလည်ချိုင့်၌ တိုက်ခတ်လဲကျ၍ နောက်ထပ် စကား မဆိုနိုင်အောင်ဦးခေါင်း ဖြင့် ပွတ်တိုက် တိုးခွေ၍ ငိုသော အချင်းအရာကိုပြ၏။ သူဌေး လည်း ထိုခဏ၌ပင် သေဆုံးလေ၏။

"သူဌေးကြီး ကွယ်လွန်ပြီ"ဟု ဥတေနမင်းအား သံဟော်ဦး တင်ကြသောအခါ ဥတေနမင်းသည် သူဌေးအား သင်းဂြိုဟ်ခြင်း အမှုကိုပြုစေ၍ ဤသို့မေး၏။

"သူဌေးကြီးအား သားသော်၎င်း။ သမီးသော်၎င်း ရှိသ လော"

"အရှင်မင်းမြတ်။ ဃောသက အမည်ရှိသူသည် သူဌေးကြီး ၏ သားဖြစ်ပါသည်။ သူဌေးကြီး၏ ဥစ္စာပစ္စည်း အလုံးစုံကို ဃောသကအား ပေးအပ်ပြီးမှသာ ကွယ်လွန်ပါသည်"

ထိုနောက် ဥတေနမင်းသည် သူဌေးသားကို ခေါ်စေတော် မူ၏။ထိုနေ့၌ကားမိုးရွာ၏။ မင်းယင်ပြင် ထိုထိုနေရာတို့၌ ရေတင် လျက်ရှိ၏။သူဌေးသားလည်း မင်းကြီးကို ဖူးမြင်အံ့ဟု နန်းတော် သို့သွားလေ၏။ မင်းကြီးသည်လေသောက်တံခါးကိုဖွင့်၍သူဌေး သား လာနေသည်ကို ကြည့်ရှုတော် မူလေသော် မင်းယင်ပြင်၌ ရေကွက်ကိုခုန်ကျော်၍ လာသည်ကို မြင်တော်မူ၏။ ထိုနောက် မိမိထံသို့ရောက်လာ၍ ရှိခိုးခစားသော သူဌေးသားကို ဤသို့ မေးတော်မူ၏။

"အမောင်။အသင်သည် ဃောသကအမည်ရှိသူ ဖြစ်သလော"

"အရှင်မင်းမြတ် မှန်ပါသည်"

"ငါ့အဖေသေဆုံးခဲ့ပြီဟု မစိုးလင့်။ သင်၏ အဖအမွေဖြစ်သော သူဌေးအရာကို သင့်အား ပေးသနားတော်မူအံ့"

ဤသို့မိန့်မြွက်တော်မူ၍ "အမောင်သွားတော့"ဟု လွှတ်လိုက်၏။ မင်းကြီးလည်း ထွက်သွားသော သူဌေးသားကို ကြည့်တော်မူလျက်သာနေ၏။ သူဌေးသားလည်း လာစဉ်က ခုန်ကျော်ခဲ့သော ရေကွက်ကို ပြန်သွားသောအခါ၌ သက်ဆင်း၍ ဖြေးညှင်းစွာသွား၏။ ထိုအခါ မင်းကြီးသည် ထိုအရပ်မှပင် ခေါ်စေတော်မူ၍ ဤသို့မေး၏။

"အမောင်။ သင်သည်ငါ့အထံတော်သို့ လာသောအခါ၌ ရေကွက်ကို ခုန်ကျော်ပြီးမှ ပြန်သွားသည့်အခါ အဘယ့်ကြောင့် သက်ဆင်း၍ ဖြေးညှင်းစွာ သွားသနည်း"

"အရှင်မင်းမြတ်။ မှန်လှပါသည် ထိုလာစဉ်အခါ၌ အကျွန်ုပ်သည် သူငယ်သာဖြစ်ပါသည်။ ထိုအရွယ်သည် ကစားသော အရွယ်ဖြစ်ပါသည်။ ယခုအခါ၌ကား အရှင်မင်းမြတ်သည် အကျွန်ုပ်အား သူဌေးရာထူးကို ပေးသနားတော်မူမည်ဟုဝန်ခံပြီး ဖြစ်ပါသည်။ ထို့ကြောင့် ရှေးကကဲ့သို့မပြုကျင့်မူ၍ ယခုအခါ သေသေဝပ်ဝပ် ဣန္ဒြေရရ ပြုကျင့်ပါသည်"

"ဤယောကျ်ားသည် တည်ငြိမ်ခြင်းရှိသူ ဖြစ်ပေသည်။ ဤယောကျ်ားအား ရာထူးကိုပေးတော်မူအံ့"

ဤသို့မိန့်တော်မူ၍ ဖခင်ဖြစ်သူစားခဲ့သော စားကျေးစား လက်ကိုပေး၍ သဗ္ဗသတခေါ်သော အလုံးစုံ တ်ရာစီပေးသော ဆုဖြစ်သူဌေးအရာကို ပေးတော်မူသည်"

ထို သော်သကာသူဌေးသည် ရထားစီး၍ မြို့ကိုလက်ျာရစ် လှည့်လည်၏။ ကြည့်လိုက်တိုင်း ကြည့်လိုက်တိုင်းသော အရပ်သည် တုန်လှုပ်၏။ ထိုအခါသူဌေးသမီးသည် ကာလီကျွန်မနှင့် တကွ စကားပြောဆို နေထိုင်လျက် ဤသို့ဆို၏။

"အမိကာလီ။ အမိသား၏ ဤမျှသော စည်းစိမ်သည် အကျွန်ုပ်ကို အမှီပြု၍ ဖြစ်ပေါ်ခဲ့ရသည်"

"ချစ်သမီး။ အဘယ့်ကြောင့်နည်း"

"ဤ သူဌေးသားသည် မိမိ၏ သေကြောင်းဖြစ်သော စာကို ပုဆိုးစွန်း၌ ချည်၍ အကျွန်ုပ်တို့ အိမ်သို့လာခဲ့ပါသည်။ ထိုအခါ အကျွန်ုပ်သည် ထိုစာကိုဆုတ်ဖြဲ၍ အကျွန်ုပ်နှင့်အတူ ထိမ်းမြား မင်္ဂလာပြုလုပ်ရန် အခြားစာတစောင်ကို ရေးပြီးနောက် ဤ အချိန်ရောက်အောင် ထိုကိစ္စ၌ စောင့်ရှောက် ထားရပါသည်"

"ချစ်သမီး။ ချစ်သမီးကား ဤမျှသာမြင်ပေသည်။ စင်စစ် ကား ဤ သူဌေးသားကို သူဌေးကြီးသည် ငယ်စဉ်အခါမှစ၍ သတ်လိုလျက် မသတ်နိုင်ဖြစ်ခဲ့သည်။ ဤ သူဌေးသားကို အမှီပြု၍ များစွာသော ဥစ္စာကို သက်သက် ကုန်ခမ်းစေခဲ့သည်"

"အမိ။ သူဌေးကြီးသည် အလွန်ဝန်လေးသော အမှုကိုပြုခဲ့ ဘိ၏ တကား"

သော်သကာသူဌေးသည် မြို့ကို လက်ျာရစ်လှည့်၍ အိမ်သို့ဝင် လာစဉ် သူဌေးကိုကြည့်၍ သူဌေးသမီးသည် ဤမျှသောစည်း စိမ်သည် ငါ့ကိုအမှီပြု၍ဖြစ်ရပေသည်ဟု ကြံ၍ ရယ်ခြင်းကိုပြု၏။ ထိုအခါ သော်သကာသူဌေးသည် ဤသို့မေး၏။

"အဘယ်ကြောင့် ရယ်သနည်း"

"အကြောင်းတခုရှိ၍ ရယ်ပါသည်"

"ထိုအကြောင်းတခုကို ဆိုလော့"

သူဌေးသမီးသည် တစုံတရာကို မဆိုဘဲနေ၏။ ဃောသက သူဌေးသည် 'ထိုအကြောင်းကို မဆိုလျှင် သင့်ကို နှစ်ပိုင်း ဖြတ်မည်' ချိမ်းချောက်၍ သံလျက်ကိုထုတ်၏။ ထိုအခါ သူဌေးသမီး ဤသို့ဆို၏။

"ဤမျှသောစည်းစိမ်ကို အရှင်သည် အကျွန်ုပ်ကိုအမှီပြု၍ ရသည်ဟု တွေး၍ ရယ်မိပါသည်"

"ငါ၏ဖခင်သည် မိမိ၏ပစ္စည်းကို ငါ့အား ပေးအပ်ခဲ့သည် မဟုတ်လော။ ဤကိစ္စ၌ သင်သည် အသို့သက်ဆိုင်သနည်း"

ဃောသကသူဌေးသည် ဤမျှသောကာလတိုင်အောင် တစုံတရာမျှ မသိသေး။ ထို့ကြောင့် သူဌေးသမီး၏ စကားကို မယုံမကြည်။ နားမလည်အောင် ရှိသတတ်။ ထိုအခါ သူဌေးသမီးသည် ဤသို့ ပြောဆို၏။

"အရှင်တို့၏ဖခင်သည် သေကြောင်းဖြစ်သော စာကိုပေး၍ စေခိုင်းလိုက်ခြင်း ဖြစ်ပါသည်။ အရှင်တို့ကို အကျွန်ုပ်သည် ဤမည်သောအမှုကိုပြု၍ စောင့်ရှောက်ခဲ့ရပါသည်"

"သင်သည် မမှန်သောစကားကို ဆိုဘိသည်"

ဃောသကသူဌေးသည် သူဌေးသမီး၏စကားကို မယုံသဖြင့် အမိကာလီကို မေးဦးမည်ဟု ပြန်၍ ဤသို့မေး၏။

"အမိ။ ဤသို့ပင် မှန်သလော"

"ချစ်သား။ မှန်ပေသည်။ ငယ်စဉ်အခါမှစ၍ သင်ချစ်သားကို သတ်လိုလျက် မသတ်နိုင်သောကြောင့် သင်ချစ်သားကို အမှီပြု၍ များစွာသောဥစ္စာတို့ကို ကုန်ခမ်းစေခဲ့သည်။ သင်ချစ်သားသည် ခုနှစ်ဌာနတို့၌ သေဘေးမှ သီသီကလေး လွတ်မြောက်ခဲ့ရ

သည်။ သို့နှင့်ပင် သင်ချစ်သားသည် ယခုအခါ၌ စားကျေး စားလက်နှင့်တကွ သဗ္ဗသဘဲခေါ်သော အလုံးစုံ ရာပြည့်ဆုကိုရ၍ သူဌေးကြီးတယောက်အဖြစ်သို့ ရောက်ခဲ့ရသည်”

ဃောလကသူဌေးသည် ထိုစကားကိုကြားလေသော်ကံကြမ္မာ ကား ဝန်လေးစွတကား။ ဤသို့သော သေဘေးမှလွတ်မြောက်ခဲ့ ရသော ငါ့အား မေ့မေ့လျော့လျော့ အသက်ရှင်ခြင်းမျိုးဖြင့် အသက်ရှင်နေရန် မသင့်တော့ပြီ။ မမေ့မလျော့ မပေါ့ဆသည် ဖြစ်တော့မည်ဟု ကြံ၍ နေ့တိုင်းနေ့တိုင်း အသပြာ ဘထောင် တထောင် စွန့်ကြဲကာ ခရီးသယ်များ၊ အထီးကျန်သောသူများ စသဖြင့် များစွာသောသူတို့အား အလှူဒါနကို ဖြစ်စေ၏။ ဤ ဃောသကသူဌေး၏အလှူဒါနကို ကြောင့်ကြစိုက်၍ လုပ်ကိုင် လှူဒါန်းရသည်ကားမိတ္တသူကြွယ်အမည်ရှိ၏။ ဤမိတ္တသူကြွယ်သည် ပင်သာမာဝတီကိုတွေ့ရှိ၍ ပထမမွေးစားခဲ့သည် မဟုတ်ပါလော။

(ဤအရာ၌ စကား စပ်လျဉ်းသဖြင့် ဃောသက သူဌေး၏ အကြောင်းအရာကို ဆက်လက်၍ ပြဆိုဦးအံ့။ ဤဆိုလတံ့သော အကြောင်းအရာတို့ကား သာမာဝတီကို ဥတေနမင်းအား ဆက်သပြီးသည့်နောက်မှ ဖြစ်သော အကြောင်းအရာများ ဖြစ်ကြကုန်၏)

ထိုအခါ ကောသမ္ဗီပြည် ၌ ဃောသက သူဌေး။ ကုက္ကုရ သူဌေး။ ပါဝါရိက သူဌေးဟု သူဌေးသုံးဦးတို့ ရှိကြကုန်၏။ ထိုသူဌေးသုံးယောက်တို့သည် ဝါလ နီးသောအခါ ဟိမဝန္တာအရပ်မှ

လာ၍ မြို့၌ဆွမ်းခံသော ရသေ့ငါးရာတို့ကို တွေ့၍ ကြည်ညို သဖြင့် ပင့်ဖိတ်ကြွေးမွေး၍ မိုးလေးလတို့ပါတ်လုံး မိမိတို့မြို့၌ နေစေကြကုန်၏။ မိုးကုန်သောအခါ နောက်နှစ် မိုးလအခါတွင် ကြွလာတော်မူကြပါရန် လျှောက်ထား၍ ဝန်ခံ စကားရမှ ရသေ့တို့ကို လွှတ်ကြကုန်၏။ ထိုအခါမှစ၍ ရသေ့တို့သည် ဟိမဝန္တာ၌(၈)လ။ ထိုသူဌေးသုံးဦးတို့ထံ၌(၄)လနေထိုင်လေ့ရှိ ကြကုန်၏။

တနေ့သောအခါ ရသေ့တို့သည် ဟိမဝန္တာမှ ကြွလာတော် မူကြလေသော် လမ်းခရီးတောအရပ် တခု၌ ပညောင်ပင်စောင့် ရုက္ခစိုးတို့၏ လျှောက်ထားချက်ဖြင့် လောက၌ သဗ္ဗညုဘုရား ထင်ရှားပွင့်မည် ဖြစ်ကြောင်းကို သိကြကုန်၏။ ရသေ့တို့သည် မိမိတို့အား ကျေးဇူးများသော သူဌေးသုံးဦးတို့အား ထိုသတင်း ကို ကြွရောက်မိန့်ကြား၍ အရှင် ပထမ မြတ်စွာဘုရား ရှိတော် မူရာ သာဝတ္ထိပြည်သို့ ကြွတော်မူကြကုန်၏။ရောက်လျှင်တရား နာ၍ ဧဟိဘိက္ခု ရဟန်းချည်းဖြစ်ကုန်ကြ၏။ ဃောသက သူဌေး စသော သူဌေးသုံးဦးတို့လည်း လှည်းငါးရာစီဖြင့် လှူဘွယ် ဝတ္ထုတို့ကိုတင်၍ သာဝတ္ထိပြည်သို့ လိုက်သွားကြကုန်၏ မြတ်စွာ ဘုရား၏ တရားတော်ကို နာရသောအခါ သူဌေးသုံးဦးတို့သည် သောတပါတ္တိဖိုလ်၌ တည်ကြကုန်၏။

ထိုနောက် မြတ်စွာဘုရား၏ ထံတော်၌ လခွဲကာလပါတ်လုံး အလှူအတန်းပေး၍ မြတ်စွာဘုရားအား ကောသမ္ဗီပြည်သို့ ကြွတော်မူပါမည် အကြောင်းကို တောင်းပန်ကြကုန်၏။ မြတ်စွာ ဘုရားသည် ကြွတော်မူမည်ဟု ပဋိညာဉ်ပေးတော်မူစဉ်“သူကြွယ် တို့ ဘုရားရှင်တို့မည်သည်ကား ဆိတ်ငြိမ်ရာ ကျောင်းအာရုံ၌

မေ့လျော့ကြကုန်၏”ဟု မိန့်တော်မူ၏။ သူဌေးတို့လည်း သိပါပြီ ဘုရားဟုလျှောက်ထားပြီးသော် ကောသမ္ဗီပြည်သို့ ပြန်လာကြ၍ရောက်လျှင်ဃောသကသူဌေးသည် ဃောသိကာရုံကျောင်း ကိုဒင်း၊ ကုက္ကုဋ္ဌ သူဌေးသည် ကုက္ကုဋ္ဌာရုံ ကျောင်းကိုဒင်း၊ ပါဝါရိက သူဌေးသည် ပါဝါရိကာရုံ ကျောင်းကိုဒင်း ဆောက်လုပ်ကြကုန်၏။

ကျောင်းများ ဆောက်လုပ်ပြီးစီး ကြသောအခါ မြတ်စွာဘုရားအား ကြွလာတော်မူရန် သတင်းစကားကို လျှောက်ထားပို့ဆက်ကြကုန်၏။ မြတ်စွာဘုရားသည် လျှောက်ထားသော သတင်းစကားကို ကြားတော်မူသောအခါကောသမ္ဗီပြည်သို့ကြွတော်မူ၏။ သူဌေးတို့လည်း မြတ်စွာဘုရားအား ခရီးဦးကြိုပြု၍ ကျောင်းတော်များသို့ ပို့ဆောင်ပြီးလျှင် အလှည့်ကျလုပ်ကျွေးကြကုန်၏။ မြတ်စွာဘုရားသည် နေ့တိုင်း နေ့တိုင်း တကျောင်း တကျောင်း၌ သတင်းသုံးတော်မူ၏။ အကြင်သူဌေး၏ကျောင်း၌ သတင်းသုံးတော်မူသော် ထိုသူဌေး၏အိမ်၌ ဆွမ်းခံတော်မူ၏။

ဤသို့လျှင် ဃောသကသူဌေးသည် သောတာပန်၊ အရိယာ၊ ဃောသိတာရုံ ကျောင်းတော်ကြီး ဒကာလည်းဖြစ်၏။ ဤကား သာမာဝတီကို မွေးစားသော ဃောသကသူဌေး၏ အကြောင်းအရာတည်း။

ဃောသက သူဌေးသည်။ ဤအကြောင်းအရာတို့ မဖြစ်ပျက်သေးခင် သူဌေးဘဒ္ဒဝတီသို့ရောက်၍ အတန်ကြာသော အခါကပင် သာမာဝတီကို အထက်အတိုင်းတွေ့ရှိ၍ သမီးအဖြစ်ဖြင့် မွေးစား၏။ မွေးစားပြီးနောက် တနေ့သောအခါ ကောသမ္ဗီပြည်၌ နက္ခတ်ပွဲဖြစ်၏။ ထိုနက္ခတ်ပွဲ၌ အပြင်သို့မထွက်သော အမျိုးသမီး

တို့လည်း မိမိ၏ အခြံအရံနှင့်တကွ ခြေဖြင့်သာမြစ်သို့သွား၍ ရေချိုးကြကုန်၏။ ထို့ကြောင့် ထိုနေ့၌ သာမာဝတီလည်း မိန်းမငယ်ရာတို့သည် ခြံရံအပ်သည်ဖြစ်၍ မင်းယင်ပြင်လမ်းဖြင့်သာလျှင် ရေချိုးရန်သွား၏။ ဥတေနမင်းသည် ခြေသော့ခံသောလေသောက်တံခါး၌ ရပ်လျက် သာမာဝတီကိုမြင်၍ ဤသို့ မေးလေ၏။

"ဤမိန်းမပျိုသည် အသူ၏ ကချေသည်တို့နည်း"
"မည်သူ၏ ကချေသည်မျှ မဟုတ်ကြပါ"
"သို့ဖြစ်လျှင် မည်သူ့သမီးတို့နည်း"
"ဃောသကသူဌေး၏သမီး သာမာဝတီအမည်ရှိသောသတို့သမီးဖြစ်ပါသည်"

ဥတေနမင်းသည် သာမာဝတီကို မြင်ရ၍သာလျှင် 'ချစ်ခင်ခြင်းဖြစ်၍ ငါ့အား သမီးကိုပေးဆက်စေလိုသည်'ဟု သဘင်းစကားကို ပို့စေ၏။ သူဌေးလည်း 'အရှင်မင်းကြီး။ မပေးဆက်လိုပါ'ဟု လျှောက်စေ၏။ တဖန် 'ဤသို့ မပြုလင့်။ ပေးသာ ပေးဆက်ပါ'ဟု စေတော်မူသဖြင့် 'အကျွန်ုပ်တို့ သူကြွယ်မည်သည်ကား သတို့သမီးတို့ကို ပုတ်ခတ်ညှဉ်းဆဲ၍ ဆွဲဆောင်ကြရမည်မှကြောက် သောကြောင့် မပေးဆက်လိုပါ'ဟု လျှောက်စေပြန်၏။

ဥတေနမင်းသည် အမျက်ထွက်၍ အိမ်ကို တံဆိပ်ခတ်စေပြီးလျှင် သူဌေးနှင့် သူဌေးကတော်ကို လက်၌ကိုင်၍အပြင်သို့ ထုတ်စေတော်မူ၏။ သာမာဝတီသည် ရေချိုး၍ ပြန်လာလတ်သော် အိမ်သို့ ဝင်ရန် အခွင့်မရသည်ဖြစ်၍ ဤသို့ မေး၏။

"ဖခင်။ ဤကိစ္စကား အသို့နည်း"

"ချစ်သမီး။ မင်းကြီးသည် ချစ်သမီးကို ပို့ဆက်ရမည်ဟု စေတော်မူသည်။ ထိုအခါ ဖခင်က ကျွန်ုပ်တို့ မဆက်သနိုင်ပါဟု ပြန်၍ လျှောက်စေသော် အိမ်ကို တံဆိပ်ခတ်၍ ဖခင်တို့ကိုအပြင်သို့ထုတ်စေတော်မူသည်"

"ဖခင်။ ဝန်လေးသောအမှုကို ဖခင်တို့ ပြုမိကြတော့သည်။ မင်းကြီးထံ ပို့ဆက်စေတော်မူသော် မဆက်နိုင်ပါဟု မဆိုမူ၍ အကယ်၍ အကျွန်ုပ်သမီးကို အခြံအရံနှင့်တကွ သိမ်းပိုက်တော်မူသည်ဖြစ်အံ့။ပို့ဆက်ကြပါမည်ဟု လျှောက်သင့်ပါသည်"

"ချစ်သမီး။ ကောင်းပြီ။ ချစ်သမီးက လိုလားသော် ဤသို့လျှောက်ရတော့မည်"

ဃောသကသူဌေးသည် သာမာဝတီ ပြောဆိုသည့်အတိုင်း မင်းကြီးအား တဖန်လျှောက်စေ၏။ မင်းကြီးလည်း 'ကောင်းပြီ' ဟုဝန်ခံတော်မူ၍ သာမာဝတီကို အခြံအရံနှင့်တကွ ဆောင်ယူရန် အဘိသိက်သွန်းပြီးလျှင် မိဖုရားခေါင်ကြီးအရာ၌ ထားတော်မူ၏။

ဥတေနမင်းအား မိဖုရားခေါင်ကြီး သုံးပါးရှိ၏။ တပါးကား ဤသာမာဝတီမိဖုရား။ တပါးကား စဏ္ဍပဇ္ဇောတမင်း၏ သမီးတော် ဝါသုလဒတ္တာမိဖုရားတပါး။ မာဂဏ္ဍီယပုဏ္ဏား၏သမီး မာဂဏ္ဍီယာမိဖုရားတည်း။ ထိုသုံးပါးတွင် မာဂဏ္ဍီယာမိဖုရားကား အဖဖြစ်သူက မြတ်စွာဘုရားအထံတော်သို့ ခေါ်သွား၍ ခြေရင်းအလုပ်အကျွေးပြုတော်မူပါဟု လျှောက်စဉ် 'ကျင်ကြီးကျင်ငယ်တို့ဖြင့်ပြည့်သော သင်တို့သမီးကို ခြေဖြင့်ပင် မထိလို' ဟု မိန့်တော်မူသဖြင့် မြတ်စွာဘုရား၌ ရန်ငြိုးကြီးစွဲထားသူဖြစ်

၏။ အမိနှင့်အဖတို့သည် မာဂဏ္ဍိယကို ညီဖြစ်သူ စူနမာဂဏ္ဍိယပုဏ္ဏားအား အပ်နှံ၍ ရဟန်းပြုကာ ရဟန္တာများ ဖြစ်တော်မူကြကုန်၏။ စူနမာဂဏ္ဍိယပုဏ္ဏားလည်း တူမဖြစ်သူကို မင်းနှင့်သာလျှောက်ပတ်သူဖြစ်သည်ဟုကြံ၍ ဥတေနမင်းအား ဆက်သ၏။ ထိုအခါ သာမာဝတီကဲ့သို့ပင် မိဖုရားခေါင်ကြီးတပါး ဖြစ်လာ၏။

ဤအရာ၌ သာမာဝတီမိဖုယားအကြောင်းကိုဆိုလျှင်ဥတေနမင်းအကြောင်းကိုလည်း သိကောင်းသောကြောင့် အကျဉ်းမျှပြဆိုဦးအံ့။

ရှေးအခါအလ္လကပ္ပတိုင်း၌ အလ္လကပ္ပမည်သော မင်းဝေဌဒီပကတိုင်း၌ ဝေဌဒီပကမည်သောမင်းတို့သည်ငယ်စဉ်အခါမှစ၍ အဆွေခင်ပွန်းများ ဖြစ်ကြကုန်လျက် တဦးထည်းသော ဆရာ့အထံ၌ အတတ်ပညာသင်ကြားကြကုန်၏။ ပညာတတ်မြောက်၍ မိမိတို့ပြည်၌ ပြန်သွားကြပြီးနောက် ခမည်းတော်တို့ နတ်ပြည်စံတော်မူသောအခါ မင်းအဖြစ်သို့ ရောက်ကြကုန်၏။ ထိုမင်းတို့၏ ပြည်တို့သည် အသီးသီး အလျားအားဖြင့် ဆယ်ယူဇနာစီ ရှိကြကုန်၏။

ထိုမင်းနှစ်ပါးတို့သည် (အခါခပ်သိမ်း)အညီအညွတ် စုဝေးကြ၍ တပေါင်းထည်း နေထိုင်ကြကုန်လျက် မွေးဖွားလာကြသော အိုမင်းသွားကြသော သေဆုံးကုန်ကြသော လူအပေါင်းတို့ မြင်ရန် ဤသို့ တိုင်ပင်ကြကုန်၏။

“တမလွန်သော လောကသို့ သွားရသောသူကို အတူလိုက်သော အဖေါ်မည်သည် မရှိ။ အယုတ်ဆုံးအားဖြင့် မိမိ၏ကိုယ်သည်လည်း အတူမလိုက် အလုံးစုံကို ပစ်၍သွားရ၏။ ငါတို့ကား

အိမ်ယာတည်ထောင် လူ့ဘောင်၌နေသဖြင့် အဘယ်အကျိုး ရှိအံ့နည်း။ ရသေ့ရဟန်းပြုကြကုန်အံ့ ”

ထို့နောက် မင်းနှစ်ပါးတို့သည် တိုင်းပြည်တို့ကို သားမယား တို့အား အပ်နှင်းခဲ့ကြ၍ ရသေ့ရဟန်းပြုပြီးလျှင် ဟိမဝန္တာ အရပ်၌ နေကြကုန်၏။ ထိုမှတဖန် ဤသို့တိုင်ပင်ကြပြန်၏။

“ငါတို့သည် မင်းစည်းစိမ်ကို စွန့်၍ ရသေ့ရဟန်း ပြုခဲ့ကြ ကုန်၏။ အသက်မွေးရန် မတတ်နိုင်သောကြောင့် ရသေ့ရဟန်း ပြုခဲ့ကြသူများ မဟုတ်ကြကုန်။ ထိုသို့သဘောရှိသော ငါတို့သည် တခုတည်းသောအရပ်၌ နေကြကုန်သော် ရသေ့ရဟန်းမပြုသူ တို့နှင့် တူကုန်သည်သာ ဖြစ်ကြကုန်အံ့။ ထို့ကြောင့် ငါတို့သည် တခြားစီသာ နေကြကုန်အံ့။ သင်သည် ထိုတောင်သို့နေလော့။ ငါမူကား ဤတောင်၌နေအံ့။ လခွဲတိုင်း လခွဲတိုင်း ဥပုသ် အတူတကွ တွေ့ဆုံကြကုန်အံ့။

ထို့နောက် ရသေ့တို့သည် ဤသို့အကြံဖြစ်ကြကုန်၏။

“ဤသို့နေသော်လည်း ငါတို့အား အပေါင်းအသင်းနှင့် နေထိုင်ခြင်းမျိုးသာ ဖြစ်လတံ့။ သင်ကား လခွဲတိုင်း သင်၏ တောင်၌ မီးကို ရှို့ညှိလော့။ ငါသည် ငါ၏တောင်၌ မီးကို ရှို့ညှိအံ့။ ထိုမီးအမှတ်ဖြင့် ရှိသည်၏အဖြစ်ကို သိကြကုန်အံ့ ”

ရသေ့တို့သည် ထိုသို့အကြံဖြစ်သည့်အတိုင်း ပြုလုပ်နေထိုင် ကြကုန်၏။ နောက်အခါ၌ ဝေဿဒီပကရသေ့သည် ကွယ်လွန်၍ တန်ခိုးကြီးသော နတ်မင်း ဖြစ်လေ၏။ ထို့နောက် လခွဲအချိန် ရောက်လေသော် မီးကိုမမြင်ရ၍သာလျှင် အလ္လကပ္ပရသေ့သည် ‘ငါ့အဆွေကား ကွယ်လွန်ခဲ့ပြီ’ဟု သိလေ၏။ ဝေဿဒီပကရသေ့ သည်း ဖြစ်သောခဏ၌သာလျှင် မိမိ၏နတ်အသရေကို ကြည့်၍

ပြုခဲ့သော ကံကို ကြည့်ရှုဆင်ခြင်လေသော် တောသို့ထွက်သည်မှ စ၍ မိမိ၏ ပြင်းထန်သောအကျင့်ကို မြင်ရပြီးနောက် ‘ငါ့အဆွေ ခင်ပွန်းကို ဖူးမြင်ဦးအံ့’ဟု ကြံ၍ ထိုနတ်အသဘောကို စွန့်ပယ်၍ ခရီးသွား ယောကျ်ားကဲ့သို့ ဖန်ဆင်းပြီးမှ အလ္လကပ္ပရသေ့၏ အထံသို့ သွား၍ ရှိခိုးကာ သင့်ရာအရပ်၌ ရပ်၏။

“အဘယ်အရပ်မှ လာခဲ့သနည်း”

“အရှင်ဘုရား။ အကျွန်ုပ်သည်ခရီးသွားယောကျ်ားဖြစ်သည်။ ဝေးလံသော ခရီးမှလာခဲ့သည် အရှင်ဘုရား။ ဤအရပ်၌ အရှင်ဘုရားတပါးတည်းသာ နေပါသလော။အခြားသူတစုံတယောက်လည်း ရှိပါသလော”

“ငါ့အား အဆွေခင်ပွန်းတယောက်ရှိ၏”

“ထိုအဆွေခင်ပွန်းသည် အဘယ်မှာနည်း”

“ထိုတောင်၌ နေ၏။သို့ရာတွင် ဥပုသ်နေ့၌ မီးကို မရှို့မည့် သေဆုံးပြီ ဖြစ်လိမ့်မည်”

“အရှင်ဘုရား။ဤအတိုင်း မှန်သလော”

“ဒကာ ဤအတိုင်း မှန်ပေ၏”

“အရှင်ဘုရား ထိုအဆွေခင်ပွန်းကား အကျွန်ုပ်ပင် ဖြစ်ပါသည်”

“အဘယ်ဘဝ၌ ဖြစ်သနည်း”

“အရှင်ဘုရား။ နတ်ပြည်၌ တန်ခိုးကြီးသော နတ်မင်း ဖြစ်ပါသည်။ အရှင်ဘုရားကိုဖူးမြင်ရန် တဖန် လာခဲ့ပါသည်။ စင်စစ်သော်ကား ဤအရပ်၌နေသော အရှင်ဘုရားတို့အား ဘေးဥပဒ်တစုံတရာ ရှိပါသလော”

“တကာရှိ၏။ ဆင်တို့ကို အကြောင်းပြု၍ ပင်ပမ်းရပေ၏”

"အရှင်ဘုရားတို့အား ဆင်တို့သည် အသို့ပြုကြပါသနည်း"

"တံမြက်လှဲရာ အရပ်၌ ကျင်ကြီးစွန့်ကြကုန်၏။ ခြေတို့ဖြင့် မြေကိုခတ်၍ မြေခဲကိုထုတ်ကြကုန်၏။ ငါသည်ဆင်ခြေးကို စွန့်ရသည်ဖြစ်၍ မြေကိုညီအောင်ညှိရသည်ဖြစ်၍ ပင်ပမ်း၏"။

"ဆင်တို့ မလာခြင်းကို လိုလားတော်မူပါသလော"

"လိုလားပေ၏"

"သို့ဖြစ်လျှင် ဆင်တို့မလာအောင် ပြုပါမည်"

နတ်မင်းသည် ရသေ့အား ဆင်နှစ်သက်သော 'ဟတ္ထိကန္တ' စောင်းကိုငင်း၊ ဆင်နှစ်သက်သော 'ဟတ္ထိကန္တ မန္တန်'ကိုငင်း၊ ပေး၏။ ပေးသောအခါ စောင်း၌ ကြိုးသုံးချောင်းတတ်၏။မန္တန်ကိုလည်းသုံးပုဒ်သင်၏။ ထို့နောက် ဤသို့ မှာကြား၏။

"ဤစောင်းကြိုးကိုတီး၍ ဤမန္တန်ကိုရွတ်လျှင် ဆင်တို့သည် ပြန်၍ပင် မကြည့်နိုင်ဘဲ ပြေးကြကုန်လတ္တံ့။ ဤစောင်းကြိုးကို တီး၍ ဤမန္တန်ကိုရွတ်လျှင် ဆင်တို့သည် ပြန်၍ကြည့်၍ကြည့် ကြကုန်လျက်ပြေးကြကုန်လတ္တံ့။ဤစောင်းကြိုးကိုတီး၍ဤမန္တန် ကိုရွတ်လျှင် ဆင်တို့အကြီးအကဲ ဖြစ်သော ဆင်အုပ်မှူးသည် ကျောက်ကုန်းကို ညွတ်လျက် ချဉ်းကပ်လာလတ္တံ့။ အရှင်ဘုရား အလိုရှိရာကို ပြုတော်မူလော့"

"နတ်မင်းသည် ဤသို့ လျှောက်ထား၍ ပြန်သွား၏။ရသေ့ လည်း ဆင်ပြေးစေတတ်သော စောင်းကြိုးကို တီးသဖြင့် ဆင် တို့ကို ပြေးစေ၍ ချမ်းသာစွာ နေထိုင်၏။

ထိုအခါ ကောသမ္ဗီပြည်၌ ပရန္တပအမည်ရှိသောမင်းသည် စိုးစံ၏။ ထိုမင်းသည် တနေ့သ၌ ကိုယ်ဝန်ရင့်မာသော မိဖုယား နှင့်အတူတကွ ထွက်ပေါ်စ နေရောင်ကိုလှူ လျက်လွင်တီးခေါင်၌

နေ၏။ ထိုအခါမိဖုယားသည် မင်းကြီး၏ အဖိုးတန်သိန်းထိုက်သော ကမ္ဗလာနီခြုံထည်ကိုခြုံ၍ ထိုင်နေလျက် မင်းကြီးနှင့်အတူတကွ စကားပြောဆိုနေစဉ် အဖိုးတန်သိန်းထိုက်သော မင်းအမှတ်တံဆိပ်ခတ်နှိပ်အပ်သော လက်စွပ်ကို မင်းကြီးလက်မှချွတ်၍ မိမိလက်၌ ဝတ်၏။ ထိုခဏ၌ 'ဟတ္ထိလိင်' ခေါ်သော ငှက်ဆင်ကြီးသည်ကောင်းကင်ဖြင့် ပျံသန်းသွားလေသော် ကမ္ဗလာနီခြုံထားသော မိဖုယားကို အဝေးမှမြင်၍ 'သားတစ်' ဟူသောအမှတ်သညာဖြင့် အတောင်တို့ကိုစု၍ ထိုးဆင်း၏။မင်းကြီးသည် ထိုဆင်းသက်သောအသံဖြင့် ကြောက်လန့်ရကား နေရာမှထ၍ နန်းတော်တွင်းသို့ဝင်၏။ မိဖုယားကား ကိုယ်ဝန်လေးလ ခြင်းကြောင့်၎င်း၊ ကြောက်တတ်သော သဘောရှိသောကြောင့်၎င်း၊ လျင်မြန်စွာ မသွားနိုင်ပေ။ ထိုအခါငှက်ဆင်သည် မိဖုယားကို ထိုးသုတ်၍ ခြေသည်းအကြား၌ ထားပြီးလျှင် ကောင်းကင်သို့ ပျံ၏။ ထိုငှက်တို့ကား ဆင်ပြောင်ငါးစီးအားကို ဆောင်နိုင်ကြကုန်၏။ ထိုကြောင့် ကောင်းကင်ဖြင့် ဆောင်ယူသွား၍နှစ်သက်ရာအရပ်၌ နား၍ အသားကို စားကြကုန်မြဲဖြစ်၏။ မိဖုယားလည်း ငှက်ဆင်သုတ်သွားစဉ် သေဘေးမှ ကြောက်သည်ဖြစ်၍ ဤသို့ကြံ၏။

"အကယ်၍ ငါသည် အော်ဟစ်ငြားအံ့။ လူသံမည်သည် တိရစ္ဆာန်တို့အား ထိတ်လန့်စေတတ်၏။ ထိုအသံကိုကြားရသော် ငါ့ကိုလွှတ်ချလတံ့။ ဤသို့ ဖြစ်ခဲ့သော် ကိုယ်ဝန်နှင့်တကွ ငါသည်သေဆုံးခြင်းသို့ ရောက်ရပေလတံ့။ အကြင်အရပ်၌ နား၍ ငါ့ကိုစားရန်အားထုတ်လတံ့။ ထိုအရပ်၌ငှက်ကြီးကို အသံပေး ပျံပြေးစေအံ့"

မိဖုယားသည် ပညာရှိသူ ဖြစ်ခြင်းကြောင့် အသံမပြုဘဲသည်း ခံ၏၊ ထိုအခါ ဟိမဝန္တာအရပ်၌လည်း အတန်ငယ်ကြီးထွား၍ မကျောပ်အသွင်ဖြင့်တည်ရှိသော ပညောင်ပင်ကြီးတပင်ရှိ၏။ ငှက်ဆင်သည် သမင်စသည်တို့ကို ထိုပညောင်ပင်ကြီးသို့ ချီဆောင်၍ စားလေ့ရှိ၏။ ထို့ကြောင့် ငှက်ဆင်သည် မိဖုယားကိုလည်း ထိုပညောင်ပင်ကြီးသို့သာ ချီဆောင်၍ ညောင်ပင်ခွကြား၌ ချထား ပြီးမှ လာခဲ့သည့်လမ်းကို မျှော်ကြည့်၏။ လာခဲ့သော လမ်းကို မျှော်မှန်း၍ ကြည့်ခြင်းကား ထိုငှက်တို့၏ ဓမ္မတာပင် ဖြစ်၏။ ထိုခဏ၌ မိဖုယားသည် ဤငှက်ကြီးကို ပြန်စေရန်သင့်ပြီဟု ကြံ၍ လက်နှစ်ဘက်တို့ကိုမြှောက်ပြီးလျှင် လက်ခုပ်သံကိုရင်း၊ ခံတွင်းမှအော်ဟစ်သံကိုရင်း ပြု၍ ပျံပြေးစေ၏။

ထိုနောက် နေဝင်သောအခါ ဝမ်း၌ကမ္ဗဇလေတို့ လှုပ်ရှားကုန်၏။ အလုံးစုံသော အရပ်မျက်နှာတို့မှ ထစ်ချုန်းသောမိုးကြီး လည်း တက်လတ်၏။ ချမ်းသာသွာကြီးပြင်းခဲ့ရသော မိဖုယား သည် 'ရှင်မ။ မကြောက်ပါလင့်' ဟူသော စကားကိုမျှ မကြား ရဘဲ ဆင်းရဲဒုက္ခသည် နှိပ်စက်အပ်သည်ဖြစ်၍ တညလုံး မအိပ် ရတော့ပေ။ မိုးသောက်သောအခါ၌ကား မိုးတိမ်ကင်းစင်ခြင်း သည်ရင်း၊ အာရုဏ်တက်ခြင်းသည်ရင်း၊ ကိုယ်ဝန်မှထမြောက် ခြင်းသည်ရင်း၊ တပြိုင်နက်သာလျှင် ဖြစ်လေ၏။ မိဖုယားသည် မိုးဥတုကိုရင်း၊ တောင်ဥတုကိုရင်း၊ အာရုဏ်ဥတုကိုရင်း၊ ယူ၍ ဖွားမြင်ခြင်းကြောင့် သားငယ်ကို 'ဥတေန' ဟု အမည်မှည့်လိုက် ၏။

အလ္လကပ္ပရသေ့၏ နေရာသည်လည်း ထိုပညောင်ပင်၏ မနီး မဝေး၌ရှိ၏။ ရသေ့သည် ပြကတေ့အားဖြင့်ပင် မိုးရွာသောနေ့

၌ ချမ်းခြင်းမှ ကြောက်သောကြောင့် သစ်သီးကြီးငယ် အလို့ ငှာ တောသို့မသွားဘဲ ထိုပဉ္စောင်ပင်ရင်းသို့သွား၍ ငှက်တို့စား အပ်သော အသားတို့၏အရိုးကို ဆောင်ယူ၍ ထုရိုက်ပြီးလျှင် အရည်ကိုရ၍ သောက်၏။ ထို့ကြောင့် ထိုနေ့၌လည်း အရိုးကို ကောက်ယူအံ့ဟုသွား၍ ပဉ္စောင်ပင်ရင်း၌ အရိုးရှာလေသော် အပေါ်မှ ကလေးသံကိုကြား၍ မော်ကြည့်သော် မိဖုယားကို မြင်၏။

"အသင်မည်သူနည်း"

"လူသားမိန်းမဖြစ်ပါသည်"

"အဘယ်ကြောင့် ရောက်လာသနည်း"

"ငှက်ဆင်ချီလာခြင်းကြောင့် ရောက်လာရပါသည်"

"ဆင်းခဲ့လော့"

"အရှင်၊ အမျိုးဇာတ်ပျက်မည်ဘေးမှ ကြောက်ပါသည်"

"သင်ကား အဘယ်အမျိုးဇာတ်ရှိသူနည်း"

"မင်းသမီးဖြစ်ပါသည်"

"ငါလည်းမင်းသားပင်ဖြစ်သည်"

"သို့ဖြစ်လျှင် ခတ္တိယမာယာကို ဆိုပါလော့"

ရသေ့လည်း ခတ္တိယမာယာကို ဆိုပေ၏။

"သို့ဖြစ်လျှင်တက်၍ ကျွန်ုပ်၏ သားကိုချပါလော့"

ရသေ့သည် ပဉ္စောင်တဘက်နံပါးမှ အထက်သို့တက်ရန်လမ်း ပြု၍တက်ရောက်ပြီးလျှင် သူငယ်ကိုယူ၏။ 'အကျွန်ုပ်ကို လက်ဖြင့် မထိပါလင့်'ဟု ဆိုသောကြောင့် မိဖုယားကို မထိမိစေဘဲ သူငယ် ကိုအောက်သို့ချ၏။ မိဖုယားလည်းဆင်း၏။ ရသေ့သည် မိဖု ယားကို ကျောင်းသင်္ခမ်းသို့ခေါ်ဆောင်၍မိမိ၏သီလမပျက်စေဘဲ

လုပ်ကျွေးပြုစု၏။ အကောင်မရှိသော ပျားအုံကို ဆောင်ယူခဲ့၍ အလိုလိုပေါက်သော သယံဇာတ သလေးကိုဆောင်ပြီးလျှင် ယာဂုကြို၍ ပေး၏။ ရသေ့သည် ဤသို့ လုပ်ကျွေးလတ်သော် နောက်အဘို့၌ မိဖုယားသည် ဤသို့ကြံ၏။

"ငါသည် လာခဲ့သော ခရီးလမ်းကိုလည်းမသိ။ သွားရမဲ့ ခရီးလမ်းကိုလည်းမသိ။ငါအား ဤရသေ့နှင့် အကျွမ်းဝင်ခြင်းမျှလည်း မရှိ။ အကယ်၍ ဤရသေ့သည် ငါ့ကိုစွန့်၍ တပါးအရပ်သို့သွားငြားအံ့။ ငါတို့သားအမိနှစ်ယောက်သည် ဤအရပ်၌သာ သေခြင်းသို့ရောက်ကြလတံ့။ တစုံတခုကိုပြု၍ ဤရသေ့၏သီလကို ဖျက်ဆီး၍ ငါ့ကိုမလွှတ်နိုင်အောင် ပြုသင့်၏"

ထိုနောက်မိဖုယားသည် မကောင်းသောဝတ်ခြင်း။မကောင်းသောခြုံရုံခြင်းတို့ကိုပြုခြင်းဖြင့် ဖြားယောင်း၍သီလပျက်ခြင်းသို့ရောက်စေ၏။ ထိုအခါမှစ၍ အညီအညွတ်နေထိုင်ကြကုန်၏။

တနေ့သောအခါ ရသေ့သည် နက္ခတ်အယှဉ်ကိုကြည့်လေသော် ပူရန္တပမင်း၏ နက္ခတ်ညှိုးနွမ်းသည်ကိုမြင်၍ မိဖုယားကြီးကို ဤသို့ဆို၏။

"ရှင်မ။ ကောသမ္ဗီပြည် ပူရန္တပမင်း နတ်ရွာစံလေပြီ"

"အရှင်။ အဘယ့်ကြောင့် ဤသို့ဆိုသနည်း။ အရှင်သား ဤပူရန္တပမင်းနှင့် ရန်ငြိုးဖွဲ့ခြင်း ရှိပါသလော"

"ရှင်မ။ ရန်ငြိုးဖွဲ့ခြင်းမရှိပါပေ။ သူ၏ နက္ခတ်ငြိုးနွမ်းခြင်းကိုမြင်၍ ဤသို့ဆိုပေသည်"

ထိုအခါ မိဖုယားသည် ငိုယို၏။ အဘယ်ကြောင့်ငိုသနည်းဟုရသေ့ကမေးသောအခါ မိမိအရှင်သခင်ဖြစ်ကြောင်းကို ဆိုပေ၏။ ထိုအခါရသေ့သည် ဤသို့ဆို၏။

"ရှင်မ မငိုလင့်။ မေးဖွားလာသောသူအား သေရခြင်းသည် မြဲ၏"

"အရှင် သိပါသည်"

"သို့ဖြစ်လျှင် အဘယ်ကြောင့် ငိုသနည်း"

"အကျွန်ုပ်၏သားသည်။အမျိုး၏အမွေဖြစ်သော မင်းအဖြစ် အား လျှောက်ပတ်သူဖြစ်ပါသည်။အကယ်၍ထိုပြည်၌ရှိအံ့။ထီး ဖြူကို စိုက်ဆောင်းစေနိုင်ပါသည်။ ယခုမူကား ဆုံးရှုံးရခြင်း ဖြစ်ခဲ့ပြီဟု ပူဆွေး၍ ငိုကြွေးမိပါသည်"

"ရှင်မ။ ရှိပါစေတော့။ မစိုးရိမ်လင့်။ သားတော်အတွက် မင်းအဖြစ်ကို အကယ်၍တောင့်တငြားအံ့။ ငါသည်သားတော် အား မင်းအဖြစ်ကို ရအံ့သော အချင်းအရာကို ပြုအံ့"

ထိုနောက်ရသေ့သည် မင်းသားအား ဆင်တို့နှစ်သက်သော ဟတ္ထိဂန္တစောင်းကိုရင်း၊ ဟတ္ထိကန္တမန္တန်ကိုရင်း ပေး၏။ ထို အခါ အထောင်မကသော များစွာသောဆင်တို့သည် လာကြ ကုန်၏။ ပညောင်ပင်ရင်း၌ နေကြကုန်၏။ ထို့နောက်ရသေ့ လည်း မင်းသားအား ဤသို့ဆို၏။

"ဆင်တို့မလာမီ သစ်ပင်သို့တက်၍ဆင်တို့လာသောအခါ၌ ဤမန္တန်ကိုရွက်၍ ဤစောင်းကြိုးကို တီးလော့။ ဆင်အားလုံး ပြန်၍ပင်မကြည့်နိုင်ဘဲ ပြေးကြကုန်လတံ့။ ထိုအခါသစ်ပင်မှ ဆင်း၍ လာခဲ့လော့"

မင်းသားသည် ရသေ့ဆိုတိုင်းပြု၍ ပြန်လာပြီးလျှင် ရသေ့ ဆိုတိုင်း ဖြစ်သည့်အကြောင်းကို လျှောက်၏။ နောက်တနေ့၌ ရသေ့သည် မင်းသားကို ဤသို့ဆို၏။

"ယနေ့ဤမန္တန်ကိုရွတ်၍ ဤစောင်းကြိုးကိုတီးလော့။အလုံးစုံသောဆင်တို့သည် ပြန်လည်၍ ကြည့်ကြကုန်လျက် ပြေးကြကုန်လတံ့"

ထိုနေ့၌သည်း မင်းသားသည် ရသေ့ဆိုတိုင်းပြု၍ ပြန်လာပြီးလျှင် ထိုအကြောင်းကို ရသေ့အားလျှောက်၏။ ထိုနောက်တတိယနေ့၌ ရသေ့သည် မင်းသားကို ဤသို့ဆို၏။

"ယနေ့ ဤမန္တန်ကို ရွတ်၍ ဤစောင်းကြိုးကို တီးလော့။ အုပ်မှူးဆင်သည် ကျောက်ကုန်းကိုညွှတ်လျက် ချဉ်းကပ်လာလတံ့"

ထိုနေ့၌လည်း မင်းသားသည် ရသေ့ဆိုတိုင်းပြု၍ ပြန်လာပြီးလျှင် ရသေ့အားကြားလျှောက်၏။ ထိုအခါရသေ့သည် မိဘုရားကိုခေါ်၍ 'ရှင်မ။ သင့်သားတော်အား မှာစရာသတင်းစကားကို မှာလော့' ဤအရပ်မှပင်သွားရောက်၍ မင်းဖြစ်လတံ့ ဟုဆိုပေ၏။ မိဘုရားလည်း သားတော်ကိုခေါ်၍ ဤသို့ဆို၏။

"ချစ်သား။ သင်သည် ကောသမ္ဗီပြည် ပရန္တပမင်း၏သားတည်း ကိုယ်ဝန်အရင့်အမာ ရှိနေသော မယ်တော်ကို ငှက်ဆင်သည် ချီယူခဲ့ပေသည်"

ဤသို့အဖြစ်သနစ်ကို ပြောပြီးလျှင် စစ်သူကြီးစသောသူတို့၏ အမည်များကိုလည်း ပြောကြား၍ ဤသို့မှာပြန်၏။

"မယုံကြည်သောသူတို့အား သင့်ခမည်းတော်၏ ဤကမ္ဗလာ ခြုံစောင်ကိုရင်း၊ ဝတ်တော်မူသော လက်စွပ်ကိုရင်း ပြလော့"

ဤသို့မှာကြား၍ မယ်ဘော်က လွှတ်လိုက်သောအခါ မင်းသားသည် ရသေ့ကို ဤသို့ဆို၏။

"ယခုအခါ အသို့ပြုရပါအံ့နည်း"

"သစ်ပင်၏ အောက်ဆုံးအခက်၌ခနေ၍ ဤမန္တန်ကိုရွတ်၍ ဤစောင်းကြိုးကို တီးလော့။ အုပ်မှူးဆင်သည် သင့်အား ကျောက်ကုန်းကိုညွတ်၍ ချဉ်းကပ်လာလတံ့၊ ထိုအုပ်မှူးဆင်၏ ကျောက်ကုန်း၌ နေလျက်သာလျှင် တိုင်းပြည်သို့သွား၍ မင်းအဖြစ်ကို ယူလော့"

မင်းသားသည် မိဖတို့ကိုရှိခိုး၍ ရသေ့ဆိုတိုင်း ပြုပြီးလျှင် ရောက်လာသော ဆင်ပြောင်၏ ကျောက်ကုန်းထက်၌ နေ၍ ကျွန်ုပ်သည် ကောသမ္ဗီပြည် ပူရန္တပ မင်း၏ သားတော်တည်း။ အရှင်။ အကျွန်ုပ်အား အဖအမွေဖြစ်သော မင်းအဖြစ်ကိုယူ၍ ပေးပါလော့ ဟု နားရင်း၌ပြောဆို၏။ ဆင်ပြောင်သည် ထိုစကားကိုကြားလေသော် 'အထောင်မက များလှသော ဆင်အပေါင်းတို့ စုဝေးကြကုန်' ဟု ဆင်တို့၏အသံကို ဟစ်ကြွေး၏။ အထောင်မကများလှသော ဆင်တို့သည် စုဝေးကြကုန်၏။ ထို့နောက် 'ဆင်အိုကြီးများ နေရစ်ကြကုန်' ဟု ဆင်တို့၏အသံကို ဟစ်ကြွေးပြန်၏။ဆင်အိုကြီးများသည် ဆုတ်နစ်၍ နေရစ်ကြကုန်၏။ ထို့နောက် 'အလွန်ငယ်သောဆင်များ ပြန်လှည့်ကြကုန်' ဟု ဆင်တို့၏ အသံကိုဟစ်ကြွေးပြန်၏။ ထိုဆင်ငယ်များကလည်း ပြန်လှည့်ကြကုန်၏။

မင်းသားသည် များလှသော အထောင်မကသော ဆင်အုပ်ကြီးများဖြင့် ခြံရံလျက် ပစ္စန္တရစ်သို့ ရောက်၏။ 'စည်းစိမ်ကို သိလား တောင်းတသူတို့သည် ငါနှင့်အတူလိုက်လာကြကုန်' ဟု

ဆို၍ လူစုပြီးလျှင် မြို့တော်တိုင်အောင် ချီသွား၍ ဝန်းရံပြီး နောက် 'စစ်တည်းထိုးမည်လော၊ တိုင်းပြည်ကိုတည်း ပေးမည် လော'ဟု ရာဇသံပို့၏။

ထိုအခါ မြို့သူ မြို့သားတို့သည် ဤသို့ဆိုကြကုန်၏။

"ငါတို့သည်။ မင်းနှစ်ပါးတို့ကို မတွေ့ကြရသေး၊ ငါတို့၏ ကိုယ်ဝန်အရင့်အမာရှိသော မိဖုရားခေါင်းကြီးကို ငှက်ဆင်သည် ချီယူသွားခဲ့သည်။ ထိုမိဖုရား၏ မိမရှိ ဟူသောအကြောင်းကိုမသိ ကြကုန်ရာ၊ မိဖုရားကြီး၏ အဖြစ်သနစ်ကို မကြားရသမျှ ကာ လပါတ်လုံး စစ်လည်း မထိုးကြလို၊ တိုင်းပြည်ကိုလည်း မပေး ကြလို"

ထိုခေတ်အခါကား။ မင်းမိးဒိမ်သည် အစဉ်အဆက်အားဖြင့် ခံယူရသောအရာဖြစ်သတတ်။ ထို့နောက် မင်းသားသည် 'ငါ ကား ထိုမိဖုရားကြီး၏ သားတော်ဖြစ်သည် ဟု ဆို၍ စစ်သူကြီး စသောသူတို့၏ အမည်တို့ကိုပြောဆို၏။ ထိုမျှဖြင့် မယုံသေး သောသူတို့အား ကမ္ဗလာနှင့်လက်စွပ်ကို ပြပေ၏။ ထိုအမတ်တို့ သည် ကမ္ဗလာနှင့်လက်စွပ်ကို ကောင်းစွာ မှတ်မိကြကုန်ရကား ယုံမှားမဲ့ဖြစ်ကြ၍ မြို့တံခါးကိုဖွင့်ပြီးလျှင် မင်းသားကို မင်း အဖြစ်၌ အဘိသိက်သွင်းကြကုန်၏။

"ထိုဥတေနမင်းအား။ ဆိုခဲ့ပြီးသောစကားအတိုင်း သာမာ ဝတီ မိဖုရားနှင့် မာဂဏ္ဍိယာ မိဖုရားတို့သာ မကငါသုလ ဒတ္တာ မိဖုရားလည်းရှိသေး၏။ ထိုဝါသုလဒတ္တာကား ဥဇ္ဇေနီ ပြည် စဏ္ဍပဇ္ဇောတမင်း၏ သမီးတော်တည်း။ ဝါသုလဒတ္တာကို ဥတေနမင်း ရပုံကား ဤသို့ဖြစ်၏။

စက္ကုပဇ္ဇောဘမင်းသည် ဟာနေ့သောအခါ ဥယျာဉ်မှ ပြန်ကြွသာစဉ် မိမိ၏ စိးစိမ်ကိုမြင်၍ 'တခြား တစုံတယောက်သောမင်းသား၊ ဤသို့သော စည်းစိမ်မျိုး ရှိလေသလော့' မိန့်တော်မူ၏။ အမတ်တို့လည်း 'ဤစိးစိမ်ကား အနည်းငယ်မျှသာဖြစ်၏။ ကောသမ္ဗီပြည် ဥတေနမင်း၏ စည်းစိမ်သည် အလွန်ကြီးမား၏'ဟု လျှောက်ကြကုန်၏။

"သို့ဖြစ်လျှင် ဥဘေနမင်းကို ဖမ်းယူကြအံ့"

"ဥတေနမင်းကို ဖမ်းယူရန် မတတ်နိုင်ပါ"

"တစုံတခုကိုပြု၍ ဖမ်းယူကြကုန်အံ့"

"အရှင်မင်းမြတ်။ မတတ်ကောင်းသည် သာတည်း"

"အဘယ့်ကြောင့် နည်း"

"ဥတေနမင်းသည် ဟတ္ထိကန္တအတတ်ကို တတ်ပါသည်။ မန္တန်ကို ရွတ်၍ဟတ္ထိကန္တ စောင်းကိုတီးလျက် ဆင်တို့ကိုပြေးသည်း ပြေးစေနိုင်ပါသည်။ ဖမ်းလည်း ဖမ်းယူနိုင်ပါသည်။ ဆင်သည် အပေါင်းနှင့် ပြည့်စုံသော ဥဘေန မင်းနှင့်တူသော မင်းကား မရှိတော့ပါ"

"ဥတေနမင်းကို ငါသည် မဖမ်းယူနိုင်တော့ပြီလော့"

"အရှင်မင်းမြတ်။ အရှင်မင်းမြတ်အား ဆုံးဖြတ်ချက်ရှိတော်မူပါသလော။ ရှိတော်မူပါလျှင် သစ်သားရုပ်ဆင်ကို ပြုတော်မူစေ၍ ဥတေနမင်း၏ အနီးဖြစ်သော အရပ်သို့ပို့တော်မူပါ။ ဥတေနမင်းလည်း ဆင်ယဉ် မြင်းယဉ်ရှိသည်ဟု ကြားလျှင်ဝေးသော အရပ်သို့ပင်သွားပါသည်။ ဝေးသော အရပ်သို့ လာသော ဥတေနမင်းကို ဖမ်းယူခြင်းငှာ တတ်နိုင်ကောင်း ရပါသည်"

စဏ္ဍပဇ္ဇောတမင်းသည် 'ဤအကြောင်းဥပါယ်ကား ရှိပေ၏' ဟု သစ်သားဖြင့်ပြီးသော ယန္တယားဆင်ကို ပြုစေ၍ အပန် အဝတ်မှုဆိုးတို့ဖြင့် ရစ်ပတ်ပြီးလျှင် ဆေးချယ်မှုကိုပြု၍ ဥတေနမင်း၏ နိုင်ငံတော်အတွင်း နီးစပ်ရာ အရပ်ဝယ် ရေအိုင်တခု၏ ကမ်းနားဌ် လွှတ်စေ၏။ ဆင်၏ ဝမ်းခေါင်းအတွင်း၌ ယောကျ်ားခြောက်ဆယ်တို့သည် ထိုမှဤမှ စကြံ့သွားကုန်၏။ ဆင်ချေးကို ယူဆောင်၍ ထိုထိုအရပ်၌ စွန့်ပစ်ကြကုန်၏။ မုဆိုးတယောက်သည် ထိုဆင်ကိုမြင်၍ ဥတေနမင်းအား ဤသို့ လျှောက်၏။

"အရှင်မင်းမြတ်။ အကျွန်ုပ်သည် တကိုယ်လုံး ဖြူသော ကေလာသတောင်ထွတ်နှင့် တူသော အရှင် မင်းမြတ်တို့အား လျောက်ပါတ်သော မြတ်သောဆင်ကို တွေ့မြင်ရပါသည်"

ဥတေနမင်းသည် ထိုမုဆိုးကို လမ်းညွှန်ပြု၍ဆင်ကိုစီးပြီးလျှင် အခြံအရံနှင့်တကွ ထွက်၏။ ဥတေနမင်း ထွက်တော်မူသည်ကို သိလေသော်၊ စုံထောက်သူလျှိုတို့သည်သွား၍စဏ္ဍပဇ္ဇောတမင်း အားလျှောက်ကြကုန်၏။ စဏ္ဍပဇ္ဇောတမင်းသည်ချီလာ၍အလယ်၌အချည်းနှီးပြု၍နံပါးနှစ်ဘက်တို့၌ စစ်သည် ဗိုလ်ပါကိုချထား၏။ ဥတေနမင်းသည် စဏ္ဍပဇ္ဇောတမင်း ချီလာသည်ကို မသိဘဲ ဆင်ကိုလိုက်၏။ ဆင်အတွင်း၌တည်သောသူတို့သည် ဆင်ကိုလျှင်မြန်စွာပြေးစေကုန်၏။မန္တန်ကိုရွတ်၍စောင်းကိုတီးသောဥတေနမင်း၏ စောင်းသံကိုဆင်သည် မကြားသကဲ့သို့ ပြေးမြဲသာပြေး၏။ ဥတေနမင်းသည် ဆင်ပြောင်ကို မမှီနိုင်သည်ဖြစ်၍ မြင်းကိုစီး၍ အဟုန်ဖြင့်လိုက်လေသော် ဗိုလ်ပါအပေါင်းသည် နောက်ကျ၍ကျန်ရစ်၏။ဥတေနမင်းတပါးတည်းသာဖြစ်လေ၏။ထိုအခါ

နံပါးနှစ်ဘက်တို့၌ချထားသော စဏ္ဍပဇ္ဇောတမင်း၏ ယောကျ်ားတို့သည် ဥတေန မင်းကိုဖမ်း၍ စဏ္ဍပဇ္ဇောတမင်းအား ဆက်ကြကုန်၏။ ထိုအခါ ဥတေနမင်း၏ စစ်သည်ဗိုလ်ပါတို့လည်းဥတေနမင်း၏ ရန်သူလက်သို့ ရောက်ကြောင်းကိုသိ၍ မြို့ပြင်ဘက်၌သာလျှင် သစ်တပ်ဆောက်၍ စောင့်နေကြကုန်၏။

စဏ္ဍပပဇ္ဇောတမင်းက ဥတေနကိုအရှင်ဖမ်းယူခြင်းဖြင့် ဘမ်းယူစေ၍ သူခိုးထားရာထောင်၌ ထည့်ပြီးသော် တံခါးကိုပိတ်စေ၍ သုံးရက်ပါတ်လုံး အောင်သေကိုသောက်၍ သုံးရက်မြောက်သော နေ့၌ ဥတေနမင်းသည် အစောင့်တို့ကို ဤသို့မေး၏။

"အမောင်တို့ သင်တို့မင်းလည်း အဘယ်မှာနည်း"

"ရန်သူကိုဖမ်းရသည်ဟု အောင်သေသောက် နေပါသည်"

"မိန်းမဆန်သော သင်တို့မင်း၏ အပြုအမူက အဘယ်အပြုအမူမျိုးတဲ့နည်း။ဆန့်ကျင်ဘက်မင်းကို ဘမ်းပြီးနောက်လွှတ်ခြင်း ငှါသော်၎င်း။ သတ်ခြင်းငှါသော်၎င်း ပြုသင့်သည်မဟုတ်လော့၊ ငါ့ကိုဆင်းရဲစွာ နေထိုင်စေ၍အောင်သေကိုသောက်နေတုံဘိ၏။

ထိုအကြောင်းကို အစောင့်တို့က စဏ္ဍပဇ္ဇောတ မင်းအား ကြားလျှောက်ကြကုန်၏။ စဏ္ဍပဇ္ဇောတမင်းလည်း ဥတေနမင်း ရှိရာသို့လာ၍ ဤသို့မေးမြန်း၏။

"အဆွေတော်သည် ဤသို့ဆို၏ဟူသည်မှာ မှန်သလော"

"မြတ်သော မင်းကြီး။ မှန်ပေ၏"

"ကောင်းပြီ။ အဆွေတော်ကိုလွှတ်မည်။ အဆွေတော်အား ဤသို့သော မန္တန်ရှိသည်ဟုကြားရ၏။ ထို မန္တန်ကို ကျွန်ုပ်အား ပေးမည်လော"

"ကောင်းပြီ ပေးအံ့။ သင်ယူသောအခါ၌ ကျွန်ုပ်ကိုရှိခိုး၍ သင်ယူရမည်။ အသင်မင်းမြတ် ကျွန်ုပ်ကိုရှိခိုးအံ့လော"

"အဘယ့်ကြောင့် ကျွန်ုပ်ကရှိခိုးရမည်နည်း။ ကျွန်ုပ်အဆွေတော်ကို မရှိခိုးအံ့"

"ကျွန်ုပ်ကလည်း မန္တန်ကိုမပေးအံ့"

"သို့သော် အဆွေတော်အား မင်းအာဏာကိုပြုအံ့"

"ပြုလိုသော်ပြုလော့။ ကျွန်ုပ်၏ ကိုယ်ကိုသာ သင်မင်းမြတ် အစိုးရသည်။ စိတ်ကိုကား အစိုးမရနိုင်"

စဏ္ဍပဇ္ဇောတမင်းသည် ဥတေနမင်း၏ ရဲရင့်သောကြုံးဝါးသံကို ကြား၍ ဤမန္တန်ကို အဘယ်နည်းဖြင့် သင်ယူရအံ့နည်းဟု ကြံ၏။ ထို့နောက် ဤမန္တန်ကို သူတပါးကိုသိစေရာ မတတ်ကောင်း။ ငါ့သမီးတော်ကို ဤမန္တန်ကိုသင်စေ၍ သမီးတော်၏ အထံ၌ငါသင်ယူအံ့ဟု ဆုံးဖြတ်ပြီးနောက် ဥတေနမင်းကို ဤသို့ မေး၏။

"ရှိခိုး၍ သင်ယူသောသူတပါးအား ပေးအံ့လော"

"မြတ်သောမင်းကြီး။ ပေးအံ့"

"သို့ဖြစ်လျှင် ငါတို့၏နန်းတော်၌ မိန်းမကုန်းတယောက်ရှိ၏။ တင်းတိမ်အတွင်း၌ ရှိခိုး၍နေသော ထိုမိန်းမကုန်းအား အဆွေတော်သည် အပြင်မှနေ၍ မန္တန်ကိုပို့ချပါလော့"

"မြတ်သောမင်းကြီး။ ကောင်းပါပြီ။ မိန်းမကုန်းဖြစ်စေ။ မိန်းမ မစွမ်းဖြစ်စေ ရှိခိုးသောသူအား သင်ပေးအံ့"

ထို့နောက် စဏ္ဍပဇ္ဇောတမင်းသည် ကြွသွား၍ သမီးတော် ဝါသုလဒတ္တာကို ဤသို့ဆို၏။

“ချစ်သမီး။ သင်္ခကုဋ္ဌိခေါ် ခရီးသင်း ရောဂါ စွဲကပ်နေသူ တဦးသည် အဖိုးမဖြတ်နိုင်သော မန္တန်ကိုတတ်၏။ ထိုမန္တန်ကို သူတပါးကိုသိစေရန် မတတ်ကောင်း။ ချစ်သမီးသည် တင်းတိမ် တွင်း၌ထိုင်၍ ထိုသူကိုရှိခိုး၍ မန္တန်ကိုသင်ယူလော့။ ထို သူသည် တင်းတိမ်အပြင်ပ၌တည်နေ၍ သင့်အား ပို့ချလတံ့။ ချစ်သမီး ထံမှ ခမည်းတော်က ထိုမန္တာန်ကိုသင်ယူမည်”

ဤသို့လျှင် စဏ္ဍပဇ္ဇောတမင်းသည် ဥတေနမင်းနှင့်သမီးတော် တို့၏ အချင်းချင်း ပေါင်းသင်းဆက်ဆံမှုကို ပြုမည့်ဘေးမှ ကြောက်သောကြောင့် သမီးတော်ကို မိန်းမကုန်း။ ဥတေနမင်း ကို ခရုသင်းစွဲသူ ပြုလုပ်၍ပြောဆို၏။ ဥတေနမင်းသည်တင်းတိမ် တွင်း၌ရှိခိုး၍ ထိုင်နေသော ဝါသုလဒတ္တာအား တင်းတိမ်ပြင်ပ ၌တည်နေလျက် မန္တန်ကိုပို့ချ၏။ ထိုအခါ တနေ့ပါတ်လုံးမန္တန် ကို အဖန်ဖန်ဆိုစေသော်လဲ မန္တန်ပုဒ်ပဒကို မရွတ်ဆိုနိုင်ရကား။ မင်းသမီးကို ဤသို့ဆို၏။

“ဟယ် ကုန်းမ၊ သင့်ခံတွင်း၏ အလွန်ပင် နှုတ်ခမ်းပါးစောင် ထူစွတကား။ ဤသို့ဆိုလော့”

ထိုစကားကို ကြားသော်။ မင်းသမီးသည် အမျက်ထွက်၍ ဤသို့၏။

“ဟယ်ခရုသင်းစွဲ၊ အနူပျက်၊ အသို့ဆိုသနည်း။ ငါကဲ့သို့ သော မိန်းမသည် မိန်းမကုန်းမည်သလော”

ထိုအခါ ဥတေနမင်းသည် တင်းတိမ်ဝကိုဆွဲမ၍ဤသို့မေး၏။

“သင် အသူနည်း”

“ကျွန်ုပ် ဝါသုဒတ္တမည်သော ဘုရင့်သမီးတော်ဖြစ်သည်”

"သင့် ခမည်းတော်သည် ငါ့အား ပြောဆိုသောအခါ၊ သင့်ကို မိန်းမကုန်းဟု ပြောဆို၏"

"ကျွန်ုပ်အား ပြောဆိုသောအခါ သင့်ကိုလည်း ခရုသင်းစွဲသူဟု ပြောဆိုပါသည်"

ဥတေနမင်းနှင့် ဝါသုလဒတ္တာတို့သည်'သို့ဖြစ်လျှင် ငါတို့အား အချင်းချင်း ချစ်ခင်ပေါင်းသင်းခြင်းကို ပြုကြတော့မည့်ဘေးမှ ကြောက်သောကြောင့် ဤသို့ပြောဆိုခြင်း ဖြစ်လတံ့'ဟု သိမြင်ကြကုန်၍ တင်းတိမ်တွင်း၌ပင် ချစ်ခင်ပေါင်းသင်းခြင်းကို ပြုကြကုန်၏။ ထိုအခါမှစ၍ မန္တန်ကိုသင်ကြားခြင်းသော်၎င်း၊အတတ်သင်ခြင်းသော်၎င်းမရှိချေ။ စဏ္ဍပဇ္ဇောတမင်းလည်းသမီးတော်ကို "ချစ်သမီး။ အတတ်ပညာကို သင်၏လောဟု အမြဲမေးမြန်း၏။ မင်းသမီးလည်း 'သင်ပါသည်'ဟု လျှောက်၏။ ထို့နောက်တနေ့သောအခါ ဥတေနမင်းသည် မင်းသမီးကို ဤသို့ဆို၏။

"နှမတော်။ လင်ဖြစ်သူက ပြုအပ်သောအမှုကိစ္စမျိုးကို အမိအဖ၊ အကိုအမတို့မပြုနိုင်ကြကုန်။ အကယ်၍ မောင်တော်၏ အသက်ကိုပေးငြားအံ့။ နှမတော်အား မိန်းမ အခြံအရံငါးရာပေး၍ မိဖုယားခေါင်ကြီး အရာကိုပေးပါမည်"

"အကယ်၍ ဤစကား၌ တည်ရန်တတ်နိုင်ငြားအံ့။ မောင်တော်တို့၏ အသက်ကို ကယ်တင်ပေးပါမည်"

"နှမတော် ဂတိစကား၌ တည်ပါမည်"

"ကောင်းပါပြီ။ မောင်တော်"

ထိုနောက် မင်းသမီးသည် ခမည်းတော်ထံသို့သွား၍ ရှိခိုးပြီးလျှင် သင့်ရာအရပ်၌တည်နေ၏။ ထိုအခါခမည်းတော်သည်ဤသို့မေး၏။

"ချစ်သမီး။ မန္တန်အတတ် ပြီးဆုံးပြီလော"

"အို ခမည်းတော်။ မန္တန်အတတ်မပြီးသေးပါ"

"အဘယ့်ကြောင့်နည်း"

"သမီးတော်တို့အား တံခါးတပေါက်ကိုငှ်း။ ယာဉ်တခုကိုငှ်း။ ရသင့်ပါသည်"

"ဤ အချင်းအရာကား အသို့နည်း"

"ညအခါ၌ ကြယ်အမှတ်ဖြင့်မန္တန်၏ဥပမာအလို့ ငှါယူရမည့် ဆေးတမယ်ရှိပါသည်။ ထို့ကြောင့် သမီးတော်တို့အား အချိန်ဟုတ်သောအခါ၌ဖြစ်စေ။ အချိန်မဟုတ်သောအခါ၌ ဖြစ်စေ။ ထွက်ရမည့် အခါမျိုး၌ တံခါးတပေါက်နှင့် ယာဉ်တခုရဘို့သင့်ပါသည်"

"ကောင်းပြီ"

ဥတေနမင်းနှင့် ဝါသုလဒတ္တာတို့သည် မိမိအလိုရှိသောတံခါးတပေါက်ကို ရထား ကြကုန်၏။ စဏ္ဍပဇ္ဇောတ မင်းအား ယာဉ်ငါးမျိုးရှိ၏။ ဘဒ္ဒဝတီဆင်မသည် တနေ့လျှင် ယူဇနာငါးဆယ်သွားနိုင်၏။ ကာက အမည်ရှိသော ကျွန်သည် တနေ့လျှင် ယူဇနာခြောက်ဆယ်သွားနိုင်၏။ စေလကဌ မြင်းနှင့် မုဥ္စကေသီမြင်းနှစ်ကောင်တို့သည်။ တနေ့လျှင် ယူဇနာတရာသွားနိုင်ကြကုန်၏။ နာဠာဂီရိဆင်သည် တနေ့လျှင်ယူဇနာတရာ့နှစ်ဆယ် သွားနိုင်၏။

တနေ့သောအခါ စဏ္ဍပဇ္ဇောတမင်းသည် ဥယျာဉ်ကစား ထွက်၏။ ဥတေနမင်းသည် ယနေ့ထွက်ပြေးသင့်သည်ဟု ကြံ၍ ကြီးကြီးငယ်ငယ်သော သားရေအိပ်တို့ကို ရွှေငွေတို့ဖြင့် ပြည့်စေပြီးသော် ဘဒ္ဒဝတီဆင်မကျောက်ကုန်း၌ တင်ထား၍ ဝါသုလ

ဒတ္တာကို ခေါ်ယူခါ ထွက်ပြေး၏။ မြို့အတွင်းအစောင့်အရှောက်တို့သည် ဥတေနမင်းထွက်ပြေးသည်ကိုမြင်၍ စဏ္ဍပဇ္ဇောတ မင်းအား သွား၍ လျှောက်ကြကုန်၏။ စဏ္ဍပဇ္ဇောတမင်းလည်းအမြန်လိုက်ကြကုန်။ ဗိုလ်ပါကိုစေလွှတ်၏။ ဥတေနမင်းသည် ဗိုလ်ပါတို့ လိုက်ကြသည်ကို သိသော် ငွေအိပ်ကိုဖြေ၍ပစ်ချ၏။ လူတို့လည်း ငွေအသပြာတို့ကို ကောက်ယူကြကုန်ပြီးလျှင် တဖန်ပြေးလိုက်ကြကုန်၏။ ဥတေနမင်းလည်း ရွှေအိပ်ကိုဖြေ၍ ရွှေတို့ကိုပစ်ချ၏။ လူတို့လည်း ရွှေဘတ်မက်ခြင်းကြောင့် ကြာမြင့်နှောင့်နှေးကြကုန်၏။ ထိုစဉ်၌မှာပင် ဥတေနမင်းသည် မြို့တော်ပြင်ဘက်၌စောင့်နေသော မိမိ၏သစ်တပ်သို့ရောက်၏။ ထိုအခါ ပြေးထွက်သော မင်းကိုမြင်၍ ဗိုလ်ပါသည် မင်းကိုခြံရံ၍မြို့သို့သွင်းလေ၏။ ဥတေနမင်းလည်း နန်းတော်သို့ရောက်၍လာလျှင် ဝါသုလဒတ္တာဘိသိက်သွင်း၍ မိဖုယားခေါင်ကြီးအရာ၌ ထားလေ၏။

ကောသမ္ဗီပြည်၌ သူဌေးသုံးဦးတို့၏ အလုပ်အကျွေးပန်သည်တဦးရှိ၏။ ထိုပန်းသည်၏အမည်ကား သုမနဖြစ်၏။ သုမနပန်းသည်သည် သူဌေးသုံးဦးတို့ ပင့်လျှောက်၍ ကောသမ္ဗီပြည်သို့မြတ်စွာဘုရား ကြွရောက်၍ သတင်းသုံးတော်မူသောအခါသူဌေးတို့ကို ဤသို့ဆို၏၊

"အကျွန်ုပ်သည် အရှင်တို့အား ကာလကြာမြင့်စွာ ကျေးဇူးပြုခဲ့သူဖြစ်ပါသည်။ အကျွန်ုပ်သည် မြတ်စွာဘုရားကို ဆွမ်းလုပ်ကျွေးရန် ခွင့်ပေးကြပါကုန်"

"အချင်းသုမန သို့ဖြစ်လျှင် နက်ဖြန် လုပ်ကျွေးလော့"

"အရှင်တို့ ကောင်းပါပြီ"

"ထို့နောက် သုမနသည်မြတ်စွာဘုရားကို ပင့်ဖိတ်၍ ပူဇော်သကာကို စီစဉ်၏။

ထိုအခါ ဥတေနမင်းသည် သာမာဝတီမိဖုယားအားနေ့တိုင်း ပန်းဘိုး ရှစ်ကျပ်သော အသပြာကို ပေး၏။ သာမာဝတီ ခုဇ္ဇုတ္တရာအမည်ရှိသော ကျွန်မသည် သုမနပန်းသည်၏ အထံသို့သွား၍ အမြဲမပြတ် ပန်းတို့ကို ဝယ်ယူ၏။ ထိုနေ့၌ကား မိမိထံသို့ လာသော ကျွန်မကို သုမနသည် ဤသို့ဆို၏။

"ငါသည် မြတ်စွာဘုရားကို ပင့်ဖိတ်ထားသည် ယနေ့ပန်းတို့ဖြင့် မြတ်စွာဘုရားကို ပူဇော်မည်၊ အသင်အားလည်း နေပါဦးလော့။ ငါ့ဆွမ်းလုပ်ကျွေးရာ၌ အပေါ်အဖြစ် ကူညီ၍ တရားတော်ကို နာကြားပြီးမှ ကျန်သော ပန်းတို့ကိုယူ၍သွားရ လတံ့"

ကျွန်မသည် 'အရှင်ကောင်းပါပြီ'ဟု လက်ခံ၏။ သုမနဘုရားရှင် အမှူးရှိသော ရဟန်းအပေါင်းသို့ကို ဆွမ်းလုပ်ကျွေး၍ အနုမောဒနာပြုခြင်းအလို့ငှါ သပိတ်တော်ကိုယူ၏။ မြတ်စွာဘုရားလည်းဆွမ်းအနုမောဒနာတရားဟောကြားတော်မူ၏။ ခုဇ္ဇုတ္တရာကျွန်မသည် မြတ်စွာဘုရား၏တရားတော်ကို နာကြားရစဉ်ကပင် သောတာပတ္တိဖိုလ်၌တည်လေ၏။ ခုဇ္ဇုတ္တရာသည် တပါးသော နေ့တို့၌ အသပြာလေးကျပ်တို့ကို မိမိယူ၍ အသပြာလေးကျပ်တို့ဖြင့် ပန်းတို့ကို ဝယ်ယူ၍ သွားမြဲ ဖြစ်၏။ ထိုအခါ သာမာဝတီသည် ဤသို့မေး၏။

"အမိ။ ယနေ့မင်းကြီးသည် နှစ်ဆသော ပန်းဘိုးကို ပေးတော်မူသလော"

"အရှင်မ။ ပေးတော် မူပါ"

"သို့ဖြစ်လျှင် အဘယ်ကြောင့် ပန်းဘိုး များပြားသနည်း"

"တပါးသော နေ့တို့၌ အကျွန်ုပ်သည် အသပြာလေးကျပ် တို့ကိုမိမိယူ၍အသပြာလေးကျပ်တို့ဖြင့်ပန်းတို့ကို ဝယ်၍ဆောင်ယူခဲ့ပါသည်"

"ယနေ့အဘယ့်ကြောင့် မယူသနည်း"

"မြတ်စွာဘုရား၏ တရားတော်ကိုကြားနာရ၍တရားတော်ကို သိသောကြောင့် မယူပါသည်"

ထိုအခါ သာမာဝတီသည် "ဟယ်-ကျွန်မပျက် ဤမျှသော ကာလပတ်လုံး သင်ယူထားသော အသပြာတို့ကို ငါအား ပေးလော့"ဟု မဆိုဘဲ ဤသို့ ဆို၏။

"အမိ။ အမိ သောက်သုံးရသော အမြိုက်ရည်ကို အကျွန်ုပ် တို့ကိုလည်း တိုက်ကျွေးပါလော့"

"သို့ဖြစ်လျှင် ကျွန်ုပ်ကို ရေချိုးစေပါလော့"

သာမာဝတီသည်ခုဇ္ဇုတ္တရာကို တဆယ့်ခြောက်လုံးကုန်သော နံ့သာရေအိုးတို့ဖြင့် ရေချိုးစေ၍ အထည်ချောနှစ်ထည်တို့ကို ပေးစေ၏။ ခုဇ္ဇုတ္တရာသည် တထည်ကို ဝတ်၍တထည်ကို ပုခုံး တဘက်၌ သိုင်းခြုံ၍ နေရာကို ခင်းစေပြီးလျှင်ယပ်တချောင်းကို ယူခဲ့စေ၍ နေရာ၌ ထိုင်ကာ ဆန်းကျယ်သော ယပ်ကို ကိုင်၍ မိန်းမငါးရာတို့ကို ခေါ်စေပြီးလျှင် သာမာဝတီအမှူးရှိသော မိန်းမငါးရာတို့အား မြတ်စွာဘုရား ဟောတော်မူသောနည်းဖြင့် သာလျှင် တရားကိုဟော၏။ ထိုမိန်းမငါးရာတို့သည် ခုဇ္ဇုတ္တရာ၏ တရားကို နာရ၍ သောတာပတ္တိဖိုလ်၌ တည်ကြကုန်၏။

"အမိ။ ယနေ့မှစ၍ အမိသည် ညစ်ညမ်းသော အလုပ်ကိစ္စကို မလုပ်ပါလင့်။ အကျွန်ုပ်တို့၏ အမိအရာ၌ရှင်း၊ ဆရာ့အရာ၌ရှင်း၊ တည်၍ မြတ်စွာဘုရား၏ အထံတော်သို့ သွားပြီးလျှင် တရားကို နာ၍ အကျွန်ုပ်တို့အား ဟောပြောပါလော့"

ခုဇ္ဇုတ္တရာသည် ထိုမိန်းမတို့ ဆိုသည့်အတိုင်း ပြုသဖြင့်နောက်အဖို့၌ ပိဋကတ်သုံးပုံဆောင် ဖြစ်လေ၏။ ထိုအခါ မြတ်စွာဘုရားသည် ဤသို့ တေဒဂ်ထားတော်မူ၏။

"ရဟန်းတို့ အကြားအမြင်များသော ဓမ္မကထိကာဥပါသိကာတို့တွင် ဤခုဇ္ဇုတ္တရာသည် အသာဆုံး ဖြစ်ပေ၏။

ထိုမိန်းမ ငါးရာတို့လည်း ခုဇ္ဇုတ္တရာကို ဤသို့ ဆိုကြကုန်၏။

"အမိ။ မြတ်စွာဘုရားကို ဖူးမြင်လိုကြပါသည်။ အကျွန်ုပ်တို့အား မြတ်စွာဘုရားကို ပြပါလော့။ ပန်းနံ့သာ စသည်တို့ဖြင့် မြတ်စွာဘုရားကို ပူဇော်ကြပါမည်"

"အရှင်မတို့။ မင်း၏ နန်းတော်မည်သည် ကားဝန်လေးလှ၏။ အရှင်မတို့ကို ခေါ်ယူ၍ ပြင်ပသို့ သွားရန် မတတ်နိုင်ပါ"

"အမိ။ အကျွန်ုပ်တို့ကို မဖျက်ဆီးပါလင့်။ အကျွန်ုပ်တို့အား မြတ်စွာဘုရားကို ပြသာ ပြပါလော့"

"ဤသို့ဖြစ်လျှင် အရှင်မတို့၏ နေရာတိုက်ခမ်းနံရံတို့၌ မြတ်စွာဘုရားကိုမြင်လောက်ရုံ အပေါက်ဖေါက်၍ ပန်းနံ့သာစသည်တို့ကို ဆောင်ယူစေပြီးလျှင် သူဌေးသုံးဦး၏ အိမ်တံခါးသို့ ကြွသွားသော မြတ်စွာဘုရားကို ထိုထိုအရပ်တို့၌ ရပ်တည်၍ ဖူးမြင်ကြပါကုန်။ လက်တို့ကိုဆန့်တန်း၍ ရှိခိုးလည်း ရှိခိုးကြပါကုန်။ ပူဇော်လည်း ပူဇော်ကြပါကုန်"

ထိုမိန်းမတို့သည် ခုဇ္ဇုတ္တရာဆိုတိုင်းပြု၍မြတ်စွာဘုရားကို ကြွသွားတော်မူစဉ်ငင်း၊ပြန်ကြွလာတော်မူစဉ်ငင်းဖူးမြင်၍ရှိခိုးလည်းရှိခိုးကြကုန်၏။ ပူဇော်လည်းပူဇော်ကြကုန်၏။

ထိုနောက် တနေ့သောအခါ မာဂဏ္ဍိယာ မိဖုယားသည် မိမိပြဿဒ်အပြင်ထွက်၍ စင်္ကြံသွားစဉ် ထိုမိန်းမငါးရာတို့၏ နေရာအရပ်သို့ ရောက်၍ တိုက်ခမ်း နံရံတိုင်း၌ အပေါက်ကို မြင်လေသော် ဤကား အဘယ်နည်း ဟုမေး၏ ထိုမိန်းမငါးရာတို့လည်း မြတ်စွာဘုရား၌ မာဂဏ္ဍိယာ၏ ရန်ငြိုးဖွဲ့ခြင်းကို မသိကြကုန်သည်ဖြစ်၍ ဤသို့ဆို၏။

"မြတ်စွာဘုရားသည် ဤမြို့သို့ ရောက်တော်မူလာပါသည်။ အကျွန်ုပ်တို့သည် ဤအပေါက်တို့၌တည်နေ၍ မြတ်စွာဘုရားကို ရှိခိုးလည်း ခိုးကြပါသည်။ ပူဇော်လည်း ပူဇော်ပါသည်"

ထိုအခါ မာဂဏ္ဍိယာသည် ရဟန်းဒကာမသည် ဤမြို့သို့ ရောက်လာသတတ်။ ယခုအခါ ပြုသင့်သောအမှုကို သိစေအံ့။ ဤမိန်းမတို့သည် သူ၏ အလုပ်အကျွေးများသာဖြစ်ကြကုန်သည်။ ဤမိန်းမတို့အားလည်း ပြုသင့်သော အမှုကို သိစေအံ့ဟု၊ကြံပြီးလျှင် မင်းကြီးထံသို့သွား၍ ဤသို့လျှောက်၏။

"အရှင်မင်းမြတ် သာမာဝတီနှင့် အပေါင်းပါ မိန်းမတို့သည် အပြင်ပဋ္ဌ'တောင့်တမူကြပါသည် အနည်းငယ်သော ရက်အတွင်း၌ပင် အရှင်မင်းမြတ်၏အသက်ကို သတ်ကြပါလိမ့်မည်"

"ထိုမိန်းမတို့ ဤသို့သောအမှုကို ပြုကြမည်မဟုတ်"

မင်းကြီးသည် ဤသို့ဆို၍ ယုံကြည်တော်မမူ မာဂဏ္ဍိယာသည် အဖန်ဖန် လျှောက်သော်လည်း မရသည်သာတည်း

သုံးကြိမ်တိုင်တိုင်လျှောက်သော်လည်း မယုံသော်အခါ မာဂဏ္ဍီယာသည် ဥတေနမင်းကို ဤသို့လျှောက်ပြန်၏။

"အကယ်၍ အကျွန်ုပ်၏စကားကို ယုံတော်မမူငြားအံ့။ထိုမိန်းမတို့၏ နေရာ အရပ်ကိုကြွသွား၍ စုံစမ်း၍မူပါလော့"

ဥတေနမင်းသည် ကိုယ်တိုင်ကြွ၍ အပေါက်တို့ကို မြင်လေသော် ဤကားအသို့နည်းဟု မေးတော်မူ၏။ ထိုမိန်းမတို့လည်း သခင်အကြောင်းတိုင်း လျှောက်ကြကုန်၏။ ဥတေနမင်းသည် ထိုမိန်းမတို့အား အမျက်မထွက်ဘဲ တစုံတရာကို မဆိုမူ၍သာလျှင် အပေါက်တို့ကိုပိတ်စေ၍ အလုံးစုံသော အဆောင်ခန်းတို့၌ ကဲလား လေသောက်တံခါးတို့ကို ပြုစေတော်မူ၏။ ကဲလားလေသောက်တံခါးတို့သည် ထိုအခါ၌ ဖြစ်ပေါ်ကြကုန်သတတ်။

မာဂဏ္ဍီယာသည်။ ထိုမိန်းမငါးရာတို့အား တစုံတရာကို ပြုခြင်းငှာ မတတ်နိုင်ရကား ရဟန်း ဒကာမသာလျှင်ပြုစေသော အမှုကို သိစေအံ့ဟု မြို့သူမြို့သားတို့အား တံစိုးလက်ဆောင်ပေး၍ ဤသို့စေခိုင်း၏။

"ရဟန်းဒကာမကို မြို့တွင်းသို့ဝင်၍ လှည့်လည်စဉ်ကျွန်အမှုလုပ်ယောကျ်ားတို့ကို ဆဲရေး၍ အထွေထွေပြောဆို၍ ပြေးစေကြကုန်သလော့"

ရတနာသုံးပါးတို့၌ မကြည်ညိုကုန်သော မိစ္ဆာဒိဋ္ဌိတို့သည် မြို့တွင်းသို့ဝင်သော မြတ်စွာဘုရားသို့ အစဉ်လိုက်ကြကုန်၍ သူခိုး၊ လူမိုက်၊ လူဖျင်း၊ ကုလားအုပ်၊ နွား၊ မြည်း ငရဲသား တိရစ္ဆာန်ဖြစ်သည်"ဟူ၍ရင်း။"သင့်အားသုဂတိဘဝမရှိ" ဒုဂတိဘဝသာရှိသည်"ဟူ၍ရင်း၊ အက္ကောသဝတ္ထုခေါ်သော ဆဲရေးကြောင်း ဆယ်ပါးတို့ဖြင့် ဆဲရေး ရေရွတ်ကြကုန်၏။ အရှင်

အာနန္ဒာသည် ထိုဆဲရေးစကားကိုကြားရ၍ မြတ်စွာဘုရားအား ဤသို့လျှောက်၏။

"အရှင်ဘုရား။ ဤမြို့သူ မြို့သားတို့သည် အကျွန်ုပ်တို့ကို ဆဲရေး ရေရွတ်ကြပါသည်။ တပါးသောအရပ်သို့ သွားကြပါကုန်အံ့"

"အာနန္ဒာ။ အဘယ်အရပ်သို့ သွားကြကုန်အံ့နည်း"

"အရှင်ဘုရား။ အခြားမြို့သို့ သွားကြပါကုန်အံ့"

"အာနန္ဒာ။ ထိုအခြားမြို့၌ လူတို့ကား ဆဲရေးရေရွတ်ကြသည်။ တဖန် ဘယ်အရပ်သို့ သွားကြကုန်အံ့နည်း"

"အရှင်ဘုရား။ ထိုမြို့မှလည်း တပါးသောမြို့သို့ သွားကြကုန်ပါအံ့"

"ထိုမြို့၌လည်း လူတို့က ဆဲရေး ရေရွတ်ကြ ကုန်သော် အဘယ်မြို့သို့ သွားကြပါကုန်အံ့နည်း"

"အရှင်ဘုရား။ ထိုမြို့မှလည်း တပါးသောမြို့သို့ သွားကြပါကုန်အံ့"

"အာနန္ဒာ။ ဤသို့ပြုရန်မသင့်။ အကြင်အရပ်၌ အထိကရုန်း ဖြစ်သည်ဖြစ်၏။ ထိုအရပ်၌သာ ထိုအထိကရုန်း ငြိမ်းမှသာလျှင် အရပ်တပါးသို့ သွားရန်သင့်၏။ အာနန္ဒာ သင့်အား အဘယ်သူ တို့သည် ဆဲရေးကြကုန်သနည်း"

"အရှင်ဘုရား။ ကျွန်အမှုလုပ်တို့ကို အစပြု၍ အလုံးစုံသော လူတို့သည် ဆဲရေးကြပါသည်"

"အာနန္ဒာ။ ငါဘုရားသည် စစ်မြေပြင်သို့ဝင်သော ဆင် ပြောင်ကြီးနှင့်တူ၏။ ထိုစကားသည် မှန်လှ၏။ စစ်မြေပြင်သို့ဝင် သော ဆင်ပြောင်ကြီးတို့အား အရပ်လေးမျက်နှာမှ လာသော

မြွေးတို့ကို ခံနိုင်ရည်ရှိခြင်းသည် တာဝန်ဖြစ်၏။ ထို့အတူသာ လျှင် များစွာကုန်သော ဒုသီလတို့က ပြောဆိုသော စကားတို့ကို သီးခံခြင်းမည်သည်ကား ငါဘုရား၏ တာဝန်တည်း”

မြတ်စွာဘုရားသည်။ ဤသို့မိန့်တော်မူ၍ ကိုယ်တော်မြတ်ကို ပင် အကြောင်းပြုကာ တရားဒေသနာကို ဟောတော်မူလျက် နာဂဝဂ် (ဓမ္မပဒ) ၌ လာသော သုံးဂါထာကို မိန့်မြွက်တော် မူ၏။

(က) အဟံ နာဂေါဝ သင်္ဂါမေ၊ စာပတော ပတိတံ သရံ။
အတိဝါကျံ တိတိက္ခိဿံ၊ ဒုဿီလော ဟိ ဗဟုဇ္ဇနော။

(ခ) ဒန္တံ နယန္တိ သမိတိံ၊ ဒန္တံ ရာဇာဘိရူဟတိ။
ဒန္တော သေဋ္ဌော မနုဿေသု၊ ယောတိဝါကျံ တိ တိက္ခတိ။

(ဂ) ဝရမဿတရာ ဒန္တာ၊ အာဇာနီယာစ၊ သိန္ဓဝါ။
ကုဉ္ဇရာစ မဟာနာဂါ၊ အတ္တဒန္တော တတော ဝရံ။

(က) စစ်မြေပြင်၌ ဆင်ပြောင်သည် လေးမှကျရောက်သော မြွေးကို သီးခံသကဲ့သို့၊ ငါဘုရားသည် လွန်ကြူး ပြောဆိုသော စကားကို သီးခံတော်မူအံ့။ အကြောင်းမူကား ပုထုဇဉ်ဟူသမျှ သည် အကျင့်သီလ မရှိတတ်ကြပေ။

(ခ) ယဉ်ကျေးသော ဆင် မြင်းကို ပွဲလမ်းသဘင်သို့ ယူ ဆောင်ကြကုန်၏။ ယဉ်ကျေးသော ဆင် မြင်းကို ဘုရင်မင်းမြတ် သည် တက်စီးတော်မူ၏။ လွန်ကြူးပြောဆိုသော စကားကို သီးခံသောသူသည် လူတို့တွင် မြတ်သော ယဉ်ကျေးသူဖြစ်၏။

(ဂ) ယဉ်ကျေးသော အဿတိုရ်မြင်းတို့သည် မြတ်ကုန်၏။ ယဉ်ကျေးသော အာဇာနီမြင်း၊ သိန္ဓောမြင်းတို့သည် မြတ်ကုန်

၏။ ယဉ်ကျေးသော ဆင်ပြောင်တို့သည်လည်း မြတ်ကုန်၏။ မိမိကိုယ်ကို ဆုံးမ ယဉ်ကျေးပြီးသော သူသည် ထိုအရာတို့ထက် မြတ်၏။

ဤတရား ဒေသနာသည် ရောက်လာသော ပရိသတ်အား အကျိုးရှိသော ဒေသနာဖြစ်လေ၏။ ဤသို့ တရားဟောတော်မူပြီးနောက် မြတ်စွာဘုရားသည် အရှင်အာနန္ဒာကို ဤသို့မိန့်တော်မူ၏။

"အာနန္ဒာ။ မစိုးရိမ်လင့်။ ဤသူတို့သည် ခုနစ်ရက်မျှသာလျှင် ဆဲရေးကြကုန် လတံ့၊ ရှစ်ရက် မြောက်သောနေ့၌ ဆိတ်ဆိတ် နေကြကုန်လတံ့၊ ထိုစကားမှန်၏။ မြတ်စွာဘုရားတို့အား ဖြစ်ပေါ်သော အဓိကရုန်းသည် ခုနစ်ရက်ထက် အလွန်သို့ မရောက် နိုင်ပေ။

ထိုအခါ မာဂဏ္ဍီယာ မိဖုရားသည် မြတ်စွာဘုရားကို ဆဲရေးစေ၍ ပြေးစေခြင်းငှာ မတတ်နိုင်သည်ဖြစ်၍ အဘယ်သို့ပြုရပါအံ့နည်း ဟု ကြံ၏။ ထို့နောက် ဤမိန်းမတို့သည် ဤမြတ်စွာဘုရားအား အထောက်အပံ့ ဖြစ်ကြကုန်၏။ ဤမိန်းမတို့၏လည်း ပျက်စီးခြင်းကို ပြုအံ့ ဟု အကြံဖြစ်၍။

တနေ့သောအခါ။ မင်း၏ သေသောက်ရာအရပ်၌ အလုပ်အကျွေးပြုစဉ် ဘထွေးဖြစ်သော ပုဏ္ဏားး၏ အထံသို့ ဤသို့သတင်းစကား ပို့လိုက်၏။

"အကျွန်ုပ်သည် ကြက်တို့ကို အလိုရှိပါသည်။ ကြက်သေရှစ်ကောင်။ ကြက်ရှင် ရှစ်ကောင်တို့ကိုယူ၍ လာခဲ့ပါလော့။ လာပြီးနောက် လှေကားဦး၌ရပ်၍ လာကြောင်းကို အကျွန်ုပ်အား ပြောကြားစေပြီးလျှင် 'ဝင်ခဲ့' ဟု ဆိုသော်လည်း ရှေးဦးစွာ

ကြက်ရှင်ရှစ်ကောင်တို့ကို ပို့လိုက်ပါလော့။ နောက်မှ ကြက်သေ ရှစ်ကောင်တို့ကို ပို့လိုက်ပါလော့”

ဘဒ္ဒေး ပုဏ္ဏားအားလည်း အကျွန်ုပ်၏ စကားကိုလိုက်နာပါ ဟုတံစိုးပေး၏။ မာဂဏ္ဍီယပုဏ္ဏားသည်လာ၍မင်းအားမှာကြား လျှောက်စေ၍ ဝင်ခဲ့ ဟု အမိန့်ရသော်လည်း မင်း၏သေသောက် ရာ အရပ်သို့ မဝင် အံ့ ဟုဆို၏။ မာဂဏ္ဍီယသည် အလုပ် အကျွေးငယ် တယောက်ကို ‘အမောင် ငါ့ဘဒ္ဒေး၏အထံသို့သွား လော့’ ဟုစေလွှတ်၏။ အလုပ် အကျွေးငယ်သည် သွား၍ မာ ဂဏ္ဍီ ပုဏ္ဏားသည် ပေးအပ်သော ကြက်ရှစ်ကောင်တို့ကို ယူ ဆောင်ခဲ့၍ ဤသို့လျှောက်၏။

“အရှင်မင်းမြတ်။ မာဂဏ္ဍီယာ ပုဏ္ဏားသည် လက်ဆောင် ပဏ္ဏာ ပို့ဆက်ပါသည်။

“ငါတို့အား။ ဟင်းလျာကောင်း ဖြစ်ပေါ်လာပေသည်။ အဘယ်သူသည် ချက်ပါအံ့နည်း”

“အရှင်မင်းမြတ်။ သာမာဝတီ အမျုးရှိသော မိန်းမငါးရာ တို့သည် အလုပ်မရှိလဲ လှည့်လည်နေကြပါသည်။ ထိုမိန်းမတို့ထံ သို့ ပို့စေတော်မူပါလော့။ သူတို့ချက်ကြပါလိမ့်မည်”

“သွားလော့။ ထိုမိန်းမတို့အား ပေး၍ သူတပါး၏လက်၌ မပေးမူ၍ ကိုယ်တိုင်သာလျှင် သတ်၍ ချက်ကြကုန်လော့”

ထိုအခါ အလုပ် အကျွေးငယ်သည် အရှင်မင်းမြတ် ကောင်း ပါပြီ ဟု လျှောက်၍ သာမာဝတီတို့ထံ သွားပြီးလျှင်၊ မင်းကြီး မိန့်တော်မူတိုင်း ပြောဆို၏။ သာမာဝတီ အမျုးရှိသော မိန်းမတို့ သည် အကျွန်ုပ်တို့ အသက်သတ်ခြင်းကို မပြုကြကုန် ဟု ပစ် ပယ်ကြကုန်၏။ အလုပ် အကျွေးငယ်လည်း ပြန်လာ၍ မင်းအား

ထိုအကြောင်းကို လျှောက်၏။ ထိုအခါ မာဂဏ္ဍိယာသည် ဤသို့ ဝင်လျှောက်၏။

"မြတ်သောမင်းကြီး။ အရှင်မင်းကြီးသည် မြင်ရပြီမဟုတ်လော့။ ယခုအခါ ထိုမိန်းမတို့၏ အသက်သတ်ခြင်း ပြုမပြုကို သိတော်မူလတံ့။ အရှင်မင်းမြတ် ရဟန်းဂေါတမအား ချက်ခြင်းပို့စေဟု မိန့်တော်မူလိုက်လော့"

ဥတေနမင်းသည် ထိုအတိုင်းဆို၍ ပို့တော်မူ၏။ အလုပ်အကျွေးငယ်သည်ထိုကြက်ရှင်တို့ကိုယူ၍ သွားသကဲ့သို့ဟန်ဆောင်ပြီးလျှင်ထိုကြက်ရှင်တို့ကို ပရောဟိတ်ဖြစ်သောမာဂဏ္ဍိယပုဏ္ဏားပေး၍ ကြက်သေတို့ကို ထိုမိန်းမတို့ အထံသို့ ဆောင်ယူသွား၍ ဤသို့ဆို၏။

"ဤကြက်တို့ကို ချက်၍ မြတ်စွာဘုရား အထံသို့ပို့ကြကုန်ဟု စေတော်မူပါသည်"

"အရှင် ဆောင်ယူခဲ့လော့။ ဤကိစ္စမျိုးသည်ကား အကျွန်ုပ်တို့၏ ကိစ္စဖြစ်ပါသည်"

ဤသို့ခရီးဦးကြိုပြု၍ ယူငင်ကြကုန်၏။ အလုပ်အကျွေးငယ်ဖြစ်သူသည် မင်းကြီးထံသို့ ပြန်သွားသောအခါ မင်းကြီးသည် ဤသို့မေးတော်မူ၏။

"အမောင်ဝ အသို့နည်း"

"အရှင်မင်းမြတ်။ ရဟန်းဂေါတမအား ချက်၍ပို့ကြကုန်ဟု ဆိုကာမျှ၌ပင်လျှင် မျက်နှာချင်းဆိုင်လာ၍ ယူကြပါသည်"

"အရှင်မင်းမြတ်။ ရှုပါလော့ ထိုမိန်းမတို့သည် အရှင်မင်းမြတ်ကဲ့သို့သော သူတို့အတွက်မပြုကြကုန် ထိုမိန်းမတို့အား ပြင်ပ

တပါး လိုလားတော်မူဖွယ်ရှိပါသည်ဟု ဆိုသောအခါ ယုံတော်မမူခဲ့ပါ"

ဥတေနမင်းသည် ထိုစကားကို ကြားသော်လည်း ဆိတ်ဆိတ်သာ နေတော်မူ၏။ မာဂဏ္ဍိယာလည်း "အဘယ်သို့လျှင် ပြုရအံ့နည်း" ဟုကြံ၏။

ထိုအခါ၌ ဥတေနမင်းသည်။ မိဖုရားသုံးပါးတို့၏ အဆောင်၌ ခုနစ်ရက်စီ ခုနစ်ရက်စီ စံနေတော်မူ၏။ ထို့နောက် မာဂဏ္ဍိယာသည် နက်ဖြန်သဘက်သာ မာဝတီ၏ အဆောင်သို့ မင်းကြီးကြွသွားတော်မူလတံ့။ ဟုသိရသောအခါ ဘထွေးပုဏ္ဏားအထံသို့ ဤသို့အမှာစကား ပို့ပြန်၏။

"ဆေးဖြင့်အစွယ်တို့ကို ဆေးကျောသုတ်သင်၍မြွေဟောက်တကောင် ပို့စေလိုသတတ်"

ထိုစကားကို ကြားလျှင် ဘထွေးဖြစ်သော မာဂဏ္ဍိယပုရောဟိတ်ပုဏ္ဏားလည်း မာဂဏ္ဍိယာမှာ သည့်အတိုင်းပြု၍ ပို့လိုက်၏။ ဥတေနမင်းသည် မိမိသွားရာအရပ်သို့ ဟတ္ထိကန္တစောင်းကိုယူ၍ သာသွား၏။ ထိုစောင်း၏ အသံအိုး၌ အပေါက်တပေါက်ရှိ၏ မာဂဏ္ဍိယာသည် ထိုအပေါက်ဖြင့်မြွေကိုသွား၍ အပေါက်ကို ပန်းကုံးဖြင့်ပိတ်၏မြွေသည် နှစ်ရက်ဟုံးရက်ပါတ်လုံး စောင်းအတွင်း၌သာနေရ၏ မာဂဏ္ဍိယာသည် မင်းကြီးသွားအံ့သောနေ့၌ ဤသို့လျှောက်၏။

"အရှင်မင်းမြတ်။ ယနေ့ အဘယ်မိန်းမ၏ ပြာသာဒ်သို့ကြွတော်မူအံ့နည်း"

"သာမာဝတီ၏ ပြာသာဒ်သို့ သွားအံ့"

"အရှင်မင်းမြတ်။ ယနေ့အကျွန်ုပ်သည် မကောင်းသောအိပ်မက်ကိုမြင်မက်ပါသည် ထိုပြဿဒ်သို့ ကြွရန်မသင့်ပါ"

"ငါကား သွားမည်သာဖြစ်သည်"

မာဂဏ္ဍိယာသည် မင်းကြီးကို သုံးကြိမ်တိုင်တိုင်တားမြစ်ပြီးနောက် 'အရှင်မင်းမြတ်။ ဤသို့ဖြစ်သော် အကျွန်ုပ်လဲ အရှင်မင်းမြတ်နှင့် အတူလိုက်ပါအံ့'ဟု လျှောက်၍ မင်းကြီးသည် တားမြစ်ပါသော်လည်း မပြန်ဘဲ'အရှင်မင်းမြတ်။ အဘယ်သို့ဖြစ်လိမ့်မည်ကို မသိနိုင်ပါ'ဟုဆို၍ မင်းကြီးနှင့် အတူတကွသာ လိုက်သွား၏။ မင်းကြီးသည် သာမာဝတီနှင့် အပေါင်းပါ မိန်းမတို့ ဆက်စပ်အပ်သော အဝန်၊ ပန်း၊ နံ့သာ၊ အဆင်းတန်းဆာတို့ကို ဝတ်ဆင်တော်မူ၍ ကောင်းမြတ်သော ဘောဇဉ်ကို စားပြီးလျှင် စောင်းကိုဦးခေါင်း၌ ထား၍ သလွန်ညောင်စောင်း၌ လျောင်း၏။ မာဂဏ္ဍိယာသည် ထိုထိုနေရာသို့ လှည့်လည်သကဲ့သို့ပြု၍ စောင်းပေါက်မှ ပန်းကုံးကို နုတ်ပယ်လိုက်၏။ နှစ်ရက် သုံးရက်အစာမစားသော မြွေသည် ထိုအပေါက်မှထွက်၍ နှာစောင်းလေကို မှုတ်ထုတ်လျက် ပါးပြင်းထောင်ပြီးမှ သလွန်ညောင်စောင်း၌ စင်းလျက်နေ၏။ မာဂဏ္ဍိယာသည် ထိုမြွေကို မြင်လေသော် 'အရှင်မင်းမြတ် မြွေ မြွေ'ဟု ကြီးစွာသောအသံကိုပြု၍ မင်းကြီးကိုရင်း၊ ထိုမိန်းမတို့ကိုရင်း၊ ဆဲရေးလျက် ဤသို့ဆို၏။

"အသရေမဲ့သော၊ မိုက်ကမ်းသော၊ဤမင်းသည်ငါ၏စကားကို နားမထောင်ခဲ့။ အသရေမဲ့သော အဆုံးမခက်သော ဤမိန်းမတို့လည်း အဘယ်မည်သော အရာကို မင်းကြီးထံမှ မရကြကုန်သနည်း။ သင်တို့သည် ဤမင်းကြီး နတ်ရွာစံသော်မှသာ ချမ်း

သာစွာ အသက်ရှင်ရမည်လော။ မင်းကြီး အသက်ရှင်နေသော် ဆင်းရဲ ညိုညင်စွာ အသက် ရှင်ကြရသလော့။ ယနေ့ကျွန်ုပ် မကောင်းသော အိပ်မက်ကို မြင်မက်ပါသည်။ သာမာဝတီ၏ ပြဿဒ်သို့ ကြွရန်မသင့်ပါ'ဟု တားမြစ်ပါသော်လည်း အကျွန်ုပ်၏စကားကို မှနာယူခဲ့ပါ"

မင်းကြီးသည် မြွေကိုမြင်ရ၍ သေဘေးဖြင့် ချိမ်းခြောက်အပ်သည်ဖြစ်၍ ဤမိန်းမတို့သည် ဤသို့သောအမှုကိုပင်ပြုကြဘိသည်။ အော် ယုတ်မာစွတကား။ ငါသည် ဤမိန်းမတို့၏ ယုတ်မာသည်၏အဖြစ်ကို လျှောက်တင်သော ဤမာဂဏ္ဍိယာ၏ စကားကိုပင် မယုံကြည်မိဘဲ ရှေးဦးစွာ မိမိတိုက်ခမ်းတွင်း၌ အပေါက်တို့ကို ဖေါက်၍ နေကြသည်။ တဖန်၊ ငါပို့စေသော ကြက်တို့ကိုပြန်ပို့လိုက်ကြသည်။ ယနေ့ကား 'စံတော်မူရာသလွန်၌မြွေကိုလွှတ်ကြဘိသည်'ဟု အမျက်ဒေါသဖြင့် တောက်လောင်သကဲ့သို့ ဖြစ်လေ၏။

သာမာဝတီလည်း မိန်းမ ငါးရာတို့အား ဤသို့ သြဝါဒပေး၏။

"အမိတို့။ ငါတို့အား တပါးသော ကိုးကွယ်ရာသည် မရှိ။ မိမိကိုယ်၌ရှင်းအညီအမျှသာလျှင် မေတ္တာစိတ်ကို ဖြစ်စေကြကုန်။ တစုံတယောက်သော သူအား အမျက်ဒေါသကို မပြုကြကုန်လင့်"

ဥတေနမင်းသည် ဗိုလ်ခြေတထောင်အားရှိသောဦးချိလေးကိုယူ၍ လေးညို့ကိုခတ်ပြီးလျှင် အဆိပ်သောက်သောမြှားကို ဖွဲ့၍ သာမာဝတီကို ရှေးဦးဆုံးပစ်၍ ထိုမိန်းမငါးရာတို့တို့ အစဉ်အတိုင်းထားစေပြီးသော် သာမာဝတီ၏ရင်၌ မြှားကို ပစ်လွှတ်

၏။ ထိုမြွားသည် သာမာဝတီ၏ မေတ္တာတန်ခိုးကြောင့် ပြန်လှည့်ပြီးလျှင် လာခဲ့သောလမ်းသို့ ရှေ့ရှုသည်ဖြစ်၍သာလျှင် မင်း၏နှလုံးသို့ ဝင်အံ့သကဲ့သို့ တည်လေ၏။ ထိုအခါ မင်းကြီးသည် ဤသို့ ကြံ၏။

"ငါပစ်သော မြွားသည် ကျောက်ကိုသော်လည်း ဖောက်ထွင်း၍သွား၏။ ကောင်းကင်၌ ထိခိုက်စရာသည်မရှိ။ သို့ဖြစ်လျက်ပင် ပြန်လှည့်၍ ငါ၏နှလုံးသားသို့ ရှေ့ရှုဖြစ်ခဲ့၏။ သတ္တဝါလည်း မဟုတ်။ အသက်လည်းမရှိသဲ့ ဤသို့သောမြွားသည်လည်း ဤမိန်းမ၏ဂုဏ်ကို သိဘိ၏။ ငါကား လူသားစင်စစ် ဖြစ်လျက်လဲ မသိခဲ့ပါတကား"

ဥတေနမင်းသည် လေးကိုပစ်ချ၍ လက်အုပ်ချီပြီးလျှင် သာမာဝတီ၏ခြေရင်း၌ ဆောင့်ထိုင်၍ ဤသို့ဆို၏။

"အို သာမာဝတီ။ ငါသည် အလွန်တရာတွေဝေမိ၏။ ငါသည် အထူးထူးအထွေထွေ တွေဝေမိ၏။ ငါ့အား အရပ်မျက်နှာတို့သည် တွေဝေကုန်၏။ ငါ့ကို စောင့်ရှောက်ပါလော့။ သင်သည်သာ ငါ၏ကိုးကွယ်ရာ ဖြစ်ပါလော့"

ထိုအခါသာမာဝတီသည် "အရှင်မင်းမြတ်။ ကောင်းပါပြီ" အကျွန်ုပ်ကို ကိုးကွယ်ရာဟု ဆည်းကပ်လော့ဟု မဆိုမူ၍ ဤသို့ဆို၏။

"မြတ်သောမင်းကြီး။ အကျွန်ုပ်ကို ကိုးကွယ်ရာဟု မဆည်းကပ်ပါလင့်။ အကြင်ပုဂ္ဂိုလ်ကို အကျွန်ုပ်တို့ ကိုးကွယ်ရာတည်း။ ထိုပုဂ္ဂိုလ်သည် မြတ်စွာဘုရားပင်တည်း ထိုပုဂ္ဂိုလ်သည် သာလွန်သူမရှိသော မြတ်စွာဘုရားပင်တည်း။ ထိုမြတ်စွာဘုရားကိုသာ

ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါလော့။ အသင်မင်းကြီးသည် လည်း အကျွန်ုပ်၏ကိုးကွယ်ရာ ဖြစ်ပါလော့"

ထိုအခါ ဥဒေနမင်းသည် သာမာဝတီ၏စကားကိုကြားရ၍ 'ယခုအခါ၌ ငါသည် သာလွန်၍ ကြောက်လန့်မိ၏' ဟု ဆိုပြီးသော် ယခင်စကားကိုပင် ထပ်၍ ဆိုပြန်၏။ သာမာဝတီလည်း ယခင်နည်းပင်။ မိမိအား ကိုးကွယ်ခြင်းကို တဖန် ပစ်ပယ်၏။ ဥဒေနမင်းလည်း ဤသို့ဆိုပြန်၏။

"သို့ဖြစ်လျှင် အသင့်ကိုလည်း ကိုးကွယ်ရာဟု ဆည်းကပ်ပါ၏။ မြတ်စွာဘုရားကိုလည်း ကိုးကွယ်ရာဟု ဆည်းကပ်ပါ၏။ သင့်အား အလိုရှိရာယူနိုင်သောဆုကိုလည်း ပေးပါ၏"

"မြတ်သောမင်းကြီး ပေးတော်မူအပ်သောဆုကို ယူအပ်ပြီး ဖြစ်ပါစေလော့"

ဥဒေနမင်းသည် မြတ်စွာဘုရားသို့ ချဉ်းကပ်၍ ကိုးကွယ်ရာဟု ဆည်းကပ်ပြီးလျှင် ပင့်ဖိတ်၍ ဘုရားအမှူးရှိသော ရဟန်းအပေါင်းအား ခုနစ်ရက်ပတ်လုံး အလှူကြီးပေး၍ သာမာဝတီကိုခေါ်ပြီးလျှင် ဤသို့ဆို၏။

"သာမာဝတီ ထလော့။ ဆုကိုယူလော့"

"မြတ်သောမင်းကြီး။ အကျွန်ုပ်အား ငွေစသည်တို့ဖြင့် အလိုမရှိပါ။ ဤဆိုလတ္တံ့သော ဆုကိုသာ ပေးတော်မူပါ။ မြတ်စွာဘုရားသည် ရဟန်းငါးရာတို့နှင့်တကွ ဤနန်းတော်သို့ အမြဲကြွလာအောင် ဆောင်ရွက်ပေးပါ။ တရားတော်ကို နာလိုကြပါသည်"

ထိုနောက် ဥဒေနမင်းသည် မြတ်စွာဘုရားကို ရှိခိုး၍ ဤသို့လျှောက်၏။

"အရှင်ဘုရား။ ရဟန်းငါးရာတို့နှင့်တကွ အမြဲပင် ဤနန်းတော်သို့ ကြွတော်မူပါလော့။သာမာဝတီနှင့် အပေါင်းပါ မိန်းမတို့သည် တရားနာကြပါအံ့"ဟု လျှောက်ကြပါသည်။

"မြတ်သောမင်းကြီး။ မြတ်စွာဘုရားတို့မည်သည်ကား တခုတည်းသောအရပ်သို့ အမြဲကြွခြင်းငှာမသင့်။ လူများအပေါင်းသည် မြတ်စွာဘုရား ကြွလာတော်မူရန် တောင်းတကြသည်"

"အရှင်ဘုရား။ ဤသို့ဖြစ်လျှင် ရဟန်းတပါးကို စေလွှတ်တော်မူပါ"

မြတ်စွာဘုရားသည် အရှင်အာနန္ဒာကို စေလွှတ်တော်မူ၏။ အရှင်အာနန္ဒာလည်း ထိုအခါမှစ၍ ရဟန်းငါးတို့ကိုခေါ်ဆောင်ပြီးလျှင် အမြဲမပြတ် နန်းတော်သို့ ကြွ၏။ ထိုမိဖုရားတို့လည်း အမြဲမပြတ် အရှင်အာနန္ဒာမထေရ်ကို အခြံအရံနှင့်တကွ ဆွမ်းလုပ်ကျွေးကြကုန်၏။ တရားကို နာကြကုန်၏။ ထိုမိဖုရားတို့သည် တနေ့သောအခါ မထေရ်၏တရားဒေသနာကို နာရ၍ ကြည်ညိုသောကြောင့် အပေါ်ရုံ အဝတ်ငါးရာတို့ဖြင့် တရားပူဇော်မူကို ပြုကြကုန်၏။ အထည် တထည်သော အပေါ်ရုံ အဝတ်သည် အသပြာ ငါးရာထိုက်၏။

ထိုမိဖုရားတို့အား အပေါ်ရုံမရှိဘဲ အဝတ်တထည်တည်းသာ ရှိကြသည်ကိုမြင်၍ ဥတေနမင်းသည် ဤသို့ မေး၏။

"သင်တို့၏အပေါ်ရုံအဝတ်များ အဘယ်မှာနည်း"

"အရှင်အာနန္ဒာအား လှူလျှကြပါသည်"

"မထေရ်သည် အားလုံးကိုပင် ခံယူသလော"

"ခံယူတော်မူပါသည်"

ထိုနောက်ဦတေနမင်းသည်မထေရ်သို့ချဉ်းကပ်၍ ရှိခိုးပြီးလျှင် မိဖုရားတို့ အပေါ်အဝတ်ရုံအဝတ်များ လှူခြင်းကိုမေးလျှောက်၍ ထိုမိဖုရားတို့ လှူခြင်းကိုရင်း၊ မထေရ်၏ ခံယူခြင်းကိုရင်း၊ ကြားသိရသောအခါ ဤသို့ လျှောက်၏။

"အရှင်ဘုရား။ အဝတ်တို့သည် အလွန် များကြကုန်သည် မဟုတ်ပါလော။ ဤမျှများလှသော အဝတ်တို့ဖြင့် အသို့ပြုတော်မူမည်နည်း"

"ငါတို့အား လောက်ရုံသော အဝတ်တို့ကိုယူ၍ ကြွင်းသော အဝတ်တို့ကို သင်္ကန်းဟောင်းနွမ်းနေသော ရဟန်းတို့အား လှူပေသည်"

"ထိုရဟန်းတို့သည် မိမိ၏သင်္ကန်းဟောင်းတို့ကို အသို့ပြုကြပါမည်နည်း"

"အခင်းလုပ်ကြလိမ့်မည်"

"အခင်းဟောင်းတို့ကို အသို့ ပြုကြပါမည်နည်း"

"မြေအခင်း ပြုကြလိမ့်မည်"

"မြေအခင်းဟောင်းတို့ကို အသို့ပြုကြပါမည်နည်း"

"ခြေသုတ်ပုဆိုး ပြုလုပ်ကြလိမ့်မည်"

"ခြေသုတ်ပုဆိုးဟောင်းတို့ကို အသို့ ပြုကြပါမည်နည်း"

"အပိုင်း အပိုင်းခုတ်ဖြတ်၍ မြေနှင့်နယ်၍ နံရံကိုလိမ်းကျံကြလိမ့်မည်"

"အရှင်ဘုရား။ ဤမျှသောအရာတို့ကို ပြုပြီး၍လည်း အရှင်တို့အား လှူအပ်သော အဝတ်တို့သည် မပျက်မစီးကြပါကုန်သလော"

"မြတ်သောမင်းကြီး မှန်ပေ၏"

ဥတေနမင်းသည် ကြည်ညိုသည်ဖြစ်၍ တပါးသော အဝတ် ငါးရာတို့ကို ဆောင်ယူခဲ့စေ၍ မထေရ်၏ခြေရင်း၌ ထားစေ၏။ အရှင်အာနန္ဒာ မှထေရ်ကား ငါးရာစီ တန်သော ငါးရာ အရေ အတွက်ဖြင့် ခြေရင်း၌ထား၍လှူသည်ကို အကြိမ်ငါးရာရဘူး၏။ တထောင်စီတန်သောအဝတ်တို့ကို တထောင်အရေအတွက်အား ဖြင့် ခြေရင်း၌ ထား၍လှူသည်ကို အကြိမ်တထောင် ရဘူး၏။ တသိန်းစီ တန်သောအဝတ်တို့ကို တသိန်းအရေအတွက်အားဖြင့် ခြေရင်း၌ထား၍လှူသည်တို့ကို အကြိမ်တသိန်း ရဘူး၏။ တထည် နှစ်ထည်၊ သုံးထည်၊ လေးထည်၊ ငါးထည်၊ ဆယ်ထည် စသဖြင့် ရသော အဝတ်တို့၏ အရေအတွက်ကား မရှိသတတ်။ မြတ်စွာ ဘုရား ပရိနိဗ္ဗာန် စံတော်မူသည့်နောက် မထေရ်မြတ်သည် ဇမ္ဗူ ဒိပ်တကျွန်းလုံးသို့ လှည့်လည်၍ ကျောင်းကုန်အောင် စုံတို့၌ ရဟန်းတို့အား မိမိ၏ဥစ္စာသာလျှင်ဖြစ်ကုန်သော သပိတ်သင်္ကန်း တို့ကို လှူခဲ့သတတ်။

ထိုအခါ မာဂဏ္ဍီယာလည်း ငါပြုသည့် အမှုသည် ငါ ပြုတိုင်း မဖြစ်။ တပါးသော အချင်းအရာ အားဖြင့်သာ ဖြစ်ခဲ့ သည်။ ယခု အသို့ပြုအံ့နည်းဟုကြံ၍ ဤအကြောင်းကားရှိ၏ဟု ဥတေနမင်း ဥယျာဉ်ကစားသွားသော အခါ ဘထွေးဖြစ်သော မာဂဏ္ဍီပုဏ္ဏားအား ဤသို့မှာ၏။

"သာမာဝတီ၏ပြာသာဒ်သို့သွား၍ အဝတ်ထားသောတိုက်၊ ဆီထားသောတိုက်တို့ကို ဖွင့်စေ၍ အဝတ်တို့ကိုဆီအိုး၌ ဆွတ်၍ ဆွတ်၍ တိုင်တို့ကို ချီနှောင်ပြီးနောက် မိဖုရား ငါးရာတို့ကို တပေါင်းတည်းပြု၍ တံခါးတို့ကို ပိတ်ပြီးလျှင် အပြင်ဖက်၌

ကလန့်ကျင်ထိုး၍ မီးတုတ်တို့ဖြင့် နန်းပြဿာဒ်ကို မီးရှို့လျက် ဆင်း၍လာခဲ့လေ၁့"

မာဂဏ္ဍိယ ပရောဟိတ်ပုဏ္ဏားသည် ပြဿာဒ်သို့ တက်၍ ဘဏ္ဍာတိုက်တို့ကိုဖွင့်ပြီးလျှင် အဝတ်တို့ကို ဆီအိုးတို့၌ ဆွတ်၍ ဆွတ်၍ တိုင်တို့ကို ချိရန်အားထုတ်၏။ ထိုအခါ သာမာဝတီ အမှူးရှိသော မိန်းမတို့သည် ဤသို့ မေး၍ ချဉ်းကပ်လာကြကုန်၏။

"ဘထွေးတော်။ ဤအမှုကား အသို့နည်း"

"အမိတို့။ မင်းကြီးသည် မြဲခိုင်စေရန် ဤတိုင်တို့ကို ဆီအဝတ်တို့ဖြင့် ညစ်ပတ်စေပါသည်။မင်းအိမ်နန်းတော်မည်သည်၌ အကောင်းနှင့်ယှဉ်လျှင် အဆိုးနှင့် ယှဉ်သည်ကို သိနိုင်ခဲ့ပါသည်။ အမိတို့ ကျွန်ုပ်၏အနီး၌ မနေကြကုန်လင့်"

ဤသို့ဆို၍လာသောမိန်းမတို့ကို တိုက်ခန်းသို့သွင်း၍ တံခါးတို့ကိုပိတ်ပြီးလျှင် အပြင်၌ ကလန့်ကျင်ထိုး၍ အစမှ၍ မီးရှို့ လျက်ဆင်းလေ၏။ သာမာဝတီလည်း ထိုမိန်းမ ငါးရာတို့ကို ဤသို့ အဆုံးအမပေး၏။

"အစမင်သောသံသရာ၌ ကျင်လည်ခဲ့ရသောငါတို့အား ဤဘဝနှင့်အလားတူ မီးလောင်ခံရသော အတ္တဘောတို့၏ အပိုင်းအခြားတို့ကို မြတ်စွာဘုရား၏ဉာဏ်တော်ဖြင့်လည်း ရေထွက်ရန် မလွယ်ပေ။ မမေ့မလျော့ဖြစ်ကြကုန်"

ပြဿာဒ်ကို မီး လောင် သော အခါ၌ ထိုမိန်းမ တို့ သည် ဝေဒနာကို သိမ်းဆည်းသော ကမ္မဋ္ဌာန်းကို နှလုံးသွင်းကြကုန်သည်ဖြစ်၍ အချို့ကား သကဒါဂါမိဖိုလ်သို့ တချို့ကား အနာဂါမိဖိုလ်သို့ ရောက်ကြကုန်၏။

ဆွမ်းခံရာမှ ပြန်လာကြလာသောအခါ များစွာသောရဟန်းတို့သည် မြတ်စွာဘုရားအထံတော်သို့ ချဉ်းကပ်၍ ဤသို့လျှောက်ကြကုန်၏။

"အရှင်ဘုရား။ ကောသမ္ဗီပြည်၌ ဥတေနမင်း ဥယျာဉ်သို့ ထွက်စဉ် နန်းတော်အတွင်း မီးလောင်ပါသည်။ သာမာဝတီ အမှူးရှိသော မိန်းမငါးရာတို့ သေဆုံးကြပါသည်။ ထိုမိန်းမတို့၏ လားရာဂတိကား အဘယ်ပါနည်း။ လဲလျောင်းရာ ဂတိကား အဘယ်ပါနည်း"

"ရဟန်းတို့။ ဤမိန်းမတို့တွင် သောတာပန် ဥပါသိကာတို့လည်း ရှိကြကုန်၏။ သကဒါဂါမိဥပါသိကာတို့လဲ ရှိကြကုန်၏။ အနာဂါမိဥပါသိကာတို့လဲ ရှိကြကုန်၏။ ရဟန်းတို့ ထိုဥပါသိကာတို့သည် အကျိုးမဲ့ သေရခြင်း မရှိကြကုန်"

ထိုမြတ်စွာဘုရားသည် ဤသို့ ဥဒါန်းကျူးတော်မူ၏။

"လောကသည် မိုက်မဲမှုဖြင့်စပ်လျဉ်း၏။ (ဤအဖြစ်မျိုးနှင့်) ထိုက်သောသဘောရှိသကဲ့သို့ မြင်ရ၏။ လူမိုက်သည် ကိလေသာတရားဖြင့် နှောင်ဖွဲ့အပ်၏။ အမိုက်မှောင်ဖြင့် ဝန်းရံအပ်၏။ (မိမိကိုယ်ကို)မအိုမသေ အမြဲတည်နေရမည့်ကဲ့သို့ထင်၏။(သို့ရာတွင်) အမှန်ကို သိမြင်သောသူအား ကြောင့်ကြမှု မရှိလေပြီတကား"

ထို့နောက် ဤသို့ဆက်၍ မိန့်တော်မူပြန်၏။

"ရဟန်းတို့။ သတ္တဝါတို့ မည်သည်ကား ဝဋ်ဆင်းရဲ၌ ကျင်လည်ကြရကုန်စဉ် အမြဲတစေ မမေ့မလျော့ဖြစ်ကြ၍ ကောင်းမှုကိုသာ ပြုကြသည်မဟုတ်။ မေ့မေ့ လျော့လျော့ ဖြစ်ကြ၍ မကောင်းမှုကိုလည်း ပြုကြကုန်၏။ ထို့ကြောင့် ဝဋ်ဆင်းရဲ၌

ကြင်လည်ကြရကုန်စဉ် ချမ်းသာသုခကိုငှင်း၊ ဆင်းရဲဒုက္ခကိုငှင်း၊ ခံစားကြရကုန်၏။

ဥတေနမင်းသည် သာမာဝတီ၏ အဆောင်ကို မီးလောင်သည်ဟု ကြားရ၍ အလျင်အမြန်လာသော်လည်း မီးမကျွမ်းမီ မှရောက်နိုင်တော့ပေ။ ရောက်လာတော်မူသောအခါ အဆောင်ကို မီးငြိမ်းအောင် သတ်တော်မူ၏။ ထို့နောက် အလွန်တရာ စိတ်မချမ်းသာခြင်း ဖြစ်တော်မူ၍ အမတ်အပေါင်း ခြံရံလျက် ထိုင်နေတော်မူပြီးလျှင် သာမာဝတီ၏ဂုဏ်ကျေးဇူးတို့ကို အောင့်မေ့သတိရတော်မူ၏။ ဥတေနမင်းသည် ဤအမှုကား အသူ၏ လက်ချက်ဖြစ်လေသနည်းဟု ဆင်ခြင်လေသော် မာဂဏ္ဍီယာ၏ လက်ချက်ဖြစ်လတံ့ဟု သိတော်မူ၏။ထို့နောက် ချိမ်းချောက်၍ မေးသော် အမှန်ကို မပြောလတံ့။ ဖြေးညှင်းစွာ ဥပါယ်ဖြင့် မေးအံ့ဟုကြံ၍ အမတ်တို့ကို ဤသို့ မိန့်တော်မူ၏။

"အချင်းတို့၊ ငါသည် ထတိုင်း သွားတိုင်း ယုံမှား တွေးတော၍သာ နေရသည်။ (အသက်ကို စိုးရိမ် ကြောင့်ကြ၍သာ နေရသည်)သာမာဝတီသည် အမြဲတစေ ငါ၏ အမေ့အလျော့ကိုသာ ရှာသည်။ ယခုကား ငါ၏စိတ်သည် အေးချမ်းရပေတော့မည်။ ချမ်းသာစွာ နေထိုင်ရပေတော့မည်"

"အရှင်မင်းမြတ်၊ ဤအမှုကို အဘယ်သူပြုပါသနည်း"

"ငါ့ကို ချစ်သောသူ တယောက်ယောက် ပြုသည် ဖြစ်လိမ့်မည်"

ထိုအခါ မာဂဏ္ဍိယာသည်မင်းကြီးအနီး၌ ရှိနေသည်ဖြစ်၍ ထိုစကားကိုကြားသော် ဤသို့ လျှောက်လေတော့၏။

"နှမတော်မှတပါး တစုံတယောက်သောသူသည် ပြုစွမ်းနိုင်လိမ့်မည်။ မဟုတ်ပါအရှင်မင်းမြတ်။ နှမတော် ပြုလုပ်ပါသည်။ နှမတော်သည် ဘထွေးတော်ကို အမိန့်ပေး၍ ပြုစေခဲ့ရပါသည်"

"နှမတော်ကိုထား၍ ငါ့အပေါ်၌ ချစ်သောသူ မည်သည် မရှိတော့ပြီ။ နှစ်သက်အားရတော် မူလှသည်။ နှမတော်အား ဆုပေးသနားတော်မူအံ့။ မိမိဆွေမျိုးအပေါင်းတို့အား ခေါ်စေလော့"

"မာဂဏ္ဍိယာသည် ဆွေမျိုးတို့အား ဘုရင်မင်းမြတ်သည် ငါ့အား နှစ်သက်အားရှိတော်မူသဖြင့် ဆုပေးတော်မူသည်။ အလျှင်အမြန်လာကြကုန်" ဟု သတင်းစကားကို ပို့စေ၏။ မင်းကြီးသည် လာတိုင်း လာတိုင်းသော သူတို့အား ကြီးစွာသော ပူဇော်တကာကို ပြုစေတော်မူ၏။ ထိုအချင်းအရာကိုမြင်၍ ဆွေမျိုးမတော်သော သူတို့သည်လည်း တစိုးလက်ဆောင်ပေး၍ ငါတို့သည် မာဂဏ္ဍိယာ၏ ဆွေမျိုးတို့တည်းဟု ရောက်လာကြကုန်၏။ မင်းကြီးသည် ထိုသူအားလုံးတို့ကို ဖမ်းစေ၍ မင်းယင်ပြင်၌ ချက်မျှနက်သောတွင်းကို တူးစေပြီးလျှင် ထိုသူတို့ကိုတွင်း၌ နေစေ၍ မြေဖို့ပြီးမှ အထက်၌ ကောက်ရိုးတို့ကို ကြဲဖြန့်စေ၍ မီးတိုက်စေတော်မူ၏။ အရေတို့ကို ကျွမ်းလောင်သော အခါ၌ သံထွန်သွားဖြင့် ထွန်စေ၍ အပိုင်းပိုင်း အမျှင်မျှင် ပြုစေတော်မူ၏။ မာဂဏ္ဍိယာ၏ ကိုယ်မှလည်း ထက်လှသော ဓားဖြင့် တခဲနက် တခဲနက် အသားထူရာ အရပ်တို့၌ သားကို လှီးဖြတ်စေ၍

ဆီအိုးကင်းကို ခံလောက်၌တင်၍ မုံ့ကဲ့သို့ ကျော်စေပြီးလျှင် မာဂဏ္ဍိယာကိုပင် စားစေ၏။

ရဟန်းတို့လည်း တရားသဘင်၌ ဤသို့ပြောဆို၏ 'ငါ့ရှင်တို့ ဤသို့ သဒ္ဓါတရားဖြင့် ကြည်ညိုတတ်သော ဥပသကာအား ဤသို့သော သေရခြင်းသည် မလျော်လေစွတကား'

ထိုအခါ မြတ်စွာဘုရား ကြွလာတော်မူ၍ ထိုစကားကို အကြောင်းပြု၍ ဤသို့မိန့်တော်မူ၏။

"ရဟန်းတို့ ဤကိုယ်၏ အဖြစ်၌ သာမာဝတီ အမှူးရှိသော မိန်းမတို့အား ဤသို့သေရခြင်းသည် မလျောက်ပတ် သည်ကား မှန်၏။ သို့ရာတွင် ရှေး၌ပြုအပ်သော ကံအားကား ဤမိန်းမတို့ ရအပ်သော သေရခြင်းသည် လျောက်ပတ်သည်သာတည်း"

"အရှင်ဘုရား။ ဤမိန်းမတို့သည် ရှေး၌ အဘယ်ကံကို ပြုပါသနည်း ထိုအကြောင်းကို ဟောကြားတော်မူပါလော့"

ထိုအခါ မြတ်စွာဘုရားသည် ဤသို့ဟောတော်မူ၏။

ရှေးအခါ။ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း စိုးစံလေသော်၊ နန်းတော်၌ အမြဲမပြတ် ပစ္စေကဗုဒ္ဓါရှစ်ပါးတို့သည် ဆွမ်းဘုန်း ပေးတော်မူကြကုန်၏။ မိန်းမငါးရာတို့သည် ထိုပစ္စေကဗုဒ္ဓါတို့ ကို လုပ်ကျွေးကြကုန်၏။ ထိုရှစ်ပါးတို့တွင် ပစ္စေကဗုဒ္ဓါခုနစ်ပါး တို့သည် ဟိမဝန္တာသို့ ကြွသွားတော်မူကြကုန်၏။ ပစ္စေကဗုဒ္ဓါ တပါးသည်ကား မြစ်ကမ်းပါးတခုသော မျက်တော၌ ဈာန်ဝင် စား၍ ထိုင်နေတော်မူ၏။ တနေ့သောအခါ မင်းကြီးသည် ပစ္စေ က ဗုဒ္ဓါတို့ ကြွသွားတော် မူကြကုန်သောအခါ ထိုမိန်းမငါး ရာတို့ကို ခေါ်ယူ၍ မြစ်သို့ရေကစားသွား၏။ ထိုမြစ်၌ ထိုမိန်းမ ငါးရာတို့သည် တနေ့လုံးရေကစား မြူးတူးကြ၍ ရေမှတက်ပြီး

လျှင် အအေးဖြင့်နှိပ်စက်လေရာ မီးလှုံလိုသည်ဖြစ်၍ မီးလှုံရန် နေရာကို ရှာကြကုန်၍။ဟိုမှ ဤမှရှာဖွေကြ၍ ထိုမြက်တောကို မြင်လေသော် မြက်အစုသာဖြစ်သည် ဟု ဟူသော အမှတ်ဖြင့် ဝန်းရံ၍ မီးရှို့ကြကုန်၏။ မြက်တို့သည် မီးလောင်၍ သွားကြကုန်လေသော် ပစ္စေကဗုဒ္ဓါကို တွေ့မြင်ကြကုန်၏။ ထိုအခါ ဤသို့ တိုင်ပင်ကြကုန်၏။

"ငါတို့ကား။ ဖျက်ဆီးခဲ့ကြပြီ ငါတို့မင်းကြီး၏ ပစ္စေကဗုဒ္ဓါသည် မီးလောင်ခံရ၏။ မင်းကြီးသိတော်မူလျှင် ငါတို့ကို ကွပ်မြက်လော်မူလတံ့။ ပစ္စေကဗုဒ္ဓါကို ကောင်းစွာ လောင်ကျွမ်းအောင် ရှို့ကြကုန်အံ့။

ထိုမိန်းမတို့သည်။ ထိုမှ ဤမှ ထင်းတို့ကို ယူဆောင်ခဲ့ကြ၍ ပစ္စေကဗုဒ္ဓါ၏ အထက်၌ စုပုံကြကုန်၏။ ကြီးမားသော ထင်းစုကြီးဖြစ်လေ၏။ ထိုအခါ မီးတိုက်၍ ယခုပင် လောင်ကျွမ်းတော့မည်ဟု ဆို၍ ထွက်သွားကြကုန်၏။ ထိုမိန်းမတို့သည် ရှေးဦးပဌမ၌ စေတနာ မပါကြကုန်သည် ဖြစ်၍ ကံမဆိုက်ကြကုန်။ ယခု နောက်တခါ၌ကား စေတနာပါကြသည် ဖြစ်၍ ကံထိုက်ကြလေကုန်၏။

ပစ္စေကဗုဒ္ဓါကိုကား သမာပါတ်ဝင်စားစဉ်အတွင်း၌ လှည်းအပေါင်းတို့ဖြင့် ထင်းတို့ကိုတိုက်၍ မီးရှို့သော်လည်း ပူလောင်စေရုံမျှပင် မတတ်နိုင်ကုန်။ ထို့ကြောင့် ပစ္စေကဗုဒ္ဓါလည်း ခုနစ်ရက်မြောက်သောနေ့၌ သမာပါတ်မှထ၍ အလိုရှိတိုင်း ကြွသွားတော်မူ၏။ ထိုမိန်းမတို့ကား ထိုကံကို ပြုမိကြခြင်းကြောင့် များစွာသော နှစ်အသိန်းတို့ကာလပတ်လုံး ငရဲ၌ကျက်၍ ထိုကံ၏သာလျှင် အကျိုးပေး အကြွင်းအကျန်ဖြင့် အရာမျှသောကိုယ်၏

အဖြစ်၌ ဤနည်းဖြင့်သာလျှင် အိမ်ကို မီးလောင်သောအခါ၌ အလောင်ခံကြရကုန်၏။ဤကား ဤမိန်းမတို့၏ ကံကြမ္မာတည်း။

ဤသို့ ဟောတော်မူသောအခါ ရဟန်းတို့သည် မြတ်စွာဘုရားအား ဤသို့ လျှောက်ထားကြပြန်၏။

"အရှင်ဘုရား။ ခုဇ္ဇုတ္တရာသည် အဘယ်ကံကြောင့် ကုန်းကွသူဖြစ်ရပါသနည်း။ အဘယ်ကံကြောင့် ပညာကြီးသူဖြစ်ပါသနည်း။အဘယ်ကံကြောင့် သောတာပတ္တိဖိုလ်ကိုရပါသနည်း။ အဘယ် ကံ ကြောင့် သူတပါး၏ အခိုင်းအစေ ခံရသူဖြစ်ပါသနည်း"

"ရဟန်းတို့။ ဗာရာဏသီပြည်တွင် ထိုမင်းပင် မင်းပြုသောအခါ၌ ထိုမိုးရှို့ ခံရသော ပစ္စေကဗုဒ္ဓါသည်ပင် အနည်းငယ်ကုန်းသောအရိုးရှိသူဖြစ်၏။ ထိုအခါအလုပ်အကျွေး မိန်းမတယောက်သည် ကမ္ဗလာခြုံ၍ ရွှေခွက်ကိုကိုင်ပြီးလျှင် ငါတို့၏ပစ္စေကဗုဒ္ဓါသည် ဤသို့ဤသို့လျှင် သွားလာ၏ဟု ကုန်းကွ၍ ထိုပစ္စေကဗုဒ္ဓါ၏သွားလာဟန်ကို ပြ၏။ ထိုကံ၏အကျိုးဆက်ကြောင့် ကုန်းကွသူဖြစ်ရ၏။

ထို့ပြင် ပစ္စေကဗုဒ္ဓါတို့ကို ပထမနေ့၌ မင်း၏ နန်းတော်၌ ထိုင်စေ၍သပိတ်တို့ကိုယူစေပြီးလျှင် နို့ဃနာဖြင့်ပြည့်စေ၍လှူစေ၏။ နို့ဃနာအပူဖြင့်ပြည့်သောသပိတ်တို့ကို ပစ္စေကဗုဒ္ဓါတို့သည် တပြောင်းတပြန်ပြန် ပြု၍ ကိုင်ယူကြကုန်၏။ ထိုအလုပ်အကျွေး မိန်းမသည် ထိုသို့ပြုကြသည်ကိုမြင်၍ မိမိပိုင်ဖြစ်သော ဆင်စွယ်

လက်ကောက်ရှစ်ခုကို ပေးလှူပြီးလျှင် ဤလက်ကောက်၌ ထား၍ ကိုင်တော်မူကြပါကုန်ဟု လျှောက်၏။ ပစ္စေကဗုဒ္ဓါတို့သည် ထိုမိန်းမဆိုတိုင်း ပြု၍ ထိုမိန်းမကိုကြည့်၍ ရပ်နေကြလေသော် ပစ္စေကဗုဒ္ဓါတို့၏အလိုကိုသိ၍ ဤသို့လျှောက်၏။

"အရှင်ဘုရားတို့။ အကျွန်ုပ်သည် ဤလက်ကောက်တို့ကို မလိုချင်တော့ပါ။ အရှင်ဘုရားတို့အားသာလျှင် စွန့်ကြဲပြီး ဖြစ်ပါသည်။ယူ၍ ကြွတော်မူကြပါကုန်"

ပစ္စေကဗုဒ္ဓါတို့သည် ယူ၍ နန္ဒမူလိုဏ်သို့ ကြွသွားကြကုန်၏။ ထိုလက်ကောက်တို့သည် ယနေ့တိုင်အောင်ပင် မပျက်မစီးကြကုန်။ ထိုမိန်းမသည် ထိုကံ၏အကျိုးဆက်ကြောင့် ယခုအခါ၌ ပိဋကတ်သုံးပုံဆောင် ပညာကြီးသူဖြစ်၏။ ပစ္စေကဗုဒ္ဓါကိုအား လုပ်ကျွေးသမှုပြုခြင်း၏အကျိုးဆက်ကြောင့်လည်း သောတာပတ္တိဖိုလ်သို့ရောက်၏။ ဤကား ဘုရားနှစ်ဆူတို့၏အကြား၌ ပြုအပ်သော ရှေးကံတည်း။

ကဿပဘုရားလက်ထက်တော်၌ကား ဗာရာဏသီ သူဌေး၏ သမီးတယောက်ဖြစ်၍ ညနေချမ်းအခါ၌ မှန်ကို ကိုင်၍ မိမိကိုယ်ကို တန်းဆာဆင်လျက် ထိုင်နေ၏။ ထိုအခါ အကျွမ်းဝင်သော ရဟန္တာဘိက္ခုနီမတပါးသည် သူဌေးသမီးကို တွေ့မြင်၍ ကြွလာ၏။ ထိုဘိက္ခုနီမတို့သည်ကား အာသဝေါကုန်ခမ်း၍ ရဟန္တာဖြစ်သော်လည်း ညနေချမ်းအခါ၌ အလုပ်အကျွေးဖြစ်သူတို့ကို တွေ့မြင်လိုကြကုန်၏။ ထိုအခါ၌ကား သူဌေးသမီး၏ အနီးအပါး၌ အခိုင်းအစေကျွန်မ တယောက်မျှမရှိချေ။ ထို့ကြောင့်သူဌေးသမီးသည် ဤသို့ဆို၏။

"အရှင်ဘုရား။ ရှိခိုးကန်တော့ပါသည်။ အကျွန်ုပ်၏ တန်းဆာထည့်သော ပခြုပ်ငယ်ကို လှမ်းယူ၍ ပေးတော်မူပါဦးလော့"

ထိုအခါ ဘိက္ခုနီမသည် ဤသို့ကြံ၏။

"အကယ်၍ ဤသူဌေးသမီးအား ဤပခြုပ်ငယ်ကို ယူ၍မပေးအံ့။ ငါ့အပေါ်၌ အမျက်ထွက်၍ ငရဲ၌ဖြစ်ရလတံ့။ အကယ်၍ ယူ၍ပေးငြားအံ့။ သူတပါး၏အစေခံဖြစ်ရလတံ့။ ငရဲမီးအပူထက်ကား သူတပါး၏အခစေခံအဖြစ်ကသာ၍မြတ်တော့သည်။

ဘိက္ခုနီမသည် သနားခြင်းကို အကြောင်းပြု၍ ပခြုပ်ငယ်ကို ယူ၍ သူဌေးသမီးအား ပေးလိုက်၏။ ထိုကံ၏ အကျိုးဆက်ကြောင့် သူတပါးတို့၏အခိုင်းအစေ ခံရသူဖြစ်ရ၏။

ထို့နောက် တနေ့သောအခါ ရဟန်းတို့သည် ဟရားသဘင်၌ ဤသို့ ပြောဆိုကြကုန်၏။

"သာမာဝတီအမှူးရှိသော မိန်းမငါးရာတို့သည် အိမ်၌ မီးလောင်ခံကြရကုန်၏။ မာဂန္ဒီယာ၏ဆွေမျိုးတို့သည် ကိုယ်ပေါ်၌ ကောက်ရိုးမီးတိုက်၍ သံထွန်သွားတို့ဖြင့် ပျက်စီးကြရကုန်၏။ မာဂန္ဒီယာကား ပွက်ပွက်ဆူသော ဆီပူ၌ ကျက်ရ၏။ ဤသူတို့တွင် အဘယ်သူတို့သည် အသက်ရှင်သူမည်ကုန်သနည်း။ အသယ်သူတို့သည် သေသူမည်ကုန်သနည်း"

ထိုအခါ မြတ်စွာဘုရားကြွလာတော်မူ၍ ဤသို့ မိန့်တော်မူ၏။

"ရဟန်းတို့ မမေ့လျော့သောသူ အလုံးစုံတို့သည် နှစ်တရာတိုင်တိုင် အသက်ရှင်ကြကုန်သော်လည်း သေသူတို့မည်ကုန်၏။ မမေ့မလျော့သောသူတို့သည်ကား သေကုန်သော်လည်း အသက်

ရှင်သူတို့သာ မည်ကြကုန်၏။ ထို့ကြောင့် မာဂဏ္ဍိယာသည် အသက်ရှင်သော်လည်း သေသည်သာမည်၏။ သာမာဝတီအမှူး ရှိသော မိန်းမငါးရာတို့ကား သေကြကုန်သော်လည်း အသက်ရှင်သူတို့သာ မည်ကြကုန်၏။ မှန်၏။ ရဟန်းတို့။ မမေ့မလျော့သောသူတို့သည် သေသည် မမည်ကြကုန်။

ထိုနောက် ဤဂါထာတို့ကို ဟောတော်မူ၏။

(က) အပ္ပမာဒေါ အမတံ ပဒံ၊ ပမာဒေါ မစ္စုနော ပဒံ။
အပ္ပမတ္တာ န မီယန္တိ၊ ယေ ပမတ္တာ ယထာ မတာ။

(ခ) ဧတံ ဝိသေသတော ဉတွာ၊ အပ္ပမာဒမှိ ပဏ္ဍိတာ။
အပ္ပမာဒေ ပမောဒန္တိ၊ အရိယာနံ ဂေါစရေရတာ။

(ဂ) တေ ဈာယိနော သာတတိကာ၊ နိစ္စံ ဒဠှ ပရက္ကမာ။
ဖုသန္တိ ဓီရာ နိဗ္ဗာနံ၊ ယောဂက္ခေမံ အနုတ္တရံ။

(က) မမေ့မလျော့ခြင်းသည် မသေရာ နိဗ္ဗာန်သို့ရောက်ကြောင်းတည်း။ မေ့လျော့ခြင်းကား သေခြင်း၏ အကြောင်းတည်း။ မေ့လျော့သူတို့သည် သေကြရကုန်သကဲ့သို့ မမေ့မလျော့သောသူတို့ကား မသေကြရကုန်။

(ခ) ဤသို့ အထူးအားဖြင့် သိ၍ ပညာရှိတို့သည် အပ္ပမာဒတရား၌တည်၍ အပ္ပမာဒတရား၌ရွှင်လန်းဝမ်းမြောက်ကြကုန်၏။ အရိယာတို့၏ ကျက်စားရာတရား၌ မွေ့လျော်ကြကုန်၏

(ဂ) ထိုပညာရှိတို့သည် ဈာန်ဝင်စားကြကုန်သည် ဖြစ်၍ စွဲမြဲသော ကာယိကဝီရိယ၊ စေတသိကဝီရိယ ရှိကြကုန်သည်ဖြစ်၍ အမြဲပင် မလျော့သောလုံ့လ ရှိကြကုန်

သည်ဖြစ်၍ ယောဂကုန်ရာ အတုမဲ့သော နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုကြရကုန်၏။

တရားတော်၏အဆုံး၌ အများတို့ပင် သောတာပန် စသည်ဖြစ်ကြကုန်၏။ တရားတော်သည် လူများအပေါင်းအား အကျိုးရှိသောတရားတော်ဖြစ်လေသတည်း။

ဤသို့လျှင် သာမာဝတီသည် မေတ္တာအရာ၌ ဗုဒ္ဓ၏သျှုရဲကောင်းတယောက်ဖြစ်သတည်း။

၈

# လူမှုဝန်ထမ်း

မဇ္ဈိမဝဏ္ဏ၊ ဓမ္မပဒ၊ ပ၊ ၁၆၇၊

လူ့လောက၌ လူမှုဝန်ထမ်းအလုပ်မျိုးကား အခါခပ်သိမ်း လိုအပ်သော အရာဖြစ်၏။ လူတိုင်းသည် လူမှုဝန်ထမ်းအလုပ်များကို မလုပ်ရှိကြချေ။ သူ့အကျိုးကိုလိုသော မွမျော်အမြင်ကြီးသူတို့သာ လုပ်ကိုင်ကြသည်။ လူမှုဝန်ထမ်းဆိုသည်မှာ လူအများစုအတွက် တာဝန်ကို ထမ်းဆောင်ခြင်းဖြစ်၏။ လမ်းဖေါက်ခြင်း၊ လမ်းပြင်ခြင်း၊ ဇရပ်ဆောက်ခြင်း၊ သစ်ပင်စိုက်၍ အရိပ်ရစေခြင်း၊ ရေတွင်း ရေကန်တူးဖေါ်ခြင်း၊ စင်္သင်ကျောင်းဆောက်ခြင်း၊ ဆေးရုံဆောက်ခြင်း၊ စသည်ဖြင့် များပြားလှ၏။ မိမိ တဦးတည်း အတွက်သာမဟုတ်ဘဲ လူအများအတွက်ပြုလုပ်ဆောင်ရွက်ခြင်း မှန်သမျှသည် လူမှုဝန်ထမ်း အလုပ်များပင်ဖြစ်၏။

လူတိုင်းသည် ကိုယ့်အကျိုးကို ကြည့်ကြသူချည်းသာ ဖြစ်သည်။ လူသာမဟုတ် တိရစ္ဆာန်တို့လည်း မိမိအကျိုးကို ကြည့်တတ်ခြင်းသည် စိတ်သဘော ကျဉ်းမြောင်းခြင်း ဖြစ်၍ မည်သူ၏ ချီးကျူးခြင်းကိုမျှ ရမည်မဟုတ်ပေ။ မိမိအကျိုးသာ မကဘဲ

သူတပါး အကျိုးကိုပါ ကြည့်ရှုပြုလုပ်သူကိုသာ ချီးကျူးလိုကြ ပေသည်။

လူမှုဝန်ထမ်း လုပ်ငန်းသည် အများ ချီးကျူးထိုက်အောင် မြင့်မြတ်သော လုပ်ငန်းလည်းဖြစ်၏။ မိမိနှင့်တကွ အများလူထု ကို အကျိုးပြုနိုင်သောကြောင့် မျက်မှောက်၌လည်း ချစ်ခင်ချီး မွမ်းခြင်းခံရ၏။ တမလွန်၌လည်း ကောင်းမှုကုသိုလ်ဖြစ်၍ အရာ ရာတွင် ပြည့်စုံတတ်ပေသည်။

ယခုခေတ်လူတိုင်းသည် အကျော်အမော်များ ဖြစ်လိုကြ၏။ လူထုကြီးထဲမှ လူထူးတယောက် ဖြစ်လိုကြ၏။ အများ၏ အချီး မွမ်းတို့ခံလို၏။ သို့ရာတွင် အများနှင့်သက်ဆိုင်သော အကျိုးပြု လုပ်ငန်းကိုကား မလုပ်ဘဲနေကြ၏။ လူမှုဝန်ထမ်းကို လုပ်သဖြင့် အောင်မြင် ကျော်ကြားသော ဗုဒ္ဓ၏ သူရဲကောင်း တယောက် ဖြစ်သော သိကြားမင်း မဃအကြောင်းကို လေ့လာပါဦးလော့။

## မဃ်ဝတ္ထု

ဤမဃ်ဝတ္ထုကို မြတ်စွာဘုရားသည် ဝေသာလီပြည်စုလစ်မွန်း ချွန်တပ်သောဇရပ်၌ သိကြားမင်းတို့အား ပြုစဉ် ဟောတော်မူသည်။ ဝေသာလီ ပြည်၌ မဟာလိမည်သော လိစ္ဆဝီမင်းသည် နေ ထိုင်၏။ မဟာလိသည် မြတ်စွာဘုရား ဟောတော်မူသော သက္က ပဥှသုတ်တရားဒေသနာကို နာရလေသော် ဤသို့ အကြံဖြစ်၏။

"မြတ်စွာဘုရားသည် သိကြားမင်း၏ စည်းစိမ်ကို အကြီးအကျယ်လုပ်၍ ဟောကြားတော်မူသည်။ ကိုယ်တိုင် သိကြားကို မြင်ရန်တည်း ဟောသလော။ မမြင်ရမူ၍တည်း ဟောသလော။ ထိုအကြောင်းကို မေးလျှောက်ဦးအံ့"

ထိုနောက် မဟာလိသည် မြတ်စွာဘုရားအထံတော်သို့သွား၍ ဤသို့ မေးလျှောက်၏။

"အရှင်ဘုရား။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် နတ်တို့အရှင် သိကြားမင်းကို မြင်ရဘူးပါ၏လော"

"အို မဟာလိ။ ငါဘုရားသည် သိကြားမင်းကို မြင်ရဘူး၏"

"အရှင်ဘုရား။ အရှင်ဘုရား မြင်ရသောသူသည် သိကြားမင်းအတု ဖြစ်ပါလိမ့်မည်။ သိကြားမင်းအစစ်ကား မြင်ရခဲသူ ဖြစ်ပါသည်"

"အို မဟာလိ။ ငါဘုရားသည် သိကြားမင်းကိုလည်း ကောင်းစွာ သိ၏။ သိကြားမင်းသည် ပြုလုပ်သော တရားတို့ကိုလည်း ကောင်းစွာ သိ၏။အကြင်တို့ကို ကောင်းစွာဆောက်တည်ခြင်းကြောင့် သိကြားမင်းသည် သိကြားမင်းအဖြစ်သို့ရောက်၏။ ထိုကျင့်ဝတ်တရားတို့ကိုလည်း ကောင်းစွာ သိတော်မူ၏"

"အို မဟာလိ။ နတ်တို့အရှင် သိကြားမင်းသည် ရှေးလူဖြစ်စဉ်အခါ၌ မဃလုလင်အမည်ရှိ၏။ ထို့ကြောင့် သိကြားမင်းကို မဃဝါဟူ၍ ခေါ်ဆိုအပ်၏။ အို မဟာလိ။ နတ်တို့အရှင် သိကြားမင်းသည် ရှေးလူဖြစ်စဉ်အခါ၌ ရှေးဦးစွာ အလှူကို လှူဒါန်း၏။ ထို့ကြောင့် သိကြားမင်းကို 'ပုရိန္ဒဒ'ဟူ၍ခေါ်ဆိုအပ်၏။ အို မဟာလိ။ နတ်တို့အရှင် သိကြားမင်းသည် ရှေးလူ

ဖြစ်စဉ်အခါ၌ ရှိသေစွာ အလှူကို လှူတတ်၏။ ထို့ကြောင့် သိကြားမင်းကို ‘သက္က’ ဟူ၍ ခေါ်ဆိုအပ်၏။ အို မဟာလိ။ နတ်တို့ အရှင်သိကြားမင်းသည် ရှေးလူဖြစ်စဉ်အခါ၌ နေစရာအဆောက် အဦကို ပေးလှူခဲ့၏။ ထို့ကြောင့် သိကြားမင်းကို ‘ဝါသဝ’ ဟူ၍ ခေါ်ဆိုအပ်၏။ အို မဟာလိ။ နတ်တို့အရှင် သိကြားမင်း သည် ရှေးလူဖြစ်စဉ်အခါ၌ အရာသောအကြောင်းအရာကိုလည်း တမုဟုတ်ခြင်းဖြင့် ကြံစည်နိုင်၏။ ထို့ကြောင့် သိကြားမင်းကို ‘သဟဿက္ခ’ ဟူ၍ ခေါ်ဆိုအပ်၏။ အို မဟာလိ။ နတ်တို့အရှင် သိကြားမင်း၏ကြင်ယာသည် ‘သုဇာ’ အမည်ရှိသော အသူရာပျို ဖြစ်၏။ ထို့ကြောင့် သိကြားမင်းကို ‘သုဇမ္ပတိ’ ဟူ၍ ခေါ်ဆို အပ်၏။ အို မဟာလိ။ နတ်တို့အရှင် သိကြားမင်းသည် တာဝတိံ သာနတ်တို့ကို စိုးမိုး၍ မင်းပြု၏။ ထို့ကြောင့် သိကြားမင်းကို ‘ဒေဝါနမိန္ဒ’ ဟူ၍ ခေါ်ဆိုအပ်၏။

“အို မဟာလိ။ နတ်တို့အရှင်သိကြားမင်းသည် ရှေးလူဖြစ်စဉ် ခုနစ်ပါးသော ကျင့်ဝတ်တရားတို့ကို အပြည့်အစုံ ဆောက်တည် အပ်ကုန်၏။ ယင်း တ ရား တို့ ကို ဆောက်တည် ခြင်းကြောင့် သိကြားမင်းအဖြစ်ကို ရ၏။ အဘယ် ကျင့်ဝတ် ခုနစ်ပါးတို့နည်း ဟူမူကား။

၁။ အသက်ထက်ဆုံး မိဘကို လုပ်ကျွေးသူဖြစ်အံ့။

၂။ အသက်ထက်ဆုံး အမျိုး၌ အသက်ဂုဏ်ကြီးသူကို ရိုသေ သူ ဖြစ်အံ့။

၃။ အသက်ထက်ဆုံး သိမ်မွေ့သောစကားရှိသူ ဖြစ်အံ့။

၄။ အသက်ထက်ဆုံး ချောပစ် ကုန်းတိုက်သော စကားကို မပြောဆိုသူ ဖြစ်အံ့။

၅။ အသက်ထက်ဆုံး ဝန်တိုခြင်းကင်းသော စိတ်ဖြင့် လူ့ဘောင်၌ နေအံ့။ လွတ်လွတ်စွန့်ကြဲသူ၊ လက်ဝါးဖြန့်ထားသူ၊ ကြဲစွန့်ခြင်း၌ ပျော်ပိုက်သူ၊ တောင်းရမ်းသူတို့နှင့် ယှဉ်စပ်သူ၊ လှူဒါန်းဝေခြမ်းခြင်း၌ မွေ့လျော်သောသူ ဖြစ်အံ့။

၆။ အသက်ထက်ဆုံး အမျက်မထွက်သူဖြစ်အံ့၊ အကယ်၍ ငါ့အား အမျက်ဒေါသ ဖြစ်လာငြားအံ့၊ လျင်မြန်စွာသာလျှင် ထိုအမျက်ဒေါသကို ပယ်ဖျောက်အံ့။

"အိုမဟာလိ။ နတ်တို့အရှင် သိကြားမင်းသည် ရှေးလူဖြစ်စဉ်အခါ၌ ဤခုနစ်ပါးသော ကျင့်ဝတ် တရားတို့ကို အပြည့်အစုံဆောက်တည်အပ်ကုန်၏။ ယင်းတရားတို့ကို ဆောက်တည်ခြင်းကြောင့် သိကြားမင်းသည် သိကြားမင်းအဖြစ်ကို ရ၏"

"အို မဟာလိ။ ဤသည်ကား သိကြားမင်းသည် မဃလုလင်ဖြစ်သော အချိန်အခါ၌ ပြုအပ်သော ကံတည်း"

"အရှင်ဘုရား၊ မဃလုလင်သည် အဘယ်ကဲ့သို့ ပြုကျင့်ခဲ့ပါသနည်း"

"အို မဟာလိ။ သို့ဖြစ်လျှင် နားထောင်လော့"

ဤသို့ မိန့်တော်မူ၍ မြတ်စွာဘုရားသည် အတိတ်ကိုဆောင်တော်မူ၏။

# မဃလုလင်

ရှေးအခါ မဂဓတိုင်း မစလရွာ၌ မဃအမည်ရှိသော လုလင်သည် ရွာအမှုးပြုရာအရပ်သို့သွား၍မိမိတည်နေရာအရပ်ကိုခြေထောက် အစွန်းဖြင့် မြေကိုယက်၍ မွေ့လျော်ဘွယ်ပြု၏။ တပါးသူ တယောက်သည် မဃလုလင်ကို တတောင်ဖြင့်တွက်၍ ထိုင်နေရာ တွန်းထုတ်ပြီးလျှင် သူကိုယ်တိုင် ထိုနေရာ၌ နေ၏။ မဃလုလင် သည် ထိုသူကိုအမျက်မထွက်ဘဲသာလျှင် တပါးသောနေရာကို မွေ့လျော်ဘွယ် ပြု၍ နေပြန်၏။ ထိုနောက် နေရာသို့လည်း တခြားသူတယောက်သည် ရောက်လာ၍မဃလုလင်ကို တတောင် ဖြင့်တွက်ကာ ထိုင်နေရာမှ တွန်းဖယ်ပြီးလျှင် သူကိုယ်တိုင်နေ၏။ မဃလုလင်သည် ထိုသူကိုလည်းအမျက်မထွက်ဘဲသာလျှင် တပါး သောနေရာကို မွေ့လျော်ဘွယ်ပြု၍ နေပြန်၏။ ဤသို့လျှင်မဃ လုလင်ကို အိမ်မှ ထွက်လာတိုင်းသော ယောကျ်ားတိုင်းသည် တတောင်ဖြင့်တွက်၍ တည်နေရာအရပ်မှ တွန်းဖယ်ကြကုန်၏။ ထိုအခါ မဃလုလင်သည် ဤသို့ကြံ၏။

"ဤသူအားလုံးတို့သည် ငါ့ကိုမှီ၍ ချမ်းသာစွာ ကြေရကုန် ၏။ ဤအမှုသည် ငါ့အား ချမ်းသာသုခကို ပေးတတ်သော ကောင်းမှုကံဖြစ်ပေရာ၏"

နောက်တနေ့၌ကား မဃလုလင်သည် ပေါက်တူးကို ယူခဲ့၍ ကောက်နယ်တလင်း ပမာဏရှိသောအရပ်ကို မွေ့လျော်ဘွယ် ပြုလုပ်၏။ထိုသူအားလုံးတို့သည်က၍ထိုနေရာ၌တည်နေကြကုန်၏။ ထိုနောက်ထိုသူတို့အား ချမ်းသောအခါ၌ မီးဖို၍ပေး၏။ ထို နောက် ပူအိုက်သောအခါ၌ ရေချမ်းအိုးတည်၍ ပေး၏။ ထို

နောက် မဃလုလင်သည် 'မွေ့လျော်ဘွယ်ရှိသော အရပ်သည်ကား သူခပ်သိမ်းတို့ နှစ်သက်အပ်၏။ တစုံတယောက်သော သူအား မနှစ်သက်ခြင်းမည်သည် မရှိ။ ဤအချိန်မှစ၍ ငါသည် လမ်းခရီးကို ညီညွတ်အောင်ပြုသဖြင့် လှည့်လည်သွားသာလင့်၏'ဟု ကြံပြီးလျှင် နံနက်စောစောကပင် အိမ်မှထွက်၍ လမ်းခရီးကို ညီညွတ်အောင်ပြုလျက် ဖြတ်၍ပယ်သင့်သော သစ်ပင်သစ်ခက်တို့ကိုလည်း ဖြတ်လျက်သွား၏။ ထိုအခါ အခြားသူတယောက်သည် မဃကိုမြင်၍ ဤသို့မေး၏။

"အဆွေ။ အဘယ်ကိုပြုသနည်း"

"အဆွေ။ငါ၏ နတ်ရွာလမ်းခရီးကို ပြုလုပ်သည်"

"သို့ဖြစ်လျှင် ကျွန်ုပ်လည်း သင်၏ အဖေါ်ဖြစ်ပါမည်"

"အဆွေ။ ဖြစ်ပါလော့။ နတ်ရွာမည်သည်ကား အများတို့၏ နှစ်သက်စရာ ဖြစ်ပေ၏။ ချမ်းသာသုခများလှပေ၏"

ထိုအခါမှစ၍ နှစ်ယောက်ဖြစ်လာကြကုန်၏။ ထိုသူတို့ကိုမြင်၍ ထို့အတူမေးမြန်း၍ငင်း၊ ကြားသိရ၍ငင်း၊ နောက်တယောက်လည်း ထိုသူ၏အဖေါ်ဖြစ်ပြန်၏။ ဤနည်းဖြင့် နောက်တယောက် နောက်တယောက် အဖေါ်ဖြစ်လာ၍ အားလုံး သုံးဆယ့် သုံးယောက် ဖြစ်လာကြကုန်၏။ ထိုသူအားလုံးတို့သည် ပေါက်တူး စသည်တို့ကို လက်ဆွဲလျက် လမ်းခရီးကို အညီအညွတ် ပြုကြကုန်လျက် တယူဇနာ နှစ်ယူဇနာမျှသော အရပ်တိုင်အောင် သွားကြကုန်၏။

ထိုသူတို့ကိုမြင်၍ ရွာစားသည် ဤသို့ကြံ၏၊

"ဤသူတို့သည် မလျော်ကပ်သော အမှုတို့၌ပြုလုပ်ကြကုန်၏။ အကယ်၍ ဤသူတို့သည် တောမှ ငါး အမဲ စသည်တို့ကို

သော်လည်းယူဆောင်ကုန်ငြားအံ့။ သေအရက်တို့ကိုလည်း ပြုလုပ်၍ သောက်ကြကုန်ငြားအံ့။ တပါးသောထိုသို့သောအမှုမျိုးတို့ကို ပြုကြကုန်ငြားအံ့။ ငါလည်း အနည်းငယ် အနည်းငယ် ရပေရာ၏။

ထိုနောက် ဤသူတို့ကို ခေါ်စေ၍ ဤသို့မေး၏။

"အဘယ်ကို ပြုလျက် လှည့်လည်ကြကုန်သနည်း"

"အရှင်။ နတ်ရွာခရီးကိုပြုလျက် လှည့်လည် ကြပါသည်"

အိမ်ယာတည်ထောင် လူ့ဘောင်၌ နေသော လူတို့မည်သည် ဤသို့ပြုရန်မသင့်။ တောမှ ငါး အမဲ စသည်တို့ကို ဆောင်ယူခဲ့ကြ၍ သေအရက်ကိုပြုလုပ်၍ သောက်ကြရန် အထူးထူးသော ကိစ္စတို့ကိုသော်လည်း ပြုလုပ်ကြရန်သင့်ပေသည်။

ထိုသူတို့သည် ရွာစား၏စကားကို ညင်းပယ်ကြကုန်၏။ ဤနည်းဖြင့် အဖန်ဖန် ပြောဆိုပါသော်လည်း ညင်းပယ်ကြကုန်သည်သာတည်း။ ရွာစားသည် အမျက်ထွက်၍ ထိုသူတို့ကို ဖျက်ဆီးစေအံ့ဟု ကြံ၍ မင်း၏အထံသို့ သွားပြီးလျှင် ဤသို့လျှောက်ပေ၏။

"အရှင်မင်းမြတ်။ အစုဖွဲ့၍ လှည့်လည်သော သူခိုးတို့ကို တွေ့ရပါသည်"

"သွားလော့။ ထိုခိုးသူတို့ကို ဘမ်း၍ ခေါ်ဆောင် လှဲ့လော့"

ရွာစားသည် အမိန့်အတိုင်းပြု၍ ထိုသူတို့ကို နှောင်ဖွဲ့၍ ခေါ်ဆောင်ခဲ့ပြီးလျှင် မင်းကြီးအားဆက်၏။ မင်းကြီးသည် မစုံးစမ်းဘဲသာလျှင် ဆင်ဖြင့်နင်းသတ်စေဟု အမိန့်ပေး၏။ ထိုအခါ မှာဃလုလင်သည် အဖေါ်ဖြစ်သူတို့အား အဆုံးအမပေး၏။

"အဆွေတို့၊ မေတ္တာတရားကိုထား၍ငါတို့အား ကိုးကွယ်ရာ မရှိပြီ။ သင်တို့သည် တစုံတယောက်အပေါ်၌ အမျက်ထွက်ခြင်း ကိုမပြုကြဘဲ မင်းကြီး၌၎င်း၊ ရွာစား၌၎င်း၊ နင်းမည့်ဆင်၌၎င်း၊ မိမိကိုယ်၌၎င်း၊ မေတ္တာစိတ်နှင့် ညီတူသော စိတ်ထားရှိကြကုန်"

ထိုအပေါတို့သည်ထိုစကားလုံးအတိုင်းမေတ္တာစစ်ကိုထားကြကုန်၏။ ထိုအခါ ထိုသူတို့၏ မေတ္တာ တန်ခိုးကြောင့် ဆင်သည် ချဉ်းကပ်ရုံမျှလည်း မဝန့်ပေ။ မင်းကြီးသည် ထိုအကြောင်းကို ကြား၍ လူအများတို့ကိုမြင်၍ မနင်းဝန့်ခြင်းဖြစ်လိမ့်မည်။ သွားကြကုန် ထိုသူတို့ကို ဖျာဖြင့်ဖုံးအုပ်၍ နင်စေကြကုန်ဟု မိန့်တော်မူ၏၊ ထိုသူတို့ကို ဖျာဖြင့်ဖုံးအုပ်၍ နင်းသတ်စေရန် ခိုင်းသော ဆင်သည် အဝေးမှသာဆုတ်နစ်၏။ မင်းကြီးသည် ထိုအကြောင်း ကိုကြားရ၍ အကြောင်းရှိရာသည်ဟု ကြံပြီးလျှင် ထိုသူတို့ကို ခေါ်စေ၍ မေးမြန်းတော်မူ၏။

"အမောင်တို့၊ ငါ့ကိုအမှီပြု၍ သင်တို့အဘယ်ကို မရကြကုန် သနည်း"

"အရှင်မင်းမြတ်၊ ဤအမိန့်တော်ကား အဘယ်သို့ ဆိုလိုပါ သနည်း"

"သင်တို့သည် အခုဖွဲ့ခြင်းဖြင့် ခိုးသူများဖြစ်ကြ၍ တော၌ လှည့်လည်သည်ဟု ကြားသိတော်မူသည်"

"အရှင်မင်းမြတ်၊ အဘယ်သူသည် ဤသို့လျှောက်တင်ပါ သနည်း"

"အမောင်တို့ ရွာစား လျှောက်ပေသည်"

"အရှင်မင်းမြတ်၊ အကျွန်ုပ်တို့သည် ခိုးသူများမဟုတ်ကြပါ။ အကျွန်ုပ်တို့သည်ကား မိမိ နတ်ရွာခရီးကို သုတ် သင် လျက်

ဤမည်သော အမှုမျိုးကို ပြုလုပ်ကြပါသည်။ ရှာစားသည် အကျွန်ုပ်တို့ကို အကုသိုလ်ပြုလုပ်မှု၌ တိုက်တွန်း၍ မိမိစကားကို မလိုက်နာသော အကျွန်ုပ်တို့ကို ပျက်စီးစေလိုသဖြင့် အမျက်ထွက်၍ ဤသို့လျှောက်ပါသည်”

ထိုအခါမင်းကြီးသည် ထိုသူတို့၏ စကားကိုကြား၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်ပြီးလျှင် ဤသို့မိန့်တော်မူ၏။

“အမောင်တို့။ ဤဆင်သည် တိရစ္ဆာန်ဖြစ်လျက် သင်တို့၏ ဂုဏ်ကျေးဇူးတို့ကို သိစေပေ၏။ ငါကားလူဖြစ်လျက် သိမြင်ရန် မတတ်နိုင်ခဲ့ ငါ့အား သည်းခံကြပါလော့”

ဤသို့မိန့်တော်မူ၍ သားမယားနှင့်တကွ ရှာစားကို ထိုသူတို့၏ ကျွန်ပြု၍ငင်း။ ဆင်ကိုစီးစရာပြု၍ငင်း၊ ထိုရွာကိုလည်း အလိုရှိတိုင်း အသုံးခံပြု၍ငင်း၊ ပေးတော်မူ၏။ ထိုသူတို့သည် ယခုပင် ငါတို့ပြုအပ်သော ကောင်းမှုအကျိုးကို မြင်ရပြီ ဟု အတိုင်းထက်အလွန် ကြည်လင်သောစိတ်ရှိကြကုန်သည်ဖြစ်၍ ထိုဆင်ကို အလှည့်ကြစီး၍ သွားလာကြကုန်လျက် ဤသို့တိုင်ပင်ကြကုန်၏။

“ယခုအခါ ငါတို့သည် အထူး အချွန် အလွန်အကဲ ကောင်းမှုကို ပြုသင့်၏။ အဘယ်သို့ပြုကြမည်နည်း။ လမ်းလေးခွ ခရီးဆုံး၌ အမြဲထာဝရပြု၍ လူများအပေါင်း၏ အပန်းဖြေရိပ်သာကို ပြုကြကုန်အံ့”

ထိုနောက် ထိုသူတို့သည်လက်သမားကိုခေါ်စေ၍အပန်းဖြေရိပ်သာကို စ၍ပြုလုပ်ကြကုန်၏။ မိန်းမတို့၌ကား အလိုဆန္ဒ ကင်းခြင်းကြောင့် ထိုအပန်းဖြေရိပ်သာ၌ မိန်းမတို့အား အဖို့မပေးကြကုန်။

မဿလုလင်၏ အိမ်၌ နန္ဒာ၊ စိတ္တာ၊ သုဓမ္မာ၊ သုဇာဟူသော လေးယောက်တို့ရှိကြကုန်၏။ ထိုလေးယောက်တို့တွင် သုဓမ္မာ သည် လက်သမားနှင့်တပေါင်းတည်းဖြစ်၍ အကို ကျွန်ုပ်ကို ဤ အပန်းဖြေရိပ်သာ၏ အချုပ်အခြာဖြစ်အောင် ပြုပါလော့”ဟု ဆို၍ တန်စိုးလက်ဆောင်ပေး၏။ လက်သမားသည်‘ကောင်းပြီ’ ဟု ဝန်ခံ၍ ရှေးဦးစွာပင် အထွတ်အလို့ငှါ သစ်သားကိုချောက် အောင်လှန်း၍ ရွေးပြီးသော် ထွင်းဖေါက်၍ အထွတ်ကို အပြီး အစီးပြုပြီးမှ ‘သုဓမ္မာရိပ်သာ’ဟု အက္ခရာစားလုံးကို ထွင်း၍ပြီး လျှင် အဝတ်နှင့်ပတ်၍ထားစေ၏။

ထိုနောက် လက်သမားသည် အပန်းဖြေရိပ်သာကို ပြီးစေ၍ အထွတ်တင်အံ့သောနေ့၌ ထိုသူ့ကို ဤသို့ဆို၏။

“အရှင်တို့။ ပြုရမည့်အရာတခုကို သတိမရခဲ့ကြပါတကား”

“အချင်း။ အဘယ်မည်သော အရာနည်း”

“ရိပ်သာအထွတ်ဖြစ်ပါသည်”

“ရှိစေတော့။ ထိုအထွတ်ကိုဆောင်ယူခဲ့ကြကုန်အံ့”

“ယခု ခုတ်ဖြတ်အပ်သော သစ်သားဖြင့် ပြုလုပ်ရန် မတတ် ကောင်းပါ။ ရှေးဦးကပင် ခုတ်ဖြတ်၍ ရွေဖေါက်၍ ထားအပ် သော အထွတ်ကိုရသင့်ပါသည်”

“ယခု အသို့ပြုသင့်သနည်း”

“တစုံတယောက်အိမ်၌ အပြီးအစီး ပြုလုပ်ထားသောရောင်း မည့်အထွတ် ရှိလိုရှိငြားရှာသင့်ပါသည်”

ထိုသို့ရှာကြလေသော် သုဓမ္မာ၏အိမ်၌ တွေ့ကြလေ၏။ သို့ရာ တွင် တထောင်ပေးသော်လည်း အဖိုးအခဖြင့် မရနိုင်ကြကုန်၊ သုဓမ္မာသည် ဤသို့ဆို၏။

"အရှင်တို့။ အကယ်၍အကျွန်ုပ်အား ရိပ်သာကောင်းမှုတွင် ပါဝင်ခွင့်ပြုပြုငြားအံ့၊ အကျွန်ုပ်လှူပါမည်"

"ငါတို့သည်မိန်းမတို့အားကောင်းမှုအဖို့ကိုမပေးလိုကြကုန်"

ထိုအခါ လက်သမားသည် ဤသို့ဆို၏။

"အရှင်တို့။ အသို့ဆိုကြကုန်သနည်း။ ဗြဟ္မာပြည်ကိုထား၍ တပါးသော မိန်းမကင်းသောအရပ်မည်သည်မရှိပါ" အထွတ်ကို ယူကြပါကုန်။ ဤသို့ယူကြသော် အကျွန်ုပ်တို့ အမှုကိစ္စသည် အပြီးသို့ရောက်ပါလိမ့်မည်။

"ကောင်းပြီ"

ထိုသူတို့သည်အထွတ်ကိုယူ၍ အပန်းဖြေရိပ်သာကို ပြီးစီးစေကြကုန်၏။ ထိုနောက်အပန်းဖြေရိပ်သာကို သုံးဘို့ဝေဖန်ပိုင်းခြားကြကုန်၏။ တခုသောအဖို့၌ အစိုးရသူတို့၏ နေရာဌာနကိုပြုကြကုန်၏။တခုသောအဖို့၌ ဆင်းရဲသားတို့၏နေရာဌာနကိုပြုကြကုန်၏။တခုသောအဖို့၌ကား နာမကျန်းရှိသူတို့၏ နေရာဌာနကိုပြုကြကုန်၏။

သုံးဆဲ့သုံးယောက်သော ထိုသူတို့သည် ပျဉ်ချပ်သုံးဆဲ့ သုံးချပ်တို့ကို ခင်းထား၍ ဆင်အား အမှတ်ပေးကြကုန်။

"ဧည့်သည်လာ၍ အကြင်သူခင်းအပ်သောပျဉ်ချပ်၌ထိုင်၏။ ထိုဧည့်သည်ကို ပျဉ်ချပ်ရှင်၏ အိမ်၌သာလျှင် တည် စေ လော့၊ ထိုဧည့်သည်၏ခြေဆုတ်လက်နယ်ပြုခြင်း။ နှိပ်နယ်ခြင်း။ သောက်ရေ ခဲဘွယ် စားဘွယ် အိပ်ယာနေရာ ဟူသော ကိစ္စအားလုံးတို့သည် ထိုပျဉ်ချပ်ရှင်၏တာဝန်သာဖြစ်လတ္တံ့။

ဆင်သည် လာတိုင်း လာတိုင်းသောသူကိုခေါ်ယူ၍ ပျဉ်ချပ်ရှင်၏အိမ်သို့သာလျှင်ပို့ဆောင်၏။ ထိုပျဉ်ချပ်ရှင်သည် ထိုဧည့်

သည်အား ထိုနေရာ၌ပြုသင့်သော ကိစ္စကို ပြုလုပ်၏။ မဃသည် ရိပ်သာ၏ မနီးမဝေး၌ ပင်လယ်ကသစ်ပင်ကို စိုက်၍ထိုအရပ်၌ ကျောက်ဖျာကိုခင်း ရိပ်သာသို့ဝင်တိုင်းဝင်တိုင်းသောသူတို့သည် အထွတ်ကိုကြည့်၍ အကွာရာကိုဖတ်ပြီးလျှင် ဤရိပ်သာကား သုဓမ္မာရိပ်သာအမည်ရှိ၏ဟုဆိုကြကုန်၏။ သုံးဆယ့် သုံးယောက်တို့၏ အမည်သည် မထင်ရှားတော့ပေ။

နန္ဒာသည် ဤသို့အကြံဖြစ်၏။

ဤသူတို့သည် အပန်းဖြေရိပ်သာကိုပြုလုပ်ကြစဉ်ပင် ငါတို့ကို အဖို့မပါအောင်ပြုလုပ်ကြကုန်၏။ သုဓမ္မာသည်ကား မိမိ၏လိမ္မာမှုကြောင့် အထွတ်ကိုပြုလုပ်၍ အဖို့ပါသူဖြစ်ခဲ့ပြီ။ ငါသည်လည်း တစုံတခုကိုပြုရန်သင့်၏။ အဘယ်သို့လျှင်ပြုရပါမည်နည်း။

ထို့နောက် ဤသို့အကြံရ၏။

အပန်းဖြေရိပ်သာသို့ လာတိုင်း လာတိုင်းသော သူတို့အား သောက်ရေကိုငင်း၊ ချိုးရေကိုငင်းရင့်၏။ ရေကန်ကိုတူးပေးအံ့။

ထို့နောက် နန္ဒာသည် ရေကန်ကိုတူးစေ၏။ စိတ္တာသည်လည်း ဤသို့အကြံဖြစ်၏။

"သုဓမ္မာသည် အထွတ်ကိုလှူလေပြီ။ နန္ဒာသည် ရေကန်ကို တူးစေပြီ။ ငါသည်လည်း တစုံတခုကို ပြုရန်သင့်၏။

ထိုနောက် ဤသို့အကြံရ၏။

"အပန်းဖြေရိပ်သာသို့ လာတိုင်း လာတိုင်းသောသူတို့သည် ရေကို သောက်၍ချိုး၍ ပြန်သွားသောအခါ၌လည်း ပန်းကို ပန်၍ သွားခြင်းငှါသင့်၏။ "ပန်းဥယျာဉ် အရံကိုပြုစေအံ့"

စိတ္တာသည် မွှေ့လျော်ဘွယ်ကောင်းသော ပန်းဥယျာဥ်အရိ ကိုပြုစေ၏။ အများအားဖြင့်ထိုပန်းဥယျာဥ်အရံ၌ ဤမည်သော ပွင့်ကောင်းသီးကောင်းသော အပင်သည်မရှိဟုမဆိုရဖြစ်လေ၏။

သုဇာတကား ငါသည်မဃ၏ဦးရီးသမီးလည်းဖြစ်၏။ ကြင်ယာ ဇနီးလည်းဖြစ်၏။ မဃပြုသောကံသည် ငါ့ကံသာ ဖြစ်တော့ သည်။ ငါပြုသောကံသည် မဃ၏ကံသာ ဖြစ်တော့ သည်ဟု ကြံ၍ တစုံတရာကိုမျှမပြုဘဲ မိမိကိုယ်ကိုသာ တန်းဆာဆင်ယင် လျက် အချိန်ကိုကုန်စေ၏။ မဃသည်လည်း အမိ အဖကိုလုပ် ကျွေးခြင်းစသောကျင့်ဝတ်ခုနစ်ပါးတို့ကိုဖြည့်ကျင့်၍ တာဝတိံ သာနတ်တို့ကပင် သူတော်ကောင်းဟု ချီးမွမ်းခံရသည်အဖြစ်သို့ ရောက်လေ၏။ အသက်တမ်းကုန်ဆုံးသောအခါ၌ တာဝတိံသာ နတ်ဘုံ၌ သိကြားနတ်မင်းဖြစ်လေ၏။ အဖေါ် သုံး ဆယ် နှစ် ယောက်တို့သည် ထိုဘုံ၌သာဖြစ်ကြကုန်၏။ လက်သမားသည် ဝိသကြုံနတ်သားဖြစ်လေ၏။

ထိုအခါ တာဝတိံသာနတ်ဘုံ၌ အသူရာတို့ နေကြကုန်၏။ အသူရာတို့သည် "နတ်သားသစ်များ ဖြစ်ပေါ် လာကြ သည်ဟု နတ်၌ဖြစ်သော သောက်ဖွယ်ကို စီရင်ကြကုန်၏။ သိကြားသည် မိမိ၏ပရိသတ်အား တစုံတယောက်မျှမသောက်ရန်အမှတ်သညာ ပေး၏။ အသူရာတို့သည် နတ်အဖျော်ကို သောက်၍ မူးယစ်ကြ ကုန်၏။ သိကြားသည် ဤသူတို့နှင့်ဆက်ဆံသော မင်းစည်းစိမ် ဖြင့် အဘယ် အကျိုးရှိအံ့နည်း'ဟု မိမိ ပရိသတ်အား အမှတ် သညာပေး၍ အသူရာတို့ကိုခြေတို့၌ကိုင်စေ၍ မဟာ သမုဒ္ဒရာ၌ ပစ်ချစေ၏။ အသူရာတို့သည် ခေါက်ထိုးမိုးမျှော် သမုဒ္ဒရာ၌ ကျကုန်၏။ ထိုအခါ ထိုအသူရာတို့၏ ကောင်းမှု တန်ခိုးကြောင့်

မြင့်မိုရ်တောင်၏ အောက်မျက်နှာပြင်၌ အသူရာဘုံ မည်သည် ဖြစ်ပေါ်လာလေ၏။ ဆန်းကြယ်သောသခွတ်ပင်မည်သည်လည်း ဖြစ်ပေါ်လာလေ၏။

နတ်နှင့်အသူရာတို့စစ်ပွဲ၌ အသူရာတို့ရှုံးကြလေသော် ယုဇနာတသောင်းကျယ်သော တာဝတိံသာမြို့ မည်သည် ဖြစ်ပေါ်လေ၏။ ထိုနတ်မြို့၏အရှေ့တံခါးနှင့်အနောက်တံခါး အကြား၌ ယူဇနာ တ သောင်း ရှိ၏။ ထို့ အတူ တောင်တံခါး နှင့် မြောက်တံခါးတို့၏ အကြား၌လည်း ယူဇနာ တသောင်းရှိ၏။ ထိုနတ်မြို့ အလယ်၌ အပန်းဖြေရိပ်သာ၏ အကျိုးဆက်ကြောင့် ယူဇနာသုံးဆယ်မြင့်သော တမ်းခွန်တို့ဖြင့် တန်းဆာဆင်အပ်သော ရတနာ ခုနစ်ပါးတို့ဖြင့် ပြီးသော ယူဇနာ ခုနစ်ရာအမြင့်ရှိသော 'ဝေဇယန္တာ' အမည်ရှိသော ပြာသာဒ်သည် ပေါက်လာ၏။ ရွှေတိုင်တို့၌ ပတ္တမြားတမ်း ခွန်ဆွဲ၏။ ပတ္တမြားတိုင်တို့၌ ရွှေတမ်းခွန်ဆွဲ၏။ သန္တာတိုင်တို့၌ ပုလဲတမ်းခွန် ပုလဲတိုင်တို့၌ သန္တာတမ်းခွန်ဆွဲ၏။ ရတနာ ခုနစ်ပါးဖြင့်ပြီးသော တိုင်တို့၌ ရတနာခုနစ်ပါးဖြင့် ပြီးသော တမ်းခွန်ဆွဲ၏။ အလယ်၌တည်သော တမ်းခွန်သည် ယူဇနာ သုံးရာအမြင့်ရှိ၏။ ဤသို့လျှင် အပန်းဖြေရိပ်သာ၏ အကျိုးဆက်ကြောင့် တမ်းခွန်အမြင့်ပါ ယူဇနာ တထောင် အမြင့်ရှိသော ပြာသာဒ်သည် ရတနာ ခုနစ်ပါးတို့ဖြင့် ပြီးသည်သာလျှင် ဖြစ်ပေါ်လာ၏။ ပင်လယ်ကသစ်ပင်၏ အကျိုးဆက်ကြောင့် ထက်ဝန်းကျင်ယူဇနာ သုံးရာအဝန်းရှိသော ပင်လယ်ကသစ်ပင်သည် ပေါက်လာ၏။ ကျောက်ဖြာ၏ အကျိုးဆက်ကြောင့် ပင်လယ်ကသစ်ပင်အရင်း၌ အလျား အားဖြင့် ယူဇနာ ခြောက်ဆယ်၊ အနံအားဖြင့် ယူဇနာငါးဆယ် အထူး

အားဖြင့် တဆယ့်ငါးယူဇနာ ရှိသော လယ်ခေါင်ရန်း ပန်း အဆင်း ကမ္ဗလာနီအဆင်း ရှိသော ပဏ္ဍုကမ္ဗလာ ကျောက်ဖျာ သည် ဖြစ်ပေ၏။ ထိုကျောက်ဖျာ၌ ထိုင်သောအခါ ကိုယ်ထက် ဝက်သည် မြုတ်ဝင်၏။ ထသွားသောအခါ၌ ချိုင့်နိမ့်သောအရာ သည် ပြည့်ဖေါင်း၍ လာပြန်၏။

ဆင်သည်ကား။ ဧရာဝဏ် အမည်ရှိသော နတ်သားဖြစ်လေ ၏။ နတ်ပြည်၌ စစ်စစ် တိရစ္ဆာန်ဟူ၍ မရှိပေ။ထို့ကြောင့် ထိုနတ် သားသည် ဥယျာဉ်ကစားထွက်အံ့ သောအခါ၌ မိမိအတ္တဘော ကို ပယ်စွန့်၍ ယူဇနာ (၁၅၀) ရှိသော ဧရာဝဏ်မည်သောဆင် ဖြစ်လေ၏။ ဧရာဝဏ်ဆင်သည် ထိုနတ် သုံးဆယ့်သုံးယောက်တို့ ၏ အကျိုးငှာ ဦးကင် သုံးဆယ့် သုံးစုတို့ကို ဖန်ဆင်း၏။ လုံး ပတ်အားဖြင့် သုံးဂါဝုတ်၊ ယူဇနာဝက်ရှိကြကုန်၏။ အလုံးစုံတို့ ၏ အလယ်၌ သိကြားမင်း၏ အလို့ငှာ သုဒဿန အမည်ရှိသော ယူဇနာသုံးဆယ်ရှိသော ဦးကင်ကို ဖန်ဆင်း၏။ ထိုဦးကင်၏ အထက်၌ တဆယ့်နှစ်ယူဇနာရှိသော ရတနာမဏ္ဍာပ်ရှိ၏။ ထို မဏ္ဍာပ်၏ အကြား အကြားဝယ် ရတနာခုနှစ်ပါးဖြင့် ပြီးသော တယူဇနာမြင့်သော တမ်းခွန်တို့သည် ပေါက်ကုန်၏။ မဏ္ဍာပ် အစွန်း၌ ရွှေချူကွန်ယက်သည် တွဲလွဲကြကုန်၏။ လေညှင်းခတ် အပ်သော ယင်း၏ အသံသည် တူရိယာငါးပါး အသံနှင့် ရော သော နတ်သီချင်းကဲ့သို့မြည်၏။ မဏ္ဍာပ်အလယ်၌ သိကြားမင်း အလို့ငှာ တယူဇနာရှိသော ပတ္တမြား ပလ္လင်ကိုခင်းထား၏။ ထို ပလ္လင်၌ သိကြားမင်းသည် ထိုင်၏။ သုံးဆယ့် သုံးယောက်သော နတ်သားတို့သည် မိမိအတွက်ဖြစ်သော ဆင်ဦးကင်ဝယ် ပတ္တမြား ပလ္လင်ထက်၌ ထိုင်ကြကုန်၏။ ဦးကင် သုံးဆယ့်သုံးတို့တွင် တခုခု

သော ဦးကင်၌ ခုနှစ်ချောင်း ခုနှစ်ချောင်း သော ဆင်စွယ်တို့ကို ဖန်ဆင်း၏။ ထိုဆင်စွယ်တို့တွင် တခုခုသော ဆင်စွယ်သည် ယူဇနာငါးဆယ် ရှည်လျား၏။ ဆင်စွယ်တခုခု၌ ခုနှစ်စု ခုနှစ်စုသော ရေကန်တို့သည် ရှိကြကုန်၏။ ရေကန်တခု တခု၌ ခုနှစ်ခု ခုနှစ်ခုသော ပဒုမ္မာကြာရုံတို့သည် ရှိကြကုန်၏။ ကြာရုံတခု တခု၌ ခုနှစ်ခု ခုနှစ်ခု သော ကြာပွင့်တို့သည် ပွင့်ကြကုန်၏။ တခု တခုသော ကြာပွင့်၌ ခုနှစ်ခု ခုနှစ်ခုသော ပွင့်ဖတ်တို့သည် ရှိကြကုန်၏။ တခုတခုသောပွင့်ဖတ်တို့၌ခုနှစ်ယောက် ခုနှစ်ယောက်သော နတ်သမီးတို့သည်ရှိကြကုန်၏။ဤသို့လျှင်ထက်ဝန်းကျင် ယူဇနာ ငါးဆယ်မျှလောက်သော အရပ်တို့၌ ဆင်စွယ်၌သာလျှင် ကပွဲသဘင်တို့သည် ဖြစ်ကြကုန်၏။ ဤသို့လျှင် ကြီးမားသော စည်းစိမ်ကို ခံစားလျက် သိကြားမင်းသည် လှည့်လည်သွားလာ၏။

သုဓမ္မာလည်း သေလွန်၍ ထိုတာဝတိံသာနတ်ဘုံ၌သာ ဖြစ်လေ၏။ သုဓမ္မာအား ယူဇနာကိုးရာရှိသောသုဓမ္မာအမည်ရှိသော နတ်သဘင်သည် ဖြစ်၏။ ထိုနတ်သဘင်ထက် မွေ့လျော်ဘွယ်ကောင်းသော တပါးသောဌာနမည်သည် မရှိသတတ်။တလ ရှစ်ရက် တရားနာခြင်းသည် ထိုသုဓမ္မာသဘင်၌သာ ဖြစ်၏။ ယနေ့တိုင်အောင် အမှတ်မထင် မွေ့လျော်ဘွယ်ရာဌာနကို မြင်ရသော် သုဓမ္မာနတ်သဘင်နှင့်တူသည်သို့ ဆိုကြကုန်၏။

နန္ဒာလည်း သေလွန်၍ ထိုတာဝတိံသာနတ်ဘုံ၌သာ ဖြစ်လေ၏။ နန္ဒာအား ယူဇနာငါးရာရှိသော နန္ဒာမည်သောရေကန်သည်ရှိ၏။စိတ္တာသည်လည်း သေလွန်၍ ထိုတာဝတိံသာနတ်ဘုံ၌သာ ဖြစ်လေ၏။ စိတ္တာအားလည်း ယူဇနာငါးရာရှိသော စိတ္တာ

လတာ ဥယျာဉ်မည်သည် ရှိလေ၏။ ထိုဥယျာဉ်၌ စုံတေ နိမိတ်ထင်ရှားဖြင်လာသော နတ်သားတို့ကို ခေါ်ဆောင်၍ စုတေရမည့်ဘေးမှ တွေဝေလျက်။ မေ့လျော့စေလျက် လှည့်လည်ကြကုန်၏။

သုဇာတာကား သေလွန်၍ တခုသောတောင်ချောက်ကြား၌ ဗျိုင်းမငယ် ဖြစ်လေ၏။ သိကြားမင်းသည် မိမိအလုပ်အကျွေးကြင်ယာတို့ကို ကြည့်ရှုလေသော် သုဓမ္မာ၊နန္ဒာ၊ စိတ္တာတို့သည် ဤတာဝတိံသာနတ်ဘုံ၌ပင် ဖြစ်ကြလေ၏ဟု သိမြင်၏။ ထို့နောက် သုဇာတာကား အဘယ်၌ဖြစ်လေသနည်းဟု ဆင်ခြင်လေသော် ထိုတောင်ချောက်ကြား၌ ဖြစ်သည်ကို မြင်လေ၏။

"အမိုက်မသည် တစုံတခုသောကောင်းမှုကို မပြုခြင်းကြောင့် ယခုအခါ တိရစ္ဆာန်မျိုး၌ ဖြစ်ခဲ့သည်။ ယခု ထိုအမိုက်မကို ကောင်းမှု ကုသိုလ်ပြုစေ၍ ဤနေရာသို့ ခေါ်ဆောင်ခြင်းငှာ သင့်၏။

သိကြားမင်းသည် ဤသို့ကြံ၍ မိမိအတ္တဘောကို ပယ်ဖွန့်၍ မထင်ရှားသော အသွင်ဖြင့် သုဇာ၏ အနီးသို့ သွား၍ ဤသို့ မေး၏။

"အဘယ်ကိုပြုလျက် ဤအရပ်၌ လှည့်လည်သနည်း"

"အရှင်။ အရှင်ကား မည်သူဖြစ်ပါသနည်း"

"ငါသည် သင့်ချစ်လင် မာဃဖြစ်သည်"

"အရှင် ဘယ်အရပ်၌ဖြစ်ပါသနည်း"

"ငါသည် တာဝတိံသာနတ်ပြည်၌ ဖြစ်၏။ သင်၏အဖော်သုံးယောက်တို့၏ဖြစ်ရာအရပ်ကိုကား သိ၏လော"

"အရှင်။ မသိပါ"

"ထို သင့်အဖေါ်တို့လည်း ငါ့ထံ၌သာ ဖြစ်ကြကုန်၏။ ထို သင့်အဖေါ်တို့ကို ကြည့်မည်လော"

"ထိုနတ်ပြည်၌ အကျွန်ုပ် အဘယ်သို့ သွားရပါအံ့နည်း"

"ငါသည် သင့်ကို ခေါ်ဆောင်ပေအံ့"

သိကြားမင်းသည် သူဇာဗျိုင်းမကို လက်ဝါးပြင်၌ ထား၍ နတ်ပြည်သို့ ဆောင်၍ နန္ဒာရေကန်၏ကမ်းပါး၌ လွှတ်ပြီးသော် သူဇာ၏အဖေါ်သုံးယောက်တို့အား ဤသို့ ပြောကြား၏။

"သင်တို့၏အဖေါ် သူဇာကို ကြည့်ကြမည်လော"

"အရှင်မင်းမြတ်။ သူဇာအဘယ်မှာနည်း"

"နန္ဒာရေကန် ကမ်းပါး၌ ရှိနေသည်"

ထိုနတ်မိဖုရားသုံးယောက်တို့လည်း ဤသို့ ကစားကျီဆယ်ကြကုန်၏။

"ရှင်မအား မိမိကိုယ်ကို တန်းဆာဆင်ယင်ခြင်း၏ ဤသို့သောအကျိုးသည် အ ြဘွယ်ရှိပေစွ။ ယခုအခါ သူ၏နှုတ် ိးကို ကြည့်ကြပါကုန်။ ခြေထောက်တို့ကို ကြည့်ကြပါကုန်။ ခြေသလုံးတို့ကို ကြည့်ကြပါကုန်။ သူ၏အတ္တဘောကား လှပပါ ပေစွတကား"

ဤသို့ ကစားကျီစယ်ပြီးသောအခါ ထွက်ခွာ သွားကြကုန်၏။ တဖန် သိကြားမင်းသည် သူဇာ၏အထံသို့သွား၍ ဤသို့ မေး၏။

"သင့်အဖေါ်မတို့ကို မြင်ရပြီလော"

"မြင်ရပါပြီ။ အကျွန်ုပ်ကို ပြက်ရယ်ပြု၍ သွားကြပါသည်။ အကျွန်ုကို ထိုတောင်ချောက်ကြားသို့ပင် ပို့ပါလော့"

သိကြားမင်းသည် သူဇာကို ထိုတောင်ချောက်ကြားသို့ခေါ်ဆောင်၍ ရေဋ္ဌလွှတ်ပြီးသော် ဤသို့မေးမြန်းပြန်၏။

"သူတို့စည်းစိမ်ကို မြင်ရပြီလော"

"အရှင်မင်းမြတ်။ မြင်ရပါပြီ"

"သင်လဲ ထိုနတ်ဘုံ၌ဖြစ်ကြောင်း ပြုသင့်၏"

"အသို့ပြုရပါအံ့နည်း"

"ငါပေးသောအဆုံးအမကို စောင့်ရှောက်မည်လော"

"စောင့်ရှောက်ပါမည်"

ထိုအခါ သိကြားမင်းသည် သူဇာအား ငါးပါးသီလကိုပေး၍ မမေ့မလျော့ စောင့်ရှောက်လော့ဟုဆို၍ ထွက်သွား၏။ သူဇာသည် ထိုအခါမှစ၍ မိမိအလိုအလျောက်သေသော ငါးကိုသာ ရှာ၍စား၏။ သိကြားမင်းသည် လေးငါးရက်လွန်သောအခါ သူဇာကိုစုံစမ်းသွားရန်၍ သောင်ပြင်၌ ငါးသေကဲ့သို့ပြု၍ ပက်လက်အိပ်၏။ သူဇာသည် ငါးသေဟူသော အမှတ်သညာဖြင့် ကောက်ယူလိုက်၏။ မြီးအံ့သောအခါ၌ ငါးသည်အမြီးကိုလှုပ်စေ၏။ သူဇာသည်ငါးရှင်ဖြစ်သည်ဟူသောအမှတ်သညာဖြင့်ရေ၌လွှတ်၏။ သိကြားမင်းသည် အချိန်အနည်းငယ်လွန်စေ၍ တဖန် သူဇာ၏ရှေ့၌ ပက်လက်ပြု၍ အိပ်ပြန်၏။ တဖန် သူဇာသည် ငါးသေဟူသော အမှတ်သညာဖြင့် ကောက်ယူ၍ မြီးသောအခါ၌ ငါးသည် အမြီးဖျားကိုလှုပ်စေ၏။ ထိုအချင်းအရာကိုမြင်၍ ငါးရှင်ဟု လွှတ်လိုက်၏။ ဤနည်းဖြင့်သုံးကြိမ်တိုင်အောင် စုံစမ်း၍ သီလကို ကောင်းစွာစောင့်ပေသည်ဟု သိရ၍ မိမိကိုယ်ကို မဃဖြစ်ကြောင်း သိစေပြီးလျှင် ဤသို့ဆို၍ ထွက်ခွာသွားလေ၏။

"ငါသည် သင့်ကို စုံစမ်းမေးမြန်းရန် အလို့ငှာ လာခဲ့သည်။ သီလကို ကောင်းစွာ စောင့်ရှောက်လော့၊ ဤသို့စောင့်ရှောက်သော် မကြာမြင့်မှီပင်ငါ့အထံ၌ ဖြစ်လတံ့။ မမေ့မလျော့ ဖြစ်ရစ်လော့"

သူဇာသည် ထိုအခါမှစ၍ အလိုလိုသေသော ငါးကိုရသည်လည်းရှိ၏။ မရသည်လည်းရှိ၏။ ငါးသေကို မရနိုင်ခဲ့လေသော် လေးငါးရက်လွန်သောအခါ၌သာလျှင်ခြောက်ကပ်၍သေလွန်ပြီးလျှင် ထိုသီလ၏အကျိုးကြောင့်ဗာရာဏသီပြည်၌အိုးထိန်းသည်၏ သမီးဖြစ်လေ၏။ ထို့နောက် တဆယ့်ငါးနှစ်တဆယ့်ခြောက်နှစ် အရွယ်ရောက်သောအခါ၌ သိကြားမင်းသည်သူဇာအဘယ်၌ဖြစ်လေသနည်းဟု ဆင်ခြင်လေသော် သူဇာကိုမြင်၍ ယခုအခါ ထိုအရပ်သို့ ငါသွားသင့်သည်ဟုကြံ၍ သခွားသီး အသွင်ဖြင့် ထင်ကုန်သော ရတနာခုနှစ်ပါးတို့ဖြင့် လှည်းယဉ်ငယ်ကို ပြည့်စေ၍ မောင်းနှင်လျက် ဗာရာဏသီပြည်သို့ ဝင်ခဲ့၏၊

"အမိတို့အမောင်တို့။ သခွားသီးကို ယူလှည့်ကြကုန်။ယူလှည့်ကြကုန်"

ဤသို့ကြွေးကြော်လျက် လမ်းစဉ်အတိုင်း မောင်းနှင်၏။ ပဲနှောက် ပဲကြီးစသည်တို့ကို ယူ၍ အဝယ်လာကြသော သူတို့ကို ဤသို့ဆို၏။

"အဖိုး ငွေဖြင့် မပေးနိုင်ပါ"

"အဘယ်သို့ ပေးမည်နည်း"

"သီလစောင့်သော မိန်းမအား ပေးပါမည်"

"အရှင်။ သီလမည်သည်ကား အဘယ်သို့ သဘောရှိသနည်း။ အမဲလော၊ အညိုစသော အဆင်းရှိသလော"

"သင်တို့သည်။ သီလမည်သည် အဘယ်သို့ သဘောရှိသည်ဟု ပင် မသိကြကုန်။အဘယ်မှာလျှင်သီလကို စောင့်ကြကုန်အံ့နည်း။ သီလစောင့်သော မိန်းမအား ပေးပါမည်"

"အရှင်။ ဤအိုးထိန်းသည်၏ သမီးသည်ကား သီလကိုစောင့် ပါသည်ဟုဆို၍ လှည့်လည်လာ၏။ ဤသတို့သမီးအား ပေးပါ လော့"

"အရှင်။ သို့ဖြစ်လျှင် အကျွန်ုပ်အား ပေးပါလော့"

"အသင်မည်သူနည်း"

"အကျွန်ုပ်ကား။ ငါးပါးသီလကို မစွန့်သူဖြစ်ပါသည်"

"ငါသည် သင့်အတွက်သာလျှင် ဤအရာတို့ကို ယူဆောင်ခဲ့ ပေသည်"

သိကြားမင်းသည် ဤသို့ဆို၍ လှည်းယာဉ်ငယ်ကို မောင်း လျက်၊ ထိုသတို့သမီး၏အိမ်သို့သွား၍ သူတပါးတို့ မဆောင်ယူနိုင် အောင်ပြု၍ သခွားသီးအသွင်ဖြင့် နတ်တို့ပေးအပ်သော ဥစ္စာကို ပေး၍ မိမိကိုယ်ကို သိကြားဖြစ်ကြောင်း သိစေပြီးလျှင် ဤသို့ မှာထား၍ဖယ်သွား၏။

"ဤသည်ကား သင်အသက်မွေးဘို့ရန် ဥစ္စာတည်း။ ငါးပါး သီလတို့ကို မကျိုးမပျောက် မပေါက်ကြားအောင်ပြု၍ စောင့် ရှောက်လော့"

သူဇာသည်။ ထိုဘဝမှစုတေ၍ အသူရာဘုံ၌ အသူရာအကြီး အမှူး၏ သမီးဖြစ်ခြင်းဖြင့်သိကြားမင်း၏ ရန်သူအိမ်၌ဖြစ်လေ၏။ နှစ်ဘဝတို့၌ သီလကို ကောင်းစွာ စောင့်ရှောင့်ခြင်းကြောင့် အလွန်အဆင်းလှ၏။ရွှေအဆင်းနှင့်တူသော အဆင်းရှိ၏။သူတပါး တို့နှင့်မနိုင်းသာသောရုပ်အဆင်းအသရေနှင့်ပြည့်စုံ၏။ဝေမစိတ္တိ

အသူရာမင်းသည်။ လာတိုင်းလာတိုင်းသောအသူရာတို့အား သင်တို့သည် ငါ့သမီးအား လျောက်ပတ်သူများ မဟုတ်ကြကုန်ဟုဆို၍ တစုံတယောက်အား မပေးမူ၍၊ ငါ့သမီးသည် မိမိဖါသာ မိမိအား လျောက်ပတ်သောလင်ကိုယူရလတံ့ ဟု အသူရာအပေါင်းတို့ကို စည်းဝေစေ၏။ ထို့နောက်သင့်အား လျောက်ပတ်သောလင်ကို ယူလော့ ဟုဆို၍ သုဇာ၏လက်၌ ပန်းကုံးကိုပေး၏။

ထိုခဏ၌ သိကြားမင်းသည် သုဇာ၏ဖြစ်ရာအရပ်ကို ကြည့်ရှုလေသော် ထိုအကြောင်းအရာကိုသိ၍ ယခုအခါ ငါသွား၍ သုဇာကို ဆောင်ယူသင့်၏ဟုကြံ၍ အသူရာ အဘိုးကြီးအသွင်ဖန်ဆင်း၍သွားပြီးလျှင် ပရိတ်သတ်အစွန်း၌ရပ်၏။ သုဇာလည်းထိုမှ ဤမှ ကြည့်ရှုလေသော် သိကြားမင်းကို မြင်ကာမျှဖြင့်သာလျှင် ရှေး၌ အတူနေဘူးသည်၏ အစွမ်းဖြင့် ဖြစ်ပေါ်လာသောမေတ္တာသည် ကြီးစွာသော ရေအလျှင်ကဲ့သို့ လွှမ်းမိုးအပ်သော စိတ်နှလုံးရှိသည်ဖြစ်၍ ဤသူသည် ငါ၏လင်တည်းဟုသိကြားမင်း၏အပေါ်၌ ပန်းကုံးကိုပစ်၏။ ထိုအခါ အသူရာတို့သည် ဤသို့ပြောဆိုကြကုန်၏။

"ငါတို့မင်းကြီးသည် ဤမျှသော ကာလပတ်လုံး သမီးအား လျောက်ပတ်သော လင်ကို မရဘဲ၊ ယခုရပေပြီ။ မင်းကြီး၏သမီးတော်အား အဘိုးထက် အသက်ကြီးသော ဤသည်ပင်လျောက်ပတ်လှပေ၏။

ထိုအသူရာတို့သည် အရှက်ရ၍ ထွက်သွားကုန်၏။ သိကြားမင်းလည်း သုဇာကို လက်၌ကိုင်၍ 'ငါသိကြားမင်းဖြစ်သည်'ဟု ကြုံးဝါး၍ ကောင်းကင်၌ ပျံတက်၏။ အသူရာတို့သည် သိကြားအို၏ လှည့်စားခံရသည်ဟုသိကြားမင်းသို့ အစဉ်လိုက်ကြကုန်၏။

မာတလိနတ်သားသည် ဝေဇယန္တာရထားကို ဆောင်ယူခဲ့၍ခရီး အကြား၌ စောင့်နေ၏။ သိကြားမင်းသည် သူဇာကိုဝေဇယန္တာ ရထား၌ တင်၍ နတ်မြို့သို့ ရှေ့ရှုသွားလေ၏။ ထို့နောက်လက် ပ်တောသို့ ရောက်သောအခါ ရထားသံကို ကြားရ၍ ကြောက် လန့်ကြကုန်သော ဂဠုန်ငယ်တို့သည် အော်မြည်ကြကုန်၏။ ထို ဂဠုန်ငယ်တို့၏ အသံကို ကြား၍ သိကြားမင်းသည် မာတလိကို ဤသို့မေး၏။

"ဤအော်မြည်သော အသံတို့ကား အဘယ် အကောင်တို့ နည်း"

"ဂဠုန်ငယ်များ ဖြစ်ကြပါသည်"

"အဘယ်ကြောင့် အော်မြည်ကြကုန်သနည်း"

"ရထားသံကို ကြားရ၍ သေဘေးကြောင့် အော်မြည်ကြပါ သည်"

"ငါတယောက်ကို အမှီပြု၍ ဤမျှသော ငှက်အပေါင်းသည် ရထားအဟုန်ကြောင့် မှုန့်မှုန့်ညက်ညက်ဖြစ်ရ၍မပျက်စီးစေလင့်၊ ရထားကို နောက်သို့ ပြန်လှည့်လော့"

မာတလိသည်သိကြားမင်းတဆောင်အားနှင်တံအမှတ်သညာ ပေး၍ ရထားကို ပြန်လှည့်၏။ ထိုအချင်းအရာကိုမြင်၍ အသူရာ တို့သည် ဤသို့ ထင်ကြကုန်၏။

သိကြားအိုသည် အသူရာပြည်မှ စ၍ ပြေးလျက် ယခုအခါ ရထားကို ပြန်လှည့်၏။ မချွတ်ကေန် သိကြားအိုသည်အထောက် အကူရသည် ဖြစ်လိမ့်မည်။

ထိုအခါ အသူရာတို့သည် ပြန်လှည့်၍ လာလမ်းအတိုင်းသာ အသူရာပြည်သို့ ဝင်ကြ၍ နောက်တဖန် ခေါင်းမထောင်ကြကုန်။

သိကြားမင်းလည်း သူဇာအသူရာကိုနတ်မြို့သို့ ခေါ်ဆောင်၍ နတ်သမီးနှစ်ကုဋေငါးသန်းတို့၏ အကြီးအမှူးအရာ၌ ထား၏။ သူဇာသည် သိကြားမင်းထံမှ ဆုကို တောင်း၏။

"မြတ်သောမင်းကြီး။ အကျွန်ုပ်အား ဤနတ်ပြည်၌အမိအဘသည်၎င်း၊ ညီအကိုမောင်နှမသည်၎င်း မရှိပါ။ သွားလာရာတိုင်းသို့ အကျွန်ုပ်ကို ခေါ်ဆောင်၍သာ သွားတော်မူပါ"

"ကောင်းလှပြီ"

ထိုအခါမှစ၍ သခွပ်ပင်ပွင့်သောအခါ၌ အသူရာတို့သည် ငါတို့ ဖြစ်ရာအရပ်၌ နတ်ပင်လယ် ကသစ်ပန်း ပွင့်ချိန်ဖြစ်သည်ဟု ဆို၍ စစ်ထိုးခြင်းငှါ နတ်ပြည်သို့ တက်ကြကုန်၏။ သိကြားမင်းသည် သမုဒ္ဒရာအောက်၌ နဂါးတို့အား အစောင့်တာဝန်ပေး၏။ ထို့အထက်ဂဠုန်တို့အား ထို့အထက် ဂုမ္ဘာဏ်တို့အား ထိုအထက် နတ်ဘီလူးတို့အား ထို့အထက် နတ်မင်းကြီး လေးယောက်တို့အား အစောင့်တာဝန်ကိုပေး၏။အားလုံးတို့၏ အထက်၌ကား ရန်သူပြန်နစ်စေခြင်းအကျိုးငှါ နတ်မြို့တံခါးတို့၌ ဝရဇိန်လက်နက်ကိုင်စွဲသော သိကြားရုပ်တို့ကိုထား၏။ အသူရာတို့သည်နဂါးစသည်တို့ကို အောင်နိုင်၍ သာကြကုန်သော်လည်း သိကြားရုပ်တို့ကို အဝေးမှ မြင်၍ သိကြားမင်း ထွက်လာပြီဟု ပြေးကြကုန်၏။

မဟာလိ ဤသို့လျှင် မဃလုလင်သည် မမေ့မလျော့သော အကျင့်ကိုကျင့်၏။ ဤသို့မမေ့မလျော့သော ဤမဃလုလင်သည် ဤသို့သော အစိုးရခြင်းသို့ရောက်၍ နတ်ပြည်နှစ်ပြည်တို့၌ မင်းအဖြစ်ကိုပြု၏။ မမေ့မလျော့ခြင်း၊ အပ္ပမာဒ မည်သည်ကား မြတ်စွာဘုရား အစရှိသည်တို့သည် ချီးမွမ်းအပ်၏။ အပ္ပမာဒ

တရားကို အမှီပြု၍သာ အလုံးစုံသော လောကီလောကုတ္တရာ အကျိုးထူးကို ရ၏။

ထို့နောက် ဤဂါထာကို ဟောတော်မူ၏။

အပ္ပမာဒေန မဃဝါ၊ ဒေဝါနံ သေဋ္ဌတံ ဂတော။

အပ္ပမာဒံ ပသံသန္တိ၊ ပမာဒေါ ဂရဟိတော သဒါ။

"သိကြားမင်းသည် မမေ့မလျော့ခြင်း ဟူသော အပ္ပမာဒ တရားဖြင့် နတ်တို့တွင် မြတ်သူ၏အဖြစ်သို့ ရောက်၏။ အပ္ပမာဒ တရားကို ဘုရားစသည်တို့သည် ချီးမွမ်းကုန်ကြ၏။ မမေ့မလျော့ ခြင်းဟူသော ပမာဒတရားကိုကား အခါခပ်သိမ်း ကဲ့ရဲ့အပ် တော့သည်။

ဂါထာအဆုံး၌မဟာလိ လိစ္ဆဝီမင်းသည် သောတာပတ္တိဖိုလ်၌ တည်၏။ ရောက်လာသော ပရိသတ်တို့လည်း အများအပြား သောတာပန် စသည်ဖြစ်ကုန်ကြသတည်း။

ဤသို့လျှင် မဃလုလင်ကား လူမှုဝန်ထမ်းအရာ၌ စံနမူနာ ယူထိုက်သော ဗုဒ္ဓ၏ သူရဲကောင်းတယောက်ပင် ဖြစ်သတည်း။

၉

# လိမ္မာယဉ်ကျေးခြင်း

ဝိသာခါဝတ္ထု၊ ဓမ္မပဒ၊ ပ၊ ၂၄၂

လူချင်း ပေါင်းသင်းဆက်ဆံရာ၌ လိမ္မာယဉ်ကျေးခြင်းသည် ဂဟေတမျိုးဖြစ်၏။ အိမ်သူအိမ်သားချင်း ဆက်ဆံရာ၌လည်း အိမ်ထောင်စု၏ ပျော်ရွှင်ခြင်းကို ပေးတတ်သော ဆေးကောင်း တပါးဖြစ်၏။

လိမ္မာယဉ်ကျေးခြင်း မရှိသူသည် မကြီးပွါးနိုင်၊ မိုက်မဲရိုင်း စိုင်းသူကို မည်သူကမျှ ချစ်ခင်လေးစားမည်မဟုတ်ပေ။ မိဘသည် ပင်လျှင် လိမ္မာယဉ်ကျေးသော သားသမီးကိုသာ နှစ်နှစ်ကာကာ ချစ်၍ အားကိုးသမှုပြုလိုကြ၏။ သူတပါးများကား အဘယ်မှာ ဆိုဖွယ်ရာရှိအံ့နည်း။

မည်သည့်အလုပ်ရှင် မည်သည့်အာဏာပိုင်ကမျှ မိုက်မဲရိုင်းစိုင်း သူကို အလိုမရှိ၊ လိမ္မာယဉ်ကျေးသူကိုသာ အလိုရှိသည်။ ပညာ တတ်လျက် မကြီးပွားသူများမှာ အများအားဖြင့် လိမ္မာယဉ် ကျေးမှု မရှိသူများသာ ဖြစ်၏။

လိမ္မာယဉ်ကျေးမှုဆိုသည်မှာလည်း အရာရာတွင် ပါးနပ်လိမ္မာ ၍ နူးညံ့ပျော့ပြောင်းခြင်းကို ဆိုလိုပေသည်။ လိမ္မာပါးနပ်မှု

ရှိလျှင် မည်သည့်ကိစ္စမျှမပြီးစီးမည် မဟုတ်၊ ထို့အတူနူးညံ့ပျော့ပြောင်းမှု မရှိလျှင်လည်း မည်သူနှင့်မျှ သင့်တင့်မည်မဟုတ်၊ အတတ်ပညာကို ကမ်းတဘက်ရောက် တတ်မြောက်စေကာမူခက်ထန်ကြမ်းကြုတ်ခြင်းဖြင့်သာ လွှမ်းမိုးနေပါက အတတ်ပညာ အကျိုးကို ခံစားရမည် မဟုတ်ပေ။

ရွှေကို လူဟာကာ နှစ်သက်ကြခြင်းမှာ အရောင်တောက်ရုံသာမက အလိုရှိရာ ပုံပန်းသဏ္ဍာန်ဖြစ်အောင် အထုအရိုက် အဆွဲအဆန့် ခံသောကြောင့်လည်း ဖြစ်၏။ အထုအရိုက်အဆွဲအဆန့်ခံသောကြောင့် ပုတီးနားဒွေင်း လက်ကောက်ခြေချင်းပြုလိုရာပြုနိုင်သဖြင့် နှစ်သက်မဆုံး ဖြစ်ကြရသည်။ ထို့အတူပင် နူးညံ့ပျော့ပြောင်းသူသည် မည်သည့်နေရာ၌ထားထား အဆင်ပြေသည်သာ ဖြစ်၏။

ထို့ကြောင့် အတိုးတန် ဖြစ်လိုလျှင် လိမ္မာ ယဉ်ကျေးခြင်းကြောင့် နှစ်ပေါင်း များစွာ ကျော်စောခဲ့သော ဗုဒ္ဓ၏ သူရဲကောင်းတယောက်ဖြစ်သူ ဝိသာခါ ဝတ္ထုကို ဘတ်၍ လိမ္မာယဉ်ကျေးခြင်းကို လေ့လာဆည်းပူးသင့်လှ၏။

ဝိသာခါသည် အင်္ဂတိုင်း ဘဒ္ဒိယမြို့ ဓနဥ္စယသူဌေး၏ သမီးဖြစ်၏။ ဝိသာခါ၏မိခင်ကား သုမနဒေဝီအမည်ရှိ၏။ ဓနဥ္စယသူဌေးသည် မေဏ္ဍကသူဌေးကြီး၏သား ဖြစ်ရကား ဝိသာခါသည် မရေတွက်နိုင်သော ဥစ္စာရှိသည့်မေဏ္ဍကသူဌေးကြီး၏ မြေးချစ်လည်း ဖြစ်၏။

ဝိသာခါ ခုနစ်နှစ်အရွယ်သို့ ရောက်သောအခါ၌ မြတ်စွာဘုရားသည် သေလပုဏ္ဏားစသော ကျွတ်ထိုက်သောသတ္တဝါတို့ကို ရှေးဆုတောင်းကောင်းမှုနှင့် ပြည့်စုံခြင်းကို မြင်တော်မူ၍ ရဟန်းအများ ခြံရံလျက် ဒေသစာရီလှည့်လည်တော်မူခဲ့၍ ဘဒ္ဒိယမြို့သို့ ရောက်တော်မူ၏။

ထိုအခါ၌ မေဏ္ဍကသူဌေးသည် ထိုမြို့၌ ဘုန်းကံကြီးသူ ငါးဦးတို့ကား မေဏ္ဍကသူဌေး။ထိုသူဌေးကြီး၏မယားကြီး ဖြစ်သော စန္ဒပဒုမာ။ ထိုဌေးကြီး၏သားကြီးဖြစ်သော ဓနဥ္စယသူဌေး ။ဓနဥ္စယသူဌေး၏မယား သုမနဒေဝီ။ မေဏ္ဍကသူဌေး၏ကျွန်ဖြစ်သော ပုဏ္ဏား။ ဤငါးယောက်တို့တည်း။

စင်စစ်သော်ကား မေဏ္ဍကသူဌေးသာမဟုတ်။ ဗိမ္ဗိသာရမင်းကြီး၏နိုင်ငံတော်၌ ဇောတိက၊ဇဋိလ၊မေဏ္ဍက၊ပုဏ္ဏက၊ ကာကဝလိယ ဟူသော မရေမတွက်နိုင်သော ဥစ္စာရှိသူ သူဌေးငါးယောက်တို့ ရှိကြကုန်၏။ ထိုငါးယောက်တို့တွင် မေဏ္ဍကသူဌေးသည် မိမိမြို့သို့ မြတ်စွာဘုရား ရောက်တော်မူသည်ကို သိရ၍ သားဖြစ်သူ ဓနဥ္စယ၏သမီး ဝိသာခါအမည်ရှိသော သူငယ်မကို ခေါ်၍ ဤသို့ဆို၏။

"ချစ်မြေး။ သင့်အားလည်း မင်္ဂလာဖြစ်၏။ ငါတို့အားလည်း မင်္ဂလာဖြစ်၏။ သင်၏အခြံအရံဖြစ်သော သတို့သမီးငါးရာတို့နှင့်တကွ ရထားငါးရာတို့ကို တက်စီး၍ ကျွန်ငါးရာခြံရံလျက် မြတ်စွာဘုရားအား ခရီးဦးကြိုပြုလော့"

"အဖိုး။ ကောင်းပါပြီ"

ဝိသာခါသည် ဤသို့ ဝန်ခံ၍ အဖိုးဖြစ်သူဆိုသည့်အတိုင်း ပြု၏။ အကြောင်းဟုတ်သည် မဟုတ်သည်၌ လိမ္မာခြင်းကြောင့်

ယာဉ်ဖြင့် သွားသင့်သော နေရာတိုင်အောင် ယာဉ်ဖြင့်သွား၍ ယာဉ်မှသက်ဆင်းပြီးလျှင် ခြေလျင်ဖြင့်သာ မြတ်စွာဘုရားအထံတော်သို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် သင့်ရာအရပ်၌ တည်နေ၏။ ထိုအခါ မြတ်စွာဘုရားသည် ဝိသာခါ၏ စရိုက်အစွမ်းဖြင့် တရားကို ဟောတော်မူ၏။ ဝိသာခါသည် တရား၏အဆုံး၌ သတို့သမီးငါးရာတို့နှင့်တကွ သောတာပတ္တိဖိုလ်၌ တည်၏။

မေဏ္ဍကသူဌေးလည်း မြတ်စွာဘုရားအထံတော်သို့ချဉ်းကပ်၍ တရားစကားကိုကြားနာရန် သောတာပတ္တိဖိုလ်၌ တည်ပြီးသော် မြတ်စွာဘုရားကို နက်ဖြန်အလို့ ငှါ ဆွမ်းဘုဉ်းပေးရန်ပင့်ဖိတ်၏။ နောက်တနေ့၌ကား မိမိ၏အိမ်၌မွန်မြတ်သော ခဲဘွယ်ဘောဇဉ်ဖြင့် ဘုရားအမှူးရှိသော ရဟန်းအပေါင်းကိုလုပ်ကျွေး၍ ညနေ့ဆည်းဖြင့်သာလျှင် လခွဲပါတ်လုံး ကြီးစွာသောအလှူကိုပေးလှူ၏။ မြတ်စွာဘုရားသည် ဘဒ္ဒိယမြို့၌ မွေ့လျော်သမျှနေတော်မူ၍ ကြွသွားတော်မူ၏။

ထိုအခါ ဗိမ္ဗိသာရမင်းနှင့် ပသေနဒီကောသလမင်းတို့သည် အချင်းချင်း အပြန်အလှန် နှမကိုပေးသော သမီးယောက်ဖတို့ ဖြစ်ကြကုန်၏။ တနေ့သောအခါ ကောသလမင်းသည် ဤသို့ကြံ၏။

"ဗိမ္ဗိသာရမင်း၏ နိုင်ငံ၌မရေမတွက်နိုင်သော ဥစ္စာရှိသော ဘုန်းကံကြီးသူ သူဌေးကြီးငါးဦးတို့ရှိကြကုန်၏။ ငါ့နိုင်ငံ၌ကား ထိုသို့သော သူဌေးမျိုးတဦးမျှမရှိ၊ ငါသည် ဗိမ္ဗိသာရမင်း၏ အထံသို့သွား၍ တဦးသော ဘုန်းကံကြီးသူ သူဌေးကိုတောင်းရမူကား ကောင်းပေမည်"

ကောသလမင်းသည် ဗိမ္ဗိသာရမင်း၏ နိုင်ငံ သို့ သွား ၏။ ဗိမ္ဗိ**သာ**ရမင်းသည် လောကဝတ် အစေ့အစပ် (ပဋိသန္ထာရ) ပြုပြီးသော် ဤသို့မေး၏။

"အဘယ် အကြောင်းကြောင့်ကြွလာပါသနည်း"

"အသင့်တိုင်းပြည်၌ မရေမတွက်နိုင်သော ဘုန်းကံကြီးသူ သူဌေးကြီးငါးဦးတို့ရှိကြကုန်၏။ထိုငါးဦးတို့မှတဦးဦးကိုခေါ်ယူ ၍ သွားမည်ဟု လာခဲ့ပေသည်။ ထိုငါးဦးတို့တွင် တဦးဦးကို ပေးပါလော့"

"မြတ်သောအမျိုးတို့၌ဖြစ်ကြသည်။ ကျွန်ုပ်တို့ကလှုပ်ရှား စေရန်မတတ်နိုင်ပါ"

"အကျွန်ုပ်မရသော်မပြန်ပြီ"

ထိုအခါဗိမ္ဗိသာရမင်းသည် အမတ်တို့နှင့်တိုင်ပင်ပြီးနောက် ဤသို့ဆို၏။

"ဇောတိကသူဌေးစသော မြတ်သောအမျိုးတို့ကိုလှုပ်ရှားစေ ခြင်းငှါ၊ မဟာပထဝီမြေကြီးကိုလှုပ်ရှားစေခြင်းနှင့်တူပါသည်။ မေဏ္ဍကသူဌေး၏သား ဓနဉ္စယမည်သော သူဌေးတဦးကား ရှိ၏။ ထိုသူဌေးနှင့်တိုင်ပင်၍စကားပြန်ပါမည်"

ထိုနောက် ဗိမ္ဗိသာရမင်းသည် ဓနဉ္စယသူဌေးကိုခေါ်စေ၍ ဤသို့မိန့်တော်မူ၏။

"ချစ်သား။ ကောသလမင်းသည် ဥစ္စာများသော သူဌေး တဦးကိုခေါ်ယူသွားမည်ဟု ဆိုချေသည်။ သင်သည်ကောသလ မင်းနှင့်လိုက်သွားလော့"

"အရှင်မင်းမြတ်။ အရှင်တို့ကစေတော်မူလျှင်လိုက်ပါမည်"

"ချစ်သား။ သို့ဖြစ်လျှင် ကြိုတင် ပြင်ဆင်မှုကို ပြု၍ သွား
လေလော့"

ဓနဥ္စယသူဌေးသည် ပြုသင့်သော အမှုကိစ္စကို ပြုလုပ်၏။ ဗိမ္ဗိသာရမင်းကြီးလည်း ဓနဥ္စယ သူဌေးအား ကြီးစွာသော ချီးမြှောက်ခြင်းကိုပြု၏။ ထို့နောက် 'ဤသူဌေးကို ခေါ်ယူ၍ ကြွသွားလော့' ဟု ဆို၍ ကောသလမင်းကိုလွှတ်လိုက်၏။ ကောသလမင်းသည် ဓနဥ္စယသူဌေးကိုခေါ်ယူ၍ ရောက်ရာအရပ်တိုင်း၌ တညမျှသာနေ၍သွားလေသော် တခုသော ချမ်းသာရာအရပ်သို့ ရောက်၍စခန်းချခြင်းကို ပြု၏။ ထိုအခါ ဓနဥ္စယသူဌေးသည် ဤသို့လျှောက်၏။

"ဤအရပ်ကား အဘယ်မင်း၏နိုင်ငံဖြစ်ပါသနည်း"

"အို သူဌေး။ ငါ၏နိုင်ငံဖြစ်ပေသည်"

"ဤအရပ်မှ သာဝတ္ထိပြည်သည်အဘယ်မျှဝေးပါသနည်း"

"ခုနစ်ယူဇနာဝေးကွာသည်"

"မြို့တော်တွင်း၌ကား ကျဉ်းမြောင်းပါသည်။ အကျွန်ုပ်တို့၏ အခြွေအရံပရိသတ်လည်းများပါသည်။အရှင်မင်းမြတ် အကယ်၍ နှစ်သက်တော်မူပါလျှင် ဤအရပ်၌နေလိုပါသည်။

"ကောင်းပြီ"

ကောသလမင်းသည် ထိုအရပ်၌ မြို့ဖန်ဆင်းတည်ထောင်၍ ဓနဥ္စယ သူဌေးအား ပေးတော်မူခဲ့၍ ကြွသွား၏။ ထိုအရပ်၌ မိမိကိုယ်တိုင်ပင် နေရာဌာနကိုယူခြင်းကြောင့် မြို့၏အမည်သည် 'သာကေတ' ဟူ၍ တွင်လေ၏။

သာဝတ္ထိပြည်၌လည်း ပုဏ္ဏဝဒ္ဓနမည်သော မိဂါရ သူဌေး၏ သားသည် အရွယ်သို့ရောက်၏။ ထိုအခါ မိဘတို့သည် ဤသို့ ဆိုကြကုန်၏။

"ချစ်သား။ သင်နှစ်သက်ရာအရပ်၌ သတို့သမီးတယောက်ကို စုံစမ်းလော့"

"အကျွန်ုပ်သည် ကြင်ယာဇနီးကိုအလိုမရှိပါ"

"ချစ်သား။ ဤသို့မပြုလင့်။ အမျိုးမည်ကား သားမရှိသော် မတည်နိုင်ပေ"

ထိုနောက် အဖန်ဖန် မိဘတို့ကပြောဆိုလေသော်သူဌေးသား သည် ဤသို့ဆို၏။

"သို့ဖြစ်လျှင် ကောင်းခြင်းငါးဖြာနှင့်ပြည့်စုံသောသတို့သမီး ကို ရပါသော် မိဘတို့စကားကိုလိုက်နာပါမည်"

"ချစ်သား။ ကောင်းခြင်းငါးဖြာကား အဘယ်နည်း"

"ဆံပင်၏ကောင်းခြင်း၊ အသား၏ကောင်းခြင်း၊ အရိုး၏ ကောင်းခြင်း၊ အရေ၏ကောင်းခြင်း၊ အရွယ်၏ ကောင်းခြင်း ဖြစ်ပါသည်"

၁။ မှန်ပေသည်။ ဘုန်းကြီးသော မိန်းမ၏ ဆံပင်တို့သည် ဥဒေါင်းမြီးစည်းနှင့်တူကုန်သည်ဖြစ်၍ဖြေ၍လွှတ်သော်ခါးဝတ် စွန်းကိုခတ်၍ပြေလည်ပြီးလျှင် အဖျားကော့၍ တည် ကုန် ၏။ ဤကား ဆံပင်၏ကောင်းခြင်းမည်၏။

၂။ နှုတ်ခမ်းသည် ကျီအာသီးမှည့်နှင့် တူသော အဆင်းရှိ သည်ဖြစ်၍ အညီအမျှ အချင်းချင်းကောင်းစွာထိ၏။ ဤကား အသား၏ကောင်းခြင်းမည်၏။

၃။ သွားတို့သည် ဖြူစင်၍ ညီ ညာပြီး လျှင် မကြဲဘဲစိုက် ဆောက်၍ထားအပ်သော စိန်အစဉ်ကဲ့သို့၎င်း၊ ကောင်းစွာအညီ အညွတ်ဖြတ်အပ်သော ခရုသင်း အစဉ်ကဲ့သို့၎င်း၊ တင့်တယ်ကြ ကုန်၏။ ဤကားအရိုး၏ကောင်းခြင်းမည်၏။

၄။ ညိုသောသူအား နံ့သာမှုန့်စသည်တို့ဖြင့်မလိမ်းကျံဘဲ သာလျှင် အရေ၏ အဆင်းသည်ပြေပြစ်လျက် ကြာညိုပန်းဆိုင် နှင့်တူ၏၊ ဖြူသောသူအား မဟာလှေကား ပန်းဆိုင်နှင့် တူ၏၊ ဤကား အရေ၏ကောင်းခြင်းမည်၏။

၅။ ဆယ်ကြိမ်သားဖွားပြီးသော်လည်း တကြိမ်သာ ဖွား သကဲ့သို့နုပျိုခြင်းရှိသည်သာလျှင်ဖြစ်၏။ (ဤကားကောင်းခြင်း ငါးဖြာနှင့်ပြည့်စုံသူဖြစ်ပါသည်)။

ထိုအခါ သူဌေးသား၏ မိဘတို့သည်ပုဏ္ဏားတရာ့ရှစ်ယောက် တို့ကိုပင့်ဖိတ်၍ ကျွေးမွေးပြီးလျှင် ဤသို့မေးကြကုန်၏။

"ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံသော မိန်းမတို့မည်သည် ရှိပါကုန်သလော"

"ဩော် ရှိကြပေကုန်၏"

သို့ဖြစ်လျှင် ဤသို့သော သတို့သမီးကို ရှာဖွေ၍ ပုဏ္ဏား ရှစ်ယောက်တို့သွားကြပါကုန်"

ဤသို့ဆို၍ ပုဏ္ဏားတို့အား များစွာသော ဥစ္စာကိုပေးပြီးမှ အသပြာတသိန်းထိုက်သော ရွှေပန်းခိုင်ကို အပ်၍ စေလွှတ်ကြ ကုန်၏။

"ပြန်လာသောအခါ၌ ဆရာတို့အား ပြုသင့်သော အမှုကို သိပါမည်။ သွားကြပါကုန်။ ဤသို့သော သတို့သမီးကို ရှာဖွေ

ကြပါလော့။ တွေ့ရသောအခါ၌လည်း ဤပန်းခိုင်ကိုပေးအပ်ခဲ့ကြပါကုန်”

ထိုပုဏ္ဏားရှစ်ယောက်တို့သည် ကြီးကုန်သော မြို့များသို့သွားကြ၍ ရှာကြကုန်သော်လဲ ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံသောသတို့သမီးကို မတွေ့ရ၍ ပြန်လှည့်လာကြပြီးလျှင် အပြနက္ခတ်နှင့်ယှဉ်သောနေ့၌ သာကေတမြို့သို့ရောက်ကြကုန်၏။ ယနေ့ကား ငါတို့ကိစ္စသည် ပြီးစီးတော့မည်ဟု အကြံဖြစ်ကြကုန်၏။

ထိုမြို့၌နှစ်စဉ်နှစ်တိုင်း အပြနက္ခတ်ပွဲမည်သည် ဖြစ်၏။ထိုပွဲ၌အပြင်သို့မထွက်သော အမျိုးတို့လည်း အခြံအရံနှင့်တကွ အိမ်မှထွက်၍ မကွယ်မဝှက်သောကိုယ်ဖြင့် ခြေလျင်သာ မြစ်ဆိပ်သို့သွားကြကုန်၏။ ထိုနေ့၌ခတ္တိယမဟာသာယခေါ်သော မဟာသူကြွယ်စသည်တို့၏သားတို့သည်လည်း ငါတို့နှင့် ဇာတ်တူသောနှစ်သက်ဘွယ်သော သတို့သမီးကိုတွေ့မြင်ရသော်၊ ပန်းကုံးဖြင့်ဆွဲကုန်အံ့ဟု ထိုထိုလမ်းခရီးကို အမှီပြု၍ ရပ်လည်ကြကုန်၏။ ပုဏ္ဏားရှစ်ယောက်တို့လည်း မြစ်ကမ်း၌တခုသော စရပ်သို့ဝင်၍တည်နေကြကုန်၏။

ထိုအခါ၌ ဝိသာခါသည် အသက်တဆယ့်ငါးနှစ် တဆယ့်ခြောက်နှစ်အရွယ်ရှိပြီဖြစ်၍ အလုံးစုံသော အဆင်တန်းဆာတို့ဖြင့် ဆင်ယင်ပြီးသော်၊ သတို့သမီး ငါးရာခြံရံလျက်၊ မြစ်သို့သွား၍ရေချိုးအံ့ဟု ထိုအရပ်သို့ ရောက်၏။ ထိုအခါ မိုးသည်တက်လတ်၍ ရွာသွန်း၏။ သတိုးသမီး ငါးရာတို့သည် အဟုန်ဖြင့်ပြေး၍ စရပ်သို့ ဝင်ကြကုန်၏။ ပုဏ္ဏားတို့ကြည့်ကြလေသော်၊ ထိုသတို့သမီးတို့တွင် ကောင်းခြင်းငါးဖြာနှင့်ပြည့်စုံသူတယောက်မျှကိုလည်း မမြင်ကြရကုန်။ ထို့နောက် ဝိသာခါသည်ပြကတေ့

သွားခြင်းဖြင့်သာ စရပ်သို့ဝင်၏။ အဝတ်တန်းဆာတို့သည်စိုစွတ်ကုန်၏။ ပုဏ္ဏားတို့သည် ဝိသာခါ၏ကောင်းခြင်းလေးဖြာကိုမြင်ရပြီး၍ သွားတို့ကို မြင်လိုကြသောကြောင့်၊ ဤသို့အချင်းချင်း ပြောဆိုကြကုန်၏။

"ငါတို့သမီးကား ပြင်းသောသဘောရှိ၏။ ဤသတို့သမီး၏ လင်သည် ပအုံးရည်တို့ပင် စားရမည်မထင်"

ထိုအခါ ဝိသာခါသည် ဤသို့ဆို၏။

"ဆရာတို့ ဘယ်သူ့ကိုပြောကြသနည်း"

"သမီး။ သင့်ကို ပြောကြပေသည်"

ဝိသာခါ၏ အသံသည်ချိုသာသည်ဖြစ်၍ ရွှေခွက်ကိုတီးသော အသံကဲ့သို့ထွက်လာ၏။ ထို့နောက်ဝိသာခါသည် ထိုပုဏ္ဏားတို့ကို တဖန်ချိုသာသော အသံဖြင့် မေးပြန်၏။

"အဘယ်အကြောင်းကြောင့် ပြောပါသနည်း"

"သင့် အခြံအရံ သတို့သမီးတို့သည်။ အဝတ်တန်ဆာကိုမစိုစေဘဲ အဟုန်ဖြင့် စရပ်သို့ဝင်ကြသည်၊ သင့်အား ဤမျှသော အရပ်ကိုအဟုန်ဖြင့်လာခြင်းမျှမရှိ။ အဝတ်တန်းဆာတို့ကို စိုစွတ်စေ၍လာခဲ့၏။ ထို့ကြောင့် ပြောကြပေသည် သမီး"

"ဖခင်တို့ ဤသို့မဆိုကြကုန်ပါလင့်၊ အကျွန်ုပ်သည် ထိုသတို့သမီးတို့ထက် အားကြီးသူဖြစ်ပါသည်။ အကြောင်းတခုကိုအမှတ်ပြု၍ အပြေးအလွှား မလာပါသည်"

"သမီး အဘယ်အကြောင်းနည်း"

"ဖခင်တို့ ပုဂ္ဂိုလ်လေးယောက်တို့သည်။ ပြေးသွားကြသော်။ မတင့်တယ်ကြပါ။ ထို့အပြင်တပါးသော အကြောင်းလည်းရှိပါသေးသည်။

"သမီး။ အဘယ်လေးယောက်တို့နည်း"

"ဖခင်တို့ (၁) အတိုသိက်သွင်းပြီးသော မင်းသည် အလုံးစုံသောတန်ဆာတို့ဖြင့်တန်းဆာဆင်ယင်လျက်အောက်ပိုးကျိုက်၍ မင်းယင်ပြင်၌ ပြေးလွှားသော် မတင့်တယ်ပါ။ အသို့နည်း ဤမင်းကား သူကြွယ်ကဲ့သို့ ပြေးသွား၏ဟု စင်စစ်ကဲ့ရဲ့ခြင်းကို ရတတ်ပါသည်။ ဖြေးညှင်းစွာ သွားသော်ကား တင့်တယ်ပါသည်။

(၂) တန်းဆာဆင်ပြီးသော မင်း၏ မင်္ဂလာဆင်သည်လည်း၊ ပြေးသွားသော်မတင့်ပါ၊ ဆင်၏စံပယ်ခြင်းဖြင့် သွားသော်သာ တင့်တယ်ပါသည်။

(၃) ရှင်ရဟန်းသည် ပြေးလွှားသော်မတင့်တယ်ပါ၊ အသို့နည်း၊ ဤရဟန်းသည် လူဝတ်ကြောင်ကဲ့သို့ ပြေးသွား၏ ဟု စင်စစ်ကဲ့ရဲ့ခြင်းကိုသာ ရတတ်ပါသည်။ ဤငြိမ်သက်သော သွားခြင်းဖြင့်သာ တင့်တယ်ပါသည်။

(၄) မိန်းမသည် ပြေးသွားသော် မတင့်တယ်ပါ။ အသို့နည်း။ ဤ မိန်းမသည် ယောကျ်ားကဲ့သို့ ပြေးသွား၏ဟု ကဲ့ရဲ့အပ်သည်သာဖြစ်ပါသည်။

"ဖခင်တို့ ဤလေးယောက်တို့သည် ပြေးသွားသော် မတင့်တယ်ကြပါ"

"သမီး။ တပါးသောအကြောင်းကား အဘယ်နည်း"

"ဖခင်တို့။ မိဘတို့သည် သမီးမည်သည်ကို အင်္ဂါကြီးငယ်တို့ကို ကောင်းစွာပုံပြင်၍ မွေးမြူကြပါသည်။ ကျွန်ုပ်တို့သတို့သမီးများသည် ရောင်းကုန်များ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့ကို လင်အိမ်သို့ပို့ရန် မွေးမြူကြပါသည်။ အကယ်၍ပြေးသွားသော

သတို့သမီးတို့၏ လက်သည်ရင်း၊ ခြေသည်ရင်း၊ဝတ်သောအဝတ်အစွန်းကို နင်းမိ၍ဖြစ်စေ၊ မြေ၌ချွတ်ချော်၍ ဖြစ်စေ။ လဲကျသောအခါကျိုးခဲ့ပြြားအံ့။ ဤသတို့သမီးသည် အိမ်၏တာဝန်သာ ဖြစ်ခဲ့ရပါသည်။ ကျွန်ုပ်ဆင်ယင်သော တန်းဆာကား မိုးစွတ်ပြီးသော် ခြောက်သွားပါလိမ့်မည်။ ဤအကြောင်းကို အမှတ်ပြု၍ မပြေးပါသည် ဖခင်တို့"

ပုဏ္ဏားတို့သည် ဝိသာခါ၏ စကားပြောသောအခါ၌ သွားတို့၏ အသရေကိုမြင်၍ ဤသို့သောသွားတို့၏ အသရေကို ငါတို့ မမြင်စဘူး ဟု ဝိသာခါအား ကောင်းကြီးပေး၍ "သမီး ဤရွှေပန်းခိုင်သည် သင့်အားသာလျှင် လျောက်ပတ်၏ ဟု ဆို၍ ထိုရွှေပန်းခိုင်ကို ပန်ဆင်ပေးလိုက်ကြကုန်၏။

"ဖခင်တို့ အဘယ်မြို့မှ လာခဲ့ကြပါသနည်း"

"သမီး။ သာဝတ္ထိပြည်မှလာခဲ့ကြသည်"

"သူဌေးမျိုးကား အဘယ်အမည်ရှိပါသနည်း"

"သမီး။ မိဂါရသူဌေးမည်ပေသည်"

"အရှင့်သားကား၊ အဘယ်အမည်ရှိပါသနည်း"

"ပုဏ္ဏဝဍ္ဎန သတို့သားမည်ပေသည်"

ဝိသာခါသည် 'ငါတို့၏ အမျိုးအနွယ်သည် တူသောဇာတ်ရှိ၏'ဟု လက်ခံ၍ ဖခင်ဖြစ်သူထံသို့ 'အကျွန်ုပ်တို့ရထားကိုစေလွှတ်လိုက်ပါ'ဟု သတင်းစကားပို့ပြီး ဝိသာခါသည် လာသောအခါ၌ ခြေလျှင်ဖြင့်လာခဲ့သော်လည်း ရွှေပန်းခိုင်ဖြင့် ဆင်မြန်းအပ်သောအခါမှစ၍ ခြေလျှင်သွားခွင့်မရတော့ပေ။ဂုဏ်အသရေရှိ သတို့သမီးတို့သည် ရထားစသည်တို့ဖြင့် သွားကြကုန်၏။ထိုမှတပါးသောသတို့သမီးတို့ကား။ ပြကတေ့ဖြစ်သော ယာဉ်ငယ်

ကိုသော်လည်းစီးကြကုန်၏။ ထီးကိုသော်၎င်း၊ ယပ်ကိုသော်၎င်း၊ အပေါ်၌ဆောင်းကြကုန်၏။ ထိုအရာပင်မရှိသော် ဝတ်သော အစတ်၏အမိတ်စွန်းကို မြှောက်ချီ၍ ပခုံး၌ချ၍ သွားကြသည် သာတည်း။ ဝိသာခါ၏အဖကား ရထားငါးရာကို စေလွှတ်၏။ ဝိသာခါသည် အခြွေအရံနှင့်တကွ ရထားစီး၍သွား၏။ ပုဏ္ဏားတို့သည်အတူတကွ လိုက်သွားကြကုန်၏။ ထိုအခါသူဌေးသည် ဤသို့မေး၏။

"ဘယ်အရပ်မှ လာကြကုန်သနည်း"

"သာဝတ္ထိပြည်မှ လာကြပါသည် သူဌေးကြီး"

"သူဌေးကား အဘယ်အမည်ရှိသနည်း"

"မိဂါယ သူဌေး မည်ပါသည်"

"သားကား အဘယ်အမည်ရှိသနည်း"

"ပုဏ္ဏဝဍ္ဎန သတို့သားမည်ပါသည်"

"ဥစ္စာပစ္စည်းကား အဘယ်မျှရှိသနည်း"

"ကုဋေလေးဆယ် ရှိပါသည်"

"ဥစ္စာပစ္စည်းကား၊ ငါတို့ဥစ္စာပစ္စည်းကိုထောက်၍ ချင်းရွေး မျှသာတည်း၊ သို့ရာတွင် အစောင့်အရှောက်မျှကို ရသောအခါမှ စ၍၊ တပါးသောအကြောင်းဖြင့် အသို့ပြုရအံ့နည်း"

ဤသို့ဆို၍ ဓနဥ္စယသူဌေးသည် လက်ခံလိုက်၏။ သူဌေးသည် ထိုပုဏ္ဏားတို့အား ကောင်းစွာ ကျွေးမွေးပေးကမ်းမှုကိုပြု၍ ခုနစ် ရက်နေစေပြီးလျှင် လွှတ်လိုက်၏။

ပုဏ္ဏားတို့သည် သာဝတ္ထိပြည်သို့ သွားကြကုန်၍ မိဂါယ သူဌေးအား 'အကျွန်ုပ်တို့သည် သတို့သမီးကို ရခဲ့ပါပြီ"

"အဘယ်သူ၏သမီး ဖြစ်သနည်း"

"မေနဍ္ဍယသူဌေး၏ သမီးဖြစ်ပါသည်"

"ငါသည် ကြီးကြွယ်သောအမျိုး၏သမီးကို ရပေပြီ။ထိုသတို့သမီးကိုအလျင်အမြန်ပင် ဆောင်ယူသင့်တော့သည်"

ထိုနောက်မိဂါယသူဌေးသည် သာကေတသို့ သွားရန်အလို့ငှါ ကောသလမင်းအား လျှောက်ထား၏။

"ဤကြီးကြွယ်သော အမျိုးကိုငါသည် ဗိမ္ဗိသာမင်း၏အထံမှခေါ်ဆောင်ခဲ့၍ သာကေတမှာ နေစေသည်။ ထိုသူဌေးအား မြတ်နိုးသနားမှုကိုပြုသင့်ပေသည်။ ထို့ကြောင့် ငါလည်းသွားအံ့"

"အရှင်မင်းမြတ်။ ကောင်းလှပါသည်"

မိဂါယသူဌေးသည် မေနဍ္ဍယသူဌေးအား 'ကျွန်ုပ်လာသောအခါ၌ ကောသလမင်းကြီးလည်း ကြွလာတော်မူလတံ့။ မင်း၏ဒိုလ်ပါသည်များပြား၏။ ဤမျှသော လူအပေါင်းအားပြုသင့်သော ကိစ္စကိုပြုရန် စွမ်းနိုင်မည်လော။ သို့မဟုတ်မစွမ်းနိုင်မည်လော'ဟုသတင်းစကားကိုပို့၏။ မေနဍ္ဍယသူဌေးလည်း'အကယ်၍မင်းဆယ်ပါးတို့ လာကြကြန်အံ့။ လာစေကုန်'ဟု စကားတုံ့ကိုပို့၏။

မိဂါယသူဌေးသည် အလွန်ကြီးမားသော သာဝတ္ထိမြို့၌အိမ်စောင့်မျှသာထား၍ ကြွင်းသောလူအပေါင်းကို ခေါ်ယူ၍သွားပြီးလျှင် ယူဇနာခွဲမျှသော အရပ်၌ရပ်၍ 'ငါတို့လာကြပြီ'ဟု သတင်းပို့၏။ မေနဍ္ဍယသူဌေးသည်များစွာသော လက်ဆောင်ကို ပို့စေ၍ သမီးဖြစ်သူနှင့် ဤသို့တိုင်ပင်၏။

"ချစ်သမီး။ သင်၏ယောက်ခမသည် ကောသလမင်းနှင့်အတူလာသတတ်။ သင့်ယောက်ခမအတွက် အဘယ်အိမ်ကို သုတ်သင်

သနည်း၊ မင်းကြီးအတွက်ဘယ်အိမ်ကို အိမ်ရှေ့မင်း စသည်တို့အတွက် အဘယ်အိမ်ကို သုတ်သင်သနည်း”

ထိုအခါ ပညာရှိသော သူဌေးသမီးသည် ဝရဇိန် သမားကဲ့သို့ ထက်သော ဉာဏ်ရှိသည်ဖြစ်၍ ‘ကမ္ဘာတသိန်း ကာလပတ်လုံး တောင်းအပ်သော ဆုတောင်းရှိသည်ဖြစ်၍ ရှေးကောင်းမှုရှိသည်ဖြစ်၍ ယောက်ခမအတွက် ဤအိမ်ကို မင်းကြီးအတွက် အိမ်ရှေ့မင်း စသည်တို့အတွက် ဤအိမ်စသည်တို့ကို သုတ်သင်ပြင်ဆင်လော့’ဟု စီရင်၍ ကျွန်အမှုလုပ်တို့ကို ခေါ်စေ၍ ဤသို့ပြောဆိုစီမံ၏။

“ဤမျှသော သူတို့သည် မင်းကြီးအား ပြုသင့်သော ကိစ္စကို ပြုကြကုန်။ ဤမျှသော သူတို့သည် အိမ်ရှေ့မင်းစသည်တို့အား ပြုသင့်သော ကိစ္စကိုပြုကြကုန်။ ဆင် မြင်း စသည်တို့ကိုလည်း သင်တို့ပင် ကျွေးမွေးစောင့်ရှောက်ကြကုန်။ မြင်းချည်းသူစသည်တို့ လာ၍ မင်္ဂလာပွဲ ပျော်ပါး ခံစားကြကုန်လတံ့”

အဘယ့်ကြောင့် ဤသို့ စီရင်သနည်းဟူမူကား ‘ငါတို့သည် ဝိသာခါ၏ မင်္ဂလာဆောင်ရာအရပ်သို့ သွား၍ တစုံတခုကိုမျှ မရကြကုန်။ မြင်းစောင့် စသည်တို့ကို ပြုရခြင်းကြောင့်သာ ချမ်းသာစွာ မသွားလာရကုန်’ဟု တစုံတယောက်သော သူတို့သည် ပြောခွင့်မရကြစေသတည်းဟု နှလုံးသွင်းခြင်းကြောင့် ဖြစ်သတည်း။

ထိုနေ့၌ပင် ဝိသာခါ၏ ဖခင်သည် ရွှေပန်းတိမ်သည် ငါးရာတို့ကို ခေါ်စေ၍ ငါ့သမီးအတွက် မဟာလတာတန်ဆာကို ပြုလုပ်ကြကုန်ဟု ရွှေနီနိက္ခတထောင်ကိုရင်း။ ထိုရွှေအားလျောက်ပတ်သော ငွေမြပုလဲသန္တာ စိန်စသည်တို့ကိုရင်း ပေးစေ၏။

မင်းကြီးသည် လေးငါးရက်နေပြီး၍သာလျှင် မနုဥယသူဌေး အား ဤသို့ သတင်းစကားပို့၏။

"သူဌေးသည် ငါတို့အား ကြာမြင့်စွာ ကျေးမွေးခြင်း မည် သည်ကို ပြုရန် မတတ်ကောင်း။ ယခုအခါ သတို့သမီး သွား ရမည့် အချိန်အခါကို သိလော့"

သူဌေးကြီးလည်း မင်းကြီးအား ဤသို့ သတင်းစကားပို့၏။

"ယခုအခါ မိုးဥတု ရောက်လာပါပြီ လှည့်လည်လာရန် လေးလပတ်လုံး မတက်ကောင်းပါ။ အရှင်မင်းကြီးတို့၏ ဗိုလ်ပါ အပေါင်းအား ရသင့်သော အရာဟူသည် အကျွန်ုပ်၏ တာဝန် သာ ဖြစ်ပါသည်။ အကျွန်ုပ် စေလွှတ်သော အခါ၌ အရှင် မင်းကြီး ကြွတော်မူရပါလတံ့"

ထိုအခါမှစ၍ သာကေတမြို့သည် အမြဲနက္ခတ်ပွဲကဲ့သို့ဖြစ်၏။ မင်းကြီးကိုအစပြု၍ အလုံးစုံသော သူတို့အတွက် ပန်းနံ့သာ အဝတ်အစားတို့ကို စီရင်ပြီးသာ ဖြစ်ကုန်၏။ ထို့ကြောင့် ထို သူတို့သည် 'သူဌေးကား ငါတို့အားသာလျှင် ပူဇော်သကာ ပြု၏'ဟု အကြံဖြစ်ကြကုန်၏။ ဤနည်းဖြင့် သုံးလတို့သည် ကုန် လွန်ကြကုန်၏။ မဟာ လတာတန်းဆာကား မပြီးသေးချေ။ အလုပ်ကိစ္စကိုဦးစီးပြုလုပ်ကြရသောသူတို့သည်လာ၍သူဌေးအား ဤသို့ ပြောကြားကြကုန်၏။

"အရှင်။ တပါးသော မရှိသော အရာဟူ၍ကား မရှိပါ။ ဗိုလ်ပါအတွက် ထမင်းချက်ရန် ထင်းတို့ မလောက်ကြကုန်"

"အမှောင်တို့ သွားကြကုန်။ ဤမြို့၌ ဟောင်းနွမ်းသော ဆင်တင်းကုတ် စသည်တို့ကိုငင်း၊ဟောင်းနွမ်းအိုမင်းသော အိမ် တို့ကိုငင်း၊ ဖျက်ယူ၍ ချက်ကျကုန်"

ဤသို့ချက်ကြကုန်စဉ်မှာ လကွယ်အချိန်သည် ကုန်လွန်လေ၏။ ထို့နောက် တဖန်လည်း ထင်းမရှိပါ ပြောကြကုန်၏။ သူဌေးသည် ဤသို့ဆို၏။

"ဤအချိန်အခါ ထင်းရရန် မတတ်နိုင်ကောင်း။ အဝတ်ထားသော တိုက်ကျည်တို့ကို ဖွင့်၍ ကြမ်းတမ်းသော အဝတ်တို့ဖြင့် ကြိုးလုံးတို့ကို ပြု၍ ဆီအိုး၌ နှစ်ပြီးလျှင် ထမင်းကို ချက်ကြကုန်"

ထို အလုပ်သမားတို့သည် လခွဲကာလပတ်လုံး ထိုအတိုင်း ပြုကြကုန်၏။ ဤသို့လျှင် လေးလတို့သည် ကုန်လွန်ကြကုန်၏။ မဟာလတာတန်းဆာလည်း ပြီးလေ၏။

ထိုမဟာလတာတန်းဆာ၌ ဝိန် လေးစလယ်(ကွမ်းစား) တို့သည် အပါအဝင်အဖြစ်သို့ ရောက်ကုန်၏။ ပုလဲ တဆ၏ တစလယ်၊သန္တာနှစ်ဆယ့်နှစ်စလယ်၊မြပတ္တမြားသုံးဆယ့်သုံးစလယ် အပါအဝင်အဖြစ်သို့ ရောက်ကုန်၏။ ဤသို့လျှင်ဤရတနာတို့ဖြင့်ၿင်း၊တပါးသောရတနာတို့ဖြင့်ၿင်း ပြီးစီးခြင်းသို့ ရောက်ကုန်၏။ ချည်မပါသောတန်းဆာဖြစ်၍ငွေဖြင့်ချည်ကိစ္စကို ပြုကြကုန်၏။ ဦးခေါင်း၌စွပ်ရသောထိုတန်းဆာသည်ခြေဖမိုးသို့တိုင်ရောက်၏။ ထိုထိုနေရာတို့၌ မုဒရက်သီးတို့ကို တတ်၍ ပြုကြကုန်၏။ ယင်းမုဒရက်သီးတို့၏ အဖုအလုံးတို့ကား ရွှေဖြင့်ပြီးကုန်၏။ အညှာအကင်းတို့ကား ငွေဖြင့် ပြီးကုန်၏။ ဦးထိပ်၌ မုဒရက်သီးတလုံး၊ နားနှစ်ဘက်တို့၌နှစ်လုံး၊ လည်မျို၌တလုံး၊ ဒူးဆစ်တို့၌နှစ်လုံး၊ တတောင်ဆစ်တို့၌ နှစ်လုံး၊ ခါးစီးနဘေးတို့၌ နှစ်လုံးဖြစ်၏။ ထိုတန်းဆာတခုသောဥဒေါင်းကို ပြုကြကုန်၏။ထိုဥဒေါင်းရုပ်၏ လကျာ်ဇတောင်ပန်၌ ရွှေနီနှင့်ပြီးသော အပေါင် ငါးရာရှိကုန်၏။

လက်ဝဲတောင်ပန်တို့၌ ထို့အတူ အတောင် ငါးရာရှိကုန်၏။ နှုတ်သီးကားသန္တာဖြင့်ပြီး၏။ မျက်စေ့တို့ကား မြဖြင့်ပြီးကုန်၏။ ထို့အတူ လည်တိုင်သည်၎င်း၊ မြီးစီးတို့သည်၎င်း၊ မြဖြင့် ပြီးကုန်၏။အတောင်ရိုးတံတို့သည် ငွေဖြင့် ပြီးကုန်၏။ ထို့အတူ ခြေသလုံးတို့သည် ငွေဖြင့် ပြီးကုန်၏။ ထိုဒေါင်းရုပ်သည် ဝိသာခါ၏ ဦးထိပ်ထက်၌ တောင်ထွတ်၌ ရပ်၍ကသော ဥဒေါင်းကဲ့သို့ ထင်၏။ အတောင်ရိုးတထောင်ရှိ၏။ အသံသည် နတ်သီချင်းကဲ့သို့၎င်း၊ တူရိယာငါးပါးကဲ့သို့၎င်း ဖြစ်၏။ အနီးသို့ ကပ်မိသော သူတို့သာလျှင် ထိုဒေါင်းရုပ်၏ ဥဒေါင်း မဟုတ်သည့် အဖြစ်ကို သိကြကုန်၏၊ မဟာလတာတန်းဆာသည် ကိုးကုဋေ အဖိုးထိုက်၏။ လက်ခကို တသိန်းပေးရကုန်၏။

"ဝိသာခါသည်အဘယ်ကံ၏အကျိုးဆက်ကြောင့်ဤတန်းဆာတို့ရအပ်ပါသနည်း"

**ဝိသာခါသည်ကဿပဘုရားလက်ထက်တော်၌ရဟန်းနှစ်သောင်းတို့အားသင်္ကန်းလျှာ ပဆိုးလျှော်ဒါန်းပြီးလျှင်ချိကို၎င်း၊အပ်ကို၎င်း ဆိုးရေကို၎င်း မိမိဥစ္စာဖြစ်သည်ကိုသာလျှူ၏။ ထိုသင်္ကန်းအလှူ၏ အကျိုးဆက်ကြောင့်ဤမဟာလတာတန်းဆာကိုရလတံ့။မှန်လှ၏ မိန်းမတို့အား သင်္ကန်းအလှူသည် မဟာလတာ တန်းဆာပစ္စည်းဖြင့် အထွတ်အထိတ်ကိုရောက်၏။ ယောကျ်ားတို့အား တန်းခိုးဖြင့်ပြီးသော သင်္ကန်းဖြင့် အထွတ်အထိတ်သို့ရောက်၏။

ဤသို့ ဓနဥ္စယ သူဌေးကြီးသည် လေးလတို့ဖြင့် သမီး၏ အတွက်ပြင်ဆင်မှုကို ပြုပြီး၍ သမီးအား ပေးသင့်သော ဥစ္စာကို

ပေးလေသော် အသပြာတို့ဖြင့်ပြည့်သော လှည်းငါးရာ။ ရွှေအိုး ရွှေခွက်တို့ဖြင့် ပြည့်သောလှည်းငါးရာ၊ ငွေအိုး ငွေခွက်တို့ဖြင့် ပြည့်သောလှည်းငါးရာ၊ ကြေးအိုး ကြေးခွက်တို့ဖြင့် ပြည့်သော လှည်းငါးရာ၊ ချည်ထည် ပိုးထည်အဝတ်တို့ဖြင့် ပြည့်သောလှည်း ငါးရာ၊ ထောပတ်ဖြင့်ပြည့်သော လှည်းငါးရာ။ဆီဖြင့်ပြည့်သော လှည်း ငါးရာ။သလေးဆန်ဖြင့်ပြည့်သောလှည်း ငါးရာ။ထွန်တုံး ထွန်သွား စသောအဆောက်အဦတို့ဖြင့်ပြည့်သောလှည်းငါးရာတို့ ကိုပေး၏။ သူဌေးကြီးအား ဤသို့သောအကြံသည်ဖြစ်၏။

"ငါ၏သမီးသည် ရောက်ရာအရပ်၌ ငါ့အား ဤမည်သော အရာဖြင့်အသိရှိ၏ဟု သူတပါး၏ အိမ်တံခါးသို့ မစေလွှတ်ရပါ စေလင့်"

ဤသို့အကြံဖြစ်၍၊ အလုံးစုံသော အဆောက်အဦတို့ကို ပေး စေ၏။

ထို့အပြင် ရထားတစီး တစီး၌ အလုံးစုံသော တန်းဆာတို့ဖြင့် တန်းဆာဆင်အပ်သော သုံးယောက် သုံးယောက်ကုန်သော လုပ သောကျွန်မတို့ကိုထား၍ ငါးရာသော ရထားတို့ကိုပေး၏။ ဤငါ ၏ သမီးကို ရေချိုးကျွေးမွေး၊ တန်းဆာဆင်ယင်ပေးကြလျက် သွားလာကြကုန်ဟု တထောင့်ငါးရာသော အလုပ်အကျွေးမိန်းမ တို့ကိုပေး၏။

ထို့နောက်။ ငါ့သမီးအား နွားတို့ကို ပေးအံ့ဟုကြံ၍ ယောကျ်ားတို့ကို ဤသို့စေခိုင်း၏။

"အချင်းတို့သွားကြကုန်။ နွားငယ်၏တံခါးကိုဖွင့်၍ သုံးဂါ ဝုတ်တို့၌ စည်သုံးလုံးကိုကိုင်၍ရပ်နေကြကုန် အားဖြင့် တဥသဘ မျှသော အရပ်၌ နံပါးနှစ်ဖက်တို့၌ ရပ်နေကြကုန်။ နွားမတို့ကို

ထိုအပိုင်းအခြားမှ အပြင်သို့သွားခွင့်မပေးကြကုန်လင့်။ ဤသို့ တည်နေသောအခါ၌ စည်သံအမှတ်ပြုကြကုန်”

အခိုင်း အစေယောကျ်ားတို့သည် သူဌေးကြီးဆိုတိုင်း ပြုကြကုန်၏။ ထိုယောကျ်ားတို့သည် နွားမတို့ခြံမှထွက်၍တဂါဝုတ်သို့ ရောက်သောအခါ စည်သံအမှတ်ပြုကြကုန်၏။တဖန် ယူဇနာဝက် သို့ရောက်သောအခါ၌ စည်သံအမှတ်ပြုကြကုန်၏။ တဖန်လည်း သုံးဂါဝုတ်သို့ရောက်သောအခါ၌ စည်သံ အမှတ်ပြုကြကုန်၏။ အနံ့ဖြစ်သောဘက်မှ သွားခြင်းကိုလည်း တားမြစ် ကြကုန်၏။ ဤနည်းဖြင့် အလျားသုံးဂါဝုတ်၊ အနံတဥသဘမျှသောအရပ်၌ နွားမတို့သည် အချင်းချင်းထိ၍မှီကုန်၏။

သူဌေးကြီးသည် ငါ့သမီးအား ဤမျှသော နွားတို့သည် သင့်လျော်ပြီ တံခါးကို ပိတ်ကြကုန်ဟု တံခါးကို ပိတ်စေ၏။ တံခါးပိတ်သောအခါ၌ ဝိသာခါ၏ ကောင်း မှု တံ ခိုး ကြောင့် အားကြီးသော နွားပိုက်တို့သည်၎င်း၊ နွားမတို့သည်၎င်း၊ ခုန်၍ ခုန်၍ထွက်ပြေးကြကုန်၏။ လူတို့တားကုန် တားကုန်စဉ်မှာပင် ခြောက်သောင်းသော အားကြီးသော နွားပိုက်တို့သည်၎င်း၊ ခြောက်သောင်းသော အားကြီးသော နွားမတို့သည်၎င်း ထွက်ကုန်၏။ ထိုမျှလောက်သာဖြစ်သောအားကြီးသောနွားငယ် တို့သည်၎င်း၊ ထိုနွားမတို့၏ နွားလား ဥသဘတို့သည်၎င်း၊ ခုန် ကျော်၍ အစဉ်တစိုက်လိုက်ကြကုန်၏။

အဘယ်ကံ၏ အကျိုးကြောင့် ဤသို့နွားတို့၏ လိုက်သွားကြ သနည်း။

“မြစ်တုန် မြစ်တုန်စဉ်မှာပင် ပေးလှူအပ်သော အလှူ၏ အကျိုးကြောင့် လိုက်သွားကြကုန်၏။ ဝိသာခါသည် ကဿပ

ဘုရားလက်ထက်တော် ကိကိမင်း၏ သမီး ခုနစ်ယောက်တို့တွင် အငယ်ဆုံးသင်္ဂါဒါသီမည်သောမင်းသမီးဖြစ်၍ရဟန်းနှစ်သောင်းတို့အား နွားအရသာငါးပါးအလှူကိုလှူလေသော် မထေရ်ကြီးများ၊ ရဟန်းငယ်များ၊ သာမဏေများအား သပိတ်ကိုပိတ်၍ တန်ပြီ တန်ပြီ’ဟု တားမြစ်စဉ်မှာပင် ဤကား ချိုမြိန်ပါသည်။ ဤကားနှစ်သက်ဖွယ်ဖြစ်ပါသည်ဟုဆို၍ လှူဒါန်း၏။ ဤသို့လျှင် ဤအလှူ၏ အကျိုးကြောင့် တားမြစ်အပ်သော်လည်း နွားတို့သည် ထွက်ကြကုန်၏။ သူဌေးကြီးသည် ဤမျှလောက်သော ဥစ္စာကိုပေးပြီးသောအခါ၌ သူဌေးကတော်သည် ဤသို့ဆို၏။

“အရှင်သူဌေးသည် အကျွန်ုပ်၏ သမီး အတွက် အလုံးစုံကို စီရင်အပ်၏။ သို့ရာတွင် အမှုကြီး ငယ် လုပ် ဆောင် မည့် ကျွန်ယောကျ်ား ကျွန်မိန်းမတို့ကိုမစီရင်အပ်ကုန်။ အဘယ့်ကြောင့်နည်း”

“ငါ့သမီးကို ချစ်ချင်းရှိမရှိ သိသာစေရန် ဖြစ် ပေ သည်။ ငါသည် ငါ့သမီးနှင့်အတူမသွားလိုသော သူတို့ကို လည်ဂုတ်၌ကိုင်၍မပို့လို။ ယာဉ်ပေါ်တက်၍သွားသောအခါ၌သာလျှင် ငါ့သမီးနှင့်အတူသွားလိုသူတို့သွားကြကုန်။ မသွားလိုသူတို့ မသွားကြကုန်လင့်ဟု ဆိုပေအံ့”

ထိုနောက် နက်ဖြန်ငါ့သမီးသည်သွားရလတံ့ဟု တိုက်ခန်း၌နေလျက် သမီးကိုအနီး၌ထိုင်စေ၍ဆုံးမဩဝါဒကိုပေး၏။ မိဂါယသူဌေးလည်း အခြားမဲ့တိုက်ခန်း၌နေလျက် ဓနဉ္စယ သူဌေး၏ ဆုံးမဩဝါဒကို နားထောင်၏။ ဓနဉ္စယသူဌေးလည်း သမီးကို ဤသို့ ဆုံးမဩဝါဒပေး၏။

"ချစ်သမီး။ လင့်အိမ်၌နေသော မိန်းမသည်ကား ဤမတ်ဤမည်သော အကျင့်ကို စောင့်ရှောက်ရန်သင့်၏"

"ချစ်သမီး။ ယောက္ခမအိမ်၌နေသော မိန်းမသည်ကား။ (၁) အတွင်းမီးကို အပြင်သို့မထုတ်အပ်၊ (၂) အပြင်မီးကို အတွင်းသို့မသွင်းအပ်၊ (၃) ပေးသောသူအားသာ ပေးအပ်၏။ (၄) မပေးသောသူအား မပေးအပ်၊ (၅) ပေးသော သူအားငင်း၊ မပေးသောသူအားငင်း၊ ပေးအပ်၏။ (၆) ချမ်းသာစွာ ထိုင်အပ်၏။ (၇) ချမ်းသာစွာစားအပ်၏။ (၈) ချမ်းသာစွာ အိပ်အပ်၏။ (၉) မီးကိုလုပ်ကျွေးအပ်၏။ (၁၀) အိမ်တွင်းနတ်ကို ရှိခိုးအပ်၏"

ဤဆယ်ပါးသော ဩဝါဒကိုပေးပြီးလျှင် နောက်တနေ့၌ အလုံးစုံသော ဗိုလ်ပါတို့ကိုစုဝေးစေ၍ မင်းဗိုလ်ပါတို့၏အလယ်၌ သူကြွယ်ရှစ်ယောက်တို့ကို မိမိကိုယ်စားပြု၍ "အကယ်၍ ကျွန်ုပ်သမီးအား သွားရောက်သောအရပ်၌အပြစ်ဖြစ်ငြားအံ့။ အသင်တို့ကဖြေရှင်းဆုံးဖြတ်ကြပါကုန်"ဟု ဆို၍ အပ်၏။ ထို့နောက် ကိုးကုဋေထိုက်သောမဟာလတာ တန်ဆာဖြင့်သမီးကိုတန်းဆာဆင်၍ ရေချိုးကသည် မုန့်ဖိုးဖြစ်သော ငါး ဆယ့်လေး ကုဋေသော ဥစ္စာကိုပေး၍ ယာဉ်သို့တင်၏။ ထိုနောက် သာကေတမြို့၏ ထက်ဝန်းကျင်၌ရှိကြကုန်သော အနုရာဓမြို့မျှလောက် ရှိကြကုန်သော တဆဲ့လေးရွာသော ထမင်းချက်ရွာတို့၌ "ငါ့သမီးနှင့် အတူ သွားလိုသူတို့သွားကြကုန်"ဟု စည်လည်စေ၏။ ထိုတဆဲ့လေးရွာသားတို့သည် စည်သံကိုကြားရသော်သာလျှင် "ငါတို့ အရှင်မသွားလေသောအခါ၌ ဤမြို့ဝယ် ငါတို့သည် အဘယ်အကျိုးရှိအံ့နည်း"ဟုတယောက်မျှမကြွင်းစေမူ၍ထွက်ကြကုန်၏။

ဓနဥယျာသူဌေးလည်း မင်းကြီးအားရှင်း၊ မိဂါယသူဌေးအားရှင်း အရှိအသေပြု၍အနည်းငယ်လိုက်ပို့ပြီးလျှင် ထိုသူတို့နှင့် အတူ သမီးကိုလွှတ်လိုက်၏။

မိဂါယ သူဌေးလည်း အားလုံး၏နောက်မှယာဉ်ငယ်၌ထိုင်၍ သွားလေသော် ဗိုလ်ပါအပေါင်းကိုမြင်၍ ဤသို့မေး၏။

"ဤသူတို့ကား အဘယ်မည်သောသူတို့နည်း"

"အရှင်သွေးမ၏ အမှုကြီးငယ်ကို ပြု လုပ် ကြ သော ကျွန် ယောကျ်ား ကျွန်မိန်းမတို့ဖြစ်ကြပါသည်"

"ဤမျှလောက်သောသူကိုအဘယ်သူသည်မွေးမြူနိုင်အံ့နည်း။ ပုတ်ခတ်၍ပြေးစေကြကုန်၊မပြေးသူတို့ကို ဤပုတ်ခတ်မှုထက်ပို၍ အပြစ်ဒဏ်ခတ်ကြကုန်"

ထိုအခါ ဝိသာခါကား ဤသို့ဆို၏။

"ဖယ်ကြကုန်၊မှတားမြစ်ကြပါကုန်လင့်၊ဗိုလ်ထုသည်ပင်လျှင် ဗိုလ်ထုအား ထမင်းကျွေးပါလိမ့်မည်"

"သမီး။ ငါတို့အား ဤသူတို့ဖြင့် အလိုမရှိ။ ဤသူတို့ကို အဘယ်သူသည်ကျွေးမွေးနိုင်လတံ့နည်း"

"ဤသို့ဆို၍ ခဲ၊ဒုတ်စသည်တို့ဖြင့် ပုတ်ခတ်စေ၍ပြေးစေပြီးမှ ကြွင်းကုန်သောသူတို့ကို ငါတို့အားဤမျှလောက်ဖြင့် သင့်တော်ပြီဟုယူဆောင်သွား၏"

ထိုနောက် ဝိသာခါသည် သာဝတ္ထိမြို့တံခါးသို့ရောက်သော အခါ၌ ဤသို့ကြံ၏။

"အမိုးမရှိသောယာဉ်၌ထိုင်၍ဝင်ရအံ့လော၊သို့မဟုတ်ရထား ထက်၌ရပ်၍ဝင်ရအံ့လော"

"အမိုးရှိသော ယာဉ်ဖြင့် ဝင်ရသော် ငါ၏ မဟာလတာ တန်းဆာ၏ထူးခြားခြင်းသည်မထင်ရှားလတံ့"

ဝိသာခါသည် သာဝတ္ထိတမြို့လုံးအား မိမိကိုယ်ကို ပြလျက် ရထား၌ရပ်၍မြို့သို့ဝင်၏။ သာဝတ္ထိမြို့သူမြို့သားတို့သည် ဝိသာခါ၏ စည်းစိမ်ကိုမြင်ရ၍ ဤသို့ဆိုကြကုန်၏။

"ဤသတို့သမီးကား ဝိသာခါ အမည်ရှိသတတ်။ ဤသို့သဘော ရှိသော ဤစည်းစိမ်သည် ဤသတို့သမီးအားသာ လျောက်ပတ်ပေ၏"

ဤသို့လျှင် ဝိသာခါသည် ကြီးစွာသော စီးစိမ်ဖြင့် သူဌေး၏ အိမ်သို့ဝင်၏။ ဝိသာခါ ရောက်သော နေ့၌လည်း အလုံးစုံသော မြို့သူမြို့သားတို့သည် ငါတို့၏ မနဥ္စယ သူဌေးသည် မိမိမြို့သို့ ရောက်သောသူတို့အား ကြီးစွာ သကာယကိုပြု၏။ သတ္တိအင် အားရှိသလောက် လက်ဆောင်ပဏ္ဏာ ပို့ကြကုန်၏။ ဝိသာခါ သည် ပို့တိုင်း ပို့တိုင်း သော လက်ဆောင်ပဏ္ဏာကို ထိုမြို့၌သာ တပါး တပါးကုန်သော အိမ်တို့၌ အလုံးစုံကိုပင် ပေးစေ၏။ ဤသို့လျှင် ဝိသာခါသည် ဤသည်ကို ငါ့အမိအား ပေးကြ ကုန်။ ဤသည်ကို ငါ့အဖအားပေးကြကုန်။ ဤသည်ကို ငါ့အကို အားပေးကြကုန်။ ဤသည်ကို ငါ့ညီမအား ပေးကြကုန် ဟု ထို ထိုပုဂ္ဂိုလ်တို့အား အရွယ်အားလျော်စွာ ချစ်ဘွယ်သော စကား ကိုဆို၍ လက်ဆောင်တို့ကို ပို့စေလျက် အလုံးစုံသော မြို့သူ မြို့သားအပေါင်းတို့ကို ဆွေမျိုးတို့ကိုကဲ့သို့ ပြု၏။ ထိုနောက် ည သန်းကောင်ယံ၏ အခြားမဲ့၌ ဝိသာခါ၏ အာဇာနီ မြည်းမ သည် သားဖွား၏။ ဝိသာခါသည် ကျွန်မတို့ကို မီးဒုတ်တို့ကိုကိုင်

စေ၍ ထိုသားဖွားရာသို့ သွားပြီးလျှင် မြည်းမကို ရေနွေးဖြင့်ရေချိုးစေ၍၊ ဆီဖြင့်လိမ်းကျံစေ၍ မိမိနေရာသို့သာ ပြန်သွား၏။

မိဂါယ သူဌေးလည်း သား၏ ထိမ်းမြားမင်္ဂလာကို ပြုလျက် မြို့ဦးဖြစ်သော ကျောင်း၌ နေသော မြတ်စွာဘုရားကိုပင် နှလုံးမသွင်းမူ၍ ကြာမြင့်စွာသော ကာလပတ်လုံး အဝတ်မဆီ အချည်းနှီးသော ရဟန်းတို့၌တည်သော ချစ်ခြင်းသည် နှီးဆော်အပ်သည်ဖြစ်၍ "ငါ့ရှင်တို့အားလည်း ပူဇော်သက္ကာပြုအံ့" ဟု တနေ့သောအခါ အရာမက အိုးသစ်တို့၌ ရေမပါသော နို့ဃနာကို ချက်စေ၏။ ထိုနောက်ငါးရာမျှသော အဝတ်မဆီး အချည်းနှီးသာနေသော "အခေလက" တက္ကတွန်းတို့ကို ပင့်ဖိတ်၍ အိမ်သို့သွင်းပြီးလျှင် "ငါ့ချွေးမသည် လာ၍ ရဟန္တာတို့ကို ရှိခိုးစေချင်၏" ဟု ဝိသာခါအား သတင်းပို့၏။ ဝိသာခါသည် ရဟန္တာ ဟူသော စကားကို ကြားရ၍ သောတာပန် အရိယာသာဝက ဖြစ်ရကား ဝမ်းမြောက်ဝမ်းသာဖြစ်၍ ထိုတက္ကတွန်းတို့အား ကျွေးမွေးရာ အရပ်သို့ လာ၍ ကြည့်ရှုပြီးလျှင် ဤသို့ဆို၏။

"ဤသို့သဘော ရှိကုန်သော အရှက်အကြောက် ကင်းသူတို့သည် ရဟန္တာမည်သူတို့ မဟုတ်ကြကုန်။ အဘယ့်ကြောင့် ငါ့ကို ယောက်ခမ ဖြစ်သူက ခေါ်ရလေသနည်း"

"ရှက်ဘွယ်။ ရှက်ဘွယ်ဟု သူဌေးကိုကဲ့ရဲ့၍ မိမိနေရာဌာနသို့ ပြန်သွားလေ၏။ တက္ကတွန်းတို့လည်း ဝိသာခါကိုမြင်၍ အားလုံးပင် တပြိုင်နက်ထည်း သူဌေးကို ဤသို့ ကဲ့ရဲ့ကြကုန်၏။

"အိုသူကြွယ်။ သင်သည် အခြား သတို့သမီးကို မရနိုင်သလော၊ ရဟန်း ဂေါတမ၏ တပြည့်မ ဖြစ်သော အသရေမဲ့သူ

ကို ဤအိမ်သို့ သွင်းဘိ၏။ အလျှင်အမြန် ထိုသတို့သမီးကို ဤအိမ်မှ နှင်ထုတ်စေလော့”

ထိုအခါ သူဌေးသည် ‘ငါသည် ဤအရှင်တို့၏ စကားမျှဖြင့် နှင်ထုတ်ရန် မတတ်ကောင်း။ ထိုသတို့သမီးသည် ကြီးကျယ်သော အမျိုး၏ သမီးဖြစ်ပေသည်’ ဟု ကြံ၍ ဤသို့ဆို၏။

“အရှင်တို့။ ငယ်သူတို့မည်သည်ကား သိ၍သော်၎င်း၊ မသိ၍ သော်၎င်းပြုမူကြကုန်၏။ အရှင်တို့သည် ဆိတ်ဆိတ်နေကြပါကုန်”

သူဌေးသည် တက္ကတွန်းတို့ကို လွှတ်လိုက်၍ မိမိကိုယ်တိုင်မြင့် သောနေရာ၌ ထိုင်ပြီးလျှင် ရွှေခွက်၌ ရေမပါသော နို့ဃနာ ကိုသုံးဆောင်၏။ ထိုအခါ ဆွမ်းခံသော မထေရ်တပါးသည် ဆွမ်းအလို့ငှါလှည့်လည်လျက် ထိုသူဌေးအိမ်သို့ဝင်၏။ ဝိသာခါ သည် ယောက်ခမကို ယပ်ခတ်လျက်ရှိနေစဉ်ထိုမထေရ်ကိုမြင့်၍ ယောက်ခမအား ပြော ကြား ရန် မသင့် ဟု ကြံပြီးလျှင် ယောက်ခမဖြစ်သူသည် မထေရ်ကို မြင်နိုင်လောက်အောင် ဘေး သို့ဖယ်၍ ပေး၏။ ထိုသူဌေးကား မိုက်မဲသည် ဖြစ်၍ မထေရ် ကိုမြင်သော်လည်း မမြင်သကဲ့သို့ပြု၍ အောက်သို့ငုံ့လျက် စား သည်သာတည်း။ ဝိသာခါသည် ငါ၏ ယောက်ခမကား မထေရ် ကိုမြင်သော်လည်း အမှတ်သညာမပြုဟု သိ၍ ဤသို့လျှောက်၏။

“အရှင်ဘုရား။ ကန်တော့ပါကုန်၏။ အကျွန်ုပ်၏ ယောက် ခမ သည် အဟောင်းကို စားပါသည်”

မိဂါယ သူဌေးသည် တက္ကတွန်းတို့ ပြောဆိုသော အခါ၌ သီးခံခဲ့သော်လည်း အဟောင်းကို စားပါသည် ဟုဆိုသော ခဏ ၌သာလျှင် လက်ကိုနှုတ်ပယ်၍ ဤသို့ဆို၏။

ဤနို့ဃနာကို ဤနေရာမှ ယူဆောင်ကြကုန်၊ ဤသတို့သမီးကိုလည်း ဤအိမ်မှ နှင်ထုတ်ကြကုန်၊ ဤသတို့သမီးသည် ငါ့ကို ဤသို့သောမင်္ဂလာအခါ၌ မစင်ကိုစားသူဖြစ်အောင်ပြု၏။

ထိုအိမ်၌ကား အလုံးစုံသော အိမ်အမှုလုပ်တို့သည် ဝိသာခါ၏ ကျေးကျွန်တို့သာ ဖြစ်ကြကုန်၏။ အဘယ်သူသည် ဝိသာခါကို လက်၌ဇင်း၊ ခြေ၌ဇင်း၊ ကိုင်လတံ့နည်း။ နှုတ်ဖြင့်ဆိုခြင်းငှာ စွမ်းနိုင်သူပင် မရှိချေ။ ဝိသာခါသည် ယောက်ခမ၏ စကားကို ကြားရ၍ ဤသို့ဆို၏။

"ဖခင်။ ဤမျှဖြင့် အကျွန်ုပ်တို့သည် မထွက်သွားနိုင်ကြပါ။ အကျွန်ုပ်ကို ဖခင်တို့သည် ရေဆိပ်မှရေအိုးကို ကျွန်မကဲ့သို့ယူဆောင်ခဲ့ကြသည် မဟုတ်ပါ။ အသက်ထင်ရှားရှိနေသော မိဖတို့၏ သမီးတို့မည်သည်ကား ဤမျှဖြင့် မထွက်နိုင်ကြပါ။ ဤသို့သော အကြောင်း ကြောင့်သာလျှင် အကျွန်ုပ်၏ဖခင်သည် ဤအိမ်သို့ သွားအံ့သောအခါ၌ သူကြွယ်ရှစ်ယောက်တို့ကို ခေါ်၍ 'အကယ်၍ ငါ့သမီးအား အပြစ်ရှိငြားအံ့ သင်တို့ဆုံးဖြတ်ကြပါကုန်' ဟု ဆို၍ သူကြွယ်တို့လက်၌ အပ်ထားပါသည်။ ဤသူကြွယ်တို့ကို ခေါ်စေ၍ အကျွန်ုပ်အား အပြစ်ရှိ မရှိကို ဆုံးဖြတ်ကြပါစေကုန်"

မိဂါရသူဌေးသည် ဤသတို့သမီးကား စကားကောင်းကို ဆိုပေ၏ ဟု သူကြွယ် ရှစ်ယောက်တို့ကို ခေါ်စေ၍ ဤသို့ပြောဆို၏။

"ဤသတို့သမီးသည် မင်္ဂလာအခါ၌ထိုင်၍ရွှေခွက်၌ ရေမပါသော နို့ဃနာကို စားသော ငါ့ကို မစင်ကိုစားသူ" ဟုဆို၏။ ဤသတို့သမီးအား အပြစ်သင့်စေ၍ ဤအိမ်မှ နှင်ထုတ်ကြကုန်။

"သမီး။ ဤအတိုင်းမှန်သလော"

"အကျွန်ုပ်သည်။ ဤသို့မဆိုပါ။ ဆွမ်းခံမထေရ်တပါးသည် အိပ်တံခါး၌ရပ်လေသော် အကျွန်ုပ်ယောက္ခမသည် ရေမပါသော ပျားနို့ဃနာကိုစားလျက် ထိုမထေရ်ကို နှလုံးမသွင်းပါ။အကျွန်ုပ်သည် ငါ့ယောက္ခမကား ဤအတ္တဘော၌ ကောင်းမှုကိုမပြု။ မှဲ့ကောင်းမှုဟောင်းကိုသာ ခံစား၏ဟု ကြံ၍ အရှင်ဘုရားကန်တော့ကုန်၏။ အကျွန်ုပ်၏ ယောက္ခမသည် အဟောင်းကို စားပါသည်ဟုဆိုမိပါသည်။ ဤသို့ဆိုရာ၌ အကျွန်ုပ်အား အဘယ်အပစ်ရှိပါသနည်း"

"အရှင်။ ဤအရာ၌အပစ်မရှိပါ။အကျွန်ုပ်တို့သမီးသည် သင့်လျော်သည်ကိုဆိုပေသည်။ အရှင်သူဌေးသည် အဘယ်ကြောင့် အမျက်ထွက်ဘိသနည်း"

"အရှင့်တို့။ ဤအရာသည် အပစ်မဟုတ်ပါစေဦး။ ဤသတို့သမီးသည် တနေ့သောအခါ သန်းကောင်ယံ၌ ကျွန်မတို့ခြံရံ၍ အိမ်နောက်ဘေးသို့ သွားပါသည်"

"သမီး။ ဤအတိုင်းမှန်သလော"

"ဖခင်တို့။ အကျွန်ုပ်သည် တပါးသော အကြောင်းကြောင့် သွားခြင်းမဟုတ်။ ဤအိမ်၌ အာဇာနည်းမြည်းမသည် သားဖွားလေသော် အမှတ်သညာကိုပင် မပြုဘဲနေခြင်းငှာမသင့်'ဟုမီးဒုတ်တို့ကို ကိုင်စေ၍ ရေနွေးစသည်တို့ကိုယူစေ၍၊ ကျွန်မနှင့်တကွ မြည်းမအား သားဖွားမှုကို ပြုစေပါသည်။ ဤအရာ၌ အကျွန်ုပ်အား အဘယ်အပစ်ရှိပါသနည်း။

"အရှင်။ ဤအရာ၌အပစ်မရှိပါ။အကျွန်ုပ်တို့သမီးသည်အရှင် အိမ်၌ကျွန်မတို့ပင် မပြုထိုက်သော အမှုကိုပြု၏။ အရှင်သည် ဤ အရာ၌ အဘယ်အပစ်ကို တွေ့မြင်ရပါသနည်း"

"အရှင်တို့၊ ဤအရာ၌လည်း အပစ်မရှိဟုထားပါဦး။ဤသတို့ သမီး၏ဖခင်သည်ဤအိမ်သို့လာလတံ့သောအခါ၌ဤသမီးကိုဆုံး မသည့်ရှိသော်လျှို့ဝှက်ဖုံးလွှမ်းရာ အရပ်၌ဆယ်ပါးသောဩဝါဒ တို့ကိုပေးပါသည်။ထိုဩဝါဒတို့သည်အဓိပ္ပါယ်မသိရပါ။ ထို ဩ ဝါဒတို့၏ အဓိပ္ပါယ်ကို ကျွန်ုပ်အား ပြောကြားပါစေလော့"

(၁) ဤသတို့သမီး၏ ဖခင်သည် အတွင်းမီးကို အပြင်သို့ မထုတ်အပ်'ဟုဆိုပါသည်။ အကျွန်ုပ်တို့သည်နှစ်ဘက်သောအရပ် တို့မှ အိမ်နီးနားချင်းဖြစ်သော အိမ်တို့အား မီးမပေးဘဲ နေရန် တတ်နိုင်ပါမည်လော။

"သမီး။ ဤအတိုင်းမှန်သလော"

"ဖခင်တို့။ အကျွန်ုပ်၏ ဖခင်သည် ဤမီးကိုရည်ရွယ်၍ဆိုသည် မဟုတ်ပါ။ ချစ်သမီး ယောက္ခမယောကျ်ား၊ ယောက္ခမမိန်းမ၊ မိမိလင်ယောကျ်ားတို့၏ အပ်စကိုမြင်၍ပြင်ပ၌ ထိုထိုအိမ်၌ရပ် တည်၍မပြောဆိုလင့်၊ မှန်လှ၏။ ဤသို့သဘောရှိသော မီးနှင့်တူ သောမီးမျိုးမည်သည်မရှိ။ဤအကြောင်းရည်ရွယ်၍၊ပြောဆိုခြင်း ဖြစ်ပါသည်။

(၂) အရှင်တို့ ဤအချက်သည်ဤအတိုင်းပင်ဖြစ်ပါစေဦး၊ ဤသတို့သမီး၏ ဖခင်သည် ပြင်ဘက်မှမီးကို အတွင်းသို့မသွင်း အပ်ဟုဆိုပါသည်။ ကျွန်ုပ်တို့သည် အိမ်တွင်း၌ မီးငြိမ်းခဲ့သော် ပြင်ပမှမီးကိုမဆောင်ယူ၍ အဘယ်မှာတတ်နိုင်ပါအံ့နည်း။

"သမီး။ ဤအတိုင်းမှန်သလော"

"ဖခင်တို့။ ကျွန်ုပ်၏ဖခင်သည် ဤမိုးကို ရည်ရွယ်၍ဆိုသည် မဟုတ်ပါ။ အကယ်၍ အိမ်နီးချင်းအိမ်တို့၌ မိန်းမတို့သည်သော်ရင်း၊ ယောကျ်ားတို့သည်သော်ရင်း၊ ယောက္ခမ လင်သားတို့၏ အပြစ်ကိုပြောဆိုကုန်ငြားအံ့။ ထိုသူတို့ဆိုသောစကားကိုဆောင်ယူ၍ 'ဤမည်သောသူသည် အရှင်တို့အား ဤသို့ ဤသို့လျှင် အပြစ်ကိုပြောဆိုပါသည်'ဟု တဖန်မပြောဆိုလင့်၊ ဤမိုးနှင့်တူသော မိုးသည်ကားမရှိဟု ဤအကြောင်းကို ရည်ရွယ်၍ပြောဆိုခြင်းဖြစ်ပါသည်။

ဤသို့လျှင် ဤအကြောင်း၌လည်း ဝိသာခါသည် အပြစ်မရှိသည်သာဖြစ်လေ၏။ ဤအကြောင်း၌ အပြစ်မရှိသည်ဖြစ်သကဲ့သို့သာပင် ကြွင်းသောအကြောင်းတို့၌လည်းအပြစ်မရှိသူဖြစ်လေ၏။ ထိုဩဝါဒတို့၌ ဤဆိုလတံ့သည်ကား သူဌေး၏အဓိပ္ပါယ်တည်း။

(၃) ဝိသာခါ၏ ဖခင်သည် ပေးသောသူအားသာလျှင်ပေးအပ်၏ဟု ဆိုသည်မှာ ငှါးရမ်းအပ်သော ပစ္စည်းကို ယူသွားပြီးနောက် ပြန်ပေးသောသူတို့အားသာ ပေးငှါးအပ်၏ဟု ဆိုလိုသည်။

(၄) မပေးသောသူအား မပေးအပ်ဆိုသည်မှာလဲ ငှါးရမ်းအပ်သောပစ္စည်းကိုယူသွားပြီးနောက် ပြန်မပေးသောသူတို့အား မပေးမငှါးအပ်ဟုဆိုလိုသည်။

(၅) ပေးသောသူအားရင်း၊ မပေးသောသူအားရင်း၊ ပေးအပ်၏ဟု ဆိုသည်မှာကား ဆင်းရဲသော ဆွေမျိုး မိတ်ဆွေတို့ရောက်လာကြသည်။ တုံ့ပြန်၍ပေးသည်ဖြစ်စေ၊ မပေးနိုင်သည်ဖြစ်စေ၊ ထိုသူတို့အား ပေးကမ်းအပ်၏ဟု ဆိုလိုသည်။

(၆) ချမ်းသာစွာဆိုင်အပ်၏ဟုဆိုသည်မှာလည်း ယောက္ခမ လင်တို့ကိုမြင်သော် ထသင့်သောနေရာ၌ထိုင်ရန် မသင့်ဟုဆိုလို သည်။

(၇) ချမ်းသာစွာစားအပ်၏ဟု ဆိုသည်မှာကား ယောက္ခမ လင်တို့မှ ရှေးဦးစွာမစား၍ ထိုသူတို့ကိုပေးပြီးမှ အားလုံးပင်ရမရ ကို သိ၍ နောက်မှ မိမိစားရန်သင့်၏ဟု ဆိုလိုသည်။

(၈) ချမ်းသာစွာအိပ်အပ်၏ဟု ဆိုသည်မှာလည်းယောက္ခမ လင်တို့ မရှေးဦးစွာ အိပ်ယာတက်၍မအိပ်အပ်၊ ထိုသူတို့အား ပြုလုပ်သည်နှင့်ယှဉ်သောဝတ်ကြီး ဝတ်ငယ်တို့ကိုပြု၍ နောက်မှ မိမိအိပ်ရန်သင့်၏ဟု ဆိုလိုသည်။

(၉) မီးကိုလုပ်ကျွေးအပ်၏ဟု ဆိုသည် ကား ယောက္ခမ ယောကျ်ားသူကိုရင်း၊ယောက္ခမ မိန်းမသူကိုရင်း၊မိမိလင်ကိုရင်း၊ မီးပုံကြီးကဲ့သို့ရင်း၊ နဂါးမင်းကဲ့သို့ရင်းပြု၍ကျင့်ရန်သင့်ပါ၏ဟု ဆိုလိုသည်။

(၁၀) အိမ်တွင်းနတ်ကို ရှိခိုးအပ်၏ဟု ဆိုသည် မှာ လည်း ယောက္ခမ ယောကျ်ားသူကိုရင်း၊ ယောက္ခမ မိန်းမသူကိုရင်း၊ မိမိလင်ကိုရင်း နတ်ကဲ့သို့ပြု၍ကြည့်ရန်သင့်သည်ဟုဆိုလိုသည်။

ဤသို့လျှင် မိဂါယသူဌေးသည် ဤဩဝါဒ ဆယ်ပါးတို့၏ အနက်အဓိပ္ပါယ်ကိုကြားရ၍ စကားတုံ့ပေးရန်မမြင်ရကား မျက် နှာကိုအောက်သို့ချ၍(ငုံ့၍)ထိုင်၍နေ၏။ထိုအခါသူကြွယ်တို့သည် ဤသို့ဆိုကြကုန်၏။

"သူဌေးကြီးအသို့နည်း။ ကျွန်ုပ်တို့သမီးအား တပါးသော အပြစ်သည်ရှိသေးသလော"

"အို အရှင်တို့။ မရှိပါ"

"သို့ဖြစ်လျှင် တဘယ့်ကြောင့်အပြစ်မရှိသူကိုအကြောင်းမဲ့ အိမ်မှနှင်ထုတ်ချင်ဘိသနည်း"

ထိုအခါ ဝိသာခါသည် ဤသို့ဆို၏။

"ဖခင်တို့။ ကျွန်ုပ်အား ယောက္ခမ၏စကားဖြင့် ရှေးဦးစွာ သာလျှင် ထွက်သွားခြင်းသည် မသင့်လျော်ပါပေ။ သို့ရာတွင် ကျွန်ုပ်၏ဖခင်သည် လာအံ့မူးမူးဖြစ်သောအခါ၌ ကျွန်ုပ်၏အပြစ်ကို ဆုံးဖြတ်ရှင်းလင်းခြင်းငှါ အကျွန်ုပ်ကို ဖခင်၏လက်၌ထားပေး၏။ ဖခင်တို့လည်း အကျွန်ုပ်၏အပြစ်မရှိခြင်းကို သိအပ်၏။ ယခုအခါ၌ကား အကျွန်ုပ်အား ထွက်သွားရန်သင့်ပါပြီ"

ထိုနောက် ဝိသာခါသည် ကျွန်မိန်းမ ကျွန်ယောကျ်ားတို့ကို ယာဉ်စသည်တို့ကို စီရင်ကြကုန်ဟုအမိန့်ပေး၏။ ထိုအခါ မိဂါယသူဌေးသည် သူကြွယ်တို့ကိုခေါ်ယူ၍ ဝိသာခါကို ဤသို့တောင်းပန်၏။

"သမီး။ ငါသည် မသိခြင်းကြောင့်သာ ဆို မိ လေသည်။ ငါ့အားသည်းခံလော့"

"ဖခင်။ ဖခင်တို့အား သီးခံသင့်သည်ကို ရှေးဦးစွာ သီးခံပါသည်။ သို့ရာတွင် အကျွန်ုပ်သည် မြတ်စွာဘုရားသာသနာတော်၌ သက်ဝင်ယုံကြည်သောအမျိုးသမီးဖြစ်ပါသည်။အကျွန်ုပ်တို့သည် ရဟန်းသံဃာနှင့်ကင်း၍ မဖြစ်နိုင်ကြပါ။ အကယ်၍ အကျွန်ုပ် အလိုဖြင့် ရဟန်းသံဃာကို လုပ်ကျွေးခွင့်ရပါအံ့။ ဤသို့ရသော် နေပါမည်။

"သမီး။ သင်သည် အလိုရှိတိုင်း သင့်ရဟန်းတို့ကို လုပ်ကျွေးလော့"

ဝိသာခါသည် မြတ်စွာဘုရားကို ပင့်ဖိတ်၍ နောက်တနေ့၌ အိမ်သို့သွင်း၏။ အဝတ်မဆီးအချိန်နီးသောအခါ တက္ကတွန်းတို့လည်း မိဂါယသူဌေးအိမ်သို့ မြတ်စွာဘုရား ဝင်တော်မူခြင်းကို ကြား၍ သွားပြီးလျှင် အိမ်ကိုဝန်းရံ၍ ထိုင်နေကြကုန်၏။ ဝိသာခါသည် အလှူရေကို ပေးအပ်၍ အလုံးစုံသော ပူဇော်သကာကို စီမံပြီးပါပြီ။ အကျွန်ုပ်၏ယောက်ခမသည် ကြွလာ၍ မြတ်စွာဘုရားကို ဆွမ်းလုပ်ကျွေးပါလော့ဟု သတင်းပို့၏။ ထိုအခါ မြတ်စွာဘုရားအထံတော်သို့ သွားလိုသော သူဌေးကို တက္ကတွန်းတို့သည် အိုသူကြွယ် သင်သည် ရဟန်းဂေါတမထံသို့ မသွားလင့်ဟု တားမြစ်ကြကုန်၏။ သူဌေးသည် ငါ့ချွေးမသည် ကိုယ်တိုင် သူလုပ်ကျွေးလော့ဟု သဘင်းပို့သည်။ ဝိသာခါသည် မြတ်စွာဘုရားအမှူးရှိသောရဟန်းအပေါင်းကို ဆွမ်းလုပ်ကျွေး၍ ဆွမ်းကိစ္စပြီးစီးလေသော် အကျွန်ုပ် ယောက်ခမသည် ကြွလာ၍ တရားတော်ကို နာလှည့်ပါဟု တဖန် သဘင်းပို့ပြန်၏။ ထိုအခါ ယခုမသွားခြင်းမည်သည်ကား အလွန်လျှင် မသင့်လျော်လေဟု တရားတော်ကို နာလိုသောကြောင့် သွားသော သူဌေးကိုတဖန် တက္ကတွန်းတို့သည် ဤသို့ဆိုကြကုန်၏။

"သို့ဖြစ်လျှင် ရဟန်းဂေါတမ၏ တရားကိုနာသော် တင်းတိမ် ပြင်ဘက်၌ နေ၍ နာလော့"

တက္ကတွန်းတို့သည် သူဌေး၏ရှေးဦးစွာသာလျှင် သွားကြ၍ တင်းတိမ်ကို ဝန်းရံ ကြကုန်၏။ သူဌေးသည် သွား၍ တင်းတိမ် ပြင်ဘက်၌ ထိုင်၏။ မြတ်စွာဘုရားသည် သင်ကား တင်းတိမ်ပြင် ဘက်၌ သော်၎င်း၊ နံရံ ပြင်ဘက်၌သော်၎င်း၊ ကျောက်ဘက် တောင်အပြင်ဘက်၌ သော်၎င်း၊ စကြာဝဠာအပြင်ဘက်၌သော်

ရင်း၊ ထိုင်လိုကထိုင်လော့ ငါဘုရားမည်သည့်ကား သင့်ကို ငါ့အသံတော်ကို ကြားစေရန် တတ်နိုင်၏ဟု ကြီးစွာသော သပြေပင်ကို ပင်စည်မှ ကိုင်၍ လှုပ်သကဲ့သို့ရင်း၊ အမြိုက်မိုးကို ရွာစေသကဲ့သို့ရင်း၊ တရားတော်ကို ဟောကြားရန် အစဉ်အတိုင်းသော စကားကို အားထုတ်ကုန်ပေ၏။

မြတ်စွာဘုရားသည် တရားကို ဟောတော်မူသည် ရှိသော် ရှေ့တော်၌ တည်သူတို့သည်ရင်း၊ နောက်၌ တည်သူတို့သည်ရင်း၊ စကြာဝဠာ အရာအထောင်လွန်၍ တည်သောသူတို့သည်ရင်း၊ အကနိဋ္ဌဘုံ၌ တည်သော သူတို့သည်ရင်း၊ 'မြတ်စွာဘုရားကား ငါ့ကိုသာ ကြည့်တော်မူ၏။ တရားကို ငါ့အားသာလျှင် ဟောတော်မူ၏'ဟုဆိုကြကုန်၏။မှန်လှ၏။ မြတ်စွာဘုရားသည် ထိုထိုသူကိုကြည့်တော်မူသကဲ့သို့ရင်း၊ ထိုထိုသူနှင့် ပြောဟောတော်မူသကဲ့သို့ရင်း၊ ဖြစ်တော်မူ၏၊ မြတ်စွာဘုရားတို့သည် လမင်းနှင့် တူတော်မူကြကုန်၏။ ဥပမာအားဖြင့် လမင်းသည် ကောင်းကင်အလယ်၌ တည်လျက် ငါ့အထက်၌ လမင်းရှိ၏ဟု အလုံးစုံသော သတ္တဝါတို့အားထင်၏။ ထိုအတူသာလျှင် တစုံတခုသောအရပ်၌ တည်သောသူတို့အား မိမိမျက်နှာရှေ့၌ တည်ကုန်သကဲ့သို့ ထင်ကြကုန်၏။ ဤသို့ဖြစ်ခြင်းကား ထိုဘုရားရှင်တို့၏ တန်ဆာဆင်အပ်သော ဦးခေါင်းကို ဖြတ်၍ မျက်စင်းဖြင့် ဆိုးအပ်သော မျက်စေ့တို့ကို ထုတ်၍ နှလုံးသားကို ထုတ်၍ သူတပါး၏ ကျွန်အလို့ငှါ ဇာလီနှင့်တူသော သားတို့ကို ဂဏှာဇိန်နှင့်တူသော သမီးတို့ကို မဒ္ဒီနှင့်တူသောမယားတို့ကိုစွန့်၍ လှူအပ်သော အလှူ၏ အကျိုးတည်း။

မိဂါယသူဌေးလည်း မြတ်စွာဘုရားသည် တရားဒေသနာကို ဟောတော်မူလေသော် တင်းတိမ်တွင်း၌ ယုိင်လျက်သာလျှင် နည်းအထောင်တို့ဖြင့် တန်းဆာဆင်အပ်သော သောတာပတ္တိ ဖိုလ်၌တည်၍ မတုန်မလှုပ်သော သဒ္ဓါတရားနှင့် ပြည့်စုံသည် ဖြစ်၍ ရတနာသုံးပါးတို့၌ ယုံမှားခြင်းကင်းသည်ဖြစ်၍ တင်း တိမ်စွန်းကို မ၍လာပြီးလျှင် ချွေးမ၏ သားမြတ်ကို ခံတွင်းဖြင့် ငုံ၍ သင်သည် ယနေ့မှစ၍ အမိတည်းဟု မိခင်အရာ၌ ထားပေ ၏။ ထိုအခါမှစ၍ ပိသာခါသည်မိဂါယမာတာ အမည်ရှိလေ၏။ နောင်အခါ သားကိုရ၍လည်း မိဂါယဟူ၍သာ အမည် မှည့် ၏။

သူဌေးကြီးသည် ချွေးမ၏ သားမြတ်ကို လွှတ်ပြီးသော် သွား၍ မြတ်စွာဘုရား၏ ခြေတော်စုံတို့၌ ပြပ်ဝပ်ပြီးလျှင် ခြေ တော်တို့ကို လက်ဖြင့်လည်း ပွတ်သပ်လျက် ခံတွင်းဖြင့်လည်းစုပ် လျက် 'အရှင်ဘုရား အကျွန်ုပ်ကားမိဂါယပါတည်း။ အရှင် ဘုရား အကျွန်ုပ်ကားမိဂါယပါတည်း'ဟုသုံးကြိမ်ကြားလျှောက် ၏။ ထိုနောက် ဤသို့လျှောက်ပြန်၏။

"အရှင်ဘုရား။ အကျွန်ုပ်သည် ဤမျှလောက်သော ကာလ ပါတ်လုံး အကြင်ပုဂ္ဂိုလ်၌ လှူအပ်သော အလှူသည် အကျိုး ကြီးမား၏။ ထိုပုဂ္ဂိုလ်မျိုးကို ဤယခုအခါ၌ကား ချွေးမကို အမှီပြု၍ အကျွန်ုပ်သိရပါပြီ။ အလုံးစုံသော အပယ်ဆင်းရဲမှ လွတ်သူဖြစ်ရပါလို၏။အကျွန်ုပ်အိမ်သို့ရောက်လာသော ကျွန်ုပ်၏ ချွေးမကား အကျွန်ုပ်၏ အကျိုးအတွက် စီးပွားအတွက်။ ချမ်း သာအတွက် ရောက်လာခြင်း ဖြစ်ပါသည်။

ဝိသာခါသည် နောက်တနေ့အတွက်လည်း မြတ်စွာဘုရားကို ပင့်ဖိတ်၏။ ထိုနောက်တနေ့၌လည်း ဝိသာခါ၏ ယောက္ခမမိန်းမသူသည် သောတာပတ္တိဖိုလ်၌ ရောက်၏။ ထိုအခါမှစ၍ ထိုအိမ်သည် သာသနာတော်အား တံခါးဖွင့်ထားသော အိမ်ဖြစ်လေ၏။ ထို့နောက် သူဌေးသည် ဤသို့ကြံ၏။

"ချွေးမသည် ငါ့အားကျေးဇူးများလှ၏။ သူ့အား ကြည်ညိုခြင်းအရာကို ပြုအံ့။ သူ၏လေးလံလှသော နန်းဆာသည် အမြဲဆင်ယင်ရန် မတတ်ကောင်း။ သူ့အား ပေါ့ပါးသော နေ့၌၎င်း၊ ညဉ့်၌၎င်း၊ အလုံးစုံသော ဣရိယာပုတ်ပိုတ်တို့၌ ဆင်ယင်ခြင်းငှာ လျှောက်ပတ်သော တန်းဆာကို ပြုစေအံ့"

ထိုနောက်မိဂါယသူဌေးသည် အဖိုးတသိန်းထိုက်သော ဃနမဋ္ဌကမည်သော တန်းဆာကို ပြုစေ၍ ထိုတန်းဆာပြီးစီးသော အခါ၌ ဘုရားအမှူးရှိသော ရဟန်းသံဃာကို ပင့်ဖိတ်၍ ရှိသေစွာ ကျွေးမွေးလှူဒါန်းပြီးမှ ဝိသာခါကို တဆယ့်ခြောက်လုံးသော နံ့သာရေအိုးတို့ဖြင့် ချိုးစေ၍ မြတ်စွာဘုရား၏ ရှေ့တော်မှောက်၌ထား၍ ဆင်ယင်စေပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးစေ၏။ မြတ်စွာဘုရားသည်အနုမောဒနာပြုတော်မူ၍ကျောင်းသို့သာကြွသွားတော်မူ၏။

ဝိသာခါလည်း ထိုအခါမှစ၍ ဒါနစသော ကောင်းမှုတို့ကို ပြုလျက် မြတ်စွာဘုရား အထံတော်မှ ရှစ်ပါးသော ဆုတို့ကို ရ၍ ကောင်းကင်၌ လရေးကဲ့သို့ ထင်ရှားလျက် သားသမီးတို့ ကြီးပွားခြင်းသို့ ရောက်၏။ ဝိသာခါအား သားတကျိပ် သမီးတကျိပ်ရှိ၏။ ထိုသားသမီးသို့တွင်လည်း တယောက်တယောက်အား သားတကျိပ် သမီးတကျိပ်နှင့်နှင့်ရှိကြကုန်၏။ ထိုမြေး

တို့တွင်လည်း တယောက်တယောက်အား သားတကျိပ် သမီး တကျိပ်နှင့်နှင့် ရှိကြကုန်၏။ ဤသို့လျှင် ဝိသာခါ သားသမီး မြေးမြစ်အစဉ်အဆက်တို့၏ အစွမ်းဖြင့် အိမ်သားတို့သည် ရှစ်တောင့် လေးရာ နှစ်ဆယ် ရှိကြကုန်သတတ်။ အသက်ဘမ်းကား တရာ့နှစ်ဆယ်ရှိ၏။ ဦးခေါင်း၌ ဆံဖြူဟူ၍ တပင်မျှ မပေါက်ချေ။ တမြဲ တဆယ့်ခြောက်နှစ် သမီးကဲ့သို့ဖြစ်၏။ သားသမီး မြေးမြစ် အခြံအရံနှင့်တကွ ကျောင်းသို့ သွားသည်ကို မြင်ရသော် ဤသူတို့တွင် အဘယ်သူသည် ဝိသာခါ ဖြစ်လေသနည်း ဟု မေးကြရကုန်၏။

ဝိသာခါ သွားနေသည်ကို မြင်ရသော သူတို့သည် 'ယခုမှ အနည်းငယ် သွားစေချင်သေး၏။ သွားနေစဉ်မှသာလျှင် ငါတို့ အရှင်မသည် တင့်တယ်၏'ဟု ကြံကြကုန်၏။ ဝိသာခါ ရပ်နေသည်ကို၊ ထိုင်နေသည်ကို၊ အိပ်နေသည်ကို မြင်ရသော သူတို့လည်း 'ယခုအနည်းငယ်ရပ်စေချင်၏၊ ထိုင်စေချင်၏၊ အိပ်စေချင်၏။ ရပ်နေစဉ်သာလျှင်၊ ထိုင်နေစဉ်သာလျှင် အိပ်နေစဉ်သာလျှင် ငါတို့အရှင်မသည် တင့်တယ်'၏ဟု ကြံကြကုန်၏။ ဤသို့လျှင် ဝိသာခါသည် လေးပါးကုန်သော ဣရိယာပုတ်၏ အစွမ်းဖြင့် ကားမတင့်တယ်ဟု မဆိုရသူဖြစ်၏။

ထို့ပြင် ဝိသာခါသည် ဆင်ပြောင် ငါးစီးတို့၏ အားကို ဆောင်၏။ မင်းကြီးသည် 'ဝိသာခါအား ဆင်ပြောင်ငါးစီးအားကို ဆောင်၏'ဟု ကြားရ၍ ဝိသာခါကျောင်းသို့သွား၍ တရားနာ၍ပြန်လာသောအချိန်၌ စွမ်းအားကို စုံစမ်းလိုရကား ဆင်ပြောင်ကို လွှတ်စေ၏။ ဆင်ပြောင်သည် နှာမောင်းကို မြှောက်၍ ဝိသာခါသို့ ရှေ့ရှုသွားလေ၏။ ဝိသာခါ၏အခြံအရံ ဖြစ်ကြ

ကုန်သော ငါးရာသောအချို့သော မိန်းမတို့သည် ပြေးကြကုန်၏။ အချို့ကား ဝိသာခါကို မစွန့်သွားကြဘဲ ဝိသာခါသည် 'ဤအမှုကား အသို့နည်း'ဟုဆိုလေသော် 'အရှင်မ။ မင်းကြီးသည် အရှင်မ၏အင်အားကို စုံစမ်းလိုသည်ဖြစ်၍ ဆင်ကိုလွှတ်စေတော်မူသတတ်'ဟု ဆိုကြကုန်၏။ ဝိသာခါသည် ဤအကြောင်းကို သိမြင်၍ 'ပြေးသဖြင့် အသို့အကျိုးရှိအံ့နည်း။အဘယ်သို့လျှင်ဆင်ကို ဖမ်းရအံ့နည်း'ဟုကြံ၍ 'အကယ်၍ ထိုဆင်ကို မြဲမြံစွာဖမ်းယူငြားအံ့။ ထိုဆင်သည် ပျက်စီးခဲ့ရာ၏'ဟု လက်နှစ်ချောင်းတို့ဖြင့် နှာမောင်း၌ကိုင်၍ တွန်း၏။ ဆင်သည် မိမိကိုယ်ကိုကောင်းစွာဆောင်၍ ရပ်တည်ခြင်းငှာ မတတ်နိုင်ချေ။ မင်းယင်ပြင်၌ ဆောင့်ကြောင့်ထိုင်၍ လဲလေ၏။ လူအပေါင်းတို့သည် ကောင်းချီးပေး၏။ ဝိသာခါလည်း အခြွေအရံနှင့်တကွ အိမ်သို့ သွား၏။

ထိုအချိန်အခါ၌ သာဝတ္ထိပြည်ဝယ်မိဂါယသူဌေး၏ အိမ်အရာ၌ တည်သောကြောင့် မိဂါယမာတာမည်သော ဝိသာခါသည် သားသမီးများသူ၊ မြေးများသူ၊ရောဂါကင်းသော သားသမီးရှိသူ၊ ရောဂါကင်းသော မြေးရှိသူ၊ အလွန်မင်္ဂလာရှိသူဟု သမုတ်ခံရသူဖြစ်၏။ ထိုမျှလောက်သော သားသမီး မြေးတို့တွင် တယောက်မျှ ထိုစဉ်အတွင်း၌ သေခြင်းသို့ရောက်သောသူ မည်သည်မရှိ။ သာဝတ္ထိပြည်သူပြည်သားတို့သည် မင်္ဂလာပွဲလမ်းတို့၌ ဝိသာခါကို ရှေးဦးစွာဖိတ်၍ ကျွေးမွေးကြကုန်၏။

ထို့နောက် တပါးသောပွဲသဘင်နေ့၌ လူများ အပေါင်းသည် တန်းဆာဆင်အပ်ကုန်သည်ဖြစ်၍ တရားနာခြင်း အကျိုးရှိရာကျောင်းတော်သို့သွားကြလေသော် ဝိသာခါလည်း ဖတိမန်

ရာအရပ်၌ စားသောက်၍ မဟာလတာတန်းဆာကို ဆင်မြန်း၍ လူများအပေါင်းနှင့်အတူတကွ ကျောင်းတော်သို့သွား၍ တန်းဆာတို့ကို ချွတ်ပြီးလျှင် အပေါ်ရုံအဝတ်ဖြင့် အထုပ်ထုပ်၍ ကျွန်မအား ပေး၏။ ပေးပုံကား ဝိသာခါသည်ကျောင်းတော်သို့သွားလျက် ဤသို့ အကြံဖြစ်၏။

"ဤသို့သဘောရှိသော၊အဖိုးများစွာထိုက်သော တန်းဆာကို ဦးခေါင်း၌စွပ်၍ ခြေဖမိုးတိုင်အောင် တန်းဆာဆင်ယင်၍ ကျောင်းတော်သို့ဝင်ရန် မသင့်ပေ"

ထို့ကြောင့် ဝိသာခါသည် ထိုမဟာလတာတန်းဆာကိုချွတ်၍၊အထုပ်ပြု၍ မိမိဘုန်းကံကြောင့်ဖြစ်သော၊ ဆင်ပြောင်ငါးစီးအားကို ဆောင်သော၊ကျွန်မ၏လက်၌ ပေးသတတ်။ ထိုကျွန်မသည်သာလျှင် မဟာလတာတန်းဆာကို ယူရန် စွမ်းနိုင်သတတ်။ ထို့ကြောင့် ဝိသာခါသည် ကျွန်မကို ဤသို့ ဆို၏။

"အမိ။ ဤတန်းဆာကို ယူပါလော့။ မြတ်စွာဘုရား၏အထံတော်မှ ပြန်လည်သောအခါ၌ ထိုတန်းဆာကို ဆင်ယင်ပါအံ့"

ထိုတန်းဆာကို ပေးပြီးနောက် ဝိသာခါသည် ဃနမဋ္ဌကတန်းဆာကိုဆင်မြန်း၍ မြတ်စွာဘုရားကို ချဉ်းကပ်ပြီးလျှင်တရားတော်ကို နာ၏။ တရားနာခြင်းအဆုံး၌ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် ထ၍ ထွက်ခွာသွား၏။ ထိုကျွန်မလည်း မဟာလတာတန်းဆာကို မေ့ရစ်ခဲ့လေ၏။ တရားတော်ကိုနာ၍ ပရိသတ်တို့ထွက်သွားကြသော် အကယ်၍ တစုံတရာကို မေ့လျော့ထားခဲ့သည်ဖြစ်အံ့။ ထိုပစ္စည်းကို အရှင်အာနန္ဒာသည် သိမ်းဆည်းတော်မူ၏။ ထို့ကြောင့် အရှင်အာနန္ဒာသည် ထိုနေ့၌မဟာလတာတန်းဆာကိုမြင်၍ မြတ်စွာဘုရားအားလျှောက်၏။

"အရှင်ဘုရား။ ဝိသာခါသည် မဟာလတာတန်းဆာကို မေ့သွားပါသည်"

"အာနန္ဒာ။ သင့်ရာအရပ်၌ ထားလိုက်လော့"

အရှင်အာနန္ဒာသည် ထိုမဟာလတာ တန်းဆာကို ချီမ၍ လှေကားနံဘေး၌ ချိတ်၍ထားပေ၏။

ဝိသာခါလည်း သုပ္ပိယာအမည်ရှိသော ဥပါသိကာနှင့်အတူ အာဂန္တုခရီးသွား နာမကျန်းသော ရဟန်းစသည်တို့အား ပြုသင့်သည်နှင့်ယှဉ်သောအမှုကို သိရအံ့ဟု ကျောင်းတော်တွင်း၌ လှည့်လည်၏။ ကျောင်းတွင်း၌ ထိုဥပါသိကာတို့ကို မြင်သော် ထောပတ်၊ပျား၊ဆီ စသည်တို့ဖြင့် အလိုရှိကုန်ကြသော ရဟန်းငယ်သည်ငင်း၊ သာမဏေတို့သည်ငင်း ပြကတေ့အားဖြင့်သာလျှင် ခွက်ငယ်စသည်တို့ကိုကိုင်၍ ချဉ်းကပ်ကြကုန်၏။ ထိုနေ့၌လည်း ထိုအတူသာလျှင် ချဉ်းကပ် ကြ ကုန်၏။ ထို့နောက် သုပ္ပိယာသည် နာမကျန်းသော ရဟန်းတပါးကိုမြင်၍ ဤသို့လျှောက်၏။

"အရှင့်အား အဘယ်ဖြင့် အလိုရှိပါသနည်း"

"ဆွမ်းဟင်းလျာဖြင့် အလိုရှိပါသည်"

"အရှင်ဘုရား။ ရှိစေသော့။ ပို့လိုက်ပါအံ့"

ဤသို့လျှောက်၍ ဒုတိယနေ့၌ အပ်စပ်သောအသားကို မရနိုင်ရကား မိမိ၏ပေါင်သားဖြင့် ပြုဘွယ်ကိစ္စကို ပြု၍ တဖန်မြတ်စွာဘုရား၌ ကြည်ညိုခြင်းဖြင့် ပြကတေ့သောကိုယ်ရှိသည် သာလျှင် ဖြစ်လေ၏။

ဝိသာခါလည်း နာမကျန်းသော ရဟန်းတို့ကိုရင်း၊ ရဟန်းငယ်တို့ကိုရင်း၊သာမဏေတို့ကိုရင်း၊ကြည့်ရှု၍တပါးသော တံခါးဖြင့်ထွက်၍ ကျောင်းတော်ဥပစာ၌ ဤသို့ဆို၏။

"အမိ။မဟာလတာတန်ဆာကို ဆောင်ယူခဲ့လော့။ တန်းဆာဆင်ယင်အံ့"

ထိုခဏ၌ ထိုကျွန်မသည်။ မေ့လျော့၍ ထွက်ခဲ့သည်ကိုသိ၍ အရှင်မ။မေ့ခဲ့ပြီ'ဟု ဆို၏။

"သို့ဖြစ်လျှင် သွားယူလာခဲ့လော့။သို့ရာတွင် အကယ်၍ ငါ၏ အရှင်အာနန္ဒာမထေရ်သည်။ ချီမ၍ တပါးသော နေရာ၌ထားပြီးဖြစ်ခဲပါမူကား၊မဆောင်ယူခဲ့လင့် ထိုသို့ဖြစ်လျှင် ငါသည် အရှင်အားသာလျှင် စွန့်လှူပြီးဖြစ်တော့သည်"

ဝိသာခါသည်"လူတကာတို့၏ မေ့ကျန်ရစ်သော ဥစ္စာကို အရှင်အာနန္ဒာမထေရ်သည် သိုမှီး၏'ဟုသိသတတ်။ ထို့ကြောင့် ထိုသို့ဆိုပေ၏။ အရှင်အာနန္ဒာမထေရ်လည်း ထိုကျွန်မကိုမြင်၍ သာလျှင် ဤသို့မေး၏။

"အဘယ်အကျိုးငှာ လာသနည်း"

"အရှင်မ၏ မဟာလတာတန်းဆာကို မေ့ကျန်ခဲ့ခြင်းကြောင့်လာပါသည်"

"ငါသည် ထိုလှေကားနံပါး၌ ထားအပ်၏။ သွားလော့ ထိုဘန်းဆာကိုယူချေလော့"

"အရှင်ဘုရား။ အရှင်ဘုရား၏ လက်ဖြင့် ကိုင်တွယ်အပ်သော ဘဏ္ဍာကို အကျွန်ုပ်၏ အရှင်မသည် မယူခဲ့ရဆိုပါသည်"

ကျွန်မသည် လက်ချည်းသာ ပြန်သွား၍ ဝိသာခါသည် 'အမိအဘယ့်ကြောင့်နည်း' ဟုမေးအပ်သည်ရှိသော်၊ ထိုအကြောင်းကိုပြန်ကြား၏။

"အမိ။ ငါသည် ငါ့အရှင်ကိုင်တွယ်အပ်ပြီးသော ဘဏ္ဍာကို မဆင်ယင်တော့အံ့။ ငါသည်စွန့်လွှတ်အပ်ပြီ။ သို့ရာတွင် အရှင်တို့အား ထိုပစ္စည်းကို စောင့်ရှောက် ဆင်းရဲ၏။ ထိုပစ္စည်းကိုစွန့်၍ အပ်သော ဘဏ္ဍာကိုဆောင်ပေအံ့၊ သွားလော့ ထိုတန်းဆာကို ယူခဲ့၏လော့"

ကျွန်မသည်သွား၍ယူခဲ့၏။ ဝိသာခါသည် ထိုတန်းဆာကို မဆင်ယင်မူ၍သာလျှင်၊ ပန်းတိမ်ဆရာတို့ကိုခေါ်စေ၍ အဖိုးဖြတ်စေ၏။ ထိုဆရာတို့သည် 'ကိုးကုဋေထိုက်တန်၏။ လက်ခကား တသိန်းတန်၏' ဟုဆိုကြလေသော် တန်းဆာကိုယာဉ်၌ တင်ထားစေ၍ 'သို့ဖြစ်လျှင် ထိုတန်းဆာကို ရောင်းကြကုန်' ဟုဆို၏။

ထိုမျှသော ဥစ္စာကိုပေး၍ ဝယ်ယူခြင်းငှာ တစုံတယောက်မျှ မတတ်နိုင်ပေလတံ့။ အကြောင်းမူကား ထိုမဟာလတာကို ဆင်ယင်ခြင်းငှာ လျှောက်ပတ်သောမိန်းမ မည်သည်တို့ကိုရခဲကုန်၏။ ထိုစကားသည်မှန်၏၊ မြေအပြင်၌ ဝိသာခါမဟာဥပါသိကာ၊ ဗန္ဓုလစစ်သူကြီး၏ မယားမလ္လိကာ ဗာရာဏသီ သူဌေး၏သမီး၊ ထိုသုံးယောက်သော မိန်းမတို့သာလျှင် မဟာလတာ တန်းဆာကိုရကြကုန်၏။ ထို့ကြောင့် ဝိသာခါသည် မိမိသည်သာလျှင် ထို့တန်းဆာ၏ အဘိုးကိုပေး၍အသပြာတသိန်းအလွန်ရှိသော ကိုးကုဋေတို့ကိုလှည်း၌တင်၍ ကျောင်းတော်သို့ယူဆောင်၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် ထိုသို့လျှောက်၏။

"အရှင်ဘုရား။ အကျွန်ုပ်၏ အရှင်အာနန္ဒာ မထေရ်သည် အကျွန်ုပ်၏ မဟာလတာ တန်းဆာကို လက်ဖြင့်ကိုင်တွယ်အပ်၏။ ထိုအရှင်ကိုင်တွယ်ပြီးသော အခါမှစ၍ ထိုတန်းဆာကို အကျွန်ုပ်သည် ဆင်ယင်ရန်မတတ်ကောင်းပါ။ ထိုတန်းဆာကို စွန့်လွှတ်၍ ဆင်အပ်သောပစ္စည်းကို ဆောင်အံ့ဟု ရောင်းစေပါသော်လည်း ဤတန်းဆာကို ဝယ်ယူရန် စွမ်းနိုင်သော တပါးသူကို မတွေ့မြင်ရ၍ အကျွန်ုပ်ပင်လျှင် ထိုတန်းဆာ၏ အဖိုးကိုယူစေ၍ လာခဲ့ပါသည် အရှင်ဘုရား။ ပစ္စည်းလေးပါးတို့တွင် အဘယ်ပစ္စည်းဖြင့် ဆောင်ခဲ့ရပါအံ့နည်း"

"ဝိသာခါ အရှေ့တံခါး၌ သံဃာတော်တို့၏ နေရာဌာနကို ပြုခြင်းငှာ သင့်အား လျှောက်ပတ်၏။

"အရှင်ဘုရား။ သင့်လျော်ပါသည်"

ဝိသာခါသည် နှစ်သက်သော စိတ်ရှိသည်ဖြစ်၍ ကိုးကုဋေဘိုဖြင့် မြေကိုသာလျှင်ဝယ်ယူ၏။ နောက်ထပ်ကိုးကုဋေတို့ဖြင့် ကျောင်းတော်ကိုဆောက်ရန် အားထုတ်၏။

ထို့နောက်တနေ့သောအခါ၌ မြတ်စွာဘုရားသည် နံနက်မိုးသောက် ထသောအခါလောကကို ကြည့်တော်မူလေသော် နတ်ပြည်မှစုတေ၍ ဘဒ္ဒိယမြို့ သူဌေးအမျိုး၌ဖြစ်သော ဘဒ္ဒိယ အမည်ရှိသော သူဌေးသား၏ ကျွတ်တမ်းဝင်ထိုက်သော ပါရမီနှင့် ပြည့်စုံခြင်းကို မြင်တော်မူ၍ အနာထပိဏ်သူဌေး၏ အိမ်၌ ဆွမ်းဘုဉ်းပေးခြင်းကိစ္စကို ပြုတော်မူပြီးလျှင် မြောက်တံခါးသို့ ရှေးရှုကြွတော်မူ၏။ ပြကတေ့အားဖြင့် မြတ်စွာဘုရားသည် ဝိသာခါ၏အိမ်၌ ဆွမ်းခံတော်မူ၍သော် တောင်တံခါးဖြင့် ထွက်၍ ဇေတဝန်ကျောင်း၌ သတင်း သုံးတော်မူ၏။ အနာထပိဏ်

သူဌေး၏အိမ်၌ ဆွမ်းခံတော်မူသော် အရှေ့တံခါးဖြင့် ထွက်၍ ပုဗ္ဗာရုံကျောင်း၌ သတင်းသုံးတော်မူ၏။ မြောက်တံခါးဟု ရည်ရွယ်၍ ကြွတော်မူသည်ကို မြင်ရသော် ဒေသစာရီ လှည့်လည်တော်မူအံ့ဟု သိကြကုန်၏။ ဝိသာခါလည်း ထိုနေ့၌ မြတ်စွာဘုရားသည် မြောက်တံခါးသို့ ရှေးရှုကြွတော်မူ၏ဟု ကြားရ၍ လျင်မြန်စွာ လာ၍ရှိခိုးပြီးလျှင် ဤသို့လျှောက်၏။

"အရှင်ဘုရား။ ဒေသစာရီ ကြွတော်မူလိုပါသလော"

"ဝိသာခါ။ မှန်ပေ၏"

"အရှင်ဘုရား။ ဤမျှသောဥစ္စာကို စွန့်လွှတ်၍ အရှင့်ဘုရားတို့၏ကျောင်းကို ဆောက်ပါသည်။ အရှင်ဘုရား ပြန်ကြွတော်မူပါလော့"

"ဝိသာခါ။ ဤသွားခြင်းကား ပြန်မလှည့်သော သွားခြင်း ဖြစ်ပေသည်"

ဝိသာခါသည် မြတ်စွာဘုရားအား မချွတ်ကေန် ပါရမီ ဆုတောင်းနှင့် ပြည့်စုံသူ တယောက်ယောက်ကို မြင်တော်မူပြီ ဖြစ်လိမ့်မည်ဟုကြံ၍ ဤသို့လျှောက်ပြန်၏။

"အရှင်ဘုရား။ သို့ဖြစ်လျှင် အကျွန်ုပ်၏ ပြုသင့် မပြုသင့်သောကိစ္စကို သိတတ်သော ရဟန်းတပါးကို ပြန်လည်စေတော်မူ၍ ကြွကြပါကုန်"

"ဝိသာခါ။ သင်နှစ်သက်သော ရဟန်း၏ သပိတ်ကို ယူလော့"

ဝိသာခါသည် အရှင်အာနန္ဒာမထေရ်ကို ချစ်ခင်ပါသော်လည်း အရှင်မဟာမောဂ္ဂလာန်သည် တန်ခိုးကြီးသော ရဟန်းဖြစ်၏။ အရှင်မဟာမောဂ္ဂလာန် အမှီပြု၍ 'ငါ၏အမှုသည် လျင်

မြန်စွာ ပြီးစီးလတံ့’ဟုကြံ၍ အရှင်မဟာမောဂ္ဂလာန်၏ သပိတ်ကိုယူ၏။ အရှင်မဟာမောဂ္ဂလာန်သည် မြတ်စွာဘုရားကိုကြည့်၏။ မြတ်စွာဘုရားသည် “မောဂ္ဂလာန် သင့်အခြံအရံ ရဟန်းငါးရာတို့ကိုယူ၍ ကျန်ရစ်လော့”ဟု မိန့်တော်မူ၏။ အရှင်မဟာမောဂ္ဂလာန်လည်း မြတ်စွာဘုရား အမိန့်တော်အတိုင်း ပြု၏။

အရှင်မဟာ မောဂ္ဂလာန်၏ တန်ခိုးဖြင့် ယူဇနာငါးဆယ်ခြောက်ဆယ်တိုင်တိုင်သစ်သားအလို့ငှာဝင်၊ ကျောက်တို့ကိုဝင်ယူ၍သွားသောသူတို့သည် ကြီးကုန် ကြီးကုန်သော သစ်တို့ကိုဝင်၊ ကျောက်တို့ကိုဝင် ယူ၍ ထိုနေရာ၌ပင် ပြန်လာကြကုန်၏။ လှည်း၌သစ်ကိုဝင်၊ ကျောက်ကိုဝင်၊ တင်ကြသော် ပန်းလည်း မပန်းကြကုန်။ ဝင်ရိုးလည်းမကျိုးပေ။ မကြာမြင့်မီပင် နှစ်ထပ်ရှိသောပြာသာဒ်ကို ထောက်လုပ်ကြကုန်၏။ အောက်ထပ်၌ တိုက်ခန်းငါးရာ။ တထက်ထပ်၌ တိုက်ခန်းငါးရာ အားဖြင့် တိုက်ခန်းဟာယောင်တို့ဖြင့် တန်းဆာဆင်အပ်သော ပြာသာဒ်ကျောင်းကြီးဖြစ်လေ၏။ ရှစ်ပယ်မျှကျယ်သော သန့်ရှင်းသော မြေအဖို့၌ ပြာသာဒ်ကို ဆောက်လုပ်စေ၏။ ပြာသာဒ်အထိးထိးကား မတင့်တယ်ဟု ထိုပြာသာဒ်ကို ဝန်းရံ၍ ကမ္ဗဌာန်းကျောင်းငါးရာ။ ပြာသာဒ်ငယ်ငါးရာ။ တန်ဆောင်းရှည်ငါးရာတို့ကိုလည်း ဆောက်စေ၏။

ထိုနောက် မြတ်စွာဘုရားသည် ကိုးလတို့၏ ဒေသစာရီ လှည့်လည်တော်မူ၍ တဖန် သာဝတ္ထိပြည်သို့ ရောက်တော်မူ၏။ ဝိသာခါ၏ ပြာသာဒ်ကျောင်း၌လည်း အမှုကိစ္စသည် ကိုးလတို့ဖြင့် ပြီးစီးလေ၏။ ပြာသာဒ်ထွတ်ကို တခဲနက်ခပ်သော ရွှေနီဖြင့်သာလျှင် ရေအိုးခြောက်ဆယ် ဝင်ဆန့်လိုက်အောင်ပြုစေ၏။

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်သို့ ကြွတော်မူ၏ဟု ကြားလေသော် ခရီးဦးကြိုပြု၍ မြတ်စွာဘုရားကို မိမိကျောင်းသို့ပင့်ဆောင်၍ ဤသို့ မြတ်စွာဘုရားထံမှ ပဋိညာဉ်ကို ရယူ၏။

"အရှင်ဘုရား။ ဤလေးလတို့ပတ်လုံး ရဟန်းသံဃာကိုယူ၍ ဤကျောင်း၌သာ သီတင်းသုံးတော်မူပါလော့၊ အကျွန်ုပ်သည် ကျောင်းရေစက်ချပွဲ ပြုလုပ်ပါမည်"

မြတ်စွာဘုရားသည် ဝိသာခါ၏လျှောက်ထားချက်ကို လက်ခံတော်မူ၏။ ဝိသာခါသည် ထိုအခါမှစ၍ ဘုရား အမှူးရှိသော ရဟန်းသံဃာတို့အား ကျောင်း၌သာလျှင်အလှူကို ပေးလှူ၏။

ထိုအခါ ဝိသာခါ၏မိတ်ဆွေမတယောက်သည် အဖိုးတသိန်းထိုက်သော အဝတ်တထည်ကို ယူလာ၍ ဤသို့ ဆို၏။

"အဆွေမ။ ငါသည် ဤအဝတ်ကို သင့်ပြဿာဒ်၌ မြေအခင်းအရေအတွက်ဖြင့် ခင်းလိုပါသည်။ ခင်းရမည့် နေရာကို ငါ့အား ပြောကြားပါလော့"

"အဆွေမ။ ကောင်းပါပြီ။ အကယ်၍ အကျွန်ုပ်သည် သင့်အား နေရာမရှိပါဟု ဆိုငြားအံ့။ သင်သည် ငါ့အား အခွင့်မပေးလိုဟု ထင်ခဲ့ရာ၏။ သင်ကိုယ်တိုင်သာလျှင် ပြဿာဒ်၏ နှစ်ထပ်လုံးကိုငှင်း၊ တိုက်ခန်းတထောင်တို့ကိုငှင်း၊ ကြည့်ရှု၍ ခင်းရမည့် နေရာကို သိပါလော့"

ထိုအဆွေမသည် အဖိုးတသိန်းထိုက်သော အဝတ်ကို ကိုင်၍ ထိုထိုနေရာတို့၌ လှည့်လည်လေသော် ထိုထက် အဖိုးနည်းသော အဝတ်ကိုမတွေ့ရ၍ 'ငါသည် ဤပြဿာဒ်၌ ကောင်းမှုအဖို့ကို

မရပြီ’ဟု ဝမ်းနည်း၍ တနေရာ၌ရပ်လျက် ငိုကြွေး၏။ ထိုအခါ အရှင်အာနန္ဒာမထေရ်သည် ထိုမိန်းမကိုမြင်၍ ဤသို့မေး၏။

“အဘယ်ကြောင့် ငိုသနည်း”

ထိုမိန်းမသည် ယင်းအကြောင်းကို မထေရ်အားလျှောက်၏။

“ဝမ်းမနည်းနှင့်။ငါသည် သင့်အား ခင်းရမည့်နေရာကို ပြောကြားအံ့”ဟုဆို၍ အရှင်အာနန္ဒာသည် ဤသို့ ညွှန်ပြပါ၏။

“လှေခါးရင်း ခြေဆင်းရာအရပ်၌ ဤအဝတ်ကို ခြေသုတ်ပုဝါပြု၍ခင်းလော့။ ရဟန်းတို့သည် ခြေကိုဆေး၍ ရှေးဦးစွာ ဤအဝတ်၌ ခြေကိုသုတ်၍ အတွင်းသို့ ဝင်ကြကုန်လတံ့။ ဤသို့လျှင် သင့်အား အကျိုးများသည် ဖြစ်လတံ့”

ဤနေရာကား ဝိသာခါသည် အမှတ်မထားမိသော နေရာဖြစ်သတတ်။

ဝိသာခါသည် လေးလတို့ပတ်လုံး ကျောင်းတွင်း၌ ဘုရားအမှူးရှိသော ရဟန်းသံဃာအား အလှူဒါနကို ပေးလှူ၏။ နောက်ဆုံးနေ့၌ ရဟန်းသံဃာအား သင်္ကန်းလျာ ပုဆိုးတို့ကို လှူ၏။ အငယ်ဆုံးသံဃာသည် ရအပ်သော သင်္ကန်းလျာ ပုဆိုးတို့ကား အဖိုးတသိန်းထိုက် ဖြစ်ကုန်၏။ အလုံးစုံသော ရဟန်းတို့၏သပိတ်တို့ကို ပြည့်စေ၍ ဆေးဝါးကို လှူ၏။ အလှူကို စွန့်ကြဲရာ၌ ကိုးကုဋေတို့သည် ကုန်သွားကြကုန်၏။

ဤသို့လျှင် ဝိသာခါသည် ကျောင်းမြေယာ ဝယ်ယူရာ၌ ကိုးကုဋေ၊ ကျောင်းကို ဆောက်စေရာ၌ ကိုးကုဋေ၊ ကျောင်းရေစက်ချအလှူပွဲ၌ ကိုးကုဋေအားဖြင့် နှစ်ဆယ့်ခုနစ်ကုဋေသော ဥစ္စာတို့ကို မြတ်စွာဘုရား သာသနာတော်၌ စွန့်ကြဲ၏။ မိန်းမအဖြစ်၌တည်၍ မိစ္ဆာဒိဋ္ဌိ၏ အိမ်၌နေလျက် ဤသို့သော

ကြီးစွာသော စွန့်ကြဲခြင်းမည်သည် တပါးသော မိန်းမအား မရှိချေ။ ဝိသာခါသည် ကျောင်းရေစက်ချပွဲပြီးစီးသောနေ့၌ ညနေချမ်းအခါ သားသမီး မြေးမြစ်တို့ ခြံရံလျက် ရှေးအခါက ငါဆုတောင်းတိုင်းသော အရာအလုံးစုံသည် အပြီးအစီးသို့ရောက်ပြီဟု ပြာသာဒ်ကျောင်းတော်ကြီးကိုလှည့်ပတ်၍ ငါးဂါထာတို့ဖြင့် ချိုသာသောအသံဖြင့် ဤဥဒါန်းကို ကျူးရင့်၏။

၁။ ကဒါဟံ ပါသာဒံ ရမ္မံ၊ သုဓါမတ္တိက လေပနံ။
ဝိဟာရဒါနံ ဒဿာမိ၊ သင်္ကပ္ပေါ မယှပူရိတော။

၂။ ကဒါဟံ မဉ္စ ပီဌဉ္စ၊ ဘိသိဗိမ္ဗော ဟနာနိစ။
သေနာသန ဘဏ္ဍံ ဒဿာမိ၊ သင်္ကပ္ပေါ မယှပူရိတော။

၃။ ကဒါဟံ သလာကဘတ္တံ၊ သုစိံ မံသူပသေသနံ။
ဘောဇနဒါနံ ဒဿာမိ၊ သင်္ကပ္ပေါ မယှပူရိတော။

၄။ ကဒါဟံ ကာသိကံ ဝတ္ထံ၊ ခေါမ ကပ္ပါသိကာနိ စ။
စီဝရဒါနံ ဒဿာမိ၊ သင်္ကပ္ပေါ မယှပူရိတော။

၅။ ကဒါဟံ သပ္ပိနဝနီတံ၊ မဓုတေလဉ္စ ဖါနိတံ။
ဘေသဇ္ဇဒါနံ ဒဿာမိ၊ သင်္ကပ္ပေါ မယှပူရိတော။

(၁) ငါသည် အဘယ်အခါ၌ မွေ့လျော်ဘွယ် ကောင်းသော အင်္ဂတေ မြေညက်တို့ဖြင့် သုတ်လိမ်းအပ်သော ပြာသာဒ်ဟူသော ကျောင်းအလှူဒါနကို ပြုရပါအံ့နည်း။ ဤအကြံသည် ငါ့အား ပြည့်စုံခဲ့လေပြီတကား။

(၂) ငါသည် အဘယ်အခါ၌ ညောင်စောင်း အင်ပျဉ်လဲဖြစ်သော ဘုံလျှုအခင်းနှင့်ခေါင်းအုံးလည်းဖြစ်သော

ကျောင်းအသုံးအဆောင် ဘဏ္ဍာကို လှူဒါန်းရပါအံ့နည်း။ ဤအကြံသည် ငါ့အား ပြည့်စုံခဲ့လေပြီတကား။

(၃) ငါသည် အဘယ်သောအခါ၌ စင်ကြယ်သောအသားဖြင့်ကျွမ်းသော စားရေးတန်ဆွမ်းဟူသော ဆွမ်းအလှူကို လှူဒါန်းရပါအံ့နည်း။ ဤအကြံသည် ငါ့အား ပြည့်စုံခဲ့လေပြီတကား။

(၄) ငါသည် အဘယ်အခါ၌ ကာသိတိုင်းဖြစ်အဝတ်လည်းဖြစ်သော ခေါမတိုင်းဖြစ် အဝတ်၊ ချည်ထည်အဝတ်လည်း ဖြစ်သော သင်္ကန်းအလှူကို လှူဒါန်းရပါအံ့နည်း။ ဤအကြံသည် ငါ့အား ပြည့်စုံခဲ့ပေပြီတကား။

(၅) ငါသည် အဘယ်အခါ၌ ထောပတ်ဆီဦးလည်း ဖြစ်သော ပျားရည်၊ ဆီတင်လဲလည်းဖြစ်သော ဆေးဝါးအလှူကို လှူဒါန်းရပါအံ့နည်း။ ဤအကြံသည် ငါ့အား ပြည့်စုံခဲ့စေပြီတကား။

ရဟန်းတို့သည် ဝိသာခါ၏အသံကြား၍ မြတ်စွာဘုရားအား ဤသို့ လျှောက်ထားကြကုန်၏။

"အရှင်ဘုရား။ အကျွန်ုပ်တို့သည် ဤမျှသောအခွန့်ကာလ၌ ဝိသာခါ၏သီချင်းဆိုခြင်းမည်သည်ကို မမြင်မကြားရဘူးပါကုန်။ ဝိသာခါသည် ယနေ့ သားသမီး မြေးမြစ်ခြံရံ၍ သီချင်းဆိုလျက် ပြာသာဒ် ကျောင်းတော်ကို လှည့်ပတ်ပါသည်။ ဝိသာခါ၏ သည်းခြေသည် ပျက်လေသလော။ သို့မဟုတ် အရူးမ ဖြစ်ခဲ့ပြီလော"

"ရဟန်းတို့။ ငါ့သမီးသည် သီချင်းဆိုသည် မဟုတ်ပေ။ သူ့အား မိမိ၏ အလိုဆန္ဒသည် ပြည့်စုံလေပြီ။ သူသည် ငါ၏

တောင်းအပ်သော ဆုတောင်းသည် အထွတ်အထိပ်သို့ (အပြီး အစီးသို့)ရောက်ခဲ့ပြီဟု နှစ်သက်သောစိတ်ဖြင့် ဥဒါန်းကိုကျူးရင့် လျက် လှည့်လည်ပေသည်"

"အရှင်ဘုရား။ ဝိသာခါသည် အဘယ်အခါ၌ ဆုတောင်းကို တောင်းခဲ့ပါသနည်း"

"ရဟန်းတို့ နားထောင်လိုကြကုန်သလော"

"အရှင်ဘုရား နားထောင်လိုကြပါသည်"

ရဟန်းတို့။ ရှေးအခါ ဤကမ္ဘာမှ ပြန်၍ ရေသော် ကမ္ဘာ တသိန်းထက်၌ ပဒုမုတ္တရ အမည်တော်ရှိ မြတ်စွာဘုရားသည် လောက၌ ထင်ရှားဖြစ်တော်မူ၏။ ထိုပဒုမုတ္တရ မြတ်စွာဘုရား၏ အသက်တမ်းသည် နှစ်သိန်းဖြစ်၏။ ရဟန္တာတသိန်း အခြံအရံရှိ တော်မူ၏။ မြို့တော်သည် ဟံသာဝတီအမည်ရှိ၏။ ခမည်းတော် သုနန္ဒမည်သောမင်းဖြစ်၏။ ထိုပဒုမုတ္တရမယ်တော်သည် သုဇာ တာ အမည်ရှိသော မိဖုရားဖြစ်ပေ၏။ ထိုပဒုမုတ္တရမြတ်စွာဘုရား ၏ အမြတ်ဆုံး အလုပ်အကျွေးမ ဖြစ်သော ဥပါသိကာမ တယောက်သည် ရှစ်ပါးသောသူတို့ကိုတောင်း၍၊မယ်တော်အရာ ၌တည်၍ မြတ်စွာဘုရားကို ပစ္စည်းလေးပါးတို့ဖြင့် လုပ်ကျွေး လျက် ညနေ နံနက် ဆည်းကပ်ခြင်းသို့ ရောက်၏။ ထိုဥပါသိ ကာမ၊ တယောက်သော အဆွေခင်ပွန်းမသည် ထိုဥပါသိကာမ နှင့်အတူတကွ ကျောင်းသို့ အမြဲသွား၏။ ထိုအဆွေခင်ပွန်းမ သည် ထိုဥပါသိကာမ၏ မြတ်စွာဘုရားနှင့် အကျွမ်းဝင်သာဖြင့်

လျှောက်ထားပြောဆိုခြင်းကိုငင်း၊ အကျွမ်းတဝင်ရှိခြင်းငင်း မြင်၍ အဘယ်သို့ပြု၍ ဤဘုရားရှင်တို့အား အကျွမ်းဝင်သူဖြစ်သနည်းဟု ကြံ၍ မြတ်စွာဘုရားကို ဤသို့လျှောက်၏။

"အရှင်ဘုရား။ ဤမိန်းမသည် အရှင်ဘုရားတို့အား အဘယ်သို့သောသူ ဖြစ်ပါသနည်း"

"အလုပ်အကျွေးမတို့တွင် အမြင့်ဆုံး ဥပါသိကာမ ဖြစ်ပေသည်"

"အရှင်ဘုရား။ အဘယ်ကို ပြု၍ အလုပ်အကျွေးမတို့တွင် အမြတ်ဆုံးမိန်းမ ဖြစ်ပါသနည်း"

"ကမ္ဘာတသိန်းကာလပတ်လုံး ဆုတောင်းခြင်းကို တောင်း၍ ဖြစ်ပေသည်"

"အရှင်ဘုရား။ ယခုဆုတောင်း၍ရခြင်းငှာ တတ်ကောင်းပါသလော"

"ဩော် တတ်ကောင်း၏"

"အရှင်ဘုရား။ သို့ဖြစ်လျှင် ရဟန်းတသိန်းနှင့်တကွ ခုနစ်ရက်ပတ်လုံး အကျွန်ုပ်၏ဆွမ်းကို ခံယူတော်မူပါကုန်"

မြတ်စွာဘုရားသည် လက်ခံတော်မူ၏။ ထိုမိန်းမသည် ခုနစ်ရက်ပတ်လုံး အလှူကိုပေး၍ အဆုံးနေ့၌ သင်္ကန်းလျာပုဆိုးတို့ကို လှူ၍ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် ခြေရင်းတွင် တုပ်ဝပ်၍ ဤသို့ ဆုတောင်း၏။

"အရှင်ဘုရား။ အကျွန်ုပ်သည် ဤအလှူ၏အကျိုးဖြင့် နတ်မင်းစည်းစိမ် စသည်တို့တွင် တခုခုကို မတောင့်တပါ။ အရှင်ဘုရားကဲ့သို့သော တဆူသောဘုရား၏အထံတော်၌ ဆုရှစ်ပါးတို့

ကိုရ၍၊မယ်တော်အရာ၌တည်၍ ပစ္စည်းလေးပါးတို့ဖြင့်လုပ်ကျွေး ဖြင်းငှာ စွမ်းနိုင်သူတို့တွင် အမြတ်ဆုံးမိန်းမ ဖြစ်ရပါလို၏"

ပဒုမုတ္တရမြတ်စွာဘုရားသည် "ဤမိန်းမ၏ ဆုတောင်းသည် ပြည့်စုံလတံ့လော"ဟု အနာဂတ်ကို ဆင်ခြင်တော်မူလေသော် ကမ္ဘာတသိန်းတိုင်တိုင် ကြည့်တော်မူ၍ ဤသို့ ဗျာဒိတ်ပေးတော် မူ၏။

ကမ္ဘာတသိန်း၏အဆုံး၌ ဂေါတမ အမည်ရှိသော ဘုရားရှင် ပွင့်တော်မူလတံ့။ ထိုအခါ၌ ဝိသာခါအမည်ရှိသော ဥပသိကာမဖြစ်၍ ထိုဘုရား၏အထံတော်၌ ဆုရှစ်ပါးကိုရ၍ မယ်တော် အရာ၌တည်၍ ပစ္စည်းလေးပါးတို့ဖြင့် လုပ်ကျွေးကြကုန်သော အလုပ်အကျွေးမိန်းမတို့တွင် အမြတ်ဆုံး ဥပသိကာမ ဖြစ်လ တံ့။

ထိုမိန်းမအား ထိုစည်းစိမ်သည် ရံဖန်၌ ရမည့် အရာကဲ့သို့ ဖြစ်လေ၏။ ထိုမိန်းမသည် အသက်ရှိသမျှ ကာလပတ်လုံး ကောင်းမှုကိုပြု၍ ထိုဘဝမှ စုတေသော် နတ်ပြည်၌ဖြစ်၍ နတ်လူတို့၌ ကြင်လည်လျက် ကဿပ ဘုရားရှင်၏ လက်ထက် တော်၌ ကာသိတိုင်းအရှင် ကိကီမင်းကြီး၏ သမီးခုနစ်ယောက်တို့ တွင် အငယ်ဆုံး သံဃဒါသီအမည်ရှိသော မင်းသမီးဖြစ်၏။ သံဃဒါသီသည် လင့်အိမ်သို့ မရောက်မူ၍ ထိုအမဖြစ်သူတို့နှင့် အတူတကွ ကြာမြင့်စွာသော ကာလပတ်လုံး ဒါနစသော ကောင်းမှုတို့ကိုပြု၍ ကဿပ မြတ်စွာဘုရား၏ ခြေတော်အရင်း ၌လည်း ဤသို့ဆုတောင်း၏။

"အနာဂါတ်၌ အရှင်ဘုရားကဲ့သို့သော မြတ်စွာဘုရား၏ မယ်တော်အရာ၌ တည်၍ ပစ္စည်းလေးပါး ဒါယိကာမတို့တွင် အမြတ်ဆုံး ဒါယကာမ ဖြစ်ရပါလို၏"

ထိုမိန်းမသည် ထိုအခါမှစ၍ နတ်လူတို့၌ ကြင်လည်လျက် ဤအတ္တဘော၌ မေဏ္ဍကသူဌေးကြီး၏ သားဖြစ်သော ဓနဉ္စယသူဌေး၏ သမီးတော် ဖြစ်လာ၏။ ငါဘုရား၏ သာသနာတော်၌ များလှသော ကောင်းမှုတို့ကို ပြုလုပ်၏။

"ရဟန်းတို့။ ဤသို့လျှင် ငါ့သမီးတော်သည် သီချင်းဆိုသည် မဟုတ်။ တောင်းအပ်သော ဆုတောင်း၏။ ပြီးစီးခြင်းကိုမြင်၍ ဥဒါန်းကျူးရင့်ခြင်း ဖြစ်ပေသည်။

ဤသို့မိန့်တော်မူ၍ မြတ်စွာဘုရားသည် တရားကို ဟောတော်မူလိုရကား ဤသို့မိန့်တော်မူပြန်၏။

"ရဟန်းတို့ ဥပမာမည်သည်ကား လိမ္မာသော ပန်းသည်သည် အထူးထူးသော ပန်းတို့၏ ကြီးစွာသော အစုအပုံကိုပြု၍ အထူးထူး အပြားပြားကုန်သော ပန်းကုံးတို့ကို ပြု၏။ ဤဥပမာ အတူသာလျှင် အထူးထူး အပြားပြား ကုန်သော ကောင်းမှုတို့ကိုပြုခြင်းငှာ ဝိသာခါ၏စိတ်သည် ညွတ်၏။

ဤသို့မိန့်တော်မူ၍ ဤဂါထာကို ဟောတော်မူ၏။

ယထာပိ၊ ပုပ္ဖရာသိမှာ၊ ကယိရာ မာလာဂုဏေ၊ ဗဟူ။
ဧဝံဇာတေန၊ မစ္စေန၊ ကတ္တဗ္ဗံ ကုသလံ ဗဟုံ။

ဥပမာသော်ကား ပန်းသည်သည် ပန်းအစုမှ များလှသော ပန်းကုံးတို့ကို ပြု၏။ ဤအတူ မွေးဖွားလာသော သတ္တဝါသည် များလှသော ကောင်းမှုကုသိုလ်ကို ပြုသင့်လှသတည်း။

တ်ရားတော် အဆုံး၌ များလှသောသူတို့သည် သောတာပန် စသည် ဖြစ်ကြကုန်၏။ လူများအပေါင်းအား အကျိုးရှိသော တရားဒေသနာတော် ဖြစ်လေသတည်း။

ဤသို့လျှင် ဝိသာခါ ကျောင်းအမကြီးအား လိမ္မာယဉ်ကျေးခြင်း၌ စံပြုလောက်သော ဗုဒ္ဓ၏ သူရဲကောင်းတယောက် ပင်ဖြစ်သတည်း။

## ၁၀

# သည်းခံခြင်း ခန္တီတရား

ဥတ္တရာ၊ ဥပါသိကာ၊ ဓမ္မပဒ၊ ဒု၊ ၁၉၆၊

သည်းခံ ခြင်းထက် သာလွန်သော တရားကား မရှိဟု သိကြားမင်းကဆိုသည်။ ရန်မူခံရသောအခါ၌ ရန်မူသူအား သီးခံခြင်းသည် အကောင်းဆုံးဖြစ်သည်ဟု ဆိုလိုသည်။ လူမှန်လျှင် ရန်မူခြင်း ခံရမည်သာ ဖြစ်ပေသည်။ ရန်မူခံရလျှင် ရန်တုံ့ပြုမည်လော။ သည်းခံမည်လောဟု တွေးတော ဆုံးဖြတ်ရပေမည်။ တလမ်းလမ်းသို့ လိုက်ရပေမည်။ဤနှစ်လမ်းတို့တွင် ရန်တုံ့မူခြင်းကား မြင့်မြတ်သော အလုပ်မျိုးမဟုတ်ပေ။ သည်းခံခြင်းသာလျှင် မြင့်မြတ်သော အလုပ်မျိုးဖြစ်ပေသည်။ ထို့ကြောင့် ဗုဒ္ဓဘုရားသည် သည်းခံခြင်းတရားကို မင်္ဂလာတပါးဟု ဟောတော်မူခဲ့သည်။

ရန်တုံ့မူခြင်းသည် အောင်နိုင်သည်လည်းရှိ၏။ မအောင်နိုင်သည်လည်းရှိ၏။ ရန်တုံ့မူခြင်း ဖြင့် အောင်နိုင်သည် ဖြစ်က၊ ရှုံးနိမ့်သည်ဖြစ်စေ၊ ရန်စရှည်တတ်၏။ သီးခံခြင်း ဖြင့်ကား ရှုံးသည်ဟူ၍မရှိ အောင်နိုင်သည်သာ ဖြစ်သည်။လူမိုက်တို့အမြင်၌သည်းခံသူသည်ရှုံး နိမ့်သူဖြစ်သည်ဟု ထင်ကြသော်လည်း သူ

တော်ကောင်းတို့ အမြင်၌ အောင်နိုင်သူ ဟု မှတ်ယူကြသည်။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာဘုရားသည် သည်းခံနိုင်သူကား အောင်နိုင်ခဲ့သောအရာကို အောင်နိုင်သူဖြစ်သည် ဟု ဟောတော်မူခဲ့သည်။

ဝေပစိတ္တိ အသုရာ နတ်မင်းကား သည်းခံလျှင် ရန်ပိုလာတတ်သည် လူမိုက်တို့က သာ၍ ကဲလာတတ်သည်ဟု ဆိုသည်။ သူ၏ အလိုအားဖြင့် ရန်သူကို အပြတ် အသတ် နိုင်အောင် နှိမ်နင်းရမည် ဟု ဆိုလိုသည်။ ဤနည်းသည် လောကကြောင်း၌ မှန်သင့်သလောက် မှန်သော်လည်း သည်းခံခြင်း လောက်ကား မွန်မြတ် ခြင်း မရှိပေ။ ထိုပြင်လည်း ရန် မ တုံ့ ပြန်ဘဲ တနေ့နေ့တွင် ပြန်၍ ရန်ပြုခံတတ်ပေသည်။ ယခုဘဝတွင် ရန်မပြုနိုင်သည့်တိုင်အောင် နောင်ဘဝများတွင် ကလဲ့စားချေရန် ဆုပန်၍ ရန်တုံ့ပြုတတ် ကြပေသည်။ ဤနည်းဖြင့် ရန်စရှည်ခဲ့ကြသော အဖြစ် အပျက်တို့သည် ဗုဒ္ဓလက်ထက်တော်၌ ထင်ရှားဖြစ်ပေါ် ခဲ့ပေသည်။

အမှန် စင်စစ်အားဖြင့် ဤလောက၌ သည်းခံခြင်းသည် အကောင်းဆုံး အအေးဆုံး တရားတခု ဖြစ်ပေသည်။ အမြတ်ဆုံး၊ အငြိမ်းချမ်းဆုံး နည်းလမ်းတခုလည်း ဖြစ်ပေသည်။

ဗုဒ္ဓမြတ်စွာ၏ လက်ထက်တော်၌ ဗုဒ္ဓတပည့်ရင်းဖြစ်သည့် အတိုင်း မိန်းမအား မြင်လျှင်ပင် ရန်သူကို ရန်တုံ့မမူဘဲ သည်းခံနိုင်သော ဥပါသိကာတယောက် ရှိခဲ့ဘူးသည်။ ထိုဥပါသိကာကား ဥတ္တရာဥပါသိကာဖြစ်၏။ ဥတ္တရာသည် သည်းခံခြင်း ခန္တီအရာ၌ မိဒ္ဒ၏စံပြသူရဲကောင်းတယောက်ပင်ဖြစ်၏။ အကြောင်းအရာကား ဤသို့တည်း။

# ဥတ္တရာဥပါသိကာ

ဗုဒ္ဓမြတ်စွာ လက် ထက် တော် ၌ ရာဇဂြိုဟ်ပြည်တွင် သုမန အမည်ရှိသော သူဌေးကြီးတဦးရှိ၏။ ထိုသူဌေးကြီးကို အမှီပြု၍ ပုဏ္ဏအမည်ရှိသော ဆင်းရဲသားသည် အသက်မွေး၏။ ထိုပုဏ္ဏ သူဆင်းရဲအား ဇနီးဖြစ်သူနှင့် ဥတ္တရာ အမည်ရှိသော သမီး တယောက်ရှိ၏။ တနေ့သောအခါ ရာဇဂြိုဟ်ပြည်ကြီးတွင် ခုနစ် ရက်ပတ်လုံး နက္ခတ်ပွဲသဘင် ဆင်ယင်ကျင်းပမည်ဟု ကြော်ငြာ ထား၏။ ထိုသတင်းကို ကြားရ၍ သုမနသူဌေးကြီးသည် နံနက် စောစော မိမိအထံသို့ရောက်လာသော ပုဏ္ဏကို ဤသို့ ဆို၏။

"အို အမောင်။ ငါတို့၏အချွေအရံ အပေါင်းသည် နက္ခတ် ပွဲ ဆင်နွှဲလိုကြသည်။ အမောင်ကား အသို့နည်း။ နက္ခတ်ပွဲကို လည်း ဆင်နွှဲ၍ ပျော်ပါးမည်လော။ အခစားအလုပ်ကိုလည်း လုပ်မည်လော"

"အရှင်။ နက္ခတ်ကား ဥစ္စာရှိသူတို့အတွက်သာဖြစ်ပါသည်။ အကျွန်ုပ်၏အိမ်၌ကား နက်ဖြန်အတွက် ယာဂုကျိုစရာ ဆန်ပင် မရှိပါ။ အကျွန်ုပ်အား နက္ခတ်ဖြင့် အဘယ်ပြုအံ့နည်း။နွားတို့ကို ရလျှင် ယာထွန်သွားပါမည်"

"သို့ဖြစ်လျှင် နွားတို့ကို ယူသွားလော့"

ထိုအခါ ပုဏ္ဏသူဆင်းရဲသည် အားကောင်းသော နွားသန် နွားမာတို့နှင့် ထွန်သွားတို့ကို ယူ၍ အိမ်သို့ပြန်ပြီးလျှင် "ရှင်မ။

မြို့သူမြို့သားတို့သည် နက္ခတ်ပွဲသဘင် ပျော်ရွှင်နေကြသည်။ ငါကား ဆင်းရဲလှသောကြောင့် အခစားအလုပ်ကို လုပ်ရန်သွားမည်။ ယနေ့ ငါ့အတွက် ဆန်နှစ်ဆမျှချက်၍ ထမင်းပို့လှည့်ပါလော့”ဟု မယားကိုမှာကြား၍ တောသို့ ထွက်သွား၏။

အရှင်သာရိပုတြာမထေရ်လည်း ခုနစ်ရက်ပတ်လုံး နိရောဓသမာပတ်ကိုဝင်စားပြီးနောက် ထိုနေ့၌ပင် သမာပတ်မှထတော်မူ၍ ‘ယနေ့ အဘယ်သူကို ချီးမြှောက်သင့်သနည်း’ဟု ကြည့်လေသော် ပုဏ္ဏသူဆင်းရဲကို မြင်တော်မူ၏။ ဤသူသည် သဒ္ဓါတရားရှိ၏လော။ ငါ့အား ချီးမြှောက်ထောက်ပံ့ခြင်းကို ပြုနိုင်အံ့လော’ဟုဆင်ခြင်တော်မူပြန်သော်သဒ္ဓါရှိသည်ကိုရင်း၊ချီးမြှောက်ထောက်ပံ့သောအားဖြင့် လှူဒါန်းနိုင်စွမ်းရှိသည်ကိုရင်း၊ ထိုဒါနဟူသောအကြောင်းကြောင့် ကြီးကျယ်သောစည်းစိမ်ကိုရလတံ့သည်ကိုရင်း မြင်တော်မူ၍ သပိတ် သင်္ကန်းကို ယူတော်မူပြီးလျှင် ပုဏ္ဏ၏ယာထွန်ရာအရပ်သို့ ကြွတော်မူ၍ ရေတွင်းအနီး၌ ရှိသော ချုံတခုကို ကြည့်လျက် ရပ်တော်မူ၏။

ပုဏ္ဏသည် မထေရ်မြတ်ကိုမြင်လျှင် ယာထွန်းခြင်းရပ်ထား၍ မထေရ်မြတ်ထံသို့သွားပြီးလျှင် ငါးပါးသော တည်ခြင်းဖြင့်ရှိခိုးပြီးမှ ဒန်ပူကိုအလိုရှိလိမ့်မည်ဟု ကြံ၍ ဒန်ပူကို အပ်စပ်အောင်ပြု၍ အရှင်မြတ်အား ဆက်ကပ်၏။ ထိုအခါ မထေရ်မြတ်လည်း သပိတ်နှင့်ရေစပ်ကိုထုတ်၍ ပုဏ္ဏအားအပ်တော်မူ၏။ ပုဏ္ဏသည် မထေရ်မြတ်ကား ရေကိုအလိုရှိသည်ဖြစ်လတံ့ဟု သပိတ်ကိုယူ၍ ရေကိုစစ်ထည့်ပြီးမှ မထေရ်အားဆက်ကပ်၏။ ထိုအခါမထေရ်မြတ်သည် ဤသို့ဆင်ခြင်တော်မူ၏။

"ဤသူသည် သူတပါး၏ နောက်ဖေး၌နေရ၏။ တကယ်၍ သူ့အိမ်တခါးသို့ သွားငြားအံ့၊ သူ့ဇနီးသည် ငါ့ကို ဖူးမြင်ခွင့် မရပေလတံ့။ သူ့ဇနီးထမင်းကိုယူလာသည့်တိုင်အောင်ဤအရပ် ၌သာ ငါနေဦးအံ့"

မထေရ်မြတ်သည် ထိုယာခင်းအနီး၌သာလျှင် အနည်းငယ် အချိန်ကုန်လွန်စေပြီးမှ ပုဏ္ဏ၏ ဇနီးဖြစ်သူသည် ထမင်းကိုယူ၍ လာသဖြင့် လမ်းသို့ရောက်ပြီဟု သိရသောအခါ မြို့သို့ရှေးရှုကြွ တော်မူခဲ့၏။ ပုဏ္ဏ၏ဇနီးသည် လမ်းခရီး၌ အရှင်သာရိပုတြာ မထေရ်မြတ်နှင့် မျက်နှာချင်းဆိုင် ဆုံမိ၏၊ ဤအခါဤသို့အကြံ ဖြစ်၏။

"တခါတလေ၌ ငါသည် လှူဘွယ်ဝတ္ထု ရှိပါသော်လည်း မထေရ်မြတ်ကို မဖူးတွေ့ရ တခါတလေ၌ မထေရ်မြတ်ကို ဖူးတွေ့ ရသော်လည်း ငါအားလှူဘွယ်ဝတ္ထုမရှိခဲ့ ယနေ့ကား မထေရ် မြတ်ကိုလည်း ဖူးတွေ့ရ၏။လှူဘွယ်ဝတ္ထုလည်းရှိ၏။မထေရ်မြတ် သည် ငါအားချီးမြှောက်တော်မူပါမည်လော"

ပုဏ္ဏ၏ ဇနီးသည် ထမင်းခွက်ကိုချ၍ မထေရ်မြတ်ကို တည်း ခြင်းငါးပါးဖြင့် ရှိခိုးပြီးလျှင် ဤသို့လျှောက်၏။

"အရှင်ဘုရား။ အယုတ်၊ အမြတ်၊ အဆိုး၊ အကောင်း အောက်မေ့တော်မမူဘဲ အရှင်ကျွန်အား ချီးမြှောက်တော်မူ ပါလော့"

မထေရ်မြတ်သည် သပိတ်ကိုထုတ်၍ အလှူခံတော်မူ၏။ ပုဏ္ဏ၏ဇနီးလည်းလက်တဖက်ဖြင့် ထမင်းခွက်ကိုကိုင်၍ လက်တ ဖက်ဖြင့် ထမင်းကို သပိတ်တွင်းသို့ ယက်ထည့်၏။ တဝက်ခန့်ရှိ သောအခါ မထေရ်မြတ်သည် တန်ပြီဟု သပိတ်ကို လက်ဖြင့်ပိတ်

တော်မူ၏။ ထိုအခါ ပုဏ္ဏ၏ဇနီးလည်း "အရှင်ဘုရားတယောက် စာထမင်းသာ ဖြစ်ပါသည်။တဝက်ခွဲရန်မသင့်ပါ။ အရှင့် ကျွန်အား ဤလောကဖြင့် ချီးမြှောက်ခြင်းကို ပြုတော်မမူဘဲ နောင်တမလွန်လောကဖြင့် ချီးမြှောက်ခြင်းကို ပြုတော်မူပါ "အကြွင်းမဲ့ အကုန် အစင်သာ လှူလိုပါရစေ" ဟု လျှောက်၍ အကုန်အစင်လောင်းလှူ၏။

"အရှင်ဘုရား။ အရှင်ဘုရားတို့သိအပ်သော တရားတော်ကို သိသူဖြစ်ရပါလို၏"

"သင်ဆုတောင်းသည့်အတိုင်း ဖြစ်စေသတည်း"

မထေရ်မြတ်လည်း ဤသို့ရပ်တော်မူလျက်ပင် ဆွမ်းအနုမောဒနာပြုတော်မူ၏။ ရေရှိ၍ချမ်းသာသောအရပ်သို့ ကြွတော်မူပြီးလျှင် ထိုင်၍ဘုဉ်းပေးတော်မူ၏။ ပုဏ္ဏ၏ဇနီးဖြစ်သူလည်းအိမ်သို့ပြန်၍ ဆန်ရှာပြီးလျှင် ထမင်းချက်ပြန်၏။ ပုဏ္ဏလည်း ပယ်ဝက်မျှသောယာခင်းကို ထွန်ပြီးနောက် မအောင့်နိုင်အောင် ဆာမွတ်လှသဖြင့် နွားတို့ကိုထွန်မှဖြုတ်၍ သစ်ပင်ရိပ်သို့စင်ကာ ဇနီးဖြစ်သူ ထမင်းပို့လာမည့်လမ်းကို မျှော်မှန်းကြည့်ရှုလျက်ထိုင်၏။

ဇနီးဖြစ်သူသည် ထမင်းကျက်၍ ထမင်းပို့လာသောအခါ ပုဏ္ဏမျှော်နေသည်ကိုမြင်လျှင် "ဤလင်ယောကျ်ားသည် ထမင်းဆာလှသဖြင့် ငါ့ကိုမျှော်ကြည့်၍ထိုင်နေရှာပေသည်။ အကယ်၍ အလွန်နောက်ကျလှသည်ဟု ငါ့ကိုကြိမ်းမောင်း၍ နှင်တံဖြင့် ရိုက်ခဲ့သော် ငါပြုအပ်သောကောင်းမှုသည် အကျိုးမဲ့ဖြစ်ရပေတော့မည်။အကြောင်းကိုတင်ကြို၍ပြောလိုက်မှသင့်တော့မည်ဟု ကြံကာ ဤသို့လှမ်း၍ပြောဆို၏။

"အရှင်။ ယနေ့တရက်မျှ စိတ်ကိုကြည်လင်အောင်ထားပါလော့၊ အကျွန်ုပ်ပြုအပ်သောကောင်းမှုကုသိုလ်ကို အကျိုးမဲ့ဖြစ်အောင်မပြုပါလင့်၊ အကျွန်ုပ်သည် နံနက်စောစောကပင်လာခဲ့ပါသည်။ လမ်းတွင် တရားစစ်သူကြီးဖြစ်သော ရှင်သာရိပုတြာမထေရ်မြတ်ကိုဖူးတွေ့ရသဖြင့် အရှင့်အတွက် ထမင်းကို မထေရ်မြတ်အားလှူပြီးမှ ထမင်းပြန်ချက်၍ယခုလာခဲ့ရပါသည်။အရှင် စိတ်ကိုကြည်လင်ပါစေလော့"

ပုဏ္ဏလည်း ထိုစကားကိုကြားလျှင် "အဘယ်ဆိုဘိသနည်း" ဟု တဖန်မေး၍ ဇနီးဖြစ်သူက ရှေးကအတိုင်း ထပ်မံပြောကြားသောအခါ

"ရှင်မ။ ငါ့အတွက်ထမင်းကိုမထေရ်မြတ်အား လှူဒါန်းသမှုပြုခြင်းကား ကောင်းမြတ်ပါပေစွ။ ကောင်းမြတ်ပါပေစွ။ ငါလည်း မထေရ်မြတ်အား နံနက် စောစောကပင် ဒန်ပူ နှင့် မျက်နှာသစ်ရေကို ဆက်ကပ်လှူဒါန်းလိုက်ရပေသည်"

ဟု ပြောဆို၍ ဇနီးဖြစ်သူ၏စကားကို အလွန် နှစ်သက် အားရ၏။ ထိုနောက် ဇနီးဖြစ်သူယူလာသော ထမင်းကိုစားပြီးလျှင် နေမြင့်လှမှ စားရသောကြောင့် မောပန်းနွမ်းနယ်ရကား ဇနီးဖြစ်သူရင်ခွင်၌ ခေါင်းတင်၍အိပ်၏။

ထိုအခါ နံနက်စောစောမှစ၍ ထွန်အပ်သောအရပ်အားလုံးသည် မြေမှုန့်ကိုပင်မကျန်စေဘဲ နီရဲသောရွှေစင်အတိဖြစ်၍မဟာလှေကားပန်းပုံကဲ့သို့တောက်ပ တင့်တယ်လျက်ရှိ၏။ ပုဏ္ဏသည် အိပ်ယာမှနိုးသောအခါ တောက်ပသော ယာခင်းပြင်ကိုမြင်၍ ဤသို့ဆို၏။

"ရှင်မ။ ငါထွန်ထားသောယာခင်းသည် အလုံးစုံပင်ရွှေစင် အတိဖြစ်၍ ထင်လာ၏။ အသို့နည်း။ ငါမျက်စိတို့သည် နေမြင့်မှ ထမင်းစားရသဖြင့် လည်၍ပင်နေကြကုန်သလော"

"အရှင်။ အကျွန်ုပ်လည်း အရှင်လိုပင်မြင်ပါသည်"

ပုဏ္ဏသည် ထသွား၍ထွန်ခဲတတုံးကိုယူပြီးလျှင် ထွန်တုံးထိပ်၌ ရိုက်နှက်၍ကြည့်၏။ ထိုအခါ ရွှေစင်အတိဖြစ်၍နေသည်ကိုသိရ၍ ဤသို့ကြံမိ၏။

"အံ့ဩဘွယ် ကောင်း စွ တ ကား။ ဓမ္မသေနာပတိ အရှင် သာရိပုတြာအားလှူအပ်သော ငါ၏ပါနသည်ယနေ့ပင်အကျိုး ပေးသည်ကိုမြင်ရပေသည်တကား၊ ဤမျှများပြားသောဥစ္စာစုကို လျှို့ဝှက်ဖုံးလွှမ်း၍ သုံးစွဲခြင်းငှါမတတ်ကောင်းပေ"

ထိုနောက် ပုဏ္ဏသည် ဇနီးဖြစ်သူယူခဲ့သော ထမင်းခွက်၌ ရွှေအပြည့်ထည့်၍ နန်းတော်သို့သွားပြီးလျှင် မင်းကြီးထံသို့ဝင်၍ ရှိခိုးလျက် ခစား၏။

"အမောင်။ အဘယ်ကိစ္စရှိသနည်း"

"အရှင်မင်းကြီး။ ယနေ့ ကျွန်ုပ် ထွန်အပ်သောယာခင်းသည် ထွန်ခဲအလုံးစုံသည် ရွှေစင်အတိသာဖြစ်လျက် ရှိပါသည်။ ထိုရွှေ များကိုဆောင်ယူစေမှ သင့်ပါမည်"

"အမောင်ကား မည်သူနည်း"

"ကျွန်ုပ် ပုဏ္ဏဖြစ်ပါသည်"

"ယနေ့ အမောင် အဘယ်ကိုပြုသနည်း"

"အကျွန်ုပ်သည် ယနေ့နံနက်စောစောက ဓမ္မသေနာပတိ အရှင်သာရိပုတြာမထေရ်မြတ်အား ဒန်ပူနှင့် မျက်နှာသစ်ရေကို

လှူပါသည်။ အကျွန်ုပ်၏ ဇနီးကလည်း အကျွန်ုပ် အတွက်ယူဆောင်ခဲ့သော ထမင်းကိုလှူပါသည်”

“အချင်းတို့။ ဓမ္မသေနာပတိ အရှင်သာရိပုတြာအား လှူရသော အလှူဖြင့် ယနေ့ပင် ဒါနအကျိုးကိုတွေ့မြင်ရသတတ်”

ထိုနောက် မင်းကြီးသည် ဤသို့မေး၏။

“အမောင်။ အသို့ပြုစေလိုသနည်း”

“လှည်းပေါင်း အထောင်မကစေလွှတ်၍ ယူစေတော်မူပါလော့”

မင်းကြီးသည် ပုဏ္ဏဆိုတိုင်းပင် လှည်းတို့ကိုစေလွှတ်၏။ မင်းချင်းယောကျ်ားတို့သည် ‘မင်းကြီး၏ဘဏ္ဍာတော်’ ဟုဆို၍ ယူကြသောအခါ မြေစိုင်ခဲပင် ဖြစ်ကြ ပြန်ကုန်၏။ ထိုအကြောင်းကို မင်းကြီးအား လျှောက်ကြကုန်၏။

“အသင်တို့ မည်သို့ဆို၍ယူကြကုန်သနည်း”

“အရှင့် ဘဏ္ဍာတော်ဟုဆို၍ယူကြပါသည်”

“အမောင်တို့။ ငါ့ဘဏ္ဍာတော်မဟုတ်ပေ၊ သွားကြကုန်၊ ပုဏ္ဏ၏ပစ္စည်းဟုဆို၍ ယူဆောင်ခဲ့ကြကုန်”

မင်းချင်းတို့လည်း မင်းကြီးဆိုတိုင်းပြောဆို၍ ယူကြကုန်၏။ ထိုအခါ ရွှေအတိသာ ဖြစ်ကြပြန်လေ၏။ ရွှေစင် အလုံးစုံကို ဆောင်ယူ၍ မင်းယင်ပြင်၌စုပုံပြီးသောအခါ အတောင်ရှစ်ဆယ် ခန့်မျှမြင့်လေ၏။ မင်းကြီးသည် မြို့ကို စည်လည်စေ၍ ဤသို့ မေးတော်မူ၏။

“ဤမြို့၌တစုံတယောက်အား ဤမျှ များပြားသော ရွှေရှိသလော”

“အရှင်မင်းကြီး မရှိပါ”

"သို့ဖြစ်လျှင် သူ့အား အဘယ်အရာကို ပေးသင့်သနည်း"

"အရှင်မင်းကြီး။ သူဌေးကြီးတို့ထီးကိုပေးသင့်ပါသည်"

"ကောင်းပြီ။ ယနေ့မှစ၍ ဤပုဏ္ဏ သူဌေးအား "မဟာဓနသူဌေးဟု အမည်ပေးတော်မူလိုက်သည်"

မင်းကြီးသည် များစွာသောဉစ္စာပစ္စည်းနှင့်တကွ သူဌေးကြီးတို့၏ထီးကိုပေးတော်မူ၏။ ထိုအခါ ပုဏ္ဏသည် ဤသို့လျှောက်၏။

"အရှင်မင်းကြီး။ အကျွန်ုပ်သည်-ဤမျှလောက်သောကာလပတ်လုံး သူတပါးအိမ်၌ နေထိုင် ခဲ့ရပါသည်။ အကျွန်ုပ်အား နေစရာ ပေးတော်မူပါလော့"

"သို့ဖြစ်လျှင်ကြည့်စမ်းလော့၊ ဤချုံပုတ်ပေါင်းကို မြင်၏လော။ ထိုနေရာကိုသုတ်သင်ရှင်းလင်း၍အိမ်ဆောက်လော့"

ဤသို့မိန့်တော်မူ၍ ရှေးသူဌေးဟောင်း တယောက်၏ အိမ်ရာကိုပေးတော်မူ၏။ ပုဏ္ဏသည် ထိုနေရာ၌ လေးငါးရက်မျှဖြင့် ရှင်းလင်း သုတ်သင်ကာ အိမ်ဆောက်၍ အိမ်တက်မင်္ဂလာ ထီးဆောင်းမင်္ဂလာတို့ကို တပေါင်းတည်း ပြုလျက် ခုနှစ်ရက်ပတ်လုံး ဘုရားအမှူးရှိသော သံဃာအား အလှူပေး၏။ ထိုအခါ မြတ်စွာဘုရားသည် အနုမောဒနာ ပြုတော်မူလေတော့ အစဉ်အတိုင်း အလှူတရား သီလတရား သစ္စာတရားတို့ကို ဟောတော်မူ၏။ ထိုတရားတော်၏ အဆုံး၌ ပုဏ္ဏသူဌေးသည်၎င်း၊ ဇနီးဖြစ်သူသည်၎င်း သမီးဖြစ်သော ဉတ္တရာသည်၎င်း၊ သောတပန်ဖြစ်ကြကုန်၏။

ကာလ အတန်ကြာသောအခါရာဇဂြိုဟ်ပြည်သူဌေးကြီးသည် ပုဏ္ဏသူဌေး၏ သမီး ဉတ္တရာကို သူ့သားနှင့် ထိမ်းမြားရန်စကားကြောင်း လမ်း၏။ ထိုအခါ ပုဏ္ဏ သူဌေးသည် ထိုတို့ဆို၏။

"အကျွန်ုပ်သမီးကို အရှင်သားနှင့် မထိမ်းမြားနိုင်ပါ"

"ဤသို့ မပြုပါလင့်။ ဤမျှလောက်သော ကာလပတ်လုံး ငါတို့ကို အမှီပြု၍ နေထိုင်ခဲ့ပြီးမှ စည်းစိမ်ချမ်းသာကို ရခဲ့သည် မဟုတ်လော၊ ငါ့အား သင့် သမီးကိုပေးပါလော့"

"အရှင်သားသည် မိစ္ဆာဒိဋ္ဌိဖြစ်ပါသည်။ အကျွန်ုပ်၏ သမီး ကား ရတနာ သုံးပါးတို့နှင့် ကင်း၍ နေရန် မတတ်နိုင်ပါ။ ထို့ ကြောင့် ကျွန်ုပ် သမီးကို မပေးနိုင်ပါ။

ထိုအခါ အခြား သူဌေး သူကြွယ်တို့သည် "ရာဇဂြိုဟ်သူဌေး ကြီးနှင့် ချစ်ကျွမ်းဝင်ခြင်းကို မဖျက်ပါလင့်။ သင့်သမီးကို ပေး လိုက်လော့" ဟု တောင်းပန်ကြကုန်၏။ ပုဏ္ဏသူဌေးသည် ထိုသူ တို့၏ စကားကို မဖယ်ရှားလိုသဖြင့်" ကောင်းပါပြီ" ဟု ဝန်ခံ လိုက်ပြီးနောက် ဝါဆိုလပြည့်နေ့၌ သမီးကိုပေးအပ်လိုက်၏။ ဥတ္တ ရာလည်း မိဖစကားကို မဖယ်ရှားဘဲ လင့် အိမ်သို့လိုက်သွား၏။

ဥတ္တရာသည် လင့်အိမ်သို့ရောက်သည် နေ့မှစ၍ ရဟန်းကိုငင်း၊ ရဟန်းမိန်းမကိုငင်း ဖူးမြင်ခွင့်မရတော့ပြီ၊ အလှူဒါနပြု၍ တရား နာရန်လည်း အခွင့်မရတော့ပြီး၊ ဤသို့နှစ်လခွဲတိုင်တိုင် အချိန် ကုန်လွန်ခဲ့ရ၏။ ထိုအခါ အနီး၌ရှိသော အလုပ် အကျွေးတ ယောက်ကို ဤသို့မေး၏။

"ယခုဝါတွင်း သုံးလသည် အဘယ်မျှ ကျန်သေးသနည်း"

"အရှင်မ။ လခွဲမျှကျန်သေးသည်"

ထိုစကားကိုကြားလျှင် ဥတ္တရာသည် အဖဖြစ်သူ၏ အထံသို့ သတင်းပို့၏။ ထိုသတင်းကား ဤသို့ဖြစ်၏။

"အကျွန်ုပ်ကို အဘယ်ကြောင့် ဤနှောင်အိမ် အတွင်းသို့ ညွှတ်သွင်းပါသနည်း။လက္ခဏာကြီးငယ်ကို ဖျက်ဆီး၍ သူတပါး တို့ထံသို့ ကျွန်အဖြစ်ဖြင့် ပေးအပ်လိုက်ခြင်းကပင် ကောင်းပါ သေး၏။ ဤသို့သော မိစ္ဆာဒိဋ္ဌိအိမ်သို့ မပေးသင့်ပါ။ လင့်အိမ် သို့လာရသော အခါမှစ၍ သံဃာတော်သို့အား ဖူးမြင်ခြင်း စသော ကုသိုလ်ကောင်းမှုကို တခုမျှမပြုလုပ်ရပါ"

ထိုအခါ အဖဖြစ်သော ပုဏ္ဏသူဌေးသည် "ငါ့သမီးကား ဆင်းရဲစွတကား"ဟု စိတ်မချမ်းသာသောစကားကို ပြောဆိုပြီး လျှင် အသပြာ တသောင်းငါးထောင်တို့ကို ပေးအပ်၍ "ဤ မြို့၌ သီရိမာအမည်ရှိသော ပြည့်တန်ဆာမ တယောက်ရှိသည်။ တနေ့အတွက် အသပြာတထောင်ယူသည်။ဤအသပြာတသောင်း ငါးထောင်တို့ဖြင့် ထိုသီရိမာကို ခေါ်ဆောင်ပြီးလျှင် မိမိလင် ယောကျာ်း၏ အလုပ်အကျွေးကို ပြုလုပ်စေ၍ မိမိကား ကုသိုလ် ကောင်းမှုတို့ကို ပြုစေလို၍"ဟု မှာလိုက်၏။ ထိုအခါမှ ဥတ္တရာ သည် သီရိမာကို ခေါ်ယူ၍ ဤသို့ဆို၏။

"သူငယ်ချင်း။ ဤအသပြာ တသောင်းငါးထောင်ကို ယူ၍ လဝက်အချိန်ပတ်လုံး အသင့် အဆွေတော်ကို လုပ်ကျွေးပါ လော့"

"ကောင်းပါပြီ"

ထိုနောက် ဥတ္တရာသည် သီရိမာကိုခေါ်၍ လင်ဖြစ်သူအထံ သို့သွား၏။

"ဥတ္တရာအဘယ့်သို့နည်း"

"အရှင်။ ဤလခွဲကာလပတ်လုံး အကျွန်ုပ် သူငယ်ချင်းသည် အရှင့်ကို လုပ်ကျွေးပါစေလော့။ အကျွန်ုပ်အား ဤလဝက်မျှ

ကာလပတ်လုံးအလှူဒါနကိုလည်းပြုလိုပါသည်။ တရားကိုလည်း နာလိုပါသည်။

ထိုစကားကိုကြားလျှင် ဥတ္တရာ၏ လင်ယောကျ်ားသည် အလွန်အဆင်းလှသော သီရိမာကိုမြင်သဖြင့် ချစ်ခင်နှစ်သက်ခြင်း ဖြစ်၍ ကောင်းပြီ ဟုဝန်ခံ၏။

ဥတ္တရာလည်း ဘုရားအမှူးရှိသော ရဟန်းအပေါင်းကို ပင့်ဖိတ်၍ "အရှင်ဘုရား။ ကျွန်ုပ်လခွဲကာလပတ်လုံး တပါးသောအရပ်သို့ မကြွမူ၍ ဤအိမ်တွင်သာ ဆွမ်းကို အလှူခံတော်မူပါဟု လျှောက်၏။ မြတ်စွာဘုရား၏ ဝန်ခံတော်မူချက်ကို ရသောအခါ ယနေ့မှစ၍ သီတင်းကျွတ် မဟာပဝါရဏာ ရသော နေ့တိုင်အောင် မြတ်စွာဘုရားကိုလည်း လုပ်ကျွေးရတော့မည်။ တရားတော်ကိုလည်း နာရတော့မည်ဟု ဝမ်းမြောက်ဝမ်းသာဖြစ်လျက် 'ယာဂုကို ဤသို့ကျိုကြကုန်။ မုန့်ကို ဤသို့ဖုတ်ကြကုန်' စသည်ဖြင့် မီးဖိုဆောင်၌ ထိုထိုကိစ္စတို့ကို စီမံရင်း လှည့်လည်သွားလာ၏။ ဤသို့ရက်ပေါင်း တဆယ့်သုံးရက်တိုင်ခဲ့၏။ တဆယ့်လေးရက် အဖိတ်နေ့သို့ ရောက်လာသောအခါ၌ ဥတ္တရာ၏ လင်ယောကျ်ားသည် 'နက်ဖန် ပဝါရဏာပွဲ ဖြစ်တော့မည်ဟုကြံကာ မီးဖိုဆောင်ဖက်သို့ မျက်နှာမူ၍ ပြတင်းပေါက်၌ ရပ်လျက် 'ဤအမိုက်မသည် အဘယ်သို့ပြုလုပ်လျက် လှည့်လည်သနည်း'ဟု သိလိုသဖြင့် ကြည့်ရှု၏။ ထိုအခါ ချွေးများ ယိုစီးလျက် ပြာမှုန့်များ ကပ်လျက် အိုးမဲများပေကျံလျက် အထက်ကဆိုခဲ့သည့်အတိုင်း စီမံရင်း လှည့်လည်နေသော ဥတ္တရာကို မြင်လေသော် 'အံ့ဘွယ် ရှိစွတကား။ ဤအမိုက်မသည် ဤသို့သောနေရာ၌ ဤမျှသော စည်းစိမ်ကို မခံစားဘဲ ဦးပြည်းရဟန်းတို့ကို လုပ်ကျွေးမည်"

ဟု နှစ်သက်ဘေးရသော စိတ်ဖြင့် လှည့်လည်ဘိ၏”ဟု ကြံ၍ ပြုံးရယ်ပြီးလျှင် မျက်နှာလွှဲ၍ ဖယ်သွား၏။

ထိုအခါ အနီး၌ရှိသောသိရိမာသည် ‘ဤသူဌေးကား ဘယ်ကိုမြင်၍ ပြုံးရယ်လေသနည်း’ဟု ကြံ၍ ထိုပြူတင်းတံခါးဖြင့် သာလျှင် ကြည့်လေသော် ဥတ္တရာကိုမြင်၍ ‘ဤသူဌေးသည် ဥတ္တရာကိုမြင်၍ ရယ်ခြင်းဖြစ်တော့သည်။ ဤသူဌေးသည် ဤမိန်းမနှင့် မလွဲကေန် ပေါင်းဖေါ်ခြင်းရှိ၏’ဟု အကြံဖြစ်၏။ သိရိမာသည် တဆဲ့ငါးရက်မျှ ထိုအိမ်၌ တစိမ်းပြင်ပ မိန်းမဖြစ်၍ နေထိုင်ရသော်ပါလည်း ထိုသည်းစိမ်ကို ခံစားရသဖြင့် မိမိ၏အငှားမယား ပြင်ပတစိမ်း မိန်းမသာဖြစ်သည်ကိုမသိတော့ဘဲ ငါသည် သူဌေးကတော် အိမ်ရှင်မဖြစ်သည်ဟု ထင်မှတ်လျက်ရှိ၏။ ထိုကြောင့် ဥတ္တရာအပေါ်၌ ရန်ငြိုးဖွဲ့ပြီးလျှင် ‘ဤမိန်းမကို ဒုက္ခဖြစ်စေမည်’ဟုကြံ၍ ပြာသာဒ်မှ ဆင်းသက်ပြီးလျှင် မီးဖိုဆောင်သို့ဝင်၍ မုန့်ကျော်ရာအရပ်၌ ကျိုက်ကျိုက်ဆူသောထောပတ်ကို ဇွန်းဖြင့်ခတ်ယူ၍ ဥတ္တရာရှိရာသို့ ရှေးရှုသွား၏၊ ယင်းသို့ သိရိမာလာသည်ကိုမြင်လေသော်

“ငါ့သူငယ်ချင်းသည် ငါ့အား ကျေးဇူးဥပကာရ ပြုရာပေသည်။ ဤစကြာဝဠာကား ကျဉ်းမြောင်း၏။ ဗြဟ္မာပြည်ကား နိမ့်သေး၏။ ငါ့သူငယ်ချင်း၏ဂုဏ်ကျေးဇူးသာလျှင် ကျယ်ဝန်း၏။ မြင့်မား၏။ ထိုစကားသည် မှန်လှ၏။ ငါသည် ဤသူငယ်ချင်းကို အမှီပြု၍ အလှူဒါနကို ပေးလှူရ၍ သီတင်း သီလကို စောင့်ရှောက်ရန် အခွင့်ရခဲ့ပေသည်။ အကယ်၍ ဤသူငယ်ချင်း၏အပေါ်၌ ငါ့အားအမျက်ဒေါသ တစုံတရာရှိငြားအံ့။ ဤ

ထောပတ်သည် ငါ့ကို ပူလောင်ပါစေသတည်း။ အကယ်၍ မရှိ ငြားအံ့။ မပူလောင်ပါစေသတည်း”

ဟုဆင်ခြင်၍ သီရိမာ၏အပေါ်၌ မေတ္တာကိုဖြန့်လိုက်၏။ ထို ခဏ၌ သီရိမာသည် ဥတ္တရာ၏အပေါ်သို့ ထောပတ်အပူကို လောင်းလိုက်၏။ကျိုက်ကျိုက်ဆူနေသောထောပတ်သည် အေးမြ သောရေစင်ကဲ့သို့သာ ဖြစ်လေ၏။

ထိုအခါ သီရိမာသည် ‘ဤထောပတ်ကား အေးသွား၍ မပူ သည် ဖြစ်လိမ့်မည်’ဟု ကြံ၍ နောက်တဖန် ဇွန်းအပြည့်ခတ်ယူ၍ လာပြန်၏။ ထိုအခါ ဥတ္တရာ၏ကျွန်မသည် သီရိမာ၏အပြုအမူကို မြင်ကြလေလျှင် ‘မလိမ္မာသောမိန်းမ။ ဖယ်လော။ သင်သည် ငါတို့အရှင်မအား ဆူသောထောပတ်ပူနှင့် မလောင်းထိုက်ပါ တကား’ဟု ဆူပူကြိမ်းမောင်း၍ တယောက်တလက် ရိုက်နှက်ကြ ကုန်၏။ ထိုနေရာ သည်နေရာမှ ထလာကြ၍ ကန်ကြောက်ကြ ကုန်၏။ သီရိမာသည် ကျွန်မတို့ရိုက်နှက်ပုတ်ခတ်သဖြင့် မြေပေါ် ဗိုင်းဗိုင်းလဲကျ၍ မထနိုင်ဘဲရှိ၏။ ဥတ္တရာလည်း ကျွန်မတို့ကိုတား မြစ်၏။ တားမြစ်၍မရတော့သဖြင့် မိမိကိုယ်ကို သီရိမာ၏ကိုယ် ပေါ်၌ထားပြီးမှ ကျွန်မတို့ကို အနိုင်နိုင်တားမြစ်လိုက်ရ၏။ ထို နောက် ဥတ္တရာသည် ‘အဘယ်ကြောင့် ဤသို့ ဝန်လေးသောအမှု ကို ပြုဘိသနည်း’ဟု သီရိမာအား ဆုံးမပြောဆို၍ သီရိမာကို ရေ နွေးဖြင့် ရေချိုးပြီးလျှင် အကြိမ်တရာချက်အပ်သော ဆီနှင့်လိမ်း သုတ်ပေး၏။ သီရိမာလည်း ထိုခဏ၌ မိမိသည် ပြင်ပတစိမ်း မိန်းမသာဖြစ်သည်ကိုသိ၍ ဤသို့ ကြံမိ၏။

“ငါသည် ဝန်လေးလှသောအမှုကို ပြုမိ၏။ လင်ဖြစ်သူ၏ ရယ်ကာမျှဖြင့် ဤမိန်းမ၏အပေါ်၌ ကျိုက်ကျိုက်ဆူသော ထော

ပတ်ကို လောင်းမိ၏။ ဤမိန်းမကား ကျွန်မတို့အား 'သူ့ကိုဆွဲ လိုက်ကြကုန်'ဟူ၍ပင် မဆိုရက်ရှာပေ။ ငါ့ကို ဝိုင်းဝန်း၍ နှိပ်စက် ညှဉ်းဆဲကြသောအခါလည်း ကျွန်မတို့ကို အားလုံး တားမြစ်၍ ငါ့အား ပြုစုထိုက်သမျှကို ပြုစုရှာပေ၏။ အကယ်၍ ငါသည် ဤမိန်းမကို မတောင်းပန်ငြားအံ့။ ငါ၏ဦးခေါင်းသည် ခုနစ်စိတ် ခုနစ်မြွှာကွဲခဲ့လေရာ၏"

ထိုနောက် သီရိမာသည် ဥတ္တရာ၏ခြေရင်း၌ ဝပ်စင်း၍ ဤသို့ တောင်းပန်၏။

"အရှင်မ။ အကျွန်ုပ်ကို သည်းခံပါလော့"

"အကျွန်ုပ်သည် အဖရှိသောသမီးဖြစ်ပေသည်။ အဖဖြစ်သူက သည်းခံသော် အကျွန်ုပ် သည်းခံပါမည်"

"ကောင်းပါပြီ။ အရှင်မ၏အဖဖြစ်သူ ပုဏ္ဏသူဌေးကို သည်းခံ အောင် တောင်းပန်ပါမည်"

"ပုဏ္ဏသူဌေးသည် ဝဋ်ဆင်းရဲကို ဖြစ်စေတတ်သော အဖဖြစ် ပေသည်။ ဝဋ်ဆင်းရဲမှ လွတ်ကင်းစေတတ်သော အဖဖြစ်သူက သည်းခံလျှင် အကျွန်ုပ်သည်းခံပါမည်"

"အရှင်မ၏ဝဋ်ဆင်းရဲမှ လွတ်စေတတ်သောအဖကား မည်သူ နည်း"

"ဗုဒ္ဓဘုရားရှင် ဖြစ်ပါသည်"

"အကျွန်ုပ်သည် ထိုဗုဒ္ဓဘုရားရှင်နှင့် အကျွမ်းမဝင်ပါ"

"အကျွမ်းဝင်အောင် အကျွန်ုပ်ပြုလုပ်ပေးပါမည်။ ဗုဒ္ဓဘုရား ရှင်သည် နက်ဖြန် ရဟန်းအပေါင်းကိုယူ၍ ဤအိမ်သို့ ကြွလာပါ လိမ့်မည်။ သင်သည် မိမိရနိုင်သော ပူဇော်သကာကို ယူဆွဲပြီးလျှင် ဤအိမ်သို့လာ၍တောင်းပန်လော့"

"အရှင်မ။ ကောင်းပါပြီ"

ထိုနောက် သိရိမာသည် ထိုနေရာမှထ၍ မိမိအိမ်သို့ပြန်သွားလျှင် မိမိ၏ အခြွေအရံ မိန်းမငါးရာတို့အား စေခိုင်း၍ အထူးထူးသော ခဲဘွယ်တို့ကိုရင်း၊ ဟင်းလျာတို့ကိုရင်း ချက်ပြုတ်လုပ်ကိုင်စေ၏။ နောက်တနေ့၌ ထိုပူဇော်သကာတို့ကိုယူ၍ ဥတ္တရာ၏အိမ်သို့လာပြီးလျှင် ဘုရားအမှူးရှိသော ရဟန်းအပေါင်းတို့၏ သပိတ်၌ မလောင်းလှူဝံ့ဘဲ ရပ်လျက်သာနေ၏။ ဥတ္တရာသည် ထိုပူဇော်သကာ အလုံးစုံကိုယူ၍ ကောင်းစွာစီရင်လှူဒါန်း၏။ မြတ်စွာဘုရား ဆွမ်းဘုဉ်း ပေးပြီးသောအခါ မိမိအခြွေအရံတို့နှင့်တကွ မြတ်စွာဘုရား၏ ခြေတော်အရင်း၌ ဝပ်စင်းလျက်ရှိ၏။ ထိုအခါ မြတ်စွာဘုရားသည် ဤသို့မေးတော်မူ၏၊

"သင့်အပြစ်ကား အဘယ်နည်း"

"အရှင်ဘုရား။ အကျွန်ုပ်သည် ယမန်နေ့က ဤမည်သောအမှုကို ပြုမိပါသည်။ အကျွန်ုပ်၏ သူငယ်ချင်း ဖြစ်သူကားအကျွန်ုပ်ကို ရိုက်ပုတ်ညှင်းဆဲသော ကျွန်မတို့ကို တားမြစ်၍အကျွန်ုပ်အား ကျေးဇူး ဥပကာရကိုပင် ပြုလုပ်ရှာပါသည်။ ထိုအခါ အကျွန်ုပ်သည် ဤသူငယ်ချင်း၏ ဂုဏ်ကျေးဇူးကို သိရ၍ သူ့ကိုတောင်းပန်ပါသည်၊ ထိုအခါ ဤသူငယ်ချင်းသည် အရှင်ဘုရားတို့က သည်းခံမှသာ သူသည်းခံမည်ဟုဆိုပါသည်"

ဥတ္တရာ။ ဤသို့ဆိုတိုင်းမှန်သလော"

"အရှင်ဘုရား။ မှန်ပါသည်။ ဤသူငယ်ချင်းသည် ကျိုက်ကျိုက်ဆူသောထောပက်ပူကို အကျွန်ုပ်ကိုယ်ပေါ်၌ လောင်းချပါသည်"

"ထိုအခါ သူ့အပေါ်၌ မည်သို့စိတ်ထားသနည်း"

"စကြာဝဠာသည် အလွန် ကျဉ်းမြောင်းသေး၏။ ဗြဟ္မာပြည်သည် အလွန်နိမ့်သေး၏။ ငါ့သူငယ်ချင်းဂုဏ်၏ ကျေးဇူးကသာလျှင် ကျယ်ဝန်း၏။ မြင့်မား၏။ ငါသည် ငါ့သူငယ်ချင်းကို အမှီပြု၍ အလှူဒါနကို လှူဒါန်းရ၍ သီတင်းသီလကို စောင့်သုံးရန် အခွင့်ရခဲ့ပေသည်။ အကယ်၍ ဤသူငယ်ချင်းအပေါ်၌ အား အမျက် ဒေါသ ရှိငြားအံ့။ ဤကျိုက်ကျိုက် ဆူသော ထောပတ်ပူသည် ငါ့ကိုလောင်ကျွမ်းပါစေသတည်း။ အကယ်၍ မရှိငြားအံ့။ မလောင်ကျွမ်းပါစေသတည်းဟု စိတ်ထား၍ ဤသူငယ်ချင်းအပေါ်၌ မေတ္တာဖြစ်ခဲ့ပါသည်"

"ဥတ္တရာ။ သာဓု....သာဓု ဤသို့ပင် အမျက်ဒေါသကို အောင်နိုင်သင့်၏။ အမျက်ထွက်သူကို အမျက်မထွက်ခြင်းဖြင့် အောင်နိုင်၏။

မကောင်းသောသူကို အကောင်းမှုသဖြင့် အောင်နိုင်သင့်၏။

အလွန်စေးနှဲသောသူကို ပေးကမ်းသဖြင့် အောင်နိုင်သင့်၏။

လိမ်လည်သောသူကို စကားမှန်သဖြင့် အောင်နိုင်သင့်၏။

ဤဒေသနာ၏ အဆုံး၌ သီရိမာသည် အခြွေအရံ ငါးရာတို့နှင့်တကွ သောတာပတ္တိဖိုလ်၌ တည်လေ၏။

ဤသို့လျှင် ဥတ္တရာ ဥပါသိကာသည် မိမိအား ပြစ်မှားသူကို မေတ္တာတရား ပွားများသဖြင့် သည်းခံခဲ့၏။ သည်းခံရုံသာမက ပြစ်မှားသူကို အကျွတ်တရားရအောင် အကျိုးဆောင်ခဲ့သေး၏။ ထို့ကြောင့် ဤဥတ္တရာ ဥပါသိကာကား ခန္တိအရာ၌ ဗုဒ္ဓ၏သူရဲကောင်းတယောက် ဖြစ်သည်ဟု ဆိုရသတည်း။

ဦးအောင်မိုး

( ပါဠိပါရဂူ )

B.I.A. B.D.A. P.B.F.၏သမိုင်းဖြစ်ရပ်များနှင့် စစ်သမိုင်းအတွက် များစွာအထောက်အကူပြုစေမည့် ဗိုလ်သိမ်းဆွေ၏ ဘဝ၊ နိုင်ငံရေး၊လွတ်လပ်ရေးတိုက်ပွဲတို့နှင့်ရောပြွန်းလျက်

ကျောင်းသားဘဝ၊လယ်သမားဘဝ၊ ထီးလုပ်သမားဘဝ၊ နိုင်ငံရေးသမားဘဝ၊ရန်ကုန်ခရိုင် ဖ-ဆ-ပ-လ ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်း အပါးတော်မြဲ ဘ၀စာကြည့်တိုက် ညွှန်ကြားရေးမှူးဘဝ၊ အမေဝိဇ္ဇာန် ပညာတော်သင်ဘဝ၊ ပုဒ်မ(၅) အကျဉ်းသားဘဝ တို့ကို ကိုယ်တွေ့ဖြစ်ရပ်စုံကို အဖုံဖုံ ရှုဒေါင့်များမှ အားပြုရေးသားထားသည့်

# လွတ်လပ်ရေးတိုက်ပွဲ

ဤစာအုပ်တွင် ပုသိမ် (၃၂) မှနှင့် ပုသိမ်သား သမတ၊ဝန်ကြီး၊ သံအမတ်၊ပါမောက္ခ၊ဗိုလ်မှူးကြီး စသည်တို့ဖြင့် လူ့ဘဝ လူ့ဝန်းတိုင်ကို လူတိုင်း အတွက် သခင်းစာဖြစ်စေရန် မီးမောင်းထိုးပြထား သည်။

မျိုးညွန့်မှ ဒုတိယအကြိမ်ဖြင့်
မကြာမီ တင်ဆက်မည်။

ဗုဒ္ဓဂေါတမ၏ ဖြစ်တော်မူစဉ် မဟာဗုဒ္ဓဝင်နှင့် ပါရ
တွဲ၍ဖြည့်ကျင့်ဆည်းပူးတော်မူခဲ့သော ဒီပင်္ကရာ မြတ်စွာ
ကဿပ မြတ်ဘုရားအထိ ဗုဒ္ဓဝင်တော်

၎င်း ဘုရားမြတ်တို့ထံ၌ ဂေါတမ ဘုရားအလောင်း
ပါရမီဖြည့်ကျင့်ပုံ။ ဗျာဒိတ်ခံယူပုံနှင့်တကွ

* ဘုရားအဖြစ် ဆုတောင်းနည်း။ ဖြည့်ကျင့်နည်း။
* ပစ္စေကဗုဒ္ဓါအဖြစ် ဆုတောင်းနည်း။ဖြည့်ကျင့်နည
* အဂ္ဂသာဝကအဖြစ်ဆုတောင်းနည်း။ဖြည့်ကျင့်နည
* မဟာသာဝက အဖြစ် ဆုတောင်းနည်း။ ဖြည့်ကျင့်
* ပကတိ သာဝကအဖြစ်ဆုတောင်းနည်း။ ဖြည့်ကျင့်

တို့ဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ဝေဝေဆာဆာထွက်လာမည့်
ဝံသပါလ(ထ)ရ်(သထုံမြို့ နေမိန္ဒရကုန်း မဟာကလျာဏ)

# ဗုဒ္ဓသာသနာဝင်

ဤစာအုပ်တွင် ဗုဒ္ဓ လက်ထက် တော် မှ ယနေ့ထိ ဆင်း
လာပုံ။ ယနေ့မှ အနာဂါတ်သာသနာသို့ မည်ကဲ့သို့ ပို့ေ
သင့်သည်များကို

* အတိတ်မှ သာသနာဖြစ်ရပ်များ။
* ပစ္စုပ္ပန်၏ သာသနာဖြစ်ရပ်များ။
* အနာဂါတ်၏ သာသနာ မျှော်မှန်းချက် များ (
  ဓါတ်ပုံ၊ မြေပုံ၊ သမိုင်းအထောက်အထားများဖြ
  တင်ဆက်မည့်အပြင်
* သာသနာအစ သထုံက ဟူသည်နှင့် အညီ။ သမိုင်
  ဆရာတို့ အငြင်းပွားနေသော သုဝဏ္ဏဘူမိ၊ သုဝဏ္ဏဝ